https://www.thitsarparamisociety.com/



**မြောင်းမြမြို့**
**ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်**
**ကမ္မဋ္ဌာနာစရိယ ကျေးဇူးရှင်**
**ဝေဠုဝတီ ဆရာတော်ဘုရားကြီး "ရှင်မုနိန္ဒ"၏ ပုံတော်**

၁၃၃၁-ခု၊ နှောင်းတန်ခူးလဆန်း ၁၄-ရက်
(၁၂-၄-၁၉၇၆) တနင်္လာနေ့ည ၉-နာရီ ၁၅-မိနစ်အချိန်
သက်တော် ၇၈၊ ဝါတော် ၅၈ တွင် ပျံလွန်တော်မူသည်။

https://www.thitsarparamisociety.com/

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


၁။ ၁၃၂၄-ခု ဝါခေါင်လကွယ်နေ့တွင် ဟောကြားတော်မူသော
ပဋိစ္စသမုပ္ပါဒ် တရားတော်... ... ... ... ... ... ... ၁

၂။ ၁၃၂၄-ခု တော်သလင်းလဆန်း ၈-ရက်နေ့တွင်
ဟောကြားတော်မူသော ပဋိစ္စသမုပ္ပါဒ် တရားတော်... ၄၀

၃။ ၁၃၂၄-ခု သီတင်းကျွတ်လပြည့်နေ့တွင်
ဟောကြားတော်မူသော ပဋိစ္စသမုပ္ပါဒ် တရားတော်... ၈၄

၄။ ၁၃၂၄-ခု သီတင်းကျွတ်လပြည့်နေ့ အမျိုးသမီးကထိန်တွင်
ဟောကြားတော်မူသော ပဋိစ္စသမုပ္ပါဒ် တရားတော်...၁၀၅

၅။ ၁၃၂၈-ခု သီတင်းကျွတ်လပြည့်နေ့တွင် ဟောကြားတော်မူသော
မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှ
သင်္ကဿနဂိုရ်ပြည်သို့ သက်ဆင်းတော်မူခန်း တရားတော်... ၁၂၇

၆။ နိဗ္ဗာန် တရားတော်... ... ... ... ... ... ... ... ... ... ... ... ...၁၅၆

၇။ ဝိပဿနာ လုပ်ထုံးတရားတော်... ... ... ... ... ... ... ... ... ၁၇၅

၈။ ဝေဠုဝတီ ဆရာတော်ဘုရားကြီး၏ မေတ္တာပို့ ဘာဝနာ... ... ... ၂၀၅

https://www.thitsarparamisociety.com/



၁၃၂၄-ခု၊ ဝါခေါင်လပြည့်ကျော် (၁၄) ရက်နေ့တွင်
မြောင်းမြမြို့ ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်၌
ကျေးဇူးရှင် ဝေဠုဝတီဆရာတော်ဘုရားကြီး
ဟောကြားဆုံးမတော်မူအပ်သော

# (ရ)ကြိမ်မြောက် ပဋိစ္စသမုပ္ပါဒ် တရားတော်

## အဝိဇ္ဇာပစ္စယာ သင်္ခါရာ နှင့် သင်္ခါရပစ္စယာ ဝိညာဏံအပိုင်း

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ၊
ဧကာဟံ ဇီဝိတံသေယျော၊ ပဿတော အမတံ ပဒံ။

**ယောစ**၊ အကြင်သူတစ်ယောက်သည်ကား။ **အမတံ**၊ သေခြင်းကင်းသော။ **ပဒံ**၊ နိဗ္ဗာန်တရားကို။ **အပဿံ အပဿန္တော**၊ မသိမမြင်ဘဲလျှက်။ **ဝဿသတံ**၊ အနှစ်တစ်ရာကာလပတ်လုံး။ **ဇီဝေ**၊ အသက်ရှင်၍နေ၏။ **အမတံ**၊ သေခြင်းကင်းသော။ **ပဒံ**၊ နိဗ္ဗာန်တရားကို။ **ပဿတော**၊ မြင်သောသူအား။ **ဧကာဟံ**၊ တစ်နေ့တစ်ရက်မျှ။ **ဇီဝိတံ**၊ အသက်ရှင်၍နေရခြင်းသည်။ **တတော**၊ ထိုနိဗ္ဗာန်မသိဘဲ အနှစ်တစ်ရာအသက်ရှည်၍ နေသောသူထက်။ **သေယျော**၊ အလွန်တရာမြတ်လှစွာ၏။

နိဗ္ဗာန်ဆိုတဲ့တရားကို မသိမမြင်ဘဲ မလိုချင်ဘဲ မတောင့်တဘဲနဲ့ အနှစ်တစ်ရာ အသက်ရှည်နေငြားသော်လည်း နိဗ္ဗာန်ဆိုတဲ့တရားကို သိမြင်ပြီးတော့ လိုချင်တောင့်တပြီးတော့ တစ်နေ့ တစ်ရက် တစ်မနက် တစ်နာရီ တစ်ဗီဇနာမျှ အသက်ရှည်နေသောသူက မြတ်သတဲ့။ ဒီတော့ နိဗ္ဗာန်ကို လိုချင်တောင့်တတဲ့ အာသာကို ရှေးဦးစွာထားကြရမယ်။ နိဗ္ဗာန်ကို လိုချင်တောင့်တ,တဲ့အာသာရှိလျှင် ဘာလုပ်လုပ်မမှားနိုင်ဘူး။ အဲဒီ နိဗ္ဗာန်ကို လို

https://www.thitsarparamisociety.com/



ချင်တောင့်တတဲ့အာသာကို လက်မှလွှတ်ပြီးတော့ ဟိုဟာဒီဟာတွေ တောင့်တပြီး လုပ်ကြလို့ရှိလျှင်တော့ ကမ္ဘာ္ဌာန်းလမ်း မှားတတ်တယ်။ နိဗ္ဗာန်ကိုသာ ရည်ရွယ်လုပ်လျှင် ရည်ရွယ်ချက်ကောင်းတော့ အလုပ်လည်း အလိုလိုကောင်းလိုက်လာတယ်။

ကရဏီယ မတ္ထကုသလေန ယန္တသန္တံ ပဒံ အဘိသမေစ္စ လို့... မေတ္တာသုတ်မှာ ဟောတော်မူတယ်။

အတ္ထကုသလေန၊ အကျိုးစီးပွားမှာ လိမ္မာသောအမျိုးကောင်းသားသည်။ သန္တံ၊ ငြိမ်သက်သော။ ယံပဒံ၊ အကြင်နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တံပဒံ၊ ထို နိဗ္ဗာန်ကို။ အဘိသမေစ္စ၊ စိတ်ဖြင့်ကပ်ရောက်၍။ ကရဏီယံ၊ ပြုကျင့်အားထုတ်အပ်၏။ **ဘာဘဲလုပ်လုပ် မိမိလုပ်သမျှကုသိုလ်ဟာ ဒါနလုပ်လုပ်၊ သီလလုပ်လုပ်၊ သမထလုပ်လုပ်၊ ဝိပဿနာလုပ်လုပ်၊ ဂုဏ်တော်ပွားပွား၊ နိဗ္ဗာန်ကိုရည်စူးပြီး လုပ်ရမယ်။**

နိဗ္ဗာန်မှတပါး ရည်ရွယ်ချက်များပြီးလုပ်လို့ရှိလျှင်ဖြင့် လမ်းမှားလမ်းချော်ပြီး အမျိုးမျိုးဖြစ်တတ်တယ်။ အဲဒါ နှလုံးသွင်းမကောင်းလို့ ဖြစ်တာ။ နိဗ္ဗာန်ကိုသာ အလိုရှိတဲ့စိတ်နဲ့လုပ်လျှင် ဘာမှအမှားမဖြစ်နိုင်ဘူး။

ဟိုနေ့က...

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ၊
ကောဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ၊

ဆိုတဲ့ဂါထာဟာ ပဋာစာရီကိုအကြောင်းပြုပြီးတော့ ဟောတယ်လို့ ဆိုတာ ပြောခဲ့တယ်။

ကနေ့ ဟောမယ့်...

https://www.thitsarparamisociety.com/



ယောစ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ၊
ဧကာဟံ ဇီဝိတံသေယျော၊ ပဿတော အမတံ ပဒံ။

ဆိုတဲ့ဂါထာကတော့ ကိသာဂေါတမီ အမည်ရှိသော ဘိက္ခုနီမကို အကြောင်းပြု၍ ဟောတော်မူတယ်။ မြတ်စွာဘုရားလက်ထက်က သာဝတ္ထိမြို့တော်မှာ ကုဋေလေးဆယ်ကြွယ်ဝတဲ့ သူဌေးတစ်ဦးရှိသတဲ့။ ကုဋေလေးဆယ်ဆိုတော့ သန်းပေါင်းလေးရာကြွယ်ဝတဲ့ သူဌေးပေါ့။

အဲဒီ ဝတ္ထုကလည်း မှတ်စရာကောင်းတယ်၊ ကုဋေလေးဆယ်ကြွယ်ဝတဲ့သူဌေးတစ်ဦးမှာ ရှိရှိသမျှရွှေငွေတွေဟာ အကုန်လုံးမီးသွေးခဲ ဖြစ်သွားတယ်တဲ့။ အကုန်လုံးမီးသွေးခဲဖြစ်ကုန်တော့ "ငါတော့ ကိုယ်ကျိုးနဲပါပေါ့၊ ဒီဘဝမှာတော့ ငါလူချင်းမတူတော့ဘူး"ဆိုပြီး စိတ်ညစ်တော့တာဘဲ။ အဲဒီ ဝတ္ထုဟာ တော်တော်ဆန်းတယ်။ စိတ်ညစ်ညစ်နဲ့ ကုတင်ပေါ် လှဲအိပ်နေတော့ မိတ်ဆွေတစ်ယောက်ကလာတယ်။

ဘာဖြစ်လို့လဲ...ဟေ့။ မင်းကြည့်ရတာ မကောင်းပါလားကွ၊ ဘယ်လိုများဖြစ်သလဲ၊ ဘာများအကြောင်းထူးရှိနေသလဲ ဆိုတော့ "မပြောပါနဲ့ကွာ ငါ့မှာရှိတဲ့ရွှေငွေတွေဟာ မီးသွေးခဲဖြစ်ကုန်လို့ ငါ,မွဲပြီ ငါ,လူချင်းမတူတော့ဘူး" လို့ပြောတော့ "မခက်ပါဘူးသူငယ်ချင်းရာ လွယ်ပါတယ်"။ ဒါဖြင့် ဒီကိစ္စဘယ်လိုလုပ်ရမလဲ သူငယ်ချင်းရယ် လို့မေးတော့ မင်းဈေးထဲမှာ ဖျာခင်း၊ ဖျာခင်းပြီးတော့ အဲဒီမီးသွေးခဲတွေပုံပြီး ထိုင်နေ။

ထိုင်နေတဲ့အခါ လူတွေကမင်းကိုမေးလိမ့်မယ်။ သည့်ပြင်လူတွေမှာ အဝတ်အထည်အစရှိတဲ့ပစ္စည်းတွေ ရောင်းကြတယ်။ ခင်ဗျားမှာတော့ ဘာလို့ မီးသွေးခဲတွေပုံပြီး ရောင်းနေရသလဲဆိုရင် ဟာ ...ကိုယ့်ပစ္စည်း ကိုယ်ရောင်းတာ ဘာဖြစ်သလဲ။ ကိုယ်ရောင်းချင်တာ ကိုယ်ရောင်းမှာပေါ့။ အဲဒီလိုသာ ပြီးစလွယ်ပြောလိုက်ပါ။

https://www.thitsarparamisociety.com/



ထိုက်တဲ့သူလာတဲ့အခါကျတော့ သူများမှာတော့ ဝတ္ထုအထည် ပစ္စည်းတွေ ရောင်းကြတယ်။ ခင်ဗျားမှာတော့ ရွှေတွေငွေတွေကို ပုံပြီး ရောင်းနေပါလားလို့ မေးလိမ့်မယ်။ အဲဒီအခါ ဘယ်မှာလည်း ရွှေတွေငွေ တွေလို့ ပြော။ ဒီဟာရွှေတွေငွေတွေ မဟုတ်ဘူးလားဆိုလျှင်၊ ကိုင်း...ယူပြ စမ်းပါလို့ ဆိုလိုက်။ အဲဒီလို ပြောတဲ့အခါ သူ့လက်ခုပ်နဲ့ယူပြီးတော့ မင်း လက်ထဲထည့်လိမ့်မယ်။ သူ့လက်နဲ့ယူပြီး မင်းလက်ထဲထည့်တဲ့အခါ မီးသွေး ခဲဟာ ရွှေငွေဘဲ ပြန်ဖြစ်ရမယ်။

အဲဒီလူဟာ ပစ္စည်းရှင်ခံထိုက်တဲ့လူဘဲ။ မိန်းခလေးဆိုလို့ရှိလျှင် မင်းအိမ်မှာရှိတဲ့သားနဲ့ လက်ထပ်၊ ရှိသမျှကုဋေလေးဆယ်ကို ဒီမိန်းခလေး အပ်လိုက်။ သူပေးသမျှမင်းစား။ ယောကျ်ားလေးဆိုလို့ရှိလျှင် မင်းအိမ်မှာရှိ တဲ့သမီးနဲ့ လက်ထပ်၊ သူ့ကိုဘဲပစ္စည်းတွေ အပ်လိုက်။ သူပေးသမျှမင်းစား၊ ဒီတော့ မင်းရွှေတွေငွေတွေ ကုဋေလေးဆယ်ဟာ မီးသွေးခဲမဟုတ်ဘဲနဲ့ ရွှေတွေငွေတွေဘဲ ပြန်ဖြစ်လိမ့်မယ်လို့ မိတ်ဆွေတစ်ဦးက ပြောတော့...။

အေး...ကောင်းတဲ့နည်းဘဲဆိုပြီး စျေးထဲမှာ ခင်းထားတဲ့ဖျာပေါ်မှာ ရွှေမီးသွေးတွေပုံထားပြီး အနားကထိုင်နေတယ်။ တချို့လူတွေက လာမေး ကြတယ်။

ဟာ...သူများမှာတော့ အဝတ်အထည်အစရှိတဲ့ ထိုထိုပစ္စည်းတွေ ခင်းပုံရောင်းကြဝယ်ကြတယ်။ ခင်ဗျားမှာတော့ ဘယ့်နှယ်မီးသွေးခဲပုံတွေ ရောင်းနေသလဲ။ ရှင့်မှာတော့ မီးသွေးခဲတွေပုံရောင်းနေသလဲ။ တော့်မှာ တော့ မီးသွေးခဲတွေ ဘာလို့ရောင်းနေရသလဲနဲ့ အမျိုးမျိုး လူတွေကပြော ကြတော့...

အေး...ငါ့ပစ္စည်းငါရောင်းတာ နင်တို့နဲ့ဘာဆိုင်သလဲ၊ ငါရောင်းချင် တာ ရောင်းမှာပေါ့။ အဲဒီလိုပြောလိုက်တယ်။ စျေးထဲမှာ ကိစ္စတစ်ခုနဲ့လာ

https://www.thitsarparamisociety.com/



တဲ့ ခလေးမတစ်ယောက်က ဘယ်နှယ်...ဦးကြီး ရွှေတွေငွေတွေထိုင်ပြီး ရောင်းနေသလား။ ဘယ်မလဲကွဲ့ ရွှေတွေငွေတွေ။ ဒါ ရွှေတွေငွေတွေမဟုတ်ဘူးလား၊ အဲဒါယူပြစမ်းပါဆိုတော့... သူ့လက်နဲ့ယူပြီးတော့ သူဌေးလက်ထဲထည့်၊ သူဌေးလက်ထဲကျတော့လည်း ဒီမီးသွေးခဲတွေဟာ ရွှေတွေငွေတွေပြန်ဖြစ်၊ ဟောဒီ ခလေးမဟာ ပစ္စည်းနဲ့ထိုက်တဲ့ ခလေးမဘဲ။ သူ့ရဲ့အိမ်၊ သူ့ရဲ့အမည်နာမ အကုန်လုံးမှတ်သားပြီး အိမ်ထောင်ရှိ-မရှိ မေးပြန်တဲ့အခါ အိမ်ထောင်မရှိပါဘူး။ ကျွန်မတို့အိမ်က ဘယ်မှာပါ၊ အဲဒီလိုပြောသွားတော့ သူ့အိမ်ကသားနဲ့ခလေးမနဲ့ လက်ထပ်တယ်တဲ့။ လက်ထပ်ပြီးတော့ အဲဒီကုဋေလေးဆယ်ကိုရော ရွှေတွေငွေတွေကိုပါ ခလေးမလက်ထဲအပ်တယ်။ အဲဒီခလေးမပေးသမျှကို စားသောက်သုံးဆောင်ရတယ်...တဲ့။

အဲဒီ ဝတ္ထုကြောင်းဟာ အဆန်းဘဲ။ မီးသွေးခဲတွေဖြစ်သွားတဲ့ ရွှေတွေငွေတွေဟာ ထိုက်တဲ့သူနဲ့တွေ့တော့ ရွှေငွေတွေ ပြန်ဖြစ်ပြန်တယ်။ အဲဒီ ခလေးမရဲ့နာမည်က ကိသာဂေါတမီ...တဲ့။

ကိသာ-ဆိုတာ ပိန်တယ်၊ ကြုံလှီတယ်။ ဂေါတမီ-ဆိုတာက နာမည်ရင်း။ ဒို့ ဝေဠုဝတီတိုက်မှာ ဒေါ်စိန်ညွန့်(အဝကြီး)။ ဒေါ်စိန်ညွန့်(အပိန်ကလေး)နဲ့ နှစ်မျိုးခေါ်ကြသလိုပေါ့။

အဲဒီ ဂေါတမီဆိုတဲ့ ခလေးမဟာ ဂေါတမီ-အပိန်ကလေး၊ ပါဠိလိုခေါ်တော့ "ကိသာဂေါတမီ"၊ အဲဒီ ခလေးမဟာ၊ အိမ်ထောင်ကျလို့ သူဌေးချွေးမ ဖြစ်သောကာလများမကြာမီ ကိုယ်ဝန်ရပြီးတော့ ကလေးမွေးဖွားတယ်တဲ့။ ဒီကလေးဟာ သွားနိုင်လာနိုင်တဲ့အခါကျတော့ သေသွားရော။ သေသွားတော့ သူက လူသေတာကို တစ်ခါမှမြင်ဘူးတဲ့သူမဟုတ်တော့ အင်မတန်မှ စိုးရိမ်ပူပန်ခြင်း ဖြစ်တယ်။ သူများက ယူပြီးအလောင်းကို ပစ်မယ်ဆိုလျှင်လည်း သူကအယူမခံဘူး။ ဒီအလောင်းကလေးကို ရင်ခွင်ပိုက်ပြီးတော့ ဒီကလေးပြန်ပြီးရှင်ဖို့ရာ မြို့ထဲလည်ပြီး ဆေးလိုက်ရှာတယ်။

https://www.thitsarparamisociety.com/



လူတွေက ဆိုကြသတဲ့။ သေပြီးသားလူ ပြန်ရှင်တယ်လို့ ဘယ်မှာ ထုံးစံရှိမှာလဲ ခလေးမရယ်။ ဒီလိုပြောပေမယ့် မရဘူး။ သူဟာ ဆေးဘဲလည် တောင်းတာဘဲ။ လူတွေ့လျှင် ကျွန်မသားကလေး သေလို့ ပြန်ရှင်တဲ့ဆေး ပေးကြပါလို့ အိမ်စဉ်လည်တောင်းတော့ အသိဉာဏ်ရှိတဲ့လူတစ်ယောက်က ဒီခလေးမဟာ အလွန်တရာပူဆွေးဒုက္ခရောက်နေပြီ။ မြတ်စွာဘုရားထံ လွှတ် ရလို့ရှိလျှင်ဖြင့် သူ့သက်သာခွင့် ရစရာရှိရဲ့လို့ ဆိုပြီးတော့ လူသေတာပြန် ရှင်တဲ့ဆေးတော့ သူများလည်း မသိဘူး။ ငါလည်းမသိဘူး။ မြတ်စွာဘုရား တော့ သိလိမ့်မယ်။ နင်ကလေးယူသွားပြီးတော့ မြတ်စွာဘုရားကို တပည့် တော်မကလေး ပြန်ရှင်တဲ့ဆေး ပေးပါလို့ သွားလျှောက်လျှင်တော့ ပြန်ရှင် တဲ့ဆေး မြတ်စွာဘုရားက ပေးတော်မူလိမ့်မယ်။ မြတ်စွာဘုရားမှတပါး လူ သေပြန်ရှင်တဲ့ဆေးကိုတော့ ဘယ်သူမှသိမှာ မဟုတ်ဘူးလို့.... အဲဒီလူတစ် ယောက်ကပြောတော့မှ ကလေးကို ရင်ခွင်ပိုက်ပြီး မြတ်စွာဘုရားထံ သွား တယ်။

မြတ်စွာဘုရားထံရောက်တော့မှ ဟိုလူ မှာလိုက်တဲ့စကားအတိုင်း အရှင်ဘုရား...တပည့်တော်မသားကလေး သေနေလို့ ပြန်ရှင်တဲ့ဆေး အရှင် ဘုရား သိပါသလား လို့ လျှောက်တဲ့အခါ။ အေး...သိပါတယ်။ သိလို့ရှိလျှင် တပည့်တော်မအား အဲဒီဆေးကိုပေးတော်မူပါလို့ လျှောက်တော့....

ဟောဒီ သာဝတ္ထိမြို့ကြီးမှာ လူမသေဘူးတဲ့အိမ်က မုန်ညင်းစေ့တစ် လက်ဆွမ်းကို ရှာခဲ့။ လူမသေတဲ့အိမ်က မုန်ညင်းစေ့ တစ်လက်ဆွမ်းကို ရခဲ့သည်ရှိသော် သင့်သားကိုပြန်ရှင်စေမယ် လို့ မြတ်စွာဘုရားက မိန့်တော် မူလိုက်တော့ မြို့ထဲလည်ပြီး အိမ်တစ်အိမ်ဝင် ဒီအိမ်မှာ မုန်ညင်းစေ့များ ရှိကြပါသလား လို့ မေးတော့ ရှိပါတယ်သမီးရယ်၊ ရှိလျှင်ပေးစမ်းပါ၊ ဒါပေ မယ့် မုန်ညင်းစေ့တိုင်းလည်း ယူခွင့်မရသေးဘူး။ မြတ်စွာဘုရားမှာလိုက်တာ က လူမသေဘူးတဲ့အိမ်က မုန်ညင်းစေ့ လို့ဆိုတယ်။ တော်,တို့အိမ်မှာ လူ များ သေဘူးပါသလား...

https://www.thitsarparamisociety.com/



ဘယ်နှယ်ပြောတာလဲသမီးရယ်၊ သေတဲ့လူနဲ့ရှင်တဲ့လူဆိုတာ အမှန်က အိမ်တစ်အိမ်မှာ သေတဲ့လူက များပါတယ်။ ရှင်တဲ့လူဆိုတာ နဲနဲပါးပါးဘဲရှိတာဘဲ။ လူမသေဘူးတဲ့အိမ်ရယ်လို့ ဘယ်မှာရှိပါ့မလဲ။ ဒါဖြင့် ဒီ မုန်ညင်းစေ့ မယူနိုင်သေးဘူးဆိုပြီး ပြန်ပေးခဲ့။ နောက်တစ်အိမ်သွားပြန်တော့ သွားတိုင်းသွားတိုင်း လူမသေတဲ့အိမ် ရှာလို့မရ။ ရှာလို့မရတော့ မုန်ညင်းစေ့ကတော့ ရပါရဲ့၊ လူမသေတဲ့အိမ် ရှာလို့မရတာနဲ့ သူ့ဟာသူ အကြံဖြစ်သတဲ့။ အော်...ငါ့သားသာ သေးတယ်အောက်မေ့တယ်၊ ဘယ်ဟုတ်မလဲ။ လူမှန်လျှင် သေတာချည်းဘဲ။ ဒီမြို့မှာ အိမ်တိုင်းအိမ်တိုင်း ငါလိုက်မေးတယ်၊ လူမသေဘူးတဲ့အိမ်ရယ်လို့ တစ်အိမ်မှ မရှိဘူး။ လူမှန်လျှင် သေတာချည်းပါကလားလို့ ဒီလို သတိရပြီးတော့ အလောင်းကလေးကို တောထဲသွားပစ်ပြီး မြတ်စွာဘုရားထံ ပြန်ခဲ့တယ်။

ချစ်သမီး ဂေါတမီ မုန်ညင်းစေ့ ရခဲ့ရဲ့လားလို့ မေးတော့ တပည့်တော်မ သိပါပြီဘုရား။ ရှေးတုန်းကတော့ တပည့်တော်မသားသာ သေတယ်လို့ အောက်မေ့တယ်၊ ခုတော့ ဘယ်ဟုတ်မလဲဘုရား။ အိမ်တိုင်းအိမ်တိုင်း လူတွေ သေကြတာဘဲ။ အေး...ဟုတ်တယ် ကိသာဂေါတမီ။ သတ္တဝါတို့မည်သည် မသေတဲ့သတ္တဝါရယ်လို့ မရှိဘူး။ သတ္တဝါတိုင်း သတ္တဝါတိုင်း သေကြရမှာချည်းဘဲ။

> တံပုတ္တ ပသုသမ္မတ္တံ၊ ဗျာသတ္တ မာနသံ နရံ။
> သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယဂစ္ဆတိ။

ကိသာဂေါတမီ၊ ချစ်သမီး ကိသာဂေါတမီ။ ပုတ္တပသုသမ္မတ္တံ၊ သားသမီး၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း စသည်တို့၌ မြတ်နိုးတွယ်တာသည်ဖြစ်၍။ ဗျာသတ္တမာနသံ၊ နှောင့်ယှက်ခြင်းမကင်းသော စိတ်ရှိသော။ တံနရံ၊ ထိုသူကို။ မစ္စု၊ သေမင်းသည်။ အာဒါယ၊ ယူ၍။ ဂစ္ဆတိ၊ သွား၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း။ သုတ္တံဂါမံ၊ အိပ်ပျော်နေသော ရွာတစ်ရွာလုံးကို။ မဟော

https://www.thitsarparamisociety.com/



ဃော၊ ကြီးစွာသော ရေအလျှင်သည်။ အာဒါယ၊ ယူ၍။ ဂစ္ဆတိဣဝ၊ သွားသကဲ့သို့တည်း။

အိပ်ပျော်နေတဲ့ရွာတစ်ရွာလုံးကို ကြီးစွာသောရေအလျင်ကြီးသည်ဆောင်ယူသွားဘိသကဲ့သို့ သတ္တဝါတွေဟာ မိမိရှိတဲ့သားသမီး ပစ္စည်းစသည်တို့ကို တွယ်တာပြီး အာသာမပြေဘဲနေကြတဲ့ အတောအတွင်းမှာ သေမင်းကယူသွားတယ်။ ဘယ်အခါမှ အာသာပြေလို့ သေရတဲ့သတ္တဝါရယ်လို့ မရှိဘူးတဲ့။ တွယ်တာခြင်းမကင်းဘဲနဲ့ သေကြရတာချည်းဘဲလို့ အဲဒီဂါထာကိုဟောတော့မှ ကိသာဂေါတမီဟာ သောတာပန်ဖြစ်သွားတယ်...တဲ့။

သတ္တဝါတွေဟာ အာသာမပြေဘဲနဲ့ သားတွယ်တာတုန်း သမီးတွယ်တာတုန်း ပစ္စည်းတွယ်တာတုန်း အားလုံးကုန် ရှိရှိသမျှ ကိုယ်နဲ့စပ်သမျှတွေတွယ်တာရင်း တန်းလန်းနဲ့ သေကြရတာချည်းဘဲ ချစ်သမီးတဲ့။ တွယ်တာမှုကင်းပြီးတော့ တော်ပါပြီ တန်ပါပြီ ဒီဘဝ သေပျော်ပါပြီဆိုတဲ့ စိတ်နဲ့သေတဲ့လူ မရှိပါဘူးလို့ ကိုယ်တော်မြတ်က ဟောလိုက်တော့မှ ကိသာဂေါတမီဟာ သောတာပန် ဖြစ်သွားတယ်။

သောတာပန်ဖြစ်ပြီးတဲ့အခါ မြတ်စွာဘုရား...တပည့်တော် လူဝတ်ကြောင်နဲ့ မနေလိုတော့ပါဘူး။ ရဟန်းမိန်းမ ပြုပါရစေတော့လို့ မြတ်စွာဘုရားထံ ရဟန်းမိန်းမပြုဘို့ရာ ခွင့်တောင်းတော့ မြတ်စွာဘုရားက ရဟန်းမိန်းမတွေခေါ်ပြီး ရဟန်းမိန်းမတွေလက်ထဲ အပ်လိုက်တယ်။ အဲဒီအခါမှာ ဘိက္ခုနီမ ဖြစ်သွားတယ်။ သာသနာရောက်လို့ ဘိက္ခုနီမ ဖြစ်တဲ့အခါ သူ့ကို ကိသာဂေါတမီထေရီ လို့ ခေါ်ကြတယ်။ အဲဒီ ကိသာဂေါတမီထေရီသည် တနေ့သောအခါ ဥပုသ်အိမ်မှာ ဆီမီးထွန်းနေတော့ ဆီမီးရောင်ကလေးကို ကြည့်ပြီး အော်...ဆီမီးကလေးဟာ ဖြစ်ချည် ပျက်ချည် ဖြစ်ချည်ပျက်ချည်နေသလို သတ္တဝါတွေဟာ ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက်ပျက်လိုက် နေကြတာချည်းပါကလား လို့ ဆီမီးအာရုံအကြောင်းပြု၍ သတ္တဝါတို့၏ ဖြစ်ခြင်းပျက်ခြင်းကို အာရုံပြုတယ်...တဲ့။

https://www.thitsarparamisociety.com/



အဲဒီတော့မှ မြတ်စွာဘုရားက ဂန္ဓကုဋီတိုက်ကနေ၍ ရောင်ခြည်တော်လွှတ်ပြီး သူ၏အနားမှာ ထိုင်ဟောသကဲ့သို့ ချစ်သမီး ဂေါတမီ၊ သင်တွေးတဲ့အတိုင်း မှန်ပါပေတယ်။ ဒီဆီမီးသည် ဖြစ်ချည်ပျက်ချည် နေသကဲ့သို့ သတ္တဝါတွေဟာလည်း ဖြစ်ချည်ပျက်ချည် နေကြတာဘဲ။ နိဗ္ဗာန်ရောက်သွားတဲ့ သတ္တဝါသာလျှင် အဖြစ်အပျက်ကင်းတယ်။ နိဗ္ဗာန်မရောက်သေးတဲ့ သတ္တဝါမှန်လျှင် ဖြစ်ချည်ပျက်ချည် နေကြရတာချည်းဘဲ။

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ၊
ဧကာဟံ ဇီဝိတံသေယျော၊ ပဿတော အမတံ ပဒံ။

ချစ်သမီး ဂေါတမီ။ သေခြင်းကင်းရာ နိဗ္ဗာန်ကိုမြင်အောင်ကြည့်၊ သေခြင်းကင်းရာနိဗ္ဗာန်ကို မမြင်ဘဲလျက် အနှစ်တစ်ရာအသက်ရှင်နေပါသော်လည်းဘဲ ဘာမှဒီလူဟာအကျိုး မများဘူး။ သေခြင်းကင်းရာနိဗ္ဗာန်ကို မြင်လို့ရှိလျှင် တစ်နေ့ဘဲနေရနေရ တခဏဘဲ နေရနေရ ဒီပုဂ္ဂိုလ်ဟာ အသက်ရှင်ရကျိုးနပ်တယ်လို့ ဒီဂါထာဟောလိုက်တော့မှ ကိသာဂေါတမီဟာ ရဟန္တာဖြစ်သွားတယ်။

သူလည်းဘဲ သာမညမိန်းမ မဟုတ်ဘူး။ ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်က ဗျာဒိတ်နဲ့လာတာဘဲ။ တနေ့က ပဋ္ဌာစာရီတို့လို တေဒဂ် ရတဲ့အထဲကဘဲ၊ လူခစီဝရ– ခေါ်င်းပါးသော ပံသကူသင်္ကန်းဆောင်တဲ့အရာမှာ ငါ၏ချစ်သမီးကိသာဂေါတမီသည် အသာဆုံး မမြတ်ဆုံးဘဲလို့ တေဒဂ်ရတဲ့ ကိသာဂေါတမီတဲ့။ ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်က ခေါ်င်းပါးတဲ့ ပံ့သကူသင်္ကန်း ဆောင်တဲ့အရာမှာ တေဒဂ်ရတဲ့ဘိက္ခုနီမကို အားကျလို့ ပဒုမုတ္တရ မြတ်စွာဘုရားထံမှာ ကုသိုလ်ကောင်းမှုပြုပြီး တပည့်တော်မသည် ဒီဘိက္ခုနီမကဲ့သို့ နောင်တစ်ဆူသော ဘုရားလက်ထက်ကျတော့ ပံသကူဓူတင်ဆောင်ရာမှာ တေဒဂ်ရတဲ့ဘိက္ခုနီမ ဖြစ်ရပါစေသား လို့ ဆုတောင်းပြီးတော့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်လာခဲ့တာ ငါတို့ ဂေါတမမြတ်စွာဘုရားလက်ထက်

https://www.thitsarparamisociety.com/



ကျတော့မှ ပါရမီပြည့်လို့ ပံ့သကူဆောင် တေဒင်္ဂရတယ်တဲ့။ အဲဒီ ပံ့သကူ ဆောင် တေဒင်္ဂရတဲ့ ကိသာဂေါတမီကို အကြောင်းပြု၍...

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ၊
ဧကာဟံ ဇီဝိတံသေယျော၊ ပဿတော အမတံ ပဒံ။

ဆိုတဲ့ဂါထာကိုဟောသတဲ့၊ အဲဒီဂါထာကို ကြားနာရသဖြင့် သာသ နာတော်တွင်းကြီးမှာ လူရယ်လို့ဖြစ်ရတဲ့အခါ လောကီအာရုံတွေကို မတောင့် တဘဲ အိုခြင်း နာခြင်း သေခြင်းကင်းတဲ့ နိဗ္ဗာန်ချမ်းသာကို တောင့်တပြီး ဒါနပြု သီလဆောက်တည် ဘာဝနာကမ္မဋ္ဌာန်းပွားများ လုပ်သမျှကုသိုလ်ဟာ နိဗ္ဗာန်ကိုအာရုံပြု နိဗ္ဗာန်ကိုတောင့်တ နိဗ္ဗာန်နဲ့ဆက်သွယ်နိုင်မဲ့ ကုသိုလ်မျိုး ကို ပြုလုပ်ရမယ်တဲ့။

ဒါကြောင့် အဝိဇ္ဇာပစ္စယာသင်္ခါရာ အရ...အဝိဇ္ဇာကြောင့်သင်္ခါရ ဖြစ် တယ်ဆိုပေမယ်လို့ သာသနာပ ဗာဟိယအခါမှာဖြစ်တဲ့ သင်္ခါရမျိုးသာ ကြောက် စရာကောင်းပါတယ်။ သာသနာတော်တွင်းမှာဖြစ်တဲ့ သင်္ခါရမျိုးဟာ ကြောက် စရာ မကောင်းပါဘူး။ ဘာဖြစ်လို့ ကြောက်စရာမကောင်းသလဲဆိုတော့ နောက်ဆုံးပိတ် ဒီကုသိုလ်ကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ရပါစေသား ဆိုတဲ့ ဒီဆုတောင်းကလေး ပါပါပြီးတော့လုပ်ကြတဲ့အခါ သင်္ခါရမို့လို့ မဂ် ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်နဲ့ မဆက်သွယ်မီခင်စပ်ကြားမှာတော့ လူအဖြစ် နတ် အဖြစ်ကို သူအကျိုးပေးအုံးမှာပေါ့။ နောက်တစ်နေ့ကျတော့ သာသနာတွင်း ကုသိုလ်ဆိုတာ ဧကန်နိဗ္ဗာန်နဲ့ ဆက်သွယ်ရမှာဘဲ။

ဒါကြောင့် သာသနာတော်တွင်းမှာ လူဖြစ်ကြလို့ရှိလျှင် ကုသိုလ် ကောင်းမှု မပြုဘဲ မနေရဘူး။ ပြုကြမှာဘဲ၊ ထိုက်သည့်အားလျော်စွာ ပြုကြ လို့ရှိလျှင် ဘာကိုမှအလိုမရှိဘဲ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ရရပါလို၏။ အဲဒီ လို ဆုတောင်းကလေးနဲ့ ပြုကြရမယ်။ ဘာကိုမှ မတောင့်တ, မမျှော်လင့်နဲ့။

https://www.thitsarparamisociety.com/



တောင့်တမျှော်လင့်ပြီးတော့ ဟိုဘဝမှာ အနာကင်းဖို့၊ ခုဘဝမှာ စည်းစိမ်ဥစ္စာတိုးဖို့၊ ခုဘဝမှာ ရာထူးတက်ဖို့၊ ခုဘဝမှာ ဘိုးဘိုးအောင်,မဖို့၊ ခုဘဝမှာ မယ်တော်ကြီး,မဖို့ စသည်ဖြင့် အဲဒီလောကီအလုပ်တွေ ဆုတောင်းလုပ်လျှင်တော့ နိဗ္ဗာန်နဲ့ဝေးကြလိမ့်မယ်။ မဂ်,ဖိုလ်,နိဗ္ဗာန် ရရပါလို၏ဟု ဆုတောင်းလိုက်လျှင် ဟိုဟာတွေဟာ အလိုလိုကိစ္စပြီးတာဘဲ၊ သူတော်ကောင်းနတ်ကောင်းမ,တယ်ဆိုတာ တကယ်ကောင်းလို့ရှိလျှင်တော့ မ,တာပေါ့။ ဘယ်နေမလဲ။ မ,မပါနဲ့ဆိုလို့ မရဘူး။

ဒီတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်သာရဖို့ လိုရင်းဖြစ်တယ်။ ပြုပြုသမျှကုသိုလ်ကို နိဗ္ဗာန်ဆုတောင်းပြီးပြု၊ ဒါဟာ သာသနာတော်နဲ့ကြုံတဲ့ ပုဂ္ဂိုလ်တို့၏ ဓမ္မတာဘဲ။

ကိုင်း...ယခုဘာလုပ်ကြရမယ်၊ တရားအားထုတ်ကြရမယ်။ တရားအားထုတ်ကြရမှာက ဘာကိုရည်စူးရမလဲဆိုလျှင် လောဘစိတ် ဒေါသစိတ် မောဟစိတ် မာနစိတ် မကောင်းတဲ့ကိလေသာစိတ်တွေကင်းငြိမ်းလျှင် နိဗ္ဗာန်ရောက်တယ်။

အဲဒီ ကိလေသာစိတ်တွေ မကင်းသေးလျှင် နိဗ္ဗာန်မရောက်နိုင်ဘူး။ ဒါကြောင့် နိဗ္ဗာနသဿ– ကိလေသာအပူသိမ်း၍ ငြိမ်အေးရာဖြစ်တဲ့ နိဗ္ဗာန်၏။ ပစ္စယော–အားကြီးသောအထောက်အပံ့သည်။ ဟောတု–ဖြစ်ရပါစေသား။

နိဗ္ဗာန်၏အရ ကိလေသာကင်းငြိမ်းဘို့ အရင်းတည်ပြီးတော့ ဆုတောင်းရမယ်။

ကိလေသာမရှိလျှင် ဒီကံအကျိုးမပေးနိုင်ဘူး။ ကုသိုလ်ကံ အကုသိုလ်ကံ အကျိုးပေးတယ်ဆိုတာ ကိလေသာကိုမှီပြီး အကျိုးပေးတာ။ ကိလေသာရှင်းသွားလျှင် ကုသိုလ်ကံ အကုသိုလ်ကံ အကျိုးမပေးနိုင်တော့ဘူး။ ကုသိုလ်ကံ အကုသိုလ်ကံ အကျိုးမပေးနိုင်လို့ရှိလျှင် ထိုထိုဘဝမှာ ပဋိသန္ဓေ မနေရတော့ဘူး၊ ဒါ နိဗ္ဗာန်ရောက်တော့တာဘဲ။

https://www.thitsarparamisociety.com/



ဒီတော့ ကိလေသာရယ် ကံရယ် ဝိပါက်ရယ် သုံးမျိုး။ အဲဒီ သုံးမျိုးတို့တွင် ကိလေသာရှိနေလျှင် ကံရှိမယ်။ ကံရှိလျှင် ဝိပါက်အကျိုးပေးမယ်၊ ဝိပါက်ဆိုတဲ့ဒုက္ခ အကျိုးပေးနေသရွေ့ကာလပတ်လုံး ဘယ်နည်းနဲ့မှ နိဗ္ဗာန်မရောက်နိုင်ဘူး။ ဒီတော့ နိဗ္ဗာန်ဆိုတာ ဘာမှမရှိဘူးလို့ မအောက်မေ့ပါနဲ့။ ကိုယ့်ရင်ထဲမှာရှိတဲ့ မကောင်းတဲ့စိတ်တွေ ကင်းငြိမ်းတာဟာ နိဗ္ဗာန်ဘဲလို့သာ ယူထားလိုက်။

အေး...အဲဒါ ကိလေသနိဗ္ဗာန်တဲ့။ အဲဒီလို ကိလေသာမီး ငြိမ်းသွားလျှင်တော့ ကံလည်းကုန်တော့တာဘဲ။ ကံကုန်လျှင် ရုပ်နာမ်ဒုက္ခ ဆိုတဲ့ ဒုက္ခလည်း အကျိုးမပေးနိုင်တော့ဘူး။

ဒီတော့ ကိုယ်မသိနိုင်တဲ့နိဗ္ဗာန်ကို အာရုံပြုမနေကြနဲ့။ ကိုယ်သိနိုင်တဲ့နိဗ္ဗာန်ကိုသာ အာရုံပြု။ ကိလေသာအပူသိမ်း၍ ငြိမ်းရပါစေသား။ ကိလေသာအပူသိမ်း၍ ငြိမ်းတဲ့နိဗ္ဗာန် ရောက်ရပါစေသား လို့ အာရုံပြုရမယ်။ ကိလေသာ အပူသိမ်းလျှင် နိဗ္ဗာန်တော့ အေးအေးကလေး ရောက်တာဘဲ။ လောဘစိတ်တွေ ဒေါသစိတ်တွေ မကောင်းတဲ့ကိလေသာစိတ်တွေ ဖြစ်နေသေးလျှင်တော့ ဒီကိလေသာစိတ်တွေကို ကံကမှီတယ်။ ဒီကံက ဝိပါက်ဒုက္ခ အကျိုးကို ပေးတယ်။

ဒီတော့ ကိလေသာကင်းငြိမ်းမှုဟာ နိဗ္ဗာန်အစစ်ဘဲလို့မှတ်။ ကိလေသာ ကင်းငြိမ်းချင်တဲ့စိတ် ဘာကိုမှမလိုချင်တဲ့စိတ်ဟာ နိဗ္ဗာန်နဲ့ဆက်သွယ်တဲ့စိတ်ဘဲ။ လောဘကိုအားပေးနေတယ်၊ မကောင်းတဲ့စည်းစိမ်တွေကို အာရုံပြုနေတယ် ဆိုလျှင်တော့ ဒီစိတ်နဲ့နိဗ္ဗာန် အတော်ကြီးဝေးသေးတယ်။ ပူလှချည်ရဲ့ ပင်လှချည်ရဲ့ ဒုက္ခများလှချည်ရဲ့ ဒီမကောင်းတဲ့စိတ်တွေ ကုန်မှသာလျှင် ငါအေးမှာဘဲ။ ဒီမကောင်းတဲ့စိတ် မြန်မြန်အေးငြိမ်းပါစေ မကောင်းတဲ့စိတ် အေးငြိမ်းဘို့ အဲဒီလိုအာရုံပြုပြီး ကုသိုလ်လုပ်ရတယ်။ **အဲဒီမကောင်းတဲ့စိတ်တွေ ဖြစ်ရခြင်း၏အကြောင်းရင်းကိုရှာလိုက်တော့ သတ္တဝါသန္တာန်မှာ ဒိဋ္ဌိနာ စွဲကပ်နေလို့။**

https://www.thitsarparamisociety.com/



ပဋိစ္စသမုပ္ပါဒ် တရားတော်က ဒီ ဒိဋ္ဌိနာကို ကင်းပျောက်စေနိုင်တဲ့ ဆေးတော်ကြီးဖြစ်တယ်။ သည့်ပြင် ဒိဋ္ဌိတွေက ဒီလောက်မဆိုးပါဘူး။ နတ္ထိက ဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ ဆိုတဲ့ နိယတမိစ္ဆာဒိဋ္ဌိကြီး သုံးပါးက ဆိုးတယ်။ သည့်ပြင်ဒိဋ္ဌိကတော့ ကင်းခဲပါတယ်။ သည့်ပြင် ဒိဋ္ဌိမကင်းလို့ အပါယ်ကျစတမ်း မဟုတ်ပါဘူး။ အဲဒီ နိယတမိစ္ဆာဒိဋ္ဌိကြီးသုံးပါး မကင်းရင် တော့ဘာကုသိုလ်မှ မတားနိုင်ဘူး။ ဒိဋ္ဌိအယူကိုမစွန့်မချင်း ကမ္ဘာပျက်ပေမယ် လို့ မပျက်တဲ့ကမ္ဘာ ပြောင်းခံရတယ်။

(ကံကိလေသ=ဝိပါက=ဝါဒ ဝီတိက္ကမာ)။

၁။ ကမ္မန္တရာယ်။
၂။ ကိလေသန္တရာယ်။
၃။ ဝိပါကန္တရာယ်။
၄။ အရိယူပဝါဒန္တရာယ်။
၅။ အာဏာဝီတိက္ကမန္တရာယ်...လို့ ငါးပါးရှိတယ်။

**ကမ္မန္တရာယ်** ဆိုတာက အမေသတ်တဲ့ မာတုဃာတက။ အဖေသတ် တဲ့ ပိတုဃာတက။ ရဟန္တာသတ်တဲ့ အရဟန္တဃာတက။ ဘုရားသွေးစိမ်းတည် အောင်ပြုတဲ့ လောဟိတုပ္ပါဒက။ သံဃာသင်းခွဲတဲ့ သံဃဘေဒက။

အဲဒီ ကံကြီးငါးပါးသင့်လျှင် ကမ္မန္တရာယ် ခေါ်တယ်။ အဲဒီ ကံကြီး ငါးပါး သင့်တဲ့ပုဂ္ဂိုလ်ဟာ ဘာကုသိုလ်ဘဲလုပ်လုပ် သေသည်၏အခြားမဲ့ ငရဲ သွားရတယ်။

ကံကြီးငါးပါးထိုက်တဲ့ပုဂ္ဂိုလ်က ကနေ့ငရဲကျသွားလို့ နက်ဖန် ကမ္ဘာ ပျက်တယ်ဆိုလျှင် သူက လွတ်သွားနိုင်တယ်။ နိယတမိစ္ဆာဒိဋ္ဌိအယူရှိတဲ့ပုဂ္ဂိုလ် က အယူမစွန့်လျှင် ကမ္ဘာပျက်ပေမယ့် သူကမလွတ်ဘူး၊ မပျက်တဲ့ကမ္ဘာ ပြောင်းခံရတယ်။ သူကပိုဆိုးတယ်။

**ဝိပါကန္တရာယ်** ဆိုတာကတော့ အဟိတ်ပဋိသန္ဓေ၊ ဒွိဟိတ်ပဋိသန္ဓေ၊ ကို ခေါ်တယ်။ အဲဒီ အဟိတ်ပဋိသန္ဓေ၊ ဒွိဟိတ်ပဋိသန္ဓေနေတဲ့ပုဂ္ဂိုလ်များ ဟာ ဝိပါကန္တရာယ်ထိုက်သောကြောင့် ဒီဘဝမှာ မဂ်ဖိုလ်မရနိုင်ဘူးတဲ့။ အေး သူ၏ ပဋိသန္ဓေဖြစ်တဲ့ အဟိတ်ဝိပါက် ဒွိဟိတ်ဝိပါက်များက မဂ်ဖိုလ်ကို မရအောင် တားထားတယ်။

**အရိယူပဝါဒန္တရာယ်** ဆိုတာက အရိယာပုဂ္ဂိုလ်ကို စွပ်စွဲကဲ့ရဲ့မှု ပြု တယ်။ အဲဒီလို အရိယာပုဂ္ဂိုလ်ကို စွပ်စွဲကဲ့ရဲ့မှုပြုလို့ရှိလျှင် မကန်တော့ မတောင်းပန်ဘဲနဲ့ ဒီပုဂ္ဂိုလ်ဟာ မဂ်ဖိုလ်ကို မရနိုင်တော့ဘူး။ ကန်တော့ တောင်းပန်လို့ အပြစ်ပြေမှသာလျှင် မဂ်ဖိုလ်ကို ရနိုင်တယ်။

**အာဏာဝီတိက္ကမန္တရာယ်** ဆိုတာကတော့ လူတွေနဲ့မဆိုင်ပါဘူး။ ရဟန်းနဲ့သာဆိုင်တယ်။ ဝိနည်းမှာ မြတ်စွာဘုရားပညတ်တော်မူတဲ့ သိက္ခာ ပုဒ်တွေ ရှိတယ်။ အဲဒီသိက္ခာပုဒ်တွေကို လွန်ကျူးလို့ အာပတ်သင့်လျှင် အဲဒီအာပတ်တန်းလန်းနဲ့ တရားအားထုတ်လို့ မဂ်ဖိုလ်မရနိုင်ဘူးတဲ့။ ဒါ - အာဏာဝီတိက္ကမန္တရာယ် ခေါ်တယ်။ လူတို့ရဲ့ သီလကတော့ သုတ္တန်သီလ သာ ဖြစ်တယ်။ ဘုရားပညတ်တာ မဟုတ်ဘူး။ ဝိနည်း သီလကသာ ဘုရား ပညတ်တာ။

အဲဒီတော့ ကမ္မန္တရာယ် ကိလေသန္တရာယ် ဝိပါကန္တရာယ် အရိယူပ ဝါဒန္တရာယ် အာဏာဝီတိက္ကမန္တရာယ် ငါးပါး ရှိတဲ့အနက် **ကိလေသန္တရာယ်** ဆိုတာက နတ္ထိကဒိဋ္ဌိ အဟေတုကဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိကြီး သုံးပါးကို ခေါ်တယ်။ အဇိတကေသကမ္ဗလ ဆိုတဲ့ ဆရာကြီးကတော့ နတ္ထိကဒိဋ္ဌိ အယူရှိသတဲ့။ နတ္ထိကဒိဋ္ဌိ ဆိုတာ အကျိုးကိုပယ်တယ်။

နတ္ထိ ဒိန္နံ။
ဒိန္နံ- အလှူရဲ့အကျိုးသည်။ နတ္ထိ- မရှိ။

https://www.thitsarparamisociety.com/



နတ္ထိ ယိဋ္ဌံ။
ယိဋ္ဌံ– အလှူကြီး လှူတဲ့အကျိုးသည်။ နတ္ထိ– မရှိ။
နတ္ထိ ဟုတံ။
ဟုတံ– အလှူကလေးလှူတဲ့အကျိုးသည်။ နတ္ထိ– မရှိ။
ဘာအလှူမှအကျိုးမရှိဘူး။

နတ္ထိ သုကတဒုက္ကတာနံ ကမ္မာနံ ဖလံ ဝိပါကော။ သုကတဒုက္ကတာနံ–ကောင်းစွာပြုအပ် မကောင်းသဖြင့် မပြုအပ်ကုန်သော။ ကမ္မာနံ–ကံတို့၏။ ဖလံ–အကျိုးအရင်းသည်။ ဝိပါကော–အကျိုးဖျားသည်။ နတ္ထိ–မရှိ။

ကုသိုလ်ကံ အကုသိုလ်ကံဟာ အကျိုးရင်းအကျိုးဖျား နှစ်ပါးစလုံး မရှိဘူးတဲ့။ နတ္ထိနဲ့ကြီးလာတာဘဲတဲ့။

နတ္ထိအယံလောကော။
အယံလောကော– ရှေးဘဝမှလာခဲ့သော ဤပစ္စုပ္ပန်လောကသည်။ နတ္ထိ–မရှိ။
နတ္ထိ ပရော လောကော။
ပရော လောကော–ယခုဘဝမှ ပြောင်းသွားစရာ နောင်ဘဝသည်။
နတ္ထိ–မရှိ။
နတ္ထိ မာတာ၊ နတ္ထိ ပိတာ။
မိဝတ် ဘဝတ်မရှိ။ မိဝတ်ဘဝတ် ပြုခြင်းကြောင့်လည်း ကောင်းကျိုးရတယ် မရှိ။ မိဘကို ပြစ်မှားခြင်းကြောင့်လည်း မကောင်းကျိုးရတယ်လို့ မရှိ။ အမေမရှိ အဖေမရှိ။

နတ္ထိ သတ္တာ ဩပပါတိကာ–သေပြီးလို့ ပြန်ဖြစ်တဲ့ သတ္တဝါကောင်ရယ်လို့ မရှိ။ သေလျှင်ပြတ်ကရော။ ဥပပါတ် သတ္တဝါလည်း မရှိဘူးတဲ့။

https://www.thitsarparamisociety.com/



သစ်ပင်များသည် သေလျှင်ဘာဖြစ်သေးသလဲ။ ဘာမှမဖြစ်ဘူး။ သစ်ပင်သေလျှင် ပြီးတော့တာဘဲ။ ထိုနည်းတူစွာ သတ္တဝါများသေလျှင် နောက်ထပ်အသစ် ပြန်ဖြစ်တယ်လို့ မရှိဘူးတဲ့။

နတ္ထိ သမဏ ဗြာဟ္မဏာ- တရားကို ကောင်းစွာကျင့်သော တရားကို မျက်မှောက်ပြု၍ ပြောဟောနိုင်သော ရဟန်းပုဏ္ဏားရယ်လို့ မရှိ။ အဲဒါကို ဒသဝတ္ထုကဒိဋ္ဌိလည်း ခေါ်တယ်။ အဲဒီ ဒသဝတ္ထုကဒိဋ္ဌိမှာ သူ့နောက်က ဘာအုပ်သလဲဆိုတော့...

ဘဿန္တော အာဟုတိယော။

အာဟုတိယော=အလှူဒါနတို့သည်။ ဘဿန္တော=ပြာလျှင်အဆုံးရှိကုန်၏။ အလကားဘဲတဲ့။ နောက်ဆုံးပိတ် ပြာဖြစ်ကုန်တာဘဲတဲ့။

ဒတ္တုပညတ္တံ ယဒိဒံ ဒါနံ။

ယံဒိဒံ ဒါနံ=ယင်းဒါနသည်။ ဒတ္တုပညတ္တံ=လူမိုက်တို့ ပညတ်အပ်၏။ အလှူလှူလျှင် ရမယ်ဆိုတာ လူမိုက်တို့ကပြောတဲ့စကားဘဲ...တဲ့။

ဒီတော့ မသိမလိမ္မာတဲ့လူတွေက အလှူလှူ။ လိမ္မာတဲ့လူတွေက အလှူခံစား။ ဒါပါဘဲတဲ့။ အကြောင်းထူးတာ မဟုတ်ပါဘူးတဲ့။

တေသံ တုစ္ဆံ မုသာ ဝိလာပေါ်။

တေသံ=ထိုလူမိုက်တို့၏။ ဝိလာပေါ်=ပြောဆိုစကားသည်။ တုစ္ဆံ=အချည်းနှီးပါတည်း။ မုသာ=မမှန်သောစကားပါတည်း။ အလှူလှူတာ အကျိုးရှိတယ်လို့ ဒီလိုပြောတဲ့စကားဟာ အချည်းနှီးဘဲ။ အလကာဘဲ။ အသုံးမကျဘူးတဲ့။ မှန်တဲ့စကား မဟုတ်ဘူးတဲ့။

အဲဒီတော့ သတ္တဝါတွေဟာ သေလို့ရှိလျှင် အဇ္ဈတ္တက ပထဝီ တေ

https://www.thitsarparamisociety.com/



ဇော အာပေါ ဝါယော ဆိုတဲ့ဓာတ်ကြီးလေးပါးနဲ့ ဗဟိဒ္ဓက ဓာတ်ကြီးလေး ပါး ပေါင်းတော့တာပါဘဲတဲ့။ စက္ခု သောတ ဃာန ဇိဝှာ ကာယ မန ဆို တဲ့ ဣန္ဒြေခြောက်ပါးက ကောင်းကင်ပျံတက်သွားတယ်။ ဘာကျန်သလဲဆို တော့ နောက်ဆုံးပိတ် အရိုးဘဲကျန်တာဘဲတဲ့။ အဲဒီသူကတော့ ကံ၏အကျိုး ကိုပယ်သောကြောင့် နတ္ထိကဒိဋ္ဌိ။

အကိရိ ကံပယ်၊ နတ် ကျိုးငယ်၊ နှစ်သွယ် အဟေတု လို့ ဆိုတဲ့ အတိုင်း မက္ခလိဂေါသာလ ဆရာကြီးက အဟေတုကဒိဋ္ဌိ။ ပုရာဏကဿပ ဆရာကြီးက အကိရိယဒိဋ္ဌိ။ အဇိတကေသကမ္ဗလ ဆရာကြီးက နတ္ထိကဒိဋ္ဌိ။ အကျိုးမရှိဘူးလို့ သူကဆိုတယ်။ ဥစ္ဆေဒဝါဒတွေဖြစ်တဲ့အတွက် အကုန်လုံး ပြတ်ကုန်တာဘဲ။

အတွင်းဓာတ်လေးပါးနဲ့ အပြင်ဓာတ်လေးပါး ပေါင်းပြီးတော့ စက္ခု သောတ စသောဣန္ဒြေတို့က ကောင်းကင်ပျံသွားပြီး အရိုးချည်းဘဲကျန် လို့ ဘာမှမရှိတော့ဘူး ဆိုတော့ ပြတ်သွားတာပေါ့။ ဥစ္ဆေဒ ပြတ်သွားတယ် ဆိုတာနဲ့ နတ္ထိက အကျိုးမရှိဘူးဆိုတာ အတူတူပါဘဲ။

ဒီတော့ ဒိဋ္ဌိဆိုတာကတော့ အင်မတန်မှလည်း ကင်းနိုင်ခဲပါတယ်။ နာမရူပပရိစ္ဆေဒဉာဏ် မရသရွေ့ **ဒိဋ္ဌိဝိသုဒ္ဓိမဖြစ်**။ ဒိဋ္ဌိဝိသုဒ္ဓိမဖြစ်လျှင် တစ် ခုခုတော့ စွဲကြရမှာပေါ့။ သို့ပေမယ်လို့ အဲဒီဒိဋ္ဌိကြီးသုံးပါး မစွဲမိဘို့အရေး ကြီးတယ်။ အဲဒီဒိဋ္ဌိကြီးသုံးပါး စွဲမိလျှင်တော့ သွားရော။ ဘာကုသိုလ်မှ မ ကယ်နိုင်ဘူး။ ဒါလည်း နဲနဲ သတိထားကြ။ ကြုပ်ကြုပ်မိုက်လာလျှင် ဒီစိတ် တွေဟာ တော်တော်ဆိုးတယ်။ ဒီဘဝ ဒီကိုယ်စံ၊ နောင်ဘဝ နောင်ကိုယ်ခံ ပေါ့ကွာ။ ဘာမှမဟုတ်ပါဘူး အလကားဟာတွေပါ၊ ဒီဘဝ ဒီကိုယ်နဲ့ဒီခေါင်း၊ ဟိုဘဝ ဟိုကိုယ်နဲ့ဟိုခေါင်းတွေကွ ဆိုတဲ့ စကားတွေဟာ နိယတမိစ္ဆာဒိဋ္ဌိနဲ့ အင်မတန်နီးတဲ့စကားတွေ၊ တော်တော် ကြောက်စရာကောင်းတယ်၊ မစားရ မသောက်ရ ဒုက္ခကြီးတယ်။

https://www.thitsarparamisociety.com/



အဲဒီလို ဒိဋ္ဌိအမျိုးမျိုးတွေကို ပဋိစ္စသမုပ္ပါဒ်ဆေးနဲ့ဖျောက်ကြရမယ်။ အဲဒါကြောင့် ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ လွယ်လွယ်ကလေး အနက်ပေးကြစမ်းပါ။ ခဲခဲယဉ်းယဉ်း မလုပ်ကြစမ်းပါနဲ့။ အဝိဇ္ဇာ,က–အဝိဇ္ဇာ။ ပစ္စယာက–အကြောင်းကြောင့်။ အဝိဇ္ဇာပစ္စယာ–အဝိဇ္ဇာအကြောင်းကြောင့်။ သင်္ခါရာ–သင်္ခါရတို့သည်။ သမ္ဘဝန္တိ–ဖြစ်ကုန်၏။

အဲဒီလို လွယ်လွယ်ကလေးသာမှတ်ထား။ နောင်ချဲ့ချင်တော့ ကိုယ့်ဉာဏ်ရှိသလောက် ချဲ့။ အကြမ်းဖျင်းအားဖြင့် အလွယ်ကိုမှတ်ရမယ်။

လိုရင်းကဘာလဲ။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်။ အဝိဇ္ဇာက ဘယ်လိုကြောင့်လဲ၊ ဒုက္ခအမှန်သိပြီလားလို့ မေးလျှင် ဒုက္ခအမှန်ကို သိပါပြီလို့ ဝန်ခံနိုင်ပါ့မလား။ မခံနိုင်ပါဘူး။ သမုဒယအမှန်ကို သိပြီလို့ကော ဝန်ခံနိုင်ပါ့မလား။ မခံနိုင်ပါဘူး။ နိရောဓအမှန်ကို သိပြီလို့ကော ဝန်ခံနိုင်ပါ့မလား။ မခံနိုင်ပါဘူး။ မဂ္ဂအမှန်ကို သိပြီလို့ကော ဝန်ခံနိုင်ပါ့မလား။ မခံနိုင်ပါဘူး။

ဒီတော့ သမုဒယအမှန် ဒုက္ခအမှန် နိရောဓအမှန် မဂ္ဂအမှန်ကို သိပါပြီလို့ ဝန်မခံနိုင်သေးသရွေ့ ကာလပတ်လုံး အဝိဇ္ဇာပစ္စယာပေါ့။ ဒုက္ခ သမုဒယ နိရောဓနဲ့ မဂ္ဂဆိုတဲ့ သစ္စာလေးပါးကို တပည့်တော် လက်ဝါးပေါ် တင်ကြည့်သကဲ့သို့ ထင်ထင်ရှားရှား သိပါပြီလို့ ဝန်မခံနိုင်သေးသရွေ့ ကာလပတ်လုံး အေး…အဲဒီ အဝိဇ္ဇာပစ္စယာဘဲ။

ဒီတော့ အဝိဇ္ဇာပစ္စယာ ဆိုတာ စာထဲမှာမကြည့်ပါနဲ့။ ကိုယ့်ရင်ထဲ နှလုံးထဲမှာ ကိုယ်ကြည့်ပါ။ ငါ့ရင်ထဲမှာ အဝိဇ္ဇာပစ္စယာ ရှိနေသေးသလား။ မရှိဘူးလား။ အေး…အဝိဇ္ဇာပစ္စယာ ရှိနေသေးတယ်၊ ဒုက္ခအမှန်လည်း ငါမသိဘူး၊ သမုဒယအမှန်လည်း ငါမသိဘူး၊ နိရောဓအမှန်လည်း ငါမသိဘူး၊ မဂ္ဂအမှန်လည်း ငါမသိဘူး။ ဒီတော့ ဒုက္ခ သမုဒယ နိရောဓ မဂ္ဂဆိုတဲ့ အမှန်တရားလေးပါး မသိလို့ရှိလျှင် အဲဒီ သစ္စာလေးပါးကို မသိဘဲ အဝိဇ္ဇာ

https://www.thitsarparamisociety.com/



အကြောင်းခံ ရှိထားတဲ့ပုဂ္ဂိုလ်က ကောင်းတာ မကောင်းတာ မလုပ်ဘူးလား၊ အဲဒီ ကောင်းတာ မကောင်းတာတွေဟာ သင်္ခါရပေါ့။

အဲဒီတော့ အဝိဇ္ဇာပစ္စယာသင်္ခါရာ ရှင်းမနေဘူးလား။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်။ ဒါစာစကား။ အရပ်စကားနဲ့တော့ မသိမိုက်မဲမှုကြောင့် လုပ်တယ်။ မသိမိုက်မဲမှုဆိုတာက အဝိဇ္ဇာပစ္စယာ။ ပြုလုပ်တယ်ဆိုတာက သင်္ခါရ။ အေး...အဲဒါ ပဋိစ္စသမုပ္ပါဒ်ဘဲ။

ပဋ္ဌာန်းနည်းကျတော့ နဲနဲခက်တယ်ကွ။ ပဋ္ဌာန်းပစ္စည်းကတော့ သေသေချာချာ တိတိကျကျဆိုလျှင် သဂြိုလ်လုပ်ဖူးမှ နားလည်မယ်။

မသိမိုက်မဲမှု အဝိဇ္ဇာကြောင့် အကုသိုလ်သင်္ခါရဖြစ်မယ်။ မိုက်မဲမှု အဝိဇ္ဇာဆိုတာ မောဟ။ အဲဒီ မသိမိုက်မဲမှု မောဟကြောင့် အကုသိုလ်စေတနာဟူသော သင်္ခါရဖြစ်တယ်ဆိုတော့ ဟေတုပစ္စည်းနဲ့လည်း ဆိုင်တယ်။ သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ ဒီပစ္စည်းတွေနဲ့ အကုန်လုံး ဆိုင်တယ်။

အဲဒီတော့ ပဋိစ္စသမုပ္ပာဒ်မှာ ပဋ္ဌာန်းပစ္စည်း၏ သရုပ်အားဖြင့် ဆုံးဖြတ်အပ်၏လို့ ဆိုပေမယ်လို့ ဒီပရိတ်သတ်အတွက်ကတော့ ပဋ္ဌာန်းပစ္စည်းနဲ့ ဆုံးဖြတ်နေလို့တော့ မတော်ဘူး။ တော်တာမှတ်ဖို့ကတော့ သစ္စာလေးပါးကို မသိမခြင်း ပြုလုပ်သမျှ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ သင်္ခါရချည်းဘဲလို့ မှတ်ပါ။ အကြင်အခါမှာ အဝိဇ္ဇာငြိမ်းခြင်းကြောင့် အားလုံးကိလေသာ ချုပ်သွားတယ်။ ထိုအခါ နိဗ္ဗာန်ကိုရောက်တယ်။

ဒါကြောင့်...

ယဒါ ဥတ္တာစ သောဓမ္မံ၊ သစ္စာနိ အဘိသမေဿတိ။

တဒါ အဝိဇ္ဇူပသမာ၊ ဥပသန္တော စရိဿတိ၊ လို့...

ဟောတော်မူတယ်။

https://www.thitsarparamisociety.com/



သော=ထိုမသိမိုက်မဲသော ပုထုဇဉ်ပုဂ္ဂိုလ်သည်။ ယဒါစ=အကြင်အခါ၌ကား။ ဓမ္မံ=မြတ်စွာဘုရား ဟောတရားကို။ ဥတွာ=နားလည်အောင် ပြုလုပ်၍။ သစ္စာနိ=သစ္စာလေးပါးတို့ကို။ အဘိသမေဿတိ=ထူးသောဉာဏ်ဖြင့် သိလတ္တံ့။

ဘုရား၏တရားတော်ကို မသိမိုက်မဲတဲ့ ပုထုဇဉ်ပေမယ်လို့ သူတော်ကောင်းတရားကို ကြပ်ကြပ်လိုက်စားလာတော့ နားလည်လာပြီး တနေ့ကျတော့ သစ္စာလေးပါးကို သိနိုင်တယ်။

တဒါ=ထိုသစ္စာလေးပါးကို သိသောအခါ၌။ အဝိဇ္ဇူပသမာ=မကျန်မကြွင်း အဝိဇ္ဇာငြိမ်းခြင်းကြောင့်။ ဥပသန္တော=ကိလေသာမီး အကုန်ငြိမ်းသည်ဖြစ်၍။ စရိဿတိ=နိဗ္ဗာန်သို့ သွားရတော့လတ္တံ့။

ဒီတော့ သစ္စာလေးပါးကို သိလိုက်တဲ့အခါ အဝိဇ္ဇာမရှိတော့ဘူး။ သစ္စာလေးပါး မသိခင်စပ်ကြားမှာ အဝိဇ္ဇာရှိနေသေးတယ်။ အဝိဇ္ဇာရှိနေသေးလျှင် သံသရာသုံးပါး ဖြစ်အုံးမယ်။ ဒီတော့ ဘယ်နှယ်လုပ်ရမယ်၊ သစ္စာလေးပါးကို သိအောင် အားထုတ်၍ အဝိဇ္ဇာကို ငြိမ်းစေရမယ်။ အဝိဇ္ဇာငြိမ်းလျှင် ကိလေသာမီး အကုန်ငြိမ်းမယ်။ ကိလေသာမီးအကုန်ငြိမ်းလျှင် နိဗ္ဗာန်သွားရမယ်။ ကိလေသာမီး အကုန်မငြိမ်းသေးလျှင် နိဗ္ဗာန်မသွားနိုင်ဘူး။

ဒီတော့ မသိမိုက်မဲမှု အဝိဇ္ဇာကို ငြိမ်းအောင်သတ်ပြီး သစ္စာလေးပါးကို သိအောင်အားထုတ်ကြရမယ်။ သင်္ခါရပစ္စယာဝိညာဏံ။ သင်္ခါရပစ္စယာ=သင်္ခါရဟူသောအကြောင်းကြောင့်။ ဝိညာဏံ=ဝိညာဏ်ခြောက်ပါးသည်။ သမ္ဘဝန္တိ=ဖြစ်၏။ ဝိညာဏ်ခြောက်ပါး သတ္တဝါသန္တာန်မှာ မဖြစ်ဘူးလား။ အဲဒီဝိညာဏ်ခြောက်ပါးဖြစ်တာဟာ ဘယ်သူ့ကြောင့်၊ သင်္ခါရကြောင့်။

https://www.thitsarparamisociety.com/



ကိုင်း...ဒီဝိညာဏ်ခြောက်ပါးဆိုတာ ဘာလဲ။ ပဝတ္တိအခါမှာ မြင်ဝိညာဏ် ကြားဝိညာဏ် နံ့ဝိညာဏ် စားဝိညာဏ် ထိဝိညာဏ် သိဝိညာဏ် ဒါဘယ်နှစ်ပါးလဲ ခြောက်ပါး။

အေး...အဲဒီ ဝိညာဏ်ခြောက်ပါးဟာ ကံသင်္ခါရကြောင့် ဖြစ်တယ်။ အကုသိုလ်ကံ သင်္ခါရကြောင့် အပါယ်လေးဘုံမှာ ပဋိသန္ဓေဝိညာဏ်ဖြစ်တယ်။ ကာမကုသိုလ်သင်္ခါရကြောင့် လူ့ဘုံ နတ်ဘုံမှာ ပဋိသန္ဓေဝိညာဏ် ဖြစ်တယ်။ ရူပစျာန်ကုသိုလ်သင်္ခါရကြောင့် ဗြဟ္မာတစ်ဆယ်ငါးဘုံမှာ ပဋိသန္ဓေ ဝိညာဏ် ဖြစ်တယ်။ အရူပကုသိုလ်သင်္ခါရကြောင့် အရူပလေးဘုံမှာ ပဋိသန္ဓေဝိညာဏ် ဖြစ်တယ်။

အဲဒီလို ပဋိသန္ဓေဝိညာဏ် ဖြစ်ပြီးနောက် မသေမချင်း တစ်ဘဝလုံးဟာ မြစ်ရေအလျှင်စီးဘိသကဲ့သို့ မြင် ကြား နံ့ စား ထိ သိ ဆိုတဲ့ဝိညာဏ်တွေ ဖြစ်နေတာကို ပဝတ္တိဝိညာဏ်လို့ ခေါ်တယ်။

ပဋိသန္ဓေဝိညာဏ်က ပဋိသန္ဓေနေဆဲ တခဏမှာ ဖြစ်လိုက်တာ ပဝတ္တိဝိညာဏ် ဆိုတာက ယခုတစ်ဘဝလုံး ဖြစ်နေတာ။ ဒီတော့ ပဋိသန္ဓေဝိညာဏ်ရော ပဝတ္တိဝိညာဏ်ရော ဘယ်သူကြောင့်ဖြစ်တယ်။ ကံသင်္ခါရကြောင့် ဖြစ်တာဘဲ။ ပဋိစ္စသမုပ္ပါဒ်လင်္ကာက ဘယ်လိုဆိုတယ်...

ဝင်္ခခင်းဝင်္ခနွယ်၊ ရှည်ကြောင်းရွယ်သား၊ ဆယ်ဖြာပုညာ၊ အပုညနှင့်၊ စျာန်အရူပ၊ အာနေဥ္စဟု၊ ဘဝနှီးရင်း၊ ပွားတုံလျှင်းသော်၊ လေးသင်းပါယ်ရွာ၊ အဖြာဖြာလျှင်၊ ဗြဟ္မာလူနတ်၊ ဘုံသုံးရပ်၌၊ ဓာတ်ပဓာန၊ ပြဋ္ဌာန်းလှသား၊ ဒွါရသခင်၊ ခြောက်ဝိညာဏ်ဟု၊ အရှင်ဓာတ်မင်း၊ ပေါ်တုံလျှင်း၍ သင်္ခါရပစ္စယာ ဝိညာဏ်အတွက်က ဒီတွင်ဆုံးတယ်ကွယ်။ အခိပ္ပါယ်ပေါ်နေပါပြီ။ ဒွါရသခင် ခြောက်ဝိညာဏ်...တဲ့။

https://www.thitsarparamisociety.com/



စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှာဝိညာဏ် ကာယဝိညာဏ် မနေဝိညာဏ်၊ ဝိညာဏ်ခြောက်ပါး။ အဲဒီခြောက်ပါးဟာ စက္ခုဝိညာဏ်က စက္ခုဒွါရမှာ သူအစိုးရတယ်။ သောတဝိညာဏ်က သောတဒွါရမှာ သူအစိုးရတယ်။အေး...ဇိဝှာဝိညာဏ်က ဇိဝှာဒွါရမှာ သူအစိုးရတယ်။ မနောဝိညာဏ်က မနောဒွါရမှာ သူအစိုးရတယ်။ သူ့ဒွါရနဲ့သူ အုပ်စိုးတယ်။

ဒါကြောင့် ဝိညာဏ်ခြောက်ပါးကို ဒွါရသခင်လို့ ခေါ်တယ်။ အဲဒီဒွါရသခင် လို့ခေါ်တဲ့ ဝိညာဏ်ခြောက်ပါးသည် ဘယ်သူ့ကြောင့်ဖြစ်သလဲ ကံသခင်ရကြောင့် ဖြစ်တာ။

(မှတ်ချက်) ဝိညာဏ်အုပ်စိုးမှု ဆိုရာ၌ ပရိယာယ ဒေသနာဟု မှတ်ယူစေလိုပါသည်။

ကိုယ်တွင်းကိုယ်ပြင်၊ ထွက်ဝင်တံခါး၊ အင်ခြောက်ပါး၌၊ အများရုပ်နာမ်၊ အတန်တန်လျှင်၊ ဝန်းရံဖြိုးဖြိုး၊ အမျိုးမျိုးကို၊ အုပ်စိုးဆောင်ရွက်၊ လျှမ်းလျှမ်းတက်လျှက်၊ ထက်မြက်တေဇာ၊ သူ့ရှိန်ဝါကြောင့်၊ ငါငါသူသူ၊ လူဘဲနတ်ဘဲ၊ အထင်လွဲလျှက်၊ ငရဲပါယ်ရွာ၊ အသွယ်သွယ်လျှင်၊ ဝဋ်နွယ်ရှည်လျား၊ တဖါးဖါးသည်၊ ခြောက်ပါးဝိညာဏ် စွမ်းရည်တည်း။

စက္ခုဝိညာဏ်က မျက်စိနဲ့ဆိုင်တာကို အုပ်စိုးပြီးတော့ မြင်မှုကို ပြုပြင်ဖန်ဆင်းနေတာကို သတ္တဝါက ငါမြင်တယ် လို့ ဒီမှာ သက္ကာယဒိဋ္ဌိစွဲတယ်။ သောတဝိညာဏ်က နားမှာ သူအုပ်စိုးပြီးတော့ သူနှင့်ဆိုင်ရာတွေကို ပြုပြင်ဖန်ဆင်းနေတာကို သတ္တဝါက ငါကြားတယ် ငါနံတယ် ငါစားတယ် ငါတွေ့ထိတယ် ငါသိတယ်လို့ စွဲယူပြီးတော့ စက္ခု သောတ ဃာန ဇိဝှာ ကာယ မန ဆိုတဲ့ဒွါရခြောက်ပါးမှာ သက္ကာယဒိဋ္ဌိ မီးတောက်နေတယ်။

ဒါကြောင့်...လင်္ကာက

ထက်မြက်တေဇာ၊ သူ့ရှိန်ဝါကြောင့်၊ ငါငါသူသူ၊ လူဘဲနတ်ဘဲ၊ အထင်လွဲလျှက်။

https://www.thitsarparamisociety.com/



ဘယ်သူ့ကြောင့် အထင်လွဲတယ်၊ မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ သိမှု၊ ဆိုတဲ့ ဝိညာဏ်ခြောက်ပါးတို့၏ အရှိန်အဝါကြောင့် ငါမြင်တယ်၊ ငါကြားတယ်၊ ငါနံတယ်၊ ငါစားတယ်၊ ငါထိတယ်၊ ငါသိတယ် လို့ ဒီလို သက္ကာယဒိဋ္ဌိက ငါလူ ငါနတ် ငါဗြဟ္မာ ငါဘယ်သူ ငါဘယ်ဝါ ဒီလို အယူအဆ မှားအောင်။

ဒါကြောင့် လင်္ကာက ငရဲပါယ်ရွာ၊ အသွယ်သွယ်လျှင်၊ ဝဋ္ဋနွယ်ရှည်လျား၊ တဖါးဖါးသည်၊ ခြောက်ပါးဝိညာဏ် စွမ်းရည်တည်း။

သတ္တဝါတွေ ဝဋ္ဋနွယ်ရှည်နေတာ ဘယ်သူ့ကြောင့်လဲ။ အဲဒီ ဝိညာဏ်ခြောက်ပါးကို သက္ကာယဒိဋ္ဌိ စွဲနေလို့ ဒီသတ္တဝါတွေ သံသရာရှည်နေတာ။ ဒီဝိညာဏ် ခြောက်ပါး၏ စွမ်းရည်ဘဲကိုး။ ဝိညာဏ်ခြောက်ပါး ပြုပြင်ဖန်ဆင်းတာကို ငါမြင်တယ်၊ ငါကြားတယ်၊ ငါနံတယ်၊ ငါစားတယ်၊ ငါထိတယ်၊ ငါသိတယ် နဲ့ တငါထဲငါနေကြသည့်အတွက် အပါယ်က မလွတ်ကြရဘူးတဲ့။ ဒီ ငါပြုတ်သွားလျှင် အပါယ်က လွတ်မှာပေါ့။ ဒါဖြင့် ဘယ်ကစပြီး ငါဖြုတ်ရမယ်။ နာမရူပပရိစ္ဆေဒဉာဏ်က စရမယ်။ နာမရူပပရိစ္ဆေဒဉာဏ် တကယ်ပိုင်လို့ရှိလျှင် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်မယ်။ ဒိဋ္ဌိက သက္ကာယဒိဋ္ဌိ။ ဝိသုဒ္ဓိက စင်ကြယ်တယ်။ ဒီနှစ်ခုပေါင်းလိုက်တော့ သက္ကာယဒိဋ္ဌိ စင်ကြယ်တယ်။

သက္ကာယဒိဋ္ဌိ မစင်ကြယ်တဲ့ပုဂ္ဂိုလ်အဖို့မှာ မြင်ဆဲခဏ၌ ငါမြင်တယ်လို့ စွဲလမ်းလိုက်လျှင် မျက်လုံးထဲမှာ ပထဝီ အာပေါ တေဇော ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါး ပါတယ်။ ဒီဓာတ်ကြီးလေးပါးဟာ ကြည်လင်မှုသဘောရှိတယ်။ တစ်ပါးသောနေရာမှာရှိတဲ့ ဓာတ်ကြီးလေးပါးနဲ့ မျက်လုံးထဲမှာ ရှိတဲ့ဓာတ်ကြီးလေးပါးနဲ့ သတ္တိချင်းမတူကြဘူး။ တစ်ပါးသောနေရာမှာရှိတဲ့ ဓာတ်ကြီးလေးပါးက ကြည်လင်မှုသဘော မရှိဘူး။ မျက်လုံးထဲမှာရှိတဲ့ ဓာတ်ကြီးလေးပါးက အဆင်းနဲ့ဆုံမိတဲ့အခါ မြင်မှုကို ပေါ်စေတတ်တဲ့ သတ္တိပါတယ်။ အဲဒီ မြင်မှုကို ပေါ်စေတတ်တဲ့သတ္တိကိုပင် မျက်စိအကြည်ခေါ်တယ်၊ အဲဒီအကြည်က ဥပါဒါရုပ်၊ ဓာတ်ကြီးလေးပါးက မဟာဘုတ်။

https://www.thitsarparamisociety.com/



အဲဒီ မြင်မှုကို ဖြစ်စေနိုင်တဲ့တန်ခိုးရှိတဲ့ ဓာတ်ကြီးလေးပါးကို အဆင်းရူပါရုံက လာပြီးထိခိုက်တဲ့အခါကျတော့ စက္ခုဝိညာဏ်ခေါ်တဲ့ မြင်မှုက ပေါ်လာတယ်။ အဲဒီတော့ မြင်ဆဲခဏမှာ ရုပ်နာမ်နှစ်ပါး စက္ခုအကြည်ဓာတ်နဲ့တကွ ဓာတ်ကြီးလေးပါးက ရုပ်တရား။ ဖဿ ဝေဒနာနှင့်တကွ စက္ခုဝိညာဏ်က နာမ်တရား။ အဲဒီလို မျက်လုံးထဲမှာ မြင်ဆဲခဏ ပေါ်လာတဲ့ ရုပ်နဲ့နာမ်ကို သိလို့ရှိလျှင် ငါမြင်တယ်ဆိုတဲ့ သက္ကာယဒိဋ္ဌိအစွဲ စွဲနိုင်ပါအုံးမလား။ မစွဲတော့ပါဘူး။ အဲဒီ မြင်ဆဲခဏမှာ ပေါ်လာတဲ့ ရုပ်နဲ့နာမ်ကို ပိုင်းပိုင်းခြားခြား မသိသည့်အတွက်ကြောင့် သူမြင်တယ် ငါမြင်တယ် စသည် ဖြစ်ကြရတာ...

ထိုနည်းတူစွာ ကြားဆဲခဏ နားထဲမှာ ပထဝီ အာပေါ တေဇော ဝါယော ဆိုတဲ့ဓာတ်ကြီးလေးပါးရှိတယ်။ အဲဒီ ဓာတ်ကြီးလေးပါးထဲမှာ အသံထိခိုက်တဲ့အခါ ကြားမှုကို ပေါ်စေနိုင်တဲ့ သတ္တိပါတယ်။ အဲဒီ သတ္တိတန်ခိုးကို သောတအကြည် ခေါ်တယ်။ နားထဲမှာရှိတဲ့ ဓာတ်ကြီးလေးပါးက ကြားမှုကို ဖြစ်စေနိုင်တယ်။ အဲဒီတန်ခိုးဟာ နားအကြည်ဘဲ။ ဟို ဖန်ကြည် မှန်ကြည်လို မျက်စိနဲ့ကြည့်လို့ ကြည်နေတာ မဟုတ်ဘူး။ ဒီသတ္တိတန်ခိုးကိုပင် နားအကြည် ခေါ်တယ်။ အဲဒီ နားအကြည်နဲ့အသံနဲ့ ဆုံမိကြတဲ့အခါကျတော့ ဖဿ ဝေဒနာနှင့်တကွ သောတဝိညာဏ်ခေါ်တဲ့ ကြားစိတ်ပေါ်တယ်။

ဒီလို ပေါ်လာတဲ့ သောတဝိညာဏ်စိတ်ဟာ နာမ်တရား။ နားအကြည်ရုပ်နဲ့တကွ ဓာတ်ကြီးလေးပါးက ရုပ်တရား။ ဒါဖြင့်ကြားဆဲခဏမှာ ငါကြားတာလား၊ နာမ်နှင့်ရုပ်နှစ်ပါး ဖြစ်တာလားလို့ သေသေချာချာ ဉာဏ်နဲ့စဉ်းစားလိုက်လျှင် နာမ်-ရုပ်နှစ်ပါး ဖြစ်တာ ထင်ရှားနေပါတယ်။ အဲဒီလို ကြားဆဲခဏမှာ နာမ်-ရုပ်နှစ်ပါး ဖြစ်တာကို တကယ့်ဉာဏ်နဲ့ သိလိုက်လျှင် ငါကြားတယ်...လို့ သက္ကာယဒိဋ္ဌိ မစွဲနိုင်တော့ပါဘူး။

နံမှု စားမှု ထိမှု သိမှု အားလုံးကုန် ဝိညာဏ်ခြောက်ပါးစလုံးမှာ

https://www.thitsarparamisociety.com/



ရုပ်နာမ် နှစ်ပါးဖြစ်တာချည်းပါဘဲ။ ငါမြင်တာမဟုတ်၊ ငါကြားတာမဟုတ်၊ ငါနံတာမဟုတ်၊ ငါစားတာမဟုတ်၊ ငါထိတာမဟုတ်၊ ငါသိတာမဟုတ်၊ ဘာသာဟုတ်တယ်။

ရုပ်နာမ်နှစ်ပါး ဖြစ်တာသာ ဟုတ်တယ်။ ဒီလိုပိုင်ပိုင်နိုင်နိုင်ကြီး သိတဲ့အခါ သက္ကာယဒိဋ္ဌိဟာ ဝိညာဏ်ခြောက်ပါးမှာ ကပ်နိုင်ပါအုံးမလား....။

ဒီတော့ ဒို့လုပ်ထုံးမှာဖြင့် ဘာကနေလုပ်ရမယ်။ ကာယသင်္ခါရက နေလုပ်ရမယ်။ သံသရာစက်ရဟတ် ပြတ်အောင် ဘယ်ကဖြတ်ရမလည်းလို့ စွန်းလွန်းနေစဉ်အခါက ပဲခူးက အမေးစာတစ်ခု စွန်းလွန်းရောက်လာတယ်၊ ဒီတော့ စွန်းလွန်းဆရာတော်က တံခါးကနေ ဖြတ်ပါတဲ့။ ဘယ်တံခါးလည်းဆိုတော့ ကာယတံခါးကနေ ဖြတ်ပါတဲ့။

ကာယတံခါး ကာယသင်္ခါရ ကာယအကြည်မှာ ဖောဋ္ဌဗ္ဗာရုံ ထိခိုက်လာလိမ့်မယ်။ ကာယတံခါး ကာယအကြည်မှာ ဖောဋ္ဌဗ္ဗာရုံ ထိခိုက်လာလို့ရှိလျှင် နာတယ် ကျင်တယ် စသည်ဖြင့် ဝေဒနာပေါ်လာပါလိမ့်မယ်။ ပေါ်လာတဲ့အခါ ဝေဒနာသညာ ဝေဒနာပညာ လို့နှစ်မျိုးရှိတယ်။ နဂိုသိတာက လက်နာတယ်၊ ခေါင်းကိုက်တယ်၊ သွားကိုက်တယ်၊ ဗိုက်နာတယ်၊ စသည်ဖြင့် ခေါင်း၊ ကိုယ်၊ ခြေ၊ လက် ဆိုတဲ့ ပညတ်ကြီးနဲ့တွဲပြီးတော့ သိနေတဲ့အတွက် အဲဒီအသိကို ဝေဒနာသညာ ခေါ်ပါတယ်။

ခေါင်းမပါဘဲ ကိုက်တဲ့ဝေဒနာသက်သက် သွားမပါဘဲကိုက်တဲ့ ဝေဒနာသက်သက် လက်ခြေမပါဘဲကိုက်တဲ့ ဝေဒနာသက်သက်ကို ခွဲခြားပြီးတော့ ရှုနိုင်လျှင် ဝေဒနာပညာလို့ ခေါ်ပါတယ်။ ဘယ်မှာရှုရမလဲဆိုတော့ ကိုယ်ပေါ်မှာ ရှုပါတဲ့။

ကာယဒွါရ ကာယအကြည်မှာ အာရုံကိုထိခိုက်ပြီးဖြစ်လာတဲ့ နာကျင်ကိုက်ခဲမှုအစရှိတဲ့ ဝေဒနာပေါ်လာလျှင် ဝေဒနာသညာ ဝေဒနာပညာနှစ်ပါး

https://www.thitsarparamisociety.com/



တို့တွင် ဝေဒနာသညာ မဖြစ်စေဘဲ ဝေဒနာပညာဖြစ်အောင် အားထုတ်ပါ။ ဝေဒနာပညာ ဖြစ်လာလျှင် ကာယတံခါးကနေပြီးတော့ သံသရာစက်ရဟတ် ပြတ်သွားပါလိမ့်မယ်တဲ့။ ပြတ်တော့ ဘယ်လိုပြတ်မလဲဆိုလျှင်...

ဝေဒနာပစ္စယာ တဏှာ၊ တဿာယေဝ တဏှာယ
အသေသ ဝိရာဂနိရောဓာ လို့ ဆိုတဲ့အတိုင်း...

ဝေဒနာကြောင့်တဏှာဖြစ်ရာမှာ ခေါင်း၊ ကိုယ်၊ လက်စသည်တို့ကို အကောင်းအဆိုးလို့ စွဲယူတဲ့ သက္ကာယဒိဋ္ဌိနှင့်ယှဉ်သော ဝေဒနာကြောင့်သာ တဏှာဖြစ်တာ၊ သက္ကာယဒိဋ္ဌိကင်းလွတ်သွားတဲ့အခါ ဝေဒနာကြောင့် တဏှာ မဖြစ်တော့ဘူး။ နာကျင်မှုသက်သက် ယားလျှင် ယားမှုသက်သက်၊ ကိုက်လျှင် ကိုက်မှုသက်သက်၊ ခေါင်း ကိုယ် ခြေ လက်နဲ့မတွဲဘဲ ဝေဒနာသက်သက်ကို ပိုင်းခြားပြီး သိလာတဲ့အခါ ကာယတံခါးကနေပြီးတော့ တဏှာမဖြစ်ဘဲ သံသရာစက်ရဟတ် ရပ်သွားပါလိမ့်မယ်။ ဝေဒနာသက်သက်မသိလို့ တဏှာဖြစ်လျှင်တော့ သံသရာမပြတ်ဘူးပေါ့။

သူဆိုလိုတဲ့အဓိပ္ပါယ်ကတော့ ဝေဒနာရှုနေရင်း ဖြုံးကနဲဆို ဝေဒနာချုပ်သွားလိမ့်မယ်။ ဝေဒနာချုပ်သွားတဲ့အခါကျတော့မှ ဟာ...ဘယ်မှာလည်း ငါနာတာ၊ နာစရာ ဘယ်မှာရှိလို့လဲ ဒီလိုဒီလိုအသိဉာဏ် လိုက်လာလို့ရှိရင် ဒီပုဂ္ဂိုလ်ဟာ တဏှာဖြစ်အုံးမလား။ မဖြစ်ပါဘူး။ တဏှာမဖြစ်လျှင်...

တဿာယေဝ တဏှာယ အသေသ ဝိရာနိရောဓါ ဥပါဒါနနိရောဓေါ။

တဏှာချုပ်လျှင် ဥပါဒါန်ချုပ်မှာပေါ့။ ဒီတော့ အဲဒီနည်းနဲ့ သံသရာပြတ်ချင်လျှင် ကာယတံခါးကနေပြီးတော့ စောင့်ဖြတ်ပါတဲ့။ ကာယတံခါးကနေပြီး စောင့်ဖြတ်လို့ရှိလျှင် သံသရာစက် ပြတ်နိုင်ပါတယ်လို့ ဆရာတော်ဦးကဝိက ပဲခူးကို အဖြေစာရေးပေးတာကို တွေ့ဘူးတယ်။

https://www.thitsarparamisociety.com/



ဒီတော့ သူ့လုပ်ထုံးဟာ ဘယ်ကလုပ်ရမယ်၊ မျက်စိ နား နှာခေါင်း လျှာ ကိုယ် မနေ့သာဆိုတဲ့ ဒွါရခြောက်ပါးရှိတဲ့အနက် သူကတော့ ကိုယ်ကဘဲ လုပ်စေချင်တယ်။ ဘာဖြစ်လို့လဲ။ ကိုယ်အကြည်က တစ်ကိုယ်လုံးပျံ့နေတော့ သူက ကြာရှည်လုပ်လို့လွယ်တယ်။

ဒါကြောင့် သူက ကိုယ်ကသာ လုပ်ပါလို့ပြောတာ။ သည့်ပြင်နေရာ ကရော မလုပ်ထိုက်ဘူးလား၊ သည့်ပြင်နေရာကလည်း လုပ်ထိုက်ပါတယ်။ သို့ပေမယ်လို့ သူ့ကိုယ်တွေ့လုပ်ထုံးကတော့ ကိုယ်ကဘဲလုပ်ရမယ်။ ဘာဖြစ် လို့လဲ။ ကိုယ်က အချင်းခပ်သိမ်း သိနိုင်တယ်။ နေရာကလည်း ကျယ်တာ ကိုး၊ အတွင်းရောအပြင်ရော ခြေရော ခေါင်းရော ဘယ်နေရာမဆို မထိတဲ့ အချိန်အခါလို့လည်း မရှိဘူး။ ဒါကြောင့် ကာယတံခါးကနေပြီး လုပ်၊ သည့် ပြင်နေရာကတော့ အစိတ်အစိတ် အပိုင်းအပိုင်းနဲ့ တွေ့တဲ့အခါမှတွေ့တယ်၊ ဖြစ်တဲ့အခါမှဖြစ်တယ်၊ မဖြစ်တဲ့အခါမဖြစ်ဘူး။ ခန္ဓာကိုယ်ကတော့ မတွေ့ တဲ့အခါ မဖြစ်တဲ့အခါရယ်လို့ မရှိဘူး။

အေး…ဒါကြောင့် သက္ကာယဒိဋ္ဌိ ကင်းကွာလိုလျှင် ဒီကာယတံခါးက နေ အားထုတ်။ သက္ကာယဒိဋ္ဌိ ကွာလောက်အောင် ကိုယ်ပေါ်မှာတစ်ချက် သဘောပေါက်လိုက်လျှင် မျက်စိမြင်မှုလည်း ငါ့မြင်တာမဟုတ်တော့ဘူး။ ရုပ် နာမ် သဘာဝတွေဖြစ်တာ၊ နားကြားမှုစသည်ကလည်း ငါ့ကြားမှု စသည်မ ဟုတ်တော့ဘူး။ ရုပ်နာမ် သဘာဝတွေ ဖြစ်တာလို့ သဘောပေါက်လာတယ်။ ဒါကြောင့် တရားအားထုတ်တယ် တရားအားထုတ်တယ်ဆိုတာ မျက်စိ၊ နား၊ ပြောင်းသွားအောင် လုပ်ကြရတာ။ နဂိုမျက်စိ နဂိုနားဆိုလျှင်တော့ တရား မရပါဘူး။ တရားရတယ်ဆိုတဲ့ပုဂ္ဂိုလ်ဟာ မျက်စိတစ်မျိုး နားတစ်မျိုး ပြောင်း သွားရတယ်။

ဒီစကားဟာ ဘာပြောတာလဲ။ နဂိုမျက်စိက လူကိုမြင်တယ်၊ တစ်မျိုး ပြောင်းလာတဲ့မျက်စိကျတော့ အဆင်းကိုမြင်တယ်။နဂိုကအသံကိုကြားတယ်၊

https://www.thitsarparamisociety.com/



တစ်မျိုးပြောင်းလာတဲ့နားကျတော့ အသံသက်သက်ဘဲ ကြားတယ်။ သက္ကာယ ဒိဋ္ဌိနဲ့တွဲတဲ့အမြင်မျိုး၊ သက္ကာယဒိဋ္ဌိနဲ့ကြားတဲ့အကြားမျိုး မဟုတ်တော့ဘူး။ မျက်စိတစ်မျိုး၊ နားတစ်မျိုး ဒီလိုပြောင်းလာတယ်လို့ဆိုလိုတာ။ အဲဒီတော့ လုပ်ကြည့်တဲ့ပုဂ္ဂိုလ် ဖြစ်တဲ့ပုဂ္ဂိုလ် သိမှာပေါ့။ ဒါဖြင့် လုပ်တော့ကြည့်ပြီး၊ မဖြစ်လည်း မဖြစ်သေးဘူး။ ဘယ့်နှယ်လုပ်မလဲ။ ကုသိုလ်တော့ရမှာပေါ့။ အေး…ကုသိုလ်ရလို့ရှိလျှင် ဘာဖြစ်သလဲ။ တရားဖြစ်ဖို့ အခြေခံပေါ့။ တနေ့က ဒို့ဘယ်လိုဟောခဲ့သလဲ။

အာရောဂျ အနဝဇ္ဇ သုခဝိပါက ကောသလ္လ သမ္ဘူတ…လို့ ကုသိုလ်ရဲ့လက္ခဏာ လေးမျိုးဟောခဲ့တယ်။ ကုသိုလ်ကြပ်ကြပ်ဖြစ်တဲ့ပုဂ္ဂိုလ်ဟာ အာရောဂျ–ကျန်းမာခြင်းနဲ့ ပြည့်စုံရမယ်။ ကုသိုလ်ကြပ်ကြပ်ဖြစ်တဲ့ပုဂ္ဂိုလ်ဟာ အနဝဇ္ဇ–အပြစ်ကင်းရမယ်။ ကုသိုလ်ကြပ်ကြပ်ဖြစ်တဲ့ပုဂ္ဂိုလ်ဟာ သုခဝိပါက ချမ်းသာသောအကျိုး ပေးရမယ်။ ကုသိုလ်ကြပ်ကြပ်ဖြစ်တဲ့ပုဂ္ဂိုလ်ဟာ ကောသလ္လ သမ္ဘူတ–လိမ္မာသောအသိဉာဏ် ပေါ်ရမယ်။

ဒီတော့ အဲဒါကို ပြောင်းပြန် ပြန်လိုက်။ အကုသိုလ်ဖြစ်တဲ့ပုဂ္ဂိုလ်မှာ မကျန်းမာခြင်းများမယ်။ အကုသိုလ်ဖြစ်တဲ့ပုဂ္ဂိုလ်မှာ အပြစ်ပေါ်မယ်။ အကုသိုလ်ဖြစ်တဲ့ပုဂ္ဂိုလ်မှာ ဆင်းရဲဒုက္ခ အကျိုးပေးမယ်။ အကုသိုလ်ဖြစ်တဲ့ ပုဂ္ဂိုလ်မှာ အသိဉာဏ်ကင်းမဲ့ပြီးတော့ ထိုင်းမှိုင်းသွားမှာပေါ့။

ဒီတော့ တရားမရသေးပေမယ်လို့ အမှန်က ကုသိုလ်အမြဲဖြစ်နေဖို့ အရေးကြီးတယ်။ ကုသိုလ်အမြဲဖြစ်နေလို့ရှိလျှင် ဒီကုသိုလ်ရဲ့လက္ခဏာတွေဟာ တဖြည်းဖြည်း ပေါ်,ပေါ်လိုက်မလာဘူးလား။ ကုသိုလ်ရဲ့လက္ခဏာတွေဟာ တဖြည်းဖြည်း ပေါ် ပေါ်လိုက်လာလျှင် ဒီပုဂ္ဂိုလ်မှာ ကျန်းမာခြင်း၊ အပြစ်ကင်းခြင်း၊ ချမ်းသာသောအကျိုး ပေးခြင်း၊ လိမ္မာသောအသိဉာဏ် ပေါ်ခြင်းဆိုတဲ့ အကျိုးတရားတွေ ခဏခဏပေါ်လာလို့ ကောင်းကျိုးတရားတွေနဲ့ပြည့်စုံတဲ့အခါကျတော့ တရားအားထုတ်ရမှာ ခရီးမတွင်ပေဘူးလား။

https://www.thitsarparamisociety.com/



အဲဒီလို အခြေခံကောင်းမှသာလျှင် တရားအားထုတ်ရာမှာ ခရီးတွင်တာ။ ခုတော့ အခြေခံကလုပ်မထားကြဘူး၊ ဖြုံးကနဲ့ ကျောင်းတက် အလုပ်လုပ်တော့ လေး ငါး ခုနစ်ရက်နဲ့ဖြင့် စိတ်တောင်ဖမ်းလို့မရဘူး။ အဲဒီလို ဖြစ်ဖြစ်နေကြတယ်။

အခြေခံကလေးရှိမှ တရားလုပ်လို့လွယ်တယ်။ ဒီတော့ ကိုယ့်အိမ်ကိုယ်နေပေမယ်လို့ အကုသိုလ်စိတ် သိပ်ပြီးအဖြစ်မခံကြနဲ့။ ကုသိုလ်စိတ်ကလေးနဲ့နေကြ။ ဘယ်နည်းနဲ့မှ နေလို့မရဘူးဆိုလျှင် ရင်ထဲမှာ အမြဲစိတ်ထား၊ **"ကိုယ့်ရင်ထဲကဖြစ်တာကို သိသိ သိသိ သိသိနဲ့ အသိလိုက်ပြီးတော့နေလျှင် ကုသိုလ်စိတ် အဖြစ်များလာနိုင်တယ်"။** အေး...အဲဒီ ကုသိုလ်စိတ်အဖြစ်များလာလို့ရှိလျှင် သူ့လက္ခဏာတွေ ပေါ်လာမယ်၊ သူ့လက္ခဏာတွေပေါ်လာတဲ့အခါ အားလပ်ခွင့်ရလို့ တကယ်အားထုတ်မယ်ဆိုလျှင်တော့ ခရီးရောက်တာပေါ့။ ခုတော့ ဖြုံးကနဲ့ အခြေခံမပါဘဲ အားထုတ်တော့ ဘာမှ ခရီးမရောက်ဘူး။ ခရီးမရောက်တော့ စိတ်ပျက်လာတယ်။ အားထုတ်လို့လည်း မဖြစ်နိုင်ဘူး။ ဘယ်တော့မှဖြစ်မှန်းလည်း မသိပါဘူး။ ဒီတရား အားထုတ်နေလို့လည်း မပြီးသေးဘူး။ ထမင်းစားဖို့က ရှိပါသေးတယ်နဲ့ ဖြစ်လာရော၊ ဖြစ်လာတော့ ကျောင်းမတက်ဘူး။ မတက်လည်း မရဘူးပေါ့။

ဒါဖြင့် ဘာအရေးကြီးတယ်၊ ကုသိုလ်အမြဲဖြစ်နေဖို့ အရေးကြီးတယ်၊ ကုသိုလ်အမြဲဖြစ်အောင် ဘာလုပ်ရမယ်၊ **သတိ** ။ အေး...**"သတိ"**တစ်ခုကို ကြိုးစားလုပ်ကြ။

ဒွါရသခင်၊ ခြောက်ဝိညာဏ်ဟု၊ အရှင်ဓာတ်မင်း၊ ပေါ်တုံလျှင်း၍။

ဟော...ဒွါရသခင်၊ ခြောက်ဝိညာဏ် လို့ဆိုထားတယ်။ တောတောင်ရေ မြေဆိုတဲ့ သတ္တဝါမဟုတ်တဲ့လောကသည် သြကာသလောက။ အဲဒီ သြကာသလောကမှာ ဘယ်သူအုပ်စိုးသလဲဆိုတော့ ဓာတ်မီးအုပ်စိုးထားတယ်။

https://www.thitsarparamisociety.com/



ကမ္ဘာကြီး ပြန်တည်တယ်ဆိုတာ ဘာလဲ။ ဓာတ်မီးဘဲ။ နေတွေ လတွေဆို တာလည်း ဓာတ်မီးဘဲ။ ဥတုသုံးပါး၊ ရတုခြောက်ပါး၊ ရာသီဆယ့်နှစ်ပါး အဲ ဒါတွေဟာ ဓာတ်မီးခေါ်တဲ့ ဥတုက လုပ်တာချည်းဘဲ။

ကမ္ဘာပျက်တော့ ကမ္ဘာကိုမီးဖျက်တယ်။ ရေဖျက်တယ်။ လေဖျက် တယ်လို့ သုံးမျိုးရှိတယ်။ ကမ္ဘာကို ရေဖျက်လျှင် သီတတေဇော အရင်းခံ တဲ့ အာပေါပေါ့။ ကမ္ဘာကို လေဖျက်လျှင် ဥဏှတေဇော အရင်းခံတဲ့ဝါယော ပေါ့။ ကမ္ဘာမီးဖျက်လျှင် ဥဏှတေဇောပေါ့။ ဒီတော့ အားလုံးကုန် ရှိရှိသမျှ ဩကာသလောကခေါ်တဲ့ ကမ္ဘာကြီးကိုဘယ်သူအုပ်စိုးသလဲဆိုလျှင် တေဇော အုပ်စိုးတယ်။

သတ္တဝါသန္တာန်ကျတော့ တေဇောဓာတ်နဲ့ဝိညာဏ် အုပ်စိုးတယ်။ သတ္တဝါသန္တာန်မှာရှိတဲ့ ရုပ်ကို တေဇောဓာတ်အုပ်စိုးတယ်။ ရုပ်ကိုအုပ်စိုးတာ ဓာတ်မီး၊ နာမ်ကို အုပ်စိုးတာက ဝိညာဏ်။ ဒါကြောင့်...

မနောပုဗ္ဗင်္ဂမာဓမ္မာ မနနာသေဋ္ဌာ မနောမယာ ...လို့ ဘုရားဟော ခဲ့တာ။

ဓမ္မာ=နာမက္ခန္ဓာတရားသုံးပါးတို့သည်။ မနေပုဗ္ဗင်္ဂမာ=ဝိညာဏ်သာ လျှင် ရှေ့သွားရှိကုန်၏။ မနောသေဋ္ဌာ=ဝိညာဏ်သာလျှင် အမြတ်ဆုံးဖြစ်ကုန် ၏။ မနောမယာ=ဝိညာဏ်၏ဖန်ဆင်းရာ ဖြစ်ကုန်၏။ ဖဿ ဝေဒနာ သညာ စေတနာအစရှိတဲ့ စေတသိက်တရားတွေကို နာမ်ခေါ်တယ်။ အဲဒီ နာမ်တ ရားတွေဟာ ဝိညာဏ်ဖန်ဆင်းရာ ဖြစ်ရတယ်။

ဝိညာဏ်ဟာ ရှေ့သွား၊ ဝိညာဏ်ဟာ အကြီးအကဲ၊ ဝိညာဏ်ဟာ ခေါင်းဆောင်၊ ဒါကြောင့် သတ္တဝါတို့၏ ရုပ်သန္တာန် နာမ်သန္တာန်နှစ်မျိုးတို့ တွင် ရုပ်သန္တာန်မှာ ဓာတ်မီးအုပ်စိုးတယ်။ နာမ်သန္တာန်မှာ ဝိညာဏ်အုပ်စိုး

https://www.thitsarparamisociety.com/



တယ်တဲ့။ ဒါဖြင့် ဓာတ်မီးအုပ်စိုးမှုနဲ့ ဝိညာဏ်အုပ်စိုးမှု ဘယ်လိုကွာခြားကြသလဲ။ ဓာတ်မီးအုပ်စိုးမှုက ပဋိသန္ဓေ တည်နေသည်ကစ တဖြည်းဖြည်း ရင့်ရင့်လာအောင် ဓာတ်မီးက အုပ်စိုးတယ်။ ကလလရေကြည် ခုနစ်ရက်၊ ခက်မငါးဖြာ ခုနစ်ရက် စသည်ဖြင့် တဖြည်းဖြည်း သတ္တဝါဟာ ရင့်ရင့်ပြီးတော့လာတယ်။ အဲဒီလို တဖြည်းဖြည်း သတ္တဝါဟာ ရင့်ရင့်လာအောင် ဘယ်သူစီမံသလဲ။ ဓာတ်မီးကစီမံတယ်။ ဒီတော့ ရုပ်ဓာတ်နဲ့ ပတ်သက်လာလို့ရှိလျှင် ကမ္ဘာကြီးပြန်တည်အောင် ကမ္ဘာကြီးပျက်သွားအောင်လည်း အကုန်လုံး ဓာတ်မီး အုပ်စိုးတာချည်းဘဲ။

နာမ်ကျတော့ ဝိညာဏ်ကအုပ်စိုးတယ်။ အဲဒါက ရုပ်နာမ်ခွဲပြီးတော့ ဓာတ်မီးအုပ်စိုးပုံနဲ့ ဝိညာဏ်အုပ်စိုးပုံကို ပြောတာ၊ တနည်းအားဖြင့် ရုပ်ရေးနာမ်ရေး တစ်လောကလုံးကို အုပ်စိုးတယ်လို့လည်း ဆိုနိုင်တယ်။ ဘာဖြစ်လို့လည်း...

စိတ္တေန နီယတေ လောကော၊ စိတ္တေန နီယတေ ပဇာ။
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသ မန္ဝဂူ။

အဲဒီဒေသနာတော်ကို ထောက်၍ လောကော=လူကို။ စိတ္တေန=စိတ်သည်။ နီယတေ=ဆောင်အပ်၏။ ပဇာ=သတ္တဝါအပေါင်းကို။ စိတ္တေန=စိတ်သည်။ နီယတေ=ဆောင်အပ်၏။ သဗ္ဗေ=အလုံးစုံသောတရားတို့သည်။ စိတ္တဿ=စိတ်ဟူသော။ ဧကဓမ္မဿ=တစ်ခုသောတရား၏။ ဝသံ=အလိုသို့။ အန္ဝဂူဝေ=အစဉ်တစိုက် လိုက်ကြရကုန်သည်သာလျှင်တည်း။

အားလုံးရှိရှိသမျှသတ္တဝါသဏ္ဌာန်မှာ ရုပ်တွေရော နာမ်တွေပါ ဘယ်သူ့နောက်ကို လိုက်ရတယ်။ စိတ်အလို လိုက်ရတယ်။ ဒါကြောင့် ရုပ်ရေးနာမ်ရေး အကုန်လုံးကို ဘယ်သူအုပ်စိုးတယ်။ ဝိညာဏ် အုပ်စိုးတယ်။

https://www.thitsarparamisociety.com/



ဒါကြောင့် ဒွါရသခင်၊ ခြောက်ဝိညာဏ်ဟု၊ အရှင်ဓာတ်မင်း၊ ပေါ်တုံ လျှင်း၍။

အုပ်စိုးတော့ သူမင်းပေါ့။ ပြီးတော့မှ ကိုယ်တွင်းကိုယ်ပြင်၊ ထွက်ဝင်တံခါး၊ အင်ခြောက်ပါး၌...တဲ့။

မျက်စိတံခါး၊ နားတံခါး၊ နှာခေါင်းတံခါး၊ လျှာတံခါး၊ ကိုယ်တံခါး၊ စိတ်တံခါး...လို့ ခန္ဓာကိုယ်မှာ တံခါးခြောက်ပေါက်ရှိတယ်။ တံခါးဆိုတာ ဝင်ဖို့ထွက်ဖို့ ဒီလိုမဟုတ်လား။

သတ္တဝါသဏ္ဍာန်မှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဒွါရခြောက်ပါးဟာ အာရုံဝင်ဖို့ စိတ်ထွက်ဖို့၊ ဒါကြောင့် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန ဆိုတဲ့ ဒွါရခြောက်ပါးကို တံခါးခြောက်ပေါက် ခေါ်တယ်။

အဲဒီတံခါးခြောက်ပေါက်မှာ သူ့ဝိညာဏ်နဲ့သူ အုပ်စိုးတယ်။ မျက်စိတံခါးမှာ စက္ခုဝိညာဏ်၊ နားတံခါးမှာ သောတဝိညာဏ်၊ နှာခေါင်းတံခါးမှာ ဃာနဝိညာဏ်၊ လျှာတံခါးမှာ ဇိဝှာဝိညာဏ်၊ ကိုယ်တံခါးမှာ ကာယဝိညာဏ်၊ စိတ်တံခါးမှာ မနောဝိညာဏ်။ အေး...သူ့ဒွါရနဲ့သူ ဝိညာဏ်အုပ်စိုးကြတယ်။

ကိုယ်တွင်းကိုယ်ပြင်၊ ထွက်ဝင်တံခါး၊ အင်ခြောက်ပါး၌၊ အများရုပ်နာမ်၊ အတန်တန်လျှင်၊ ဝန်းရံဖြိုးဖြိုး၊ အမျိုးမျိုးကို၊ အုပ်စိုးဆောင်ရွက်၊ လျှမ်းလျှမ်းတက်လျှင်...

အဲဒီမျက်စိမှာ မြင်မြင်သမျှ ရုပ်နာမ်သဘာဝတွေကို စက္ခုဝိညာဏ်က အုပ်စိုးတယ်။ နားမှာ ဖြစ်ဖြစ်သမျှရုပ်နာမ်သဘာဝတွေကို သောတဝိညာဏ်က၊ နှာခေါင်းမှာ ဖြစ်ဖြစ်သမျှရုပ်နာမ်သဘာတွေကို ဃာနဝိညာဏ်က၊ လျှာ

https://www.thitsarparamisociety.com/



မှာ ဖြစ်ဖြစ်သမျှရုပ်နာမ်သဘာဝတွေကို ဇိဝှာဝိညာဏ်က၊ ခန္ဓာကိုယ်မှာ ဖြစ်ဖြစ်သမျှရုပ်နာမ်သဘာဝတွေကို ကာယဝိညာဏ်က၊ နှလုံးမှာ ဖြစ်ဖြစ်သမျှရုပ်နာမ်သဘာဝတွေကို မနောဝိညာဏ်က။ ဒီတော့ သူ့ဒွါရနဲ့သူ အမျိုးမျိုးဖြစ်ဖြစ်သမျှသဘာဝတွေကို ဝိညာဏ်ကအုပ်စိုးဆောင်ရွက်ထားတယ်တဲ့။ ဝိညာဏ်အုပ်စိုးပြီး ဆောင်ရွက်ထားတာကို သက္ကာယဒိဋ္ဌိက လူ နတ် ဗြဟ္မာသတ္တဝါ ဘယ်သူ ဘယ်ဝါရယ်လို့ စွဲလမ်းတယ်။

အဲဒီ သက္ကာယဒိဋ္ဌိစွဲလမ်းမှုကြောင့် အပါယ်အစရှိသော ထိုထိုဘုံဘဝတွေမှာ သွားလို့မဆုံးနိုင်အောင် သတ္တဝါတွေ ရှည်လျားနေကြရတယ်။ သွားလို့မဆုံးနိုင်အောင် သတ္တဝါတွေ ရှည်လျားနေကြတာဟာ ဘယ်သူရဲ့အစွမ်းသတ္တိလည်းဆိုလျှင် ဝိညာဏ်ခြောက်ပါးရဲ့အစွမ်းသတ္တိတဲ့။ ဒီတော့ ဒီဝိညာဏ်ကို အကျယ်ချဲ့ဟောလို့ရှိလျှင်...

ရူပမိဿဝိညာဏ် ရူပအမိဿဝိညာဏ် ရယ်လို့၊ တခါလာခဲ့အုံး။ ရူပမိဿဝိညာဏ်ဆိုတာက ရုပ်နဲ့ရောတဲ့ဝိညာဏ်၊ ရူပအမိဿဝိညာဏ်ဆိုတာက ရုပ်နဲ့ မရောတဲ့ဝိညာဏ်။ ပဋိသန္ဓေနေကတဲကိုက ရုပ်နဲ့တကွနေတယ်။ ပဋိသန္ဓေနေကတဲကိုက ရုပ်မပါဘဲ ဝိညာဏ်ချည်းသက်သက် နေတယ်လို့ ဒီလိုနှစ်မျိုးရှိတယ်။

ဘယ်လိုခွဲမလဲ။ အရူပဘုံမှာဖြစ်တဲ့ပဋိသန္ဓေဝိညာဏ်မှာ ရုပ်မပါဘူး။ အရူပဘုံမှတပါး ကျန်တဲ့ဘုံတွေမှာ ဖြစ်တဲ့ဝိညာဏ်မှာ ရုပ်နဲ့ရောနေတယ်။ ဒီတော့ ရုပ်နဲ့ရောတဲ့ ရူပမိဿဝိညာဏ်၊ ရုပ်နဲ့မရောတဲ့ ရူပအမိဿဝိညာဏ်လို့ နှစ်မျိုးဖြစ်လာတယ်။ တခါ ရုပ်နဲ့ရောတဲ့ဝိညာဏ်မှာလည်း သဘာဝကဝိညာဏ် အဘာဝဝိညာဏ်လို့ နှစ်မျိုးလာပြန်တယ်။ ဗြဟ္မာတွေကျတော့ ဘာဝရုပ်မပါဘူး။ ဗြဟ္မာဟာ အထီးလည်းမဟုတ်ဘူး။ အမလည်းမဟုတ်ဘူး။ ဒါကြောင့် အဘာဝက၊ ဘာဝရုပ်နဲ့မရောတဲ့ ဝိညာဏ်လို့ ဆိုရတယ်။

https://www.thitsarparamisociety.com/



ကာမဘုံကသတ္တဝါတွေက အထီးအမရှိတဲ့အတွက် သဘာဝက ဘာဝရုပ်နဲ့ရောတဲ့ ဝိညာဏ်၊ ဒီလိုမလာဘူးလား။အေး…ဒီတော့ရူပမိဿဝိညာဏ် ရူပအမိဿဝိညာဏ် နှစ်မျိုးတွင် ရူပမိဿဝိညာဏ်ဖြစ်တဲ့အခါ ဝိညာဏ်နဲ့ ကမ္မဇရုပ်နဲ့ တွဲဖြစ်ရတယ်။ ဝိညာဏ်ကနာမ်၊ ကမ္မဇက ရုပ်။ဟော ပဋိသန္ဓေ တည်ကတည်းက ရုပ်နာမ်နှစ်ပါး ဖြစ်လာတယ်။

အရူပဘုံကျတော့ ရုပ်မပါဘဲ နာမ်တရားချည်းဘဲသက်သက် ဖြစ်တယ်။ အေး…ဒါကြောင့် ရူပအမိဿဝိညာဏ်ခေါ်တယ်။ ပြီးတော့မှတခါ ဘဝယောနိဂတိ ဝိညာဏဋ္ဌိတိ သတ္တဝါသ…လို့ လာပြန်တယ်။ ဒါတွေဟာ ဝိညာဏ်ဖြစ်စကောင်းတာချည်းဘဲ။ ဘဝဆိုတော့ ကာမဘဝ ရူပဘဝ အရူပဘဝ ကာမဘုံမှာ ဖြစ်တဲ့ဝိညာဏ်က ကာမဝိညာဏ်၊ ရူပဘုံမှာဖြစ်တဲ့ဝိညာဏ်က ရူပဝိညာဏ်၊ အရူပဘုံမှာဖြစ်တဲ့ဝိညာဏ်က အရူပဝိညာဏ်။ ဟော…ဘဝသုံးပါးနဲ့ခွဲတော့ ဝိညာဏ်သုံးမျိုးဖြစ်ပြန်တယ်။

ယောနိလေးပါးကျတော့ အဏ္ဍဇ ဇလာဗုဇ သံသေဒဇ ဥပပါတ် ဆိုတဲ့ ပဋိသန္ဓေလေးမျိုးကို ယောနိလေးပါး ခေါ်တယ်။ အဏ္ဍဇ ဆိုတာက ဥမှပေါက်တဲ့သတ္တဝါမျိုး ဝိညာဏ်ပါတယ်။ ဇလာဗုဇ ဆိုတာက သားအိမ်က အကောင်လိုက်ပေါက်တဲ့ သတ္တဝါမျိုး ဝိညာဏ်ပါတယ်။ သံသေဒဇ ဆိုတာက အညှိကိုတွယ်ပြီး သစ်ပင်ကဖြစ်တဲ့ သတ္တဝါမျိုး။ ကြာပင်ကဖြစ်တယ်။ လမုပင်ကဖြစ်တယ်။ မန်ကျီးပင်ကဖြစ်တယ်။ သန္ဓေမှီတယ် ဆိုတာလေ။ အဲဒါ သံသေဒဇ သတ္တဝါမျိုး ခေါ်တယ်။ ပြီးတော့ ဘွာကနဲ့ ကိုယ်ထင်ရှား ဖြစ်တဲ့ ဥပပါတ်သတ္တဝါမျိုး။ အဲဒီသတ္တဝါလေးမျိုးစလုံးဟာ ဝိညာဏ်မကင်း ဘူး။ ပြီးတော့မှ…

**ဂတိ(၅)ပါး**

၁။ ဒေဝဂတိ

၂။ မနုဿဂတိ

၃။ ပေတဂတိ

https://www.thitsarparamisociety.com/



၄။ နိရယဂတိ
၅။ တိရစ္ဆာနဂတိ

အဲဒီ ဂတိငါးပါးလည်း ဝိညာဏ်မကင်းဘူး။ အဲဒီဂတိငါးပါးတို့တွင် ဒေဝဂတိကျတော့ နတ်ရောပြဟ္မာရော ယူရတယ်။ မနုဿဂတိက လူ။ တိရစ္ဆာနဂတိ ပေတဂတိ နိရယဂတိ ဆိုတဲ့ တိရစ္ဆာန် ပြိတ္တာ ငရဲ သုံးပါးတို့က အပါယ်ဂတိတွေပေါ့။ အဲဒီဂတိငါးပါးမှာလည်း ဝိညာဏ်မကင်းဘူး။ ဝိညာဏ်ဖြစ်ပုံတွေကို ဟောမယ်ဆိုလျှင် ဒါတွေကို အကျယ်တဝင့် ဟောရတယ်။

ပြီးတော့ ဝိညာဏဋ္ဌိတိနှင့် သတ္တဝါသ ဘုံကိုး၊ ဝိညာဏ်တည်ရာခုနစ်ခု၊ သတ္တဝါတည်ရာကိုးဘုံ၊ ဒါတွေကော သိဘို့မလိုဘူးလား။

(၁) နာနတ္တကာယ နေတ္တသညီ တဲ့။ အပါယ်လေးဘုံက သတ္တဝါတို့၏ကိုယ်သည် မတူထူးခြား အမျိုးများ၍ အသီးသီးရှိကြပြားသော်လည်း ပဋိသန္ဓေစိတ် တစ်ခုထဲ ရှိတယ်။ ဒါကြောင့် နာနတ္တကာယ ဧကတ္တသညီ ခေါ်တယ်။ ပြီးတော့...

(၂) ဧကတ္တကာယနာနတ္တသညီ တဲ့။ ကိုယ်ကတော့တစ်ခုထဲ၊ ကိုယ်ကတူတယ်၊ ပဋိသန္ဓေစိတ်က ကွဲပြားတယ်။ ဟို...ဒုတိယစျာန် ပြဟ္မာသုံးဘုံဟာ ကိုယ်ကတော့ ပြဟ္မာချင်းအတူတူဘဲ။ ပဋိသန္ဓေစိတ်က ကွဲပြားတယ်။ မတူဘူး။ ဒါကြောင့် ဧကတ္တကာယနာနတ္တသညီ ခေါ်တယ်။ ပြီးတော့...

(၃) နာနတ္တကာယနာနတ္တသညီ တဲ့။ လူ့ဘုံ,နတ်ဘုံမှာရှိကြတဲ့ သတ္တဝါတွေဟာ ပဋိသန္ဓေစိတ်ချင်းလည်း မတူကြဘူး။ ကိုယ်ချင်းလည်း မတူကြဘူး။ ဒါကြောင့် နာနတ္တကာယနာနတ္တသညီ ခေါ်တယ်။ ပြီးတော့မှ...

(၄) ဧကတ္တကာယ ဧကတ္တသညီ တဲ့။ တတိယစျာန်သုံးဘုံ

https://www.thitsarparamisociety.com/



ဝေဟပ္ဖိုလ်ဘုံ သုဒ္ဓါဝါသငါးဘုံ အဲဒီ ကိုးဘုံမှာရှိကြတဲ့ ပြဟ္မာတွေဟာ ကိုယ်လည်းတူတယ်။ ပဋိသန္ဓေစိတ်လည်း တူတယ်။ ဒါကြောင့် ဧကတ္တကာယ ဧကတ္တသညီ ခေါ်တယ်။

ဒီတော့... (၁) နာနတ္တကာယ ဧကတ္တသညီ

(၂) ဧကတ္တကာယနာနတ္တသညီ

(၃) နာနတ္တကာယနာနတ္တသညီ

(၄) ဧကတ္တကာယ ဧကတ္တသညီ လို့...

လေးမျိုးပြီးသွားရော။ ပြီးတော့မှ အပေါ်က အာကာသဘုံ၊ ဝိညာဏဘုံ၊ အကိဉ္စညာဘုံ ဆိုတဲ့ အရူပဘုံသုံးဘုံ ထည့်လိုက်တော့ ခုနစ်ဘုံ မဖြစ်ဘူးလား။ အဲဒါ ဝိညာဏဋ္ဌိတိ ခုနစ်ဘုံခေါ်တယ်။ နေဝသညာနာသညာဘုံက တော့ ဝိညာဏ်ပင်ရှိသော်လည်းဘဲ အင်မတန်သိမ်မွေ့သောကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး တင်လိုဖြစ်လောက်တဲ့ ဝိညာဏ်မရှိဘူး။ ဒါကြောင့် ဝိညာဏ်၏တည်ရာဘုံထဲမှာ သူမပါဘူးလား။ ဒီလောက်ဆိုလျှင် ဝိညာဏဋ္ဌိတိ ခုနစ်ဘုံအတွက် စုံသွားပြီ။

သတ္တဝါသ ဘုံကိုးဝကျတော့ ဒီခုနစ်ဘုံထဲမှာ နေဝသညာ နာသညာနဲ့ အသညသတ်ဘုံထည့်လိုက်လျှင် ကိုးဘုံမဖြစ်ဘူးလား။ အဲဒီလို သင်္ခါရပစ္စယာ ဝိညာဏံဆိုတဲ့အရ ရူပမိဿ ရူပအမိဿအားဖြင့် နှစ်ပါး။ ဘုံအားဖြင့် သုံးပါး။ ယောနိအားဖြင့် လေးပါး။ ဂတိအားဖြင့် ငါးပါး။ ဝိညာဏဋ္ဌိတိအားဖြင့် အသညသတ်ကိုပယ်၍ ဝိညာဏ်နဲ့ ဆက်သွယ်တာရှစ်ပါး။

အဲဒီလိုဟာတွေကို အကျယ်တဝင့် ချဲ့ထွင်ပြီးတော့ ယူမှသာလျှင် သင်္ခါရပစ္စယာဝိညာဏံရဲ့အရနဲ့ စပ်တယ်။ ဒါဖြင့် ခုတင်က အစကပြောခဲ့တာက...

ပစ္စယာနံ့ သရူပတော ဝိနိစ္ဆယော ပဋိစ္စသမုပ္ပါဒေါ။

https://www.thitsarparamisociety.com/



ပဋ္ဌိစ္စသမုပ္ပါဒေါ=ပဋ္ဌိစ္စသမုပ္ပါဒ်ကို။ ပစ္စယာနံ=ပစ္စည်းတို့၏။ သရူပတော=သရုပ်အားဖြင့်။ ဝိနိစ္ဆယော=အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော=သိအပ်၏။

ကံသင်္ခါရကြောင့် ပဋ္ဌိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ်ဖြစ်ပေါ်တယ်။ ဒီတော့ ကံသင်္ခါရက ကံအကြောင်းတရား။ ပဋ္ဌိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ်ကအကျိုးတရား။ အဲဒီလို အကြောင်းအကျိုး သာမည့ဆက်သွယ်မှုကို ပဋ္ဌိစ္စသမုပ္ပါဒ်နည်း ခေါ်တယ်။

ပဋ္ဌာန်းကျတော့ ဥပစိတကမ္မာဘာဝေ ဝိပါကဿ အဘာဝတော ကမ္မေန ဥပနဿယေန ပဝတ္တတ္တာစ ပစ္စယော။

ဥပစိတ ကမ္မာဘာဝေ=ဆည်းပူးအပ်သော ကံမရှိခဲ့သော်။ ဝိပါကဿ=ဝိပါက်၏။ အဘာဝတော=မဖြစ်နိုင်ခြင်းကြောင့်။ ကမ္မေန=နာနက္ခဏိကကမ္မသတ္တိဖြင့်။ ဥပနိဿယေန=ပကတူပ နိဿယသတ္တိဖြင့်။ ပဝတ္တတ္တာ=ဖြစ်သောကြောင့်။ ပစ္စယော=ပဋ္ဌာန်းနည်းဖြင့် ကျေးဇူးပြု၏။ ဟော...သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုတာ ဘယ်ပစ္စည်း ဘယ်ပစ္စည်းများနဲ့ဆိုင်ပါသလဲ ဆိုတာ ရှေးအတိတ်ကပြုခဲ့တဲ့ ကံတည်းဟူသော နာနက္ခဏိကကမ္မသတ္တိကြောင့် ယခုဘဝမှာ ဝိညာဏ်တည်းဟူသောအကျိုးပေါ်တာ ကမ္မပစ္စည်းနဲ့ဆိုင်တယ်။

ကံက ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုလိုက်သောကြောင့် ယခုဘဝမှာ ပဝတ္တိဝိညာဏ်တွေ ပေါ်လာတာ။ ဒီတော့ ကံကြောင့်ဝိညာဏ်ဖြစ်ရာမှာ ကမ္မပစ္စည်း ဥပနိဿယပစ္စည်း နှစ်ပါးနဲ့ဆိုင်တယ်။

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်လို့ ဆိုလျှင် ပဋ္ဌိစ္စသမုပ္ပါဒ်နည်း။ နာနက္ခဏိကကမ္မသတ္တိ ဥပနိဿယသတ္တိနှစ်ပါးကြောင့် ဝိညာဏ်ဖြစ်တယ်ဆို

https://www.thitsarparamisociety.com/



လျှင် ပဋ္ဌာန်းနည်း။ ဒီတော့ ပဋိစ္စသမုပ္ပာဒ်နည်းဘဲဖြစ်ဖြစ် ပဋ္ဌာန်းနည်းဘဲဖြစ်ဖြစ် အမှန်က ဝိညာဏ်ဆိုတဲ့တရားသည် အကြောင်းမကင်းသော တရားမျှသာဖြစ်တယ်။

အကြောင်းမကင်းသော အကျိုးတရားမျှသာဖြစ်သော ဝိညာဏ်ဖြစ်သောကြောင့် ဒီဝိညာဏ်သည် မြဲသလား မမြဲဘူးလား။ မြင် ကြား နံ စား ထိ သိ ဆိုတဲ့ ဒီတရားတွေဟာ တဖြစ်ထဲ တပျောက်ထဲပျောက်၊ အကြောင်းမကင်းတဲ့အကျိုးတရားတွေ ဖြစ်ခြင်းကြောင့် မမြဲကြဘူး။ မြင်ပျက် ကြားပျက်၊ နံပျက်၊ စားပျက်၊ ထိပျက်၊ သိပျက်နဲ့ တပျက်ထဲပျက်မနေဘူးလား။ အဲဒီ တပျက်ထဲပျက်နေတဲ့ မြင်မှု ကြားမှု နံမှု စားမှု ထိမှု သိမှုကို ဒီလို တပျက်ထဲ ပျက်နေခြင်းမသိသောကြောင့် မြင်မှုသာယာ ကြားမှုသာယာ နံမှုသာယာ စားမှုသာယာ ထိမှုသာယာ သိမှုသာယာလို့ ဆုံးကြရဲ့လား။

သာယာလို့မဆုံးလျှင် အပါယ်အစရှိသော ထိုထိုဘဝတွေ သွားလို့ကော ဆုံးကြဦးမှာလား။ မဆုံးပါဘူး။ ငါမဖြစ်ဘူး၊ ပုဂ္ဂိုလ်မဖြစ်ဘူး၊ သတ္တဝါမဖြစ်ဘူး၊ ဘာကောင်မှဖြစ်တာမရှိဘူး။ မသိမိုက်မဲ့မှုအဝိဇ္ဇာ သဘာဝသက်သက်ကြောင့် ဝိညာဏ်သာဖြစ်သည်။ ဝိညာဏ်တည်းဟူသော သဘာဝသက်သက်ကြောင့် နာမ်ရုပ်သာ ဖြစ်သည်။

အဲဒီလို အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် အစရှိသော သဘာဝမျှ ဒုက္ခတရားတွေသာလျှင် တစ်သံသရာလုံး ဆက်ပြီးတော့ ဖြစ်နေတာပါကလား။ ငါ သူတပါး ယောက်ျား မိန်းမ ဆိုတာ ဘာကမှမရှိပါကလားလို့ ဒီလို သိသွားတဲ့အခါကျတော့ ဒိဋ္ဌိနာကြီး ရင်ထဲနှလုံးထဲမှာ စွဲနိုင်ပါအုံးမလား။ မစွဲနိုင်ပါဘူး။

ဒါကြောင့် ဒိဋ္ဌိနာ ပျောက်ကင်းအောင် ပဋိစ္စသမုပ္ပာဒ်ဆေးကို နာနာသောက်၊ ဒိဋ္ဌိနာပျောက်ကင်းမှသာလျှင် ဝိပဿနာဉာဏ်တက်လို့ရသည်။

https://www.thitsarparamisociety.com/



ဒိဋ္ဌိနာမပျောက်ကင်းဘဲ ဝိပဿနာဉာဏ်တက်လို့ မရနိုင်ဘူးလို့... ဤကဲ့သို့ သိရသောကြောင့် သံသရာဝဋ္ဋ်ဆင်းရဲ မရှည်ရအောင် အိုခြင်း နာခြင်း သေခြင်း အစရှိတဲ့ ဆင်းရဲအမျိုးမျိုးကင်းရာ နိဗ္ဗာန်ချမ်းသာကို လျှင်မြန်စောစွာ ရောက်ရပါလိုသော်...ဟု ဆုတောင်းကြကုန်။

သာဓု–သာဓု–သာဓုပါဘုရား

☆☆☆☆☆☆☆☆☆☆☆☆☆☆☆

ကိုယ့်ကာယကံ ကိုယ့်ထံပြန်
ကိုယ့်ဝစီကံ ကိုယ့်ထံပြန်
ကိုယ့်မနောကံ ကိုယ့်ထံပြန်
ပဲ့တင်သံနှင့်အမှန်မလွဲ တစ်ထပ်တည်း
ကိုယ့်ထံသို့ပြန် သုံးပါးကံ ကိုယ်သာဆင်းရဲခံရမြဲ

(ဝေဠုဝတီ ဆရာတော်ဘုရားကြီး)

https://www.thitsarparamisociety.com/



မြောင်းမြမြို့ ဝေဠုဝတီကမ္မဋ္ဌာန်းတိုက်တွင်
ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီးသည်
၁၃၂၄-ခုနှစ် တော်သလင်းလဆန်း(၈)ရက်နေ့တွင်
တပည့်တို့အား (၈)ကြိမ်မြောက်
ဟောကြားတော်မူအပ်သော

## ပဋိစ္စသမုပ္ပါဒ် တရားတော်

**သဂ္ဂမဂ္ဂဖလံ လာဘာ၊ သန္တေတ္ထိ တွာစတုဗ္ဗိနာ။**
**ပဂေဝ စတုယုတ္တာတု၊ တသ္မာ ယုတ္တတ္တ ဝေါသဒါ။**

တွာစတုဗ္ဗိနာ=တွာ(၄)ချက်နဲ့။ ဝိဂတာ=ကင်းသည်ဖြစ်ပါကုန်လျက်။ သဂ္ဂမဂ္ဂဖလံဘာဘာ=နတ်ပြည်သို့တက်၍ မဂ်ဖိုလ်ရကြကုန်သော။ သန္တော=သူတော်ကောင်းတို့သည်။ အတ္ထိ=ရှိကြကုန်သေး၏။

တွာ(၄)ချက်နဲ့ ကင်းပြီးတော့ မဂ်ဖိုလ်ရကြတဲ့ သူတော်ကောင်းတွေဟာ ဘုရားလက်ထက်က အများကြီးရှိကြတယ်။ မရေမတွက်နိုင်ဘူးတဲ့။ တစ်ရာလည်းမကဘူး။ တစ်ထောင်လည်း မကဘူး။ မရေမတွက်နိုင်ဘူးတဲ့။

စတုယုတ္တာတု=တွာ(၄)ချက်နဲ့ ပြည့်စုံပါမူကား။ ပဂေဝ=အဘယ်မှာ လျှင်ဆိုဖွယ်ရာ ရှိပါအံ့တော့နည်း။
ယခုလို တရားနာပြီး တွာ(၄)ချက်နဲ့ ပြည့်စုံကြတဲ့ပုဂ္ဂိုလ်တွေ နတ်ပြည်ရောက်ဖို့ရာ ဘာမှမခက်ဘူးတဲ့။ နတ်ပြည်ရောက်သကာလ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရဖို့ဟာ ဘာမှမခက်ဘူးတဲ့။

တသ္မာ=ထို့ကြောင့်။ ဝေါတုမှေ=သင်တို့သည်။ သဒါ=အခါခပ်သိမ်း။ ယုတ္တာ=တွာ(၄)ချက်နဲ့ ယှဉ်ကြကုန်သည်။ အတ္ထိ=ဖြစ်ကြပါကုန်လော့။ တွာ(၄)ချက်နဲ့ မကင်းကြနဲ့တဲ့။

https://www.thitsarparamisociety.com/



၁။ ဗုဒ္ဓံ ပသံဒိတ္တွာ=ဘုရားကိုကြည်ညိုစိတ်ရှိရမယ်။ ဘယ်အခါမဆို ဘုရားကို ခဏခဏအောက်မေ့ရမယ်။

၂။ ဒါနံဒတ္တွာ=အလှူဒါနကို ပေးလှူရမယ်။ ပစ္စည်းဥစ္စာရှိမှ အလှူဒါနဖြစ်တာ မဟုတ်ပါဘူး။ ရေကလေးခပ်ပြီးလှူလိုက်၊ ပန်းကလေးခူးပြီးတော့ မြတ်စွာဘုရားပန်းတင်လိုက်၊ ဖယောင်းတိုင်ကလေးတစ်တိုင်နဲ့ မြတ်စွာဘုရားဆီမီးပူဇော်လိုက်၊ ဒါတွေလည်း ဒါနဘဲ။ ပစ္စည်းများများစားစားရှိမှ ဒါနလုပ်နိုင်တာ မဟုတ်ဘူး။

၃။ ဓမ္မံ သုတ္တွာ=တရားနာဖို့ရာကို မှတ်မိအောင် နာကြတဲ့။ သုတံ=ကြားလိုက်ရ၏။ နဥပလက္ခိတံ=မမှတ်မိ။ ဒီလိုတရားနာမျိုးဖြင့် ဘာလုပ်မှာလဲ၊ မှတ်မိအောင် နာရမယ်။

၄။ သီလံသမာဒိယိတ္တွာ=သီလကိုဆောက်တည်၍။ အေ...သီလကို ဆောက်တည်ရမယ်။

ဒီတော့ ဘုရားလည်းကြည်ညိုမယ်၊ အလှူလည်းပေးမယ်၊ တရားကိုလည်းနာမယ်၊ သီလကိုလည်း ဆောက်တည်မယ်ဆိုတဲ့ တွာ(၄)ချက်နဲ့ ပြည့်စုံလျှင် နတ်ပြည်ရောက်ဖို့ဟာ အင်မတန်လွယ်ပါတယ်...တဲ့။ နတ်ပြည်ကျတော့လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆက်ပြီး ရဖို့ဟာ လွယ်ပါတယ်။

ဒို့မြတ်စွာဘုရားလက်ထက်က စဏ္ဍာလီ အမည်ရှိသော အမယ်ကြီး တစ်ယောက် ဘုရားကိုလည်း ဘယ်အခါမှ ဘာရုံမပြုဘူး၊ ဘုရားကြည်ညိုရမှန်းလည်း မသိဘူး။ ဘုရားကျောင်းတော်သွားရမှန်းလည်း မသိဘူး။ တရားနာရမှန်းလည်းမသိဘူး။ အလှူဒါနဆိုတာတော့ ဝေးရော။ သီလဆိုတာ တစ်သက်လုံး တစ်ခါမှ မစောင့်ဘူး။ အဲဒီအမယ်ကြီးဟာ တောင်ဝှေးကြီးထောက်ပြီး တုန်တုန်လှုပ်လှုပ်နဲ့ ရာဇဂြိုလ်ပြည်တံခါးမှထွက်လာတော့ မြတ်စွာဘုရားကလည်း ဆွမ်းခံအဝင် သူနဲ့သွားတွေ့တယ်။ မြတ်စွာဘုရားက...

https://www.thitsarparamisociety.com/



အော်...ဒီအမယ်ကြီးဟာ သနားစရာကောင်းလှချည်ရဲ့။ ရတနာသုံးပါးလည်း လေးစားတဲ့စိတ်မရှိ၊ အလှူဒါနလည်း မပေးလှူ၊ တရားကိုလည်း ဘယ်အခါမှ မနာ၊ ဥပုသ်သီးတင်းဆိုလည်း မစောင့်၊ ဒီအမယ်ကြီးဟာ ဟိုအနားရောက်လျှင် နွားဇွေ့ပြီး သေရှာတော့မယ်၊ သေလျှင်လည်း ငရဲကျသွားတော့မှာဘဲ။

တွာ(၄)ချက်ကင်းတဲ့ အဲဒီစဏ္ဍာလီအမည်ရှိသော ဒါယိကာမကြီးကို သနားသဖြင့် မြတ်စွာဘုရားက သူ့ရှေ့ကနေပြီး မတ်တပ်ရပ်တော်မူသတဲ့။ မြတ်စွာဘုရားက သူ့ရှေ့ကနေပြီး မတ်တပ်ရပ်နေပေမယ့် သူကဘယ်အခါမှ ဘုရားကိုကြည်ညိုတဲ့ပုဂ္ဂိုလ်မဟုတ်တော့ ဘုရာကိုဘဲ လမ်းလွှဲပြီး သွားဖို့ ခြေပြင်သတဲ့။ ဒီတော့ နောက်ကပါလာတဲ့ အရှင်မောဂ္ဂလန်က...

စဏ္ဍာလိ ဝန္ဒပါဒါနိ၊ ဂေါတမဿ ယသဿိနော။
တမေဝ အနုကမ္ပာယ၊ အဋ္ဌာသိ ဣသိ သတ္တမော။

စဏ္ဍာလိ ဒါယိကာမကြီး။ သင်သည် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ ခြေအစုံတို့ကို ရှိခိုးပါ။ သင့်ကိုသနားသောကြောင့် ယခုမြတ်စွာဘုရား ရပ်နေပါတယ်...လို့ တိုက်တွန်းယူရတယ်။

စဏ္ဍာလိ=စဏ္ဍာလီအမည်ရှိသော ဒါယိကာမကြီး။ ယသဿိနော=များသော အခြံအရံရှိတော်မူသော။ ဂေါတမဿ=ဂေါတမနွယ်ဖွား မြတ်စွာဘုရား၏။ ပါဒါနိ=ခြေတော်အစုံတို့ကို။ တွံ=သင်သည်။ ဝန္ဒ=ရှိခိုးလိုက်စမ်းပါလော့...။ ဣသိသတ္တမော=ဝိပဿီမြတ်စွာဘုရားကို ထောက်၍ ခုနစ်ဆူမြောက်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန္ဓ၊ ကောဏာဂမဏ၊ ကဿပ၊ ဂေါတမ ဆိုတော့ ခုနစ်ဆူပေါ့။ တမေဝ=သင်ဒါယိကာမကြီးကိုသာလျှင်။ အနုကမ္ပာယ=သနားသည်ဖြစ်၍။ အဋ္ဌာသိ=မားမားမတ်မတ်ရပ်တည်တော်မူ၏။

https://www.thitsarparamisociety.com/



ဒါယိကာမကြီး လမ်းလွဲမသွားပါနဲ့။ ဒါယိကာမကြီးအတွက်နဲ့ဒီအနား မှာ မြတ်စွာဘုရား ရပ်နေတာပါ။ မသဒ္ဓါရေ သဒ္ဓါရေဘဲဖြစ်ဖြစ် ရှိခိုးလိုက်ပါ…လို့ အရှင်မောဂ္ဂလန်တိုက်တွန်းကောင်းတာနဲ့ တောင်ဝှေးကလေးချပြီး မသဒ္ဓါရေ သဒ္ဓါရေ ရှိခိုးလိုက်သတဲ့။ ဘယ်မှာ ဒီလိုဒကာမကြီး တွာ(၄)ချက်ရှိမှာလဲ။ မြတ်စွာဘုရားက သနားတော်မူလွန်းလို့ အော်…သူ့ခမျာတော့ ရှေ့နားရောက်လျှင် နွားဝှေ့ သေရှာတော့မယ်၊ သေလို့ရှိလျှင် ငရဲကျတော့မယ်၊ တစ်ဘဝတလေ အထောက်အပံ့မှ ရပါစေလို့ဆိုပြီး သူ့ရှေ့မှာ မြတ်စွာဘုရားက အတင်းရှိခိုးခံသတဲ့။ ရှိခိုးပြီးတော့ မြတ်စွာဘုရားလည်း ဆွမ်းခံဝင်သွားရော သူလည်းမြို့ပြင်ထွက်သွားရော၊ အပြင်ထွက်လို့ တော်တော်ကလေးဝေးတော့ နွားဝှေ့ပြီး သေရှာရော၊ သေသည်၏အခြားမဲ့မှာ နတ်ပြည်ရောက်သွားသတဲ့။

အဲဒီဝတ္ထုမှာလည်း ဒီဒကာမကြီးဟာ တစ်ဘဝလုံး တွာ(၄)ချက်တစ်ချက်ကမှ မရှိဘူး။ သေခါနီးကာလကလေးမှာ မြတ်စွာဘုရားကို ဦးချလိုက်တဲ့ ကုသိုလ်ကလေးဘဲ ရှိတယ်။ အဲဒီ ကုသိုလ်က တစ်သက်လုံးတွာတစ်ချက်ဘဲ။

ဒို့လူစုက ဒီလိုမှမဟုတ်ဘဲနဲ့။ အမြဲမပြတ် ဘုရားရှိခိုးလို့၊ ဒါနကိုသင့်သလောက်လှူဒါန်းလို့၊ တရားနာလို့၊ ဥပုသ်သီတင်း စောင့်သုံးလို့၊ တွာ(၄)ချက်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေ။ သေသည်၏အခြားမဲ့ နတ်ပြည်ရောက်ကြမှာပေါ့။ နတ်ပြည်ကျတော့လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရဖို့ မခက်ပါဘူး။ အင်မတန် အားတက်စရာကောင်းတဲ့ အခါကြီးပေါ့…နော်။ ပေါ့ပေါ့လျော့လျော့ မနေကြနဲ့ပေါ့။

ခုတင်က စဏ္ဍာလီဒကာမကြီးဟာ တစ်သက်လုံး တွာတစ်ချက်မှမရှိဘဲနဲ့ ဘာလို့နတ်ပြည် ရောက်ရသလဲ။ အမြတ်ဆုံးဖြစ်တဲ့ ဘုရားရှင်ကို ဖူးမြင်ရလို့တဲ့။ လောကမှာ ဘုရားရှင်ကိုဖူးမြင်ရတာဟာ အမြတ်ဆုံးဖြစ်တယ်။

https://www.thitsarparamisociety.com/



ဆယိမာနိဘိက္ခဝေ အနုတ္တရိယာနိ ကတမာနိဆ
ဒဿနာနုတ္တရိယံ သဝနာနုတ္တရိယံ လာဘာနုတ္တရိယံ
သိက္ခာနုတ္တရိယံ ပါရိစရိယာနုတ္တရိယံ အနုဿတာ
နုတ္တရိယံ ဣမာနိ ခေါ ဘိက္ခဝေ ဆ အနုတ္တရိယာနိ။

အင်္ဂုတ္တိုရ်ပါဠိတော် အနုတ္တရိယသုတ် အလွန်ဆုံး အကဲဆုံး အမြတ်ဆုံးဖြစ်တဲ့ အနုတ္တရိယတရား (၆)ပါးတဲ့။

ဘိက္ခဝေ=ရဟန်းတို့။ အနုတ္တရိယာနိ=အလွန်ဆုံး အကဲဆုံး အမြတ်ဆုံးဖြစ်တဲ့ အနုတ္တရိယတရား(၆)ပါးတို့သည်။ ဣမာနိဆ=ဤခြောက်ပါးတို့သည်။ ဆ=(၆)ပါးတို့ဟူကုန်သည်။ ကတမာနိ=အဘယ်တို့နည်း။

၁။ ဒဿနာနုတ္တရိယံ=မြင်ရခြင်းတကာတို့တွင် အလွန်ဆုံး အကဲဆုံး အမြတ်ဆုံးဖြစ်တဲ့ မြတ်စွာဘုရားကို ဖူးမြင်ရခြင်းငှင်း၊ ဘဝသံသရာကျင်လည်ရာမှာ မျက်စိရလာကြတယ်၊ မျက်စိက ဟိုဟာကြည့်၊ ဒီဟာကြည့်၊ ဟိုဟာမြင်၊ ဒီဟာမြင်ပေမယ်လို့ ဒီမြင်မှုတွေဟာ အလကားမြင်မှုတွေဘဲ။

ဘိုင်စကုတ်ကား လဲတယ်ဟေ့၊ အင်မတန်ကြည့်ရခဲတယ်၊ ရွှေမန်းတင်မောင်လာတယ် အင်မတန်ကြည့်ရခဲတယ်၊ ကြုံတဲ့အခါကြည့်ကြတဲ့။ အဲဒီလိုဟာတွေကို အနုတ္တရိယ ထင်နေတယ်၊ မြင်ရခဲတယ် အောက်မေ့တာကိုး။ ဘိုင်စကုတ်ကလည်း တခါတလေမှကားလဲတယ်။ ရွှေမန်းတင်မောင်ကလည်း တခါတလေမှ လာတယ်။

အဲဒီလိုဟာတွေကို အနုတ္တရိယ=မြင့်မြတ်သောမြင်ရခြင်းလို့ ထင်နေကြတာ။ အမှားချည်းဘဲ။ အဲဒါဟာ ကိုယ်ရတဲ့မျက်စိကလေးကို အပါယ်ရိက္ခာလုပ်ကြတာ၊ ဒီမျက်စိ တွေ့ကရာလိုက်စားပြီးတော့ တွေ့ကာရာဟာတွေကြည့်နေလျှင် အပါယ်ကျဖို့ ဖြစ်မှာပေါ့။ ဒီတော့ ဒဿနာနုတ္တရိယ=မြင်ရခြင်းတကာတို့တွင် အလွန်ဆုံး အကဲဆုံး အမြတ်ဆုံးဖြစ်တဲ့ မြတ်စွာဘုရား

https://www.thitsarparamisociety.com/



ကို ဖူးမြင်ရခြင်းငှင်း၊ မျက်စိရလာတဲ့အခါ ဘုရားဖူးဘို့ သံဃာတော်များဖူးဘို့ ကမ္မဋ္ဌာန်းအာရုံ ကြည့်ရှုဘို့၊ အဲဒါ အနုတ္တရိယ=မြတ်စွာဘုရားကို ဖူးမြင်ရခြင်းလည်း မြတ်သောမြင်ရခြင်း၊ သံဃာတော်များကြည့်ရလျှင်လည်း မြတ်သောကြည့်ရခြင်း၊ ကသိုဏ်း အသုဘစသော ကမ္မဋ္ဌာန်းအာရုံကို ရှုလျှင်လည်း မြတ်သောရှုရခြင်း…လို့ အဋ္ဌကထာက ပြတော်မူတယ်။

မျက်လုံးရလာတာဟာ အလကားမဟုတ်ဘူး။ အင်မတန် အဖိုးတန်တဲ့မျက်လုံး။ (သုံးတတ်ကြလျှင်လေ)။ မသုံးတတ်လို့ အလွဲသုံးစားလုပ်ပြီး ဒီမျက်လုံးကို အပါယ်ရိက္ခာလုပ်တာ။ တွေ့ကရာ လျှောက်ကြည့်လျှင် ဒီမျက်လုံးကဘဲ အပါယ်ချမှာဘဲ…တဲ့။

၂။ သဝနာနုတ္တရိယံ=ကြားရခြင်းတကာတို့တွင် အလွန်ဆုံး အကဲဆုံး အမြတ်ဆုံးဖြစ်တဲ့ တရားတော်သံကို ကြားနာရခြင်းငှင်း၊ ဘဝသံသရာမှာ နားရလာကြတဲ့ ဘဝတွေအများကြီးရှိတယ်။ အဲဒီနားနဲ့ မတော်တဲ့အသံတွေချည်းဘဲ ကြားခဲ့ကြရတယ်။ အဲဒီ မတော်တဲ့အသံတွေ ကြားရလို့ရှိလျှင် အဲဒီနားက အပါယ်ဆွဲမှာဘဲ။

ဒို့သာသနာတော်ကြီးနဲ့ကြုံကြိုက်တဲ့အခါကျတော့ တရားအသံကို ကြားနာရခြင်း၊ အဲဒီတရားသံကို ကြားနာရခြင်းဟာ အင်မတန်မှ နားအဖိုးတန်တယ်။ မြတ်စွာဘုရားဖူးရတာ မျက်စိအဖိုးတန်တယ်။ အဲဒီလို မျက်စိအဖိုးတန် နားအဖိုးတန်တွေ ရနေကြပါလျှက် အလွဲသုံးစား လုပ်မပစ်ကြပါနဲ့။

၃။ လာဘာနုတ္တရိယံ=ရခြင်းတကာတို့တွင် အလွန်ဆုံး အကဲဆုံး အမြတ်ဆုံးကို ရခြင်းသည်ငှင်း။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိ၊ ဩတ္တပ္ပ၊ သူတော်ကောင်းဥစ္စာ(၇)ဖြာ ရခြင်းဟာ အမြတ်ဆုံးဘဲတဲ့။

https://www.thitsarparamisociety.com/



မိမိရင်ထဲ နှလုံးထဲမှာ ကြည်လင်မှု**သဒ္ဓါ** ရအောင်လုပ်ပါ။ အထူးသဖြင့် သာသနာနဲ့ စပ်တဲ့ဗဟုသုတကို ရအောင်လုပ်ပါ။ **စာဂ**=စွန့်ကြဲပေးကမ်းနိုင်တဲ့ စေတနာကို ရအောင်လုပ်ပါ။ လူတွေထင်နေကြတာက အလှူလှူမှ စာဂ ဖြစ်တယ်လို့ ထင်နေကြတယ်။ မဟုတ်ပါဘူး။ မလှူပေမယ်လို့ ကိုယ့်ရင်ထဲနှလုံးထဲက လှူချင်တဲ့စိတ်ဖြစ်နေလျှင် ဒါ **စာဂ** ဖြစ်တာပါဘဲ။

ဘယ်အခါမဆို အကြောင်းအားလျော်စွာ လှူဖို့ရာအကြောင်းဆုံလာလျှင် နောက်မဆုတ်တန်း ကိုယ်နဲ့ထိုက်တန်သလောက်တော့ လှူပစ်လိုက်မှာဘဲလို့ အဲဒီလိုစိတ်မျိုး အမြဲထားလျှင် ဒါ စာဂ ရှိနေတာပေါ့။ နက်နဲသော သဘာဝတွေကို သိနိုင်လောက်တဲ့ ပညာရှိရမယ်။ မကောင်းမှုဒုစရိုက်ကို စက်ဆုပ်ရွံရှာတတ်တဲ့ **ဟိရီ** လည်းရှိရမယ်။ မကောင်းမှု ဒုစရိုက်ကို ကြောက်ရွံ့ထိတ်လန့်တတ်တဲ့ **ဩတ္တပ္ပ** လည်းရှိရမယ်။

အဲဒီ **သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရီ ဩတ္တပ္ပ** ဆိုတဲ့ သူတော်ကောင်းဥစ္စာ(၇)ဖြာရခြင်းဟာ ရခြင်းတကာတို့တွင် အမြတ်ဆုံးဘဲတဲ့။

အမှန်စင်စစ်ကတော့ သောတာပန်ဖြစ်မှ အမြဲရတယ်။ သောတာပန် မဖြစ်သေးလျှင် ဒီသူတော်ကောင်းဥစ္စာ (၇)ဖြာ အမြဲမရနိုင်ဘူး။ အဲဒီသူတော်ကောင်းဥစ္စာ(၇)ဖြာ ရင်ထဲနှလုံးထဲမှာ အမြဲရသွားလို့ရှိလျှင် ဒီပုဂ္ဂိုလ်ဟာ တစ်သံသရာလုံး ပရိနိဗ္ဗာန်မစံမီစပ်ကြား ဘယ်အခါမှ မဆင်းရဲတော့ဘူးတဲ့။ ဒါနပြုချင်ပြု မပြုချင်နေ၊ သီလစောင့်ချင်စောင့် မစောင့်ချင်နေ၊ သူ့မှာ သူတော်ကောင်းဥစ္စာ လုံလောက်သွားပြီတဲ့။ ဘယ်ဘဝရောက်ရောက် မဆင်းရဲတော့ဘူး။

လူဖြစ်ဖြစ် နတ်ဖြစ်ဖြစ် အောက်တန်းစားလူမျိုး၊ အောက်တန်းစားနတ်မျိုးမှာ မဖြစ်စကောင်းတော့ဘူး။ ဘာဖြစ်လို့လဲ။ သူ့မှာ သဒ္ဓါ သီလ သုတ စာဂ စသော သူတော်ကောင်းဥစ္စာ ပါသွားလို့ပေါ့။

https://www.thitsarparamisociety.com/



အဲဒါ သုပ္ပဗုဒ္ဓ လူနူကြီးဝတ္ထုနဲ့ ထင်ရှားပါတယ်။ ရာဇဂြိုလ်ပြည်မှာ တစ်ကိုယ်လုံးရွဲရွဲစိုအောင် နူနေတဲ့ သုပ္ပဗုဒ္ဓ အမည်ရှိတဲ့ လူနူကြီးတစ်ယောက်ရှိသ...တဲ့။

မြတ်စွာဘုရားသည် တနေ့သ၌ ညနေချမ်းအချိန်အခါ ကျောင်းတော်လာပြီး တရားနာတဲ့လူတွေကို တရားဟောတဲ့အခိုက် သုပ္ပဗုဒ္ဓ လူနူကြီးကလည်း ငါလည်း အစွန်အဖျားကသွားပြီးတော့ တရားနာဦးမှဘဲလေ။ ငါ့ရုပ်ငါ့ရည်နဲ့တော့ လူထဲတိုးလို့တော့ မဖြစ်ဘူး။ တော်ရာကနေပြီးတော့ နာမှဘဲဆိုပြီး မြတ်စွာဘုရားတရားကို လာနာတယ်...တဲ့။

တရားလာနာတော့ကာ တရားပွဲလည်းပြီးရော အဲဒီ သုပ္ပဗုဒ္ဓ လူနူကြီးဟာ သောတာပန်ဖြစ်သွားတယ်။ သောတာပန်ဖြစ်သွားတော့ သူ့ရဲ့တရားကို ဘုရားလျှောက်ချင်လိုက်တာ မပြောပါနဲ့တော့၊ သူ့ခမျာမှာလည်း လူချင်းမတူ သူချင်းမမျှဖြစ်နေတော့ ဘယ်သူကမှလည်း သူ့ကို ဘုရားအနား မကပ်စေချင်ဘူး။

ဒီတော့ ငါခုနေ ဘုရားအနားကပ်လို့ရှိလျှင် ငါ့ကိုမောင်းမဲကြလိမ့်မယ်၊ ငါတော့ အိမ်ပြန်ချင်ယောင်ဆောင်မှဘဲလို့ လူတွေအိမ်ပြန်တဲ့အခါ အိမ်ပြန်ချင်ယောင်ဆောင်ပြီး နောက်ကလိုက်သွားတယ်။ အကုန်လုံးလူတွေမြို့ထဲရောက်တဲ့အခါကျတော့ ငါရတဲ့တရားကို ဘုရားသွားလျှောက်မယ်လို့ သူတစ်ယောက်တည်း ပြန်လာတယ်။ သူတစ်ယောက်တည်း ပြန်လာလို့လမ်းခရီးအကြားကျတော့ သိကြားမင်းက ဒီသုပ္ပဗုဒ္ဓ လူနူကြီးဟာ ဘုရားဆီသွားပြီး သူရတဲ့တရားကို လျှောက်လိမ့်ဦးမယ်။ သူ့ကို ငါစုံစမ်းဦးမှဘဲ။

ဟေ့...သုပ္ပဗုဒ္ဓ မင်းဟာ လူနူကြီး လူဆင်းရဲကြီး လူ့ဒုက္ခိတကြီးပါကွာ၊ မင်းတစ်ကိုယ်လုံး ရွဲရွဲစိုနေတဲ့ အနူကြီးကိုလည်း ငါပျောက်အောင် ကုပေးမယ်၊ တစ်သက်လုံး စားမကုန်အောင်လည်း ရွှေ ငွေတွေ မင်းကိုငါပေး

https://www.thitsarparamisociety.com/



ပါ့မယ်၊ ဘုရားကို ဘုရားမဟုတ်ဘူး။ တရားကို တရားမဟုတ်ဘူး။ သံဃာကို သံဃာမဟုတ်ဘူး၊ ငါ့အား ဘုရားဖြင့်အကျိုးမရှိ၊ တရားဖြင့်အကျိုးမရှိ၊ သံဃာဖြင့် အကျိုးမရှိ လို့ပြောပါလို့ သိကြားမင်းက ပြောသတဲ့။ သိကြားမင်းကပြောတော့ သုပ္ပဗုဒ္ဓလူနူကြီးက သိကြားမင်းကို ...

ခင်ဗျားကကျုပ်ကို လူဆင်းရဲထင်သလား...တဲ့။ ကျုပ်ကလူဆင်းရဲမဟုတ်တော့ဘူး။ ခုတင်က မြတ်စွာဘုရားထံ တရားနာလိုက်သည်ကစပြီးတော့ သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရိ ဩတ္တပ္ပ ဆိုတဲ့သူတော်ကောင်းဥစ္စာတွေ သုံးမကုန်အောင် ရင်ထဲနှလုံးထဲမှာ ရောက်နေပြီတဲ့။

ခင်ဗျား ဆေးကုချင်ကု မကုချင်နေ၊ ခင်ဗျား ရွှေတွေ ငွေတွေပေးချင်ပေး မပေးချင်နေ၊ ခင်ဗျား ပြောခိုင်းတာတော့ ကျုပ်မပြောနိုင်ဘူးလို့ သုပ္ပဗုဒ္ဓလူနူကြီးက သိကြားမင်းကို ပြန်ပြောတော့ သိကြားမင်းကလည်း သူ့ကိုတော့ ပြောလို့မရဘူး။ ငါဘုရားဆီ သွားလျှောက်မှဘဲလို့ သူကဦးအောင် သွားလျှောက်တယ်။

အရှင်ဘုရား ...သုပ္ပဗုဒ္ဓ လူနူကြီးဟာ အရှင်ဘုရားဆီလာပါတယ်။ တပည့်တော် လမ်းခရီးအကြားက ဆီးပြီးတော့ တားပါတယ်။ ယခုတားလို့မရပါဘူး။

ဟေ့...သိကြားမင်းတဲ့။ သုပ္ပဗုဒ္ဓကို မင်းလိုသိကြားမင်းတစ်ယောက်မဟုတ်ဘူး။ တစ်ထောင်တားလည်း မရတော့ဘူး။ သူ့ရင်ထဲနှလုံးထဲ တရားရောက်သွားပြီ။ ရင်ထဲနှလုံးထဲ တရားရောက်တဲ့လူဟာ ဘုရားကို မဖူးပါနဲ့။ တရားကို မနာပါနဲ့ ဆိုလို့ ဘယ်သူတားလို့မှ မရနိုင်တော့ဘူး။ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်သိတဲ့အဖြစ်ကို ရောက်ပေါ့ကွ။ သူများပြောမှမဟုတ်တော့ဘဲ။ အဲဒီတော့ သူရတဲ့တရားကို ဘုရားကို အင်မတန်မှ လျှောက်ချင်တယ်တဲ့။ သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရိ ဩတ္တပ္ပ ဆိုတဲ့ သူတော်ကောင်း

https://www.thitsarparamisociety.com/



ဥစ္စာ(၇)ဖြာ ရင်ထဲနှလုံးထဲမှာရှိလို့ သိကြားမင်းကိုလည်း သူအရေးမလုပ်တော့ဘူး။

သုပ္ပဗုဒ္ဓကြီးဟာ အဲဒီလို သောတာပန်ဖြစ်ကြောင်း လျှောက်ထားပြီးတဲ့နောက်မှ မြို့ထဲပြန်အသွား လမ်းခရီးအကြားမှာ နွားငှဲ့ပြီးသေတော့ တာဝတိံသာနတ်ပြည်ကို သုပ္ပဗုဒ္ဓ ရောက်သွားတယ်။ တာဝတိံသာနတ်ပြည် ရောက်တော့ တစ်ပါးသော နတ်တွေထက် သူကပိုပြီး အရောင်အဆင်းထွက်တယ်၊ တစ်ပါးသော နတ်တွေထက် ပိုပြီးတန်ခိုးကြီးတယ်။ ဘာဖြစ်လိုလဲ။ တရားရပြီးသား နတ်ကိုး။

ဒီတော့ ဟိုနတ်တွေက မနာလိုကြဘူးတဲ့။ ဒို့ထက်သာနေရမလား ဆိုပြီးတော့ ဒီတော့မှသိကြားမင်းက ပြောရတယ်။ သူ့ကံနဲ့သူဖြစ်တာ မနာလို မရှိကြနဲ့ဟေ့...တဲ့။

ဒီတော့ လာဘာနုတ္တရိယံ=ရခြင်းတကာတို့တွင် အလွန်ဆုံး အကဲဆုံးဖြစ်တဲ့ သူတော်ကောင်းဥစ္စာ(၇)ဖြာ ရခြင်းငှင်း။ လောကစည်းစိမ်ချမ်းသာ အမျိုးမျိုးတွေရတာဟာ မြတ်သောရခြင်းမဟုတ်ဘူး...တဲ့။ သားသမီးစသည် ရခြင်းလည်းဘဲ မြတ်သောရခြင်းမဟုတ်ဘူး...တဲ့။

သာသနာတော်ကို အမှီပြုပြီးတော့ သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရိ ဩတ္တပ္ပ...ဆိုတဲ့ သူတော်ကောင်းဥစ္စာ(၇)ဖြာရခြင်းသာလျှင် အမြတ်ဆုံးကို ရခြင်းမည်တယ်။

၁။ အမြတ်ဆုံးကို ဖူးရခြင်းကား ဘုရား။
၂။ အမြတ်ဆုံးကို ကြားနာရခြင်းကား တရား။
၃။ အမြတ်ဆုံးကို ရခြင်းကား သူတော်ကောင်းဥစ္စာ။

https://www.thitsarparamisociety.com/



ပြီးတော့...သိက္ခာနုတ္တရိယံ=ကျင့်ရခြင်းတကာတို့တွင် အလွန်ဆုံး အကဲဆုံး အသာဆုံးဖြစ်တဲ့ သီလသိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာကို ရကြောင်းဖြစ်တဲ့ အကျင့်ကိုကျင့်ရခြင်းဌင်း။ သီလသိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာ အဲဒီသိက္ခာ(၃)ပါးကို ရကြောင်းဖြစ်တဲ့ အကျင့်ကို ကျင့်ရခြင်းသည် အကျင့်တကာတို့တွင် အမြတ်ဆုံးဖြစ်သော အကျင့်။

သာသနာနဲ့မကြုံလျှင် **သီလ သမာဓိ ပညာ**ဆိုတဲ့ သိက္ခာ(၃)ပါး ကြားတောင်မကြားဖူးဘူး။ ယခု သာသနာနဲ့ကြုံလို့ သီလအကျင့် သမာဓိအကျင့် ပညာအကျင့် ဆိုတာရှိတယ်။

ဒီ **သီလ သမာဓိ ပညာ**ဆိုတဲ့တရား(၃)ပါးဟာ ကျင့်လျှင်ရနိုင်တယ်လို့ သိကြရတယ်။ အဲဒီတော့ **သီလသိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာ**နဲ့ ပြည့်စုံအောင် ဘာကိုကျင့်ရမလဲ။ **အပ္ပမာဒ**။ အေး... အပ္ပမာဒဟာ အရေးကြီးတယ်ဟော့။

## အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ။

ဘိက္ခဝေ=ရဟန်းတို့။ အပ္ပမာဒေန=**မမေ့မလျော့သော သတိ** နှင့်။ သမ္ပာဒေထ=**ပြည့်ပြည့်စုံစုံ နေကြကုန်လော့**။

အဲဒီလိုတိုက်တွန်းတဲ့ဒေသနာတော်ကို မြတ်စွာဘုရား နေ့တိုင်းဟောတယ်။ ဘယ်တရားကိုမှ နေ့စဉ်နေ့တိုင်း မဟောဘူး။ အပ္ပမာဒတရားကို နေ့စဉ်နေ့တိုင်းဟောတာ ဘာဖြစ်လို့။ အရေးကြီးတဲ့တရားမို့လို့။

သာသနာနဲ့ကြုံကြိုက်တဲ့ပုဂ္ဂိုလ်တွေဟာ ဒီအပ္ပမာဒတရားကို လက်မလွှတ်လို့ရှိလျှင် သာသနာနဲ့တွေ့ရကျိုးနပ်တယ်ဆိုပြီးတော့ ကိုယ်တော်မြတ်

က နေ့စဉ်နေ့တိုင်း တိုက်တွန်းတော်မူတာ။ ဒါဖြင့် နေ့စဉ်နေ့တိုင်း တိုက်တွန်းလို့ကော ပြီးပြီလားဆိုတော့...

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

ပရိနိဗ္ဗာန်စံတော်မူတော့မယ်ဆိုတော့လည်းဘဲ နောက်ဆုံးပိတ်မှာ တမ်းစကားအနေနဲ့ အပ္ပမာဒေန သမ္ပာဒေထ။ ဒီအပ္ပမာဒကိုဘဲ ကိုယ်တော်မြတ် တိုက်တွန်းခဲ့တယ်။

ဒီတော့ အပ္ပမာဒတရားဟာ ဘယ်လောက်အရေးကြီးသလဲ စဉ်းစားကြည့်ကြစမ်းပါ။ နေ့စဉ်နေ့တိုင်းလည်း ဟောတော်မူတယ်။

ပရိနိဗ္ဗာန်စံတော်မူခါနီးမှာလည်းဘဲ သေတမ်းစကားအဖြစ်မှာကြားတော်မူခဲ့တယ်။ ပိဋကတ်သုံးပုံ အကုန်လုံး ခြုံလိုက်လျှင် ဒီအပ္ပမာဒ တစ်လုံးဘဲရှိတယ်။ သာသနာနဲ့ကြုံကြိုက်တဲ့ပုဂ္ဂိုလ်တွေဟာ အပ္ပမာဒ တရားကို ကြိုးစားပြီး လုပ်ကြ။ ဒီလို ဆိုလိုတာပေါ့နော်။

ဘိက္ခဝေ=ရဟန်းတို့။ ဒါနိ=ပရိနိဗ္ဗာန် စံမည်ရှိရာ ယခုအခါ၌။ ဟန္ဒ=ကိုယ်တော်နှမ်း၍ ပန်းတော်မူလှုပြီ။ မကြာဘူး ငါဘုရား ပရိနိဗ္ဗာန် ပြုရတော့မယ်။ ပင်ပန်းလှပြီ။

ဝေါ=သင်ချစ်သားတို့။ အာမန္တယာမိ=နောက်ဆုံးအနေအားဖြင့် ခေါ်တော်မူခဲ့အံ့။ ဒီတစ်ခါဘဲ မင်းတို့ကို ငါခေါ်နိုင်တော့မယ်။ နောက်မခေါ်နိုင်တော့ဘူး။

သင်္ခါရာ=ဖြစ်ဖြစ်သမျှ သင်္ခါရတရားတို့သည်။ ဝယဓမ္မာ=ပျက်ခြင်း

https://www.thitsarparamisociety.com/



သဘောရှိကုန်၏။ သင်္ခါရာတရားဆိုတာ ဘယ်အခါမှ မမြဲဘူးဟေ့။ မင်းတို့ ဘာကိုမှ အားကိုးအားထား လုပ်မနေကြနဲ့။ မင်းတို့လက်ကိုင်လုပ်ထားတဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာဆိုတဲ့ သင်္ခါရတရားတွေဟာ မြဲတဲ့တရားတွေမဟုတ်ဘူး။

သင်္ခါရ သိကြရဲ့လား။ သင်္ခါရ ဆိုတာ ခန္ဓာကိုယ်အတွင်းမှာ ဖြစ်ဖြစ်ဖြစ် တဖြစ်ထဲ ဖြစ်နေတာတွေကို သင်္ခါရခေါ်တယ်။ လူကောင် နတ်ကောင်ကို သင်္ခါရခေါ်တာမဟုတ်ဘူး။ အကောင်းအဆိုးအမျိုးမျိုး တဖြစ်ထဲ ဖြစ်နေတဲ့ ရုပ်တွေနာမ်တွေကို သင်္ခါရခေါ်တယ်။ ခေါင်းကိုယ် ခြေ လက် ဆိုတာက ပညတ်၊ ခေါင်းရယ်၊ ကိုယ်ရယ်၊ ခြေရယ်၊ လက်ရယ် အစရှိတဲ့ တရားတွေက သင်္ခါရ မဟုတ်ဘူး။ ခန္ဓာကိုယ်အတွင်းမှာ အကောင်းအဆိုး အမျိုးမျိုးတွေ အကြောင်းအားလျော်စွာ တဖြစ်ထဲဖြစ်နေတာက သင်္ခါရ။ အကောင်းအဆိုးအမျိုးမျိုး တဖြစ်ထဲဖြစ်နေတဲ့ သင်္ခါရတရားတွေဟာ ဖြစ်လိုက်ပျက်လိုက်၊ သဗ္ဗေသင်္ခါရာ အနိစ္စာ=အလုံးစုံ ဖြစ်သမျှပျက်ကြကုန် ၏။ ဟော...တဖြစ်ထဲဖြစ် တပျက်ထဲပျက်။

ဒီတော့ ဖြစ်လျှင် သင်္ခါရ၊ ပျက်လျှင် အနိစ္စ၊ သဗ္ဗေသင်္ခါရာအနိစ္စာ လို့ ဆိုသည့်အတိုင်း အလုံးစုံဖြစ်သမျှ ပျက်ကြကုန်၏။ အလုံးစုံ ဖြစ်ဖြစ်သမျှဆိုသည်ကား သင်္ခါရ။ ပျက်ကြကုန်၏ဆိုသည်ကား အနိစ္စ။ အနိစ္စနဲ့သင်္ခါရ တခြားစီဖြစ်တာကို သင်္ခါရခေါ်တယ်။ ဖြစ်ပြီးပျက်သွားလို့ မမြဲတာကို အနိစ္စ ခေါ်တယ်။

သင်္ခါရတရားမှန်လျှင် ဘာသဘောရှိတယ်။ ပျက်ခြင်းသဘောရှိတယ်၊ ပျက်ခြင်းသဘောရှိတဲ့ သင်္ခါရရုပ်နာမ်တွေကို ကိုယ့်ကိုယ်လုပ်နေကြတဲ့ပုဂ္ဂိုလ် တွေဟာ ဘယ်အခါ ခိုင်မြဲမလဲ၊ မခိုင်မြဲဘူး။ ဒါကြောင့်.... **အပ္ပမာဒေန သမ္ပာဒေထ။**

ငါ့ဘုရားတော့ ပရိနိဗ္ဗာန်စံရတော့မယ်။ မင်းတို့ဟာ အပ္ပမာဒေန သမ္ပာဒေထအတိုင်း အပ္ပမာဒတရားကို ပြည့်စုံအောင် ကြိုးစားပြီး အားထုတ်

https://www.thitsarparamisociety.com/



နေရစ်ကြလို့ ဒီလို သေတမ်းစကားမှာသွားတယ် ဟုတ်လား။ အမိအဖများ သေခါနီးတဲ့အခါ သားသမီးတွေကို ဆုံးမသွားတယ်။

သားတို့,သမီးတို့ ဒီလိုနေရစ်ကြ ဒီလိုထိုင်ရစ်ကြလို့ မိဘများဟာ သေခါနီးတော့ သားသမီးများကို နောက်ဆုံးမှာတမ်းစကား မှာသွားတယ်ဆိုတာရှိတယ်။ အဲဒီတော့ သေခါနီးမှာတဲ့စကားဟာ ဟိုအသက်ရှင်စဉ်တုန်းက မှာတဲ့စကားထက် ပိုပြီးတော့ အရေးကြီးတယ်။ ဒီတော့ မြတ်စွာဘုရားက သေတမ်းစာအဖြစ် နောက်ဆုံးမှာသွားတဲ့အပ္ပမာဒဟာ အင်မတန်အရေးကြီးတဲ့တရားပါတဲ့။

ဟတ္ထိပဒေါပမသုတ်မှာ သတ္တဝါတို့၏ ခြေရာတကာတို့တွင် ဆင်ခြေရာအကြီးဆုံး။ အားလုံးရှိရှိသမျှ ခြေရာတွေကို တိုင်းခဲ့သည်ရှိသော် ဆင်ခြေရာထဲကို အကုန်လုံးဝင်ရမတဲ့။ ဘယ်ခြေရာဖြစ်ဖြစ် ဆင်ခြေရာထဲဝင်ရမယ်။ ဒါကြောင့်...ဆင်ခြေရာဟာ အကြီးဆုံးဘဲတဲ့။ ထိုနည်းတူစွာ တရားမှန်သမျှ အပ္ပမာဒထဲ အကုန်ဝင်ရမယ်လို့ အပ္ပမာဒဆိုတဲ့တရားကို မြတ်စွာဘုရားက ဆင်ခြေရာနဲ့ဥပမာပြတယ်။

အဲဒီတော့ အကျယ်အကျယ် မငြိမ်းဖွယ် အလကားဟာတွေ လျှောက်လုပ်မနေကြနဲ့။ အပ္ပမာဒတစ်ခုဘဲ ကြိုးစားလုပ်။ ပိဋကတ်သုံးပုံ အကုန်လုံးခြုံလိုက်လျှင် ဒီ အပ္ပမာဒတစ်ခုထဲဘဲ။ ဘာမှအထူးလုပ်နေစရာ မလိုဘူး။ ဒီတော့ အပ္ပမာဒဆိုတာ ဘာလဲ...

## သတိ အဝိပ္ပဝါသော အပ္ပမာဒေါနာမ။

သတိအဝိပ္ပဝါသော=သတိ မကင်းသောနေခြင်းသည်။ အပ္ပာဒေါနာမ=အပ္ပမာဒ တရားမည်၏။ သတိမကင်းသောနေခြင်းကို ဘာခေါ်တယ်။ အပ္ပမာဒ။ တရားလုပ်လို့ အင်မတန်လွယ်ပါတယ်။ အခက်ပါဘူး။ မလုပ်ချင်

https://www.thitsarparamisociety.com/



ကြလို့ ခက်နေတာ။ လုပ်ချင်လျှင် ဘာမှလုပ်နေစရာမလိုဘူး၊ အပ္ပမာဒသာ ကြိုးစားလုပ်။

အပ္ပမာဒ ကြိုးစားလုပ်တော့ ဘာဖြစ်သွားမယ်။ သိက္ခာပုဒ်က လူကို စောင့်တဲ့အကျိုးတွေရတယ်။ သိက္ခာပုဒ်ကို လူကစောင့်ရတယ်။ သိက္ခာပုဒ်က လူကိုစောင့်တယ်။ အဲဒီလို အပြန်အလှန်သိကြစမ်းပါ။ သိက္ခာပုဒ်ကို လူကစောင့်ရလျှင် သိက္ခာပုဒ် ဘယ်တော့မှမမြဲဘူး။ ကျိုးမှာဘဲ။ သိက္ခာပုဒ်ကို လူကစောင့်ရသေးလို့ရှိလျှင် ဘီလူးယောင်ဆောင်သလိုပေါ့။ ဘယ်မှာ တာရှည်စောင့်နိုင်မှာလဲ။ ရင်ထဲနှလုံးထဲ ကိလေသာတွေအပြည့်နဲ့၊ တော်တော်ကြာကျိုးရင်း၊ တော်တော်ကြာ ပေါက်ရင်း....

အမှန်က သိက္ခာပုဒ်က လူကိုစောင့်မှသာလျှင် ဒီသိက္ခာပုဒ် မြဲတယ်။ ဒီတော့ သိက္ခာပုဒ်က လူကိုစောင့်ဖို့ရာလည်းဘဲ ဒီအပ္ပမာဒတရား မလေ့ကျင့်တဲ့ပုဂ္ဂိုလ် ဘယ်နည်းနဲ့မှ မစောင့်နိုင်ဘူး။ ဒီတော့ အပ္ပမာဒတရားကို ကြိုးစားပြီး လေ့ကျင့်ပါ။ သတိ မကင်းသောနေခြင်းဖြင့် နေပါ။

ဘယ်လိုနေရမလဲ။ ဟိုဟာဒီဟာ ကိုင်လျှင်သိ၊ အမှတ်မဲ့ကိုင်တာနဲ့ သတိနဲ့ကိုင်တာ တူရဲ့လား။ မတူပါဘူး။ ဟိုဟာဒီဟာ ကိုင်လျှင် သတိထားကိုင်လိုက်စမ်းပါ။ အဲဒီသတိထားကိုင်လိုက်တော့ မသိဘူးလား၊ ဟိုဟာဒီဟာ ကိုင်တာကို သိတာဘာလဲ။ သတိမကင်းသော နေခြင်း။ ခြေနဲ့ထိလျှင်သိ၊ လက်နဲ့ထိလျှင်သိ၊ ခန္ဓာကိုယ်တစ်ကိုယ်လုံး ဘယ်နေရာထိထိ သိ။ မျက်နှာသစ်လျှင်လည်း သိ၊ ရေချိုးလျှင်လည်း သိ၊ နှပ်ညှစ်လျှင်လည်း သိ၊ ခေါင်းဖီးလျှင်လည်း သိ၊ သနပ်ခါးလိမ်းလျှင်လည်း သိ၊ အလုပ်လုပ်လျှင်လည်း သိ၊ ထမင်းစားလျှင်လည်း သိ၊ ရေသောက်လျှင်လည်း သိ၊ ထမင်းစားတော့ ထမင်းကို ပါးစပ်ထဲ ထည့်ပြီးဝါးတဲ့အခါ သိ သိ သိနဲ့ သိလိုက်ပြီးတော့ ဝါးပါ။ မဝါးဘဲမျိုတာမှ မဟုတ်ဘဲ။ ဝါးရမှာအတူတူဖြင့် သတိထားဝါးပေါ့။ သိ သိ သိ စိတ်ထဲကလေ ဒီထက်တော့မလွယ်နိုင်တော့ဘူး။

https://www.thitsarparamisociety.com/



ကိုင်း…ရေသောက်ပြန်တော့ကော ရေသောက်ပြန်တော့ ရေကြိုက်ချတိုင်း ချတိုင်း သတိနဲ့ချပါ…တဲ့။ ဒီတော့ ဘာမှလုပ်စရာမရှိတော့ဘူးဆိုရင် မိမိနှာခေါင်းထဲက ထွက်လေ ဝင်လေကို သတိထားပါ။

ဖြစ်ရာဘဝမှာ ဗြဟ္မာကိုချန်လှပ်၍ အသက်မရှူတဲ့ဘဝရယ်လို့ မရှိဘူး။ နတ်လည်းအသက်ရှူတယ်၊ လူလည်း အသက်ရှူတယ်၊ သည့်ပြင် တိရစ္ဆာန်တွေလည်း အသက်ရှူတယ်။ အသက်မရှူတာ မရှိဘူးနော်။

ဒါဖြင့် မိမိအသက်ရှူတာ မိမိသိရဲ့လားလို့ ဆင်ခြင်တဲ့အခါ ငါ့နှာခေါင်းထဲမှာ အသက်ရှူတဲ့လေတွေဟာ ဝင်နေထွက်နေတယ်လို့တောင် သိဖို့ မလွယ်ဘူး။ ဘယ်သတ္တဝါမျိုးမဆို ကာမဘုံသားမှန်လျှင် အသက်ရှူတာ ချည်းပေါ့။

ရှုပင်ရှုသော်လည်းဘဲ ဝင် ဝင်မှန်းသိ၊ ထွက် ထွက်မှန်းသိ ဒီလို သတိထားပြီး ရှုခဲ့ကြရဲ့လား။ အလကားသက်သက်မဲ့ ရှုထုတ်နေကြတာဘဲ၊ ဒီ ဝင်လေထွက်လေဟာ အင်မတန်အဘိုးတန်တဲ့တရားပါ…နော်။

ဒီတော့ ဘယ်လိုလုပ်ကြရမယ်၊ ခပ်ရှည်ရှည်ကလေး ဆွဲရှုလိုက်၊ မမြန်နဲ့။ လောမကြီးနဲ့၊ ရှုပြီးမှတ်ထား၊ လက်က(၁-၂-၃-၄-၅)ငါးခါဆိုလျှင် နား။ ဒါလောက်မှ မရှုနိုင်ဘူးလား၊ ဒါလောက်တော့ ရှုနိုင်ရမယ်။

ရှုတဲ့အခါ ဝင်လေနဲ့ထွက်လေကို ထွက်နဲနဲဂရုစိုက်၊ ဝင်လေကတော့ တိုချင်တို ရှည်ချင်ရှည် ဒီလောက်အရေးမကြီးဘူး။ ထွက်လေကနဲနဲရှည်ပေးရတယ်။ ဝင်လေနဲ့ထွက်လေ မမျှလို့ရှိလျှင် တော်တော်ကြာတော့ လေတွေဟာ အထဲမှာအောင်းပြီးတော့ လှုပ်လှုပ်ရှားရှား ဖြစ်လာတတ်တယ်။

https://www.thitsarparamisociety.com/



အာနာပါနဟာ လုပ်ထုံးရလျှင် အင်မတန်လွယ်ပါတယ်။ ဒီတော့ ထွက်လေကလေး ဂရုစိုက်လိုက်၊ ထွက်လေဆိုတာ ဘာလဲ။ ထုတ်ပစ်တဲ့ လေးကို ထွက်လေခေါ်တယ်။ ရှိုက်သွင်းတာကို ဝင်လေ၊ ရှူထုတ်တာကို ထွက်လေ၊ သတ္တဝါများ အပန်းဖြေတဲ့လေဟာ ထွက်လေဘဲ။ အင်မတန် စိတ်ဆင်းရဲတဲ့လူကို ကြည့်စမ်း၊ သက်မ,မချဘူးလား။ နှာခေါင်းနဲ့တလုံးလေ တွေ ဟင်း...ဆိုပြီး ထုတ်ပစ်လိုက်တယ်။

ဒီတော့ သက်သာမသွားဘူးလား။ ဒီတော့ ထွက်လေကအပန်းဖြေ တဲ့လေ။ ထွက်လေက အင်မတန်အရေးကြီးတယ်။ ဝင်လေဟာရှိုက်လေ၊ ထွက်လေဟာ ရှူလေ။ ဒီတော့ အသက်ရှူတယ်ဆိုတာ ဘာခေါ်သလဲ။ ထွက်လေကို ခေါ်တာ။ အာနာပါနလုပ်တဲ့လူဟာ ထွက်လေကို ဂရုစိုက်လုပ် ပါ။

၁–ဖြေးဖြေးကလေးထုတ်၊ ၅–ခါရှိတော့ နားနေဦး၊ နောက်ပြန်လုပ်၊ မမောသေးလို့ လုပ်နိုင်လျှင် ဆက်လုပ်။

၁–၂–၃–၄–၅ ခါစေ့လျှင် ရှေ့၆–ရမသွားနဲ့ တစ်ကပြန်အားထုတ်၊ သို့သော် ၅–ခါကလေးအတွင်းမှာတော့ ဘယ်မှမသွားပါနဲ့။ ကိုယ့်စိတ်ကို တောင်းပန်ထား။ ငါးခါပြည့်တဲ့အခါကျတော့ သူသွားချင်တဲ့နေရာ လွှတ်လိုက် ပေါ့။

အဲဒီတော့ ငါးခါဆိုလျှင် မောဦးမလား၊ မမောပါဘူး။ မမောလျှင် နောက်တခါ ငါးခါထပ်လုပ်။ မောမောရှိလျှင် နားနေ။ မောနေလျှင် အလွတ် မနားနဲ့။ မောနေလျှင် ရင်ထဲကကောင်းသေးသလား၊ မကောင်းတော့ဘူး။

ရင်ထဲကိုအာရုံပြုပြီးတော့ နားနေ။ မကြာဘူး အမောပြေသွားမယ်၊ အမောပြေလျှင် ပြန်လုပ်။

https://www.thitsarparamisociety.com/



အာနာပါနလုပ်ထုံးမှာ ဒီထက်လွယ်တာရှိသေးသလား။ မရှိတော့ဘူး၊ တရားဆိုတာ ခဲယဉ်းတာ ဘယ်တော့မှမလုပ်နဲ့၊ လွယ်တာလုပ်ပါ။ ခဲယဉ်းတာလုပ်လျှင် စိတ်ကူးစဉ်းစားတာနဲ့ အချိန်ကုန်တာဘဲ။ တရားကိုမဖြစ်ဘူး။

အဲဒီတော့ ထိုထိုလှုပ်ရှားမှု ကိုင်မှု တွယ်မှု စသည်တို့ကိုလည်း သတိထားပြီးတော့ လုပ်ပါ။ အာနာပါနရှုရာမှာလည်းဘဲ သတိထားပြီးတော့ ရှုပါ။ အဲဒီလို သတိထားပြီးရှုလျှင် အပ္ပမာဒတရားနဲ့ ပြည့်စုံမယ်။

ပြီးတော့ ဒီနေရာမှာ သတိထားဖို့လိုတယ်။ တရားရယ်လို့အားထုတ်လျှင် စိတ်ငြိမ်ချင်တာကအရင်၊ ကိုယ်ဖြင့် အားထုတ်တာ ဘာမှမကြာသေးဘူး။ စိတ်ငြိမ်ချင်တာကအရင်၊ စိတ်ငြိမ်တယ်ဆိုတာ ဘာလဲ စဉ်းစားစမ်း။ စိတ်ငြိမ်တယ်ဆိုတာ သမထ။ ယခုအလုပ်က ဝင်လျှင်ဝင်မှန်းသိ၊ ထွက်လျှင် ထွက်မှန်းသိ။ ဒီသတိကိုလုပ်တာ။ သမထကို မလုပ်ကြပါနဲ့ဦး။ စိတ်မငြိမ်ချင်နေပါစေ။ လုပ်ဖို့သာလိုရင်း။ ငြိမ်ဖို့ကလိုရင်း မဟုတ်ဘူး။ စိတ်အငြိမ်မြန်လျှင် အပြစ်မကင်းဘူး။

တရားအားထုတ်လို့ စိတ်နောက်တဲ့လူတွေဟာ အများအားဖြင့် စိတ်ငြိမ်တာက စတယ်။ စိတ်ငြိမ်တာဟာ အပြစ်မကင်းဘူး။ စိတ်ကို မငြိမ်ပါစေနဲ့၊ ထွက်ချင်ထွက်ပေစေ၊ ငြိမ်ချင်ငြိမ်ပေစေ၊ ငြိမ်တာထွက်တာ လိုရင်းမဟုတ်ဘူး။ လုပ်ဖို့သာ လိုရင်း။ အဲဒါ သတိကိုလုပ်တာ။ သမထလည်းမဟုတ်သေးဘူး။ ဝိပဿနာလည်း မဟုတ်သေးဘူး။ အမှန်က သတိလုပ်တာ။

ဒီတော့ သမထ ဝိပဿနာ မလုပ်သေးဘဲနဲ့ သတိကိုလုပ်နေလျှင် ဘာကုသိုလ်လဲ၊ **သီလကုသိုလ်**။ သီလ သမာဓိ ပညာဆိုတဲ့ တရားသုံးပါးအနက် သတိအလုပ်ကို ဘယ်အထဲသွင်းမလဲ။ သီလထဲသွင်းရတယ်။ အဲဒီသတိရင့်လာမှ သမာဓိရောက်၊ သမာဓိတခါရင့်လာတော့မှ ပညာရောက်တယ်၊ သတိဆိုတဲ့သီလကို လုပ်သဖြင့် မဂ်ဖိုလ်နိဗ္ဗာန်နဲ့ ဘယ်လိုဆက်သလဲ။

https://www.thitsarparamisociety.com/



သီလံ အဝိပ္ပဋိသာရတ္ထာယ အဝိပ္ပဋိသာရော ပါမောဇ္ဇတ္ထာယပါမော ဇ္ဇံ ပီတတ္ထာယ ပီတိ ပဿဒ္ဓတ္ထာယ ပဿဒ္ဓိ သုခတ္ထာယ သုခံ သမာဓတ္ထာယ သမာဓိ ယထာဘူတာ ဉာဏ ဒဿနတ္ထာယ ယထာဘူတ ဉာဏဒဿနံ နိဗ္ဗိ ဒတ္ထာယ နိဗ္ဗိဒါ ဝိရာဂတ္ထာယ ဝိရာဂေါ ဝိမုတ္တတ္ထာယ ဝိမုတ္တိ ဝိမုတ္တိဉာဏ ဒဿနတ္ထာယ ဝိမုတ္တိဉာဏဒဿနံ အနုပါဒိသေသ နိဗ္ဗာန်နတ္ထာယ လို့ဆိုတဲ့ အတိုင်း သတိဆိုတဲ့ သီလကစ၍ နိဗ္ဗာန်စသည်တိုင်အောင် အကြောင်းအ ကျိုး ဆက်သွားတယ်။

သတိအားထုတ်လို့ သီလပြည့်စုံလာတဲ့ ယောဂီပုဂ္ဂိုလ်မှာ ဘာအကျိုး တရားပေါ်မယ်။ စိတ်နှလုံးကြည်လင်လာမယ်။ စိတ်နှလုံးကြည်လင်ခြင်းအား ကောင်းလာတော့ ...ပါမောဇ္ဇ=**ဝမ်းမြောက်ခြင်းဖြစ်မယ်**။

ဝမ်းမြောက်ခြင်းအားကောင်းလာတော့ ပီတိ=**နှစ်သက်မယ်**။

နှစ်သက်ခြင်းအားကောင်းလာတော့ ပဿဒ္ဓိ=**ကိုယ်စိတ်နှစ်ပါး ငြိမ်း အေးလာမယ်**။

ငြိမ်းအေးခြင်းအားကောင်းလာတော့ **ကိုယ်စိတ်နှစ်ဖြာ ချမ်းသာတယ်**။

ဒီတော့ စိတ်နှလုံးကြည်လင်ရွှင်လန်းခြင်းအကျိုး၊ ဝမ်းမြောက်ခြင်း အကျိုး၊ နှစ်သက်ခြင်းအကျိုး၊ ငြိမ်းအေးခြင်းအကျိုး၊ ချမ်းသာခြင်းအကျိုး ဆိုတဲ့ ဒီလိုအကျိုးတွေ ပေါ်မလာသေးလျှင် ဘယ်လောက်စောင့်စောင့် သီလဟာ မပြည့်စုံသေးဘူး။ **အကျိုးပြည့်စုံမှ အကြောင်းပြည့်စုံမှာ**။ ပြီးတော့ ဆက်သွားလျှင်...

သုခံ သမာဓတ္ထာယ=**သီလပြည့်စုံလို့ ချမ်းသာတဲ့ပုဂ္ဂိုလ်ဟာ သမာဓိ မလိုချင်လို့ကို မရဘူး**။ သီလပြည့်စုံလျှင် သမာဓိအလိုလိုဖြစ်လာတာဘဲ။ ဒီတော့ သီလပြည့်စုံလို့ဖြစ်တဲ့ သမာဓိဟာ အပြစ်မရှိဘူး။

သီလအခြေခံ မလုံလောက်ဘဲနဲ့ စိတ်ငြိမ်မှုအရင်ဖြစ်လျှင် ဒီပုဂ္ဂိုလ်

https://www.thitsarparamisociety.com/



ဟာ ကိုးယိုးကားယား ဖြစ်တော့မယ်။ ဒီတော့ စိတ်ကို အငြိမ်မစောစေနဲ့။ စိတ်ငြိမ်ခြင်းကို အလိုမရှိပါနဲ့။ **သတိမြဲဘို့သာ အလိုရှိပါ**။ သမာဓိက အာရုံ တစ်ခုထဲ စူးစိုက်ရတယ်၊ သတိ ဆိုတာ အာရုံအများနဲ့ဆိုင်တယ်။ ပေါ်လာ သမျှအာရုံကို သတိထား။ တစ်ခုတည်းသောအာရုံ စိုက်မထားနဲ့။ သီလလုပ် ထုံးနဲ့ သမာဓိလုပ်ထုံး ကွာခြားတာပြောတယ်။ အေး...အဲဒီလောက်ဆို နား လည်လောက်ပါပြီ။

ဒီတော့ ထိုထိုဣရိယာပထ လှုပ်ရှားမှုမှာလည်းဘဲ သတိ လိုက်ရ မယ်။ အားနေတဲ့အခါ ထွက်လေဝင်လေကို သတိထားမယ်ဆိုလျှင် ဒီပုဂ္ဂိုလ် ဟာ အပ္ပမာဒတရား လေးစားတဲ့ပုဂ္ဂိုလ် မခေါ်နိုင်ဘူးလား။ အပ္ပမာဒတရား လေးစားလို့ရှိလျှင် အပ္ပမာဒေန သမ္ပာဒေထ လို့ မြတ်စွာဘုရားဟောတော် မူခဲ့တဲ့ စကားကို နားထောင်ရာ မရောက်ဘူးလား။

မြတ်စွာဘုရားရဲ့စကားတော်ကို နားထောင်ကြစမ်းပါ။ အင်မတန် ကျေးဇူးတင်စရာ ကောင်းပါတယ်။ ဘုရားဆိုတာ သတ္တဝါတို့၏အကျိုးငှာ ပွင့်တာ။ ဘယ်သတ္တဝါမျိုးကိုမဆို ဘုရားက အကျိုးစီးပွားလိုလားပါတယ်။ ဒီတော့ သတ္တဝါတွေရဲ့ အကျိုးစီးပွားအတွက် ပွင့်ပြီး သတ္တဝါတွေရဲ့အကျိုး စီးပွားကို လိုလားတဲ့ ကိုယ်တော်မြတ်ကြီး၏စကားကို လေးစားကြစမ်းပါ။ အမှတ်တမဲ့ မနေပါနဲ့။ အကျိုးမယုတ်ပါဘူး။ တရားအားထုတ်လို့ စီးပွားမ ပျက်ပါဘူး။ အချိုးကျသာ အားထုတ်။ စီးပွားပျက်လိမ့်မယ်လို့များ ထင်နေ ကြသလား။ တချို့က ဆင်ခြေပေးကြတယ်။ ကိုယ်တော်တို့က တရားအား ထုတ်ခိုင်းတာတော့ ဟုတ်ပါရဲ့။ ဝမ်းရေးကရှိသေးတယ်တဲ့။ သူတို့ဆင်ခြေ လုံလောက်ပြီ အောက်မေ့တယ်ထင်တယ်။ တရားအားထုတ်လို့ ဘယ်တော့ မှ ဝမ်းရေးမပျက်ပါဘူး။ စိတ်သာချ။

ဘောဂဝုဍ္ဎိ ကိတ္တိသဒ္ဒေါ၊ အမက္ကုံ မုဠ္ဌမစ္စုတာ။
သဂ္ဂင်္ဂမောတိ မေ ပဉ္စ၊ သမ္ပတ္တိယာ နိသံသကာ။ တဲ့

https://www.thitsarparamisociety.com/



တရားနဲ့ပြည့်စုံခြင်းရဲ့အကျိုးဟာ...

၁။ ဘောဂဝုမ္ဘိ=စည်းစိမ်ဥစ္စာ တိုးတက်ခြင်းငှင်း လို့ ပထမဆုံး ဟောတယ်။ ဒါဘုရားစကား မဟုတ်ဘူးလား။ ဘုရားမယုံကြည်ဘူးလား။

၂။ ကိတ္တိသဒ္ဒေါ=တန်ခိုးသတင်း ကျောဇောခြင်းငှင်းတဲ့ သီလနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ ဘယ်တော့မှနာမည်ဆိုး မထွက်ဘူး။ နာမည်ကောင်း သာထွက်တယ်။

၃။ အမက်ုံ=ဘယ်အခါမှ သီလနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ရဲ့ မျက်နှာဟာ မ သာမယာ မဖြစ်ဘူးတဲ့။ အခုကာလ လူချင်းတွေ့လျှင် မပြုံးဘူးလား။ ပြုံး တော့ပြုံးပါတယ်။ အထဲကမပါတော့ မျက်နှာရှုံ့မဲ့ကြီးပါဘဲ။

၄။ အမုဠ္ဌမစ္စုတာ=မတွေမဝေသေရခြင်းငှင်း။ သီလနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ သေလျှင် မတွေမဝေသေရတယ်။ အသိတရားနဲ့သေရတယ်။

၅။ သဂ္ဂဂ်မော=ဒီလူသေလျှင် နတ်ပြည်ရောက်မယ်တဲ့။ ဣတိ=ဤ သို့။ ဣမေပဉ္စ=ဤငါးပါးတို့သည်။ သမ္ပတ္တိယာ=သီလနဲ့ပြည့်စုံခြင်း၏။ အာ နိသံသကာ=အကျိုးတရားတို့ပေတည်း။

ဒီတော့ တရားကိုလိုက်စားလို့ စည်းစိမ်ဥစ္စာ ပျက်စီးတယ်ဆိုတာ ပညာရှိစကားမဟုတ်ပါဘူး။ ဘောဂဝုမ္ဘိ လေ။ တရားလိုက်စားလျှင် စည်းစိမ် ဥစ္စာ တိုးတက်ရမယ်လို့ ဘုရားမဟောထားဘူးလား။

အေး...အဒ္ဓဇ္ဇဝစနာဗုဒ္ဓေါ=ဘုရားကိုယ်တော်မြတ်တို့မည်သည် မှန် တဲ့စကားတစ်ခွန်း မှားတဲ့စကားတစ်ခွန်း ဒီလိုမရှိဘူး။ ဘုရားစကားဟာ အ မှန်ချည်းဘဲ။ ကြိုးစားပြီးတော့ ယုံယုံကြည်ကြည်နဲ့ လုပ်ကြစမ်းပါ။ မင်းတို့ ယုံယုံကြည်ကြည်နဲ့လုပ်လျှင် ဒိဋ္ဌဓမ္မအကျိုး ခံစားရမယ်။

https://www.thitsarparamisociety.com/



အပ္ပမာဒတရားကို အားထုတ်တာဟာ သီလသိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာကို ရစေနိုင်တယ်။ ဒါကြောင့် သိက္ခာနုတ္တရိယံ=အလွန်ဆုံး အကဲဆုံး အမြတ်ဆုံးဖြစ်တဲ့ သီလသိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာကို ရကြောင်းဖြစ်တဲ့ အကျင့်ကို ကျင့်ရခြင်းဇင်။

၁။ ဒဿနာနုတ္တရိယံ=မြင်ရခြင်းတကာတို့တွင် အလွန်ဆုံး အကဲဆုံး အမြတ်ဆုံးကို မြင်ရခြင်း။

၂။ သဝနာနုတ္တရိယံ=ကြားရခြင်းတကာတို့တွင် အလွန်ဆုံး အကဲဆုံး အမြတ်ဆုံးကို ကြားရခြင်း။

၃။ လာဘာနုတ္တရိယံ= ရခြင်းတကာတို့တွင် အလွန်ဆုံး အကဲဆုံး အမြတ်ဆုံးကို ရခြင်း။

၄။ သိက္ခာနုတ္တရိယံ=ကျင့်ရခြင်းတကာတို့တွင် အလွန်ဆုံး အကဲဆုံး အမြတ်ဆုံးကို ကျင့်ရခြင်း။

၅။ ပါရိစရိယာနုတ္တရိယံ=လုပ်ကျွေးရခြင်းတကာတို့တွင် အလွန်ဆုံး အကဲဆုံး အမြတ်ဆုံးဖြစ်တဲ့ ဘုရား–တရား–သံဃာကို လုပ်ကျွေးရခြင်းဇင်။ မိဘလုပ်ကျွေးရတယ်၊ ဆရာသမားလုပ်ကျွေးရတယ်၊ လင်လုပ်ကျွေးရတယ်၊ မယားလုပ်ကျွေးရတယ်၊ သားသမီးစသည်ဖြင့် လောကမှာ လုပ်ကျွေးရမှုတွေ အများကြီးရှိတယ်။ သို့သော်လည်း ဒီလုပ်ကျွေးခြင်းတွေဟာ မြတ်သောလုပ်ကျွေးခြင်း မဟုတ်ဘူးတဲ့။ ဘာကိုလုပ်ကျွေးမှ မြတ်တယ်။ ရတနာသုံးပါးကို လုပ်ကျွေးမှ မြတ်တယ်။ ပြီးတော့မှ…

အနုဿရတာနုတ္တရိယံ=အောက်မေ့ရခြင်းတကာတို့တွင် အလွန်ဆုံး အကဲဆုံး အမြတ်ဆုံးဖြစ်တဲ့ ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ်ကိုအောက်

https://www.thitsarparamisociety.com/



မေ့ရခြင်းဝှင်း။ မယားအောက်မေ့ရတယ်၊ သားအောက်မေ့ရတယ်၊ မိတ်ဆွေအောက်မေ့ရတယ်၊ လောကမှာ အောက်မေ့ရခြင်း အမျိုးမျိုးတွေရှိတယ်။ အဲဒီအောက်မေ့ရခြင်းတွေဟာ အလကားအောက်မေ့ရခြင်းတဲ့။ အနုတ္တရိယဖြစ်သော အောက်မေ့ခြင်း မဟုတ်ဘူးတဲ့။ လွန်ကဲမြင့်မြတ်တဲ့ အောက်မေ့ခြင်းဆိုတာက ဘုရားဂုဏ် အောက်မေ့ရမယ်။ တရားဂုဏ်အောက်မေ့ရမယ်၊ သံဃာဂုဏ် အောက်မေ့ရမယ်။

ဒီတော့ ဘုရားဂုဏ် တရားရဂုဏ် သံဃာဂုဏ် အောက်မေ့ခြင်းသည်သာလျှင် အမြတ်ဆုံးဖြစ်တယ်။ အဲဒီအနုတ္တရိယ(၆)ပါးကို ပဋိရူပဒေသဝါသအရပ်မှာ နေမှရနိုင်တယ်။

ပတိရူပဒေသဝါသောစ၊ ပုဗ္ဗေစ ကတပုညတာ၊
အတ္တသမ္မာ ပဏိဓိစ၊ ဧတံ မင်္ဂလ မုတ္တမံ။

(မင်္ဂလသုတ် ပါဠိတော်)

ပတိရူပဒေသဝါသ အရပ်မှာ နေရခြင်းသည်။ ပတိရူပဒေသဝါသမင်္ဂလာတဲ့။ ဒီတော့ ပတိရူပဒေသအရပ်ဆိုတာ အဲဒီ အနုတ္တရိယ(၆)ပါးကို ရနိုင်တဲ့ အရပ်ဒေသမှာ နေခြင်းကို ပတိရူပဒေသဝါသ ခေါ်တာ။ ဘုရားကိုဖူးမြင်ရတယ်။ တရားကိုနာရတယ်။ သုတ စာဂအစရှိသော သူတော်ကောင်းဥစ္စာကို ရနိုင်တယ်။ သီလ သမာဓိ ပညာသိက္ခာဖြစ်ကြောင်းအကျင့်ကို ကျင့်ရတယ်။ ရတနာသုံးပါးဂုဏ်ကို အောက်မေ့ရတယ် ဆိုတဲ့ အမြတ်ဆုံးတရား(၆)ပါး ရနိုင်တဲ့နေရာဌာနသည် ပတိရူပဒေသဝါသ မင်္ဂလာဘဲ။

ပုဗ္ဗေစ ကတပုညတာ မင်္ဂလာဆိုတာကတော့ ဟို...ရှေးရှေးက ပြုခဲ့ဘူးတဲ့ ကောင်းမှုရှိလို့သာလျှင် တရားနာ လာနိုင်ကြတာပေါ့။

အတ္တ ဆိုတာ စိတ်ကိုဆောက်တည်ရမယ်။ စိတ်ကိုပေါက်လွှတ်ပဲစား

https://www.thitsarparamisociety.com/



မထားပါနဲ့။ မတော်တဲ့ဘက်ကို မလိုက်ပါစေနဲ့။ စိတ်ထင်တိုင်း မလုပ်ပါနဲ့။ ဒီလို ဆိုလိုတယ်။

ဒါ အနုတ္တရိယ(၆)ပါးကို ဟောမိတဲ့အတွက် ဒီမင်္ဂလာသုံးပါးကို အပြည့်အစုံ ပြောလိုက်ရတယ်။ အဲဒီ မင်္ဂလာသုံးပါးတို့တွင် စိတ်ကိုကောင်းစွာ ထားနိုင်တဲ့ အတ္တသမ္မာပဏိဓိ မင်္ဂလာနဲ့ပြည့်စုံအောင် အပ္ပမာဒတရားကို အားထုတ်ဖို့ အရေးကြီးတယ်။ အပ္ပမာဒတရားကို အားထုတ်လို့ရှိလျှင် မြတ်စွာဘုရားမှာခဲ့တဲ့အတိုင်း မြတ်စွာဘုရားစကား နားထောင်ရာ ရောက်တယ်။ မြတ်စွာဘုရားစကား နားထောင်ရာရောက်တော့မှ မြတ်စွာဘုရားရဲ့ သားကောင်း မြတ်စွာဘုရားရဲ့ သမီးကောင်း ဒီလိုဖြစ်ရမှာပေါ့။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။ လို့...

သရဏဂုံသုံးပါးဆောက်တည်ထားလို့ ဗုဒ္ဓဘာသာတွေဖြစ်ပြီး ဒို့လည်း ဘုရားသားတော် ဘုရားသမီးတော်လို့ ဆိုပေမယ်လို့ သားဆိုးသမီးဆိုးတွေ ဖြစ်နေလျှင် ဘာလုပ်မှာလဲ။ သားကောင်းသမီးကောင်းမှ မိဘရဲ့အမွေကို ခံရတယ်။ သားဆိုး သမီးဆိုးဆိုတာ မိဘရဲ့အမွေကို မခံရဘူး။ ဘုရားအမွေ ခံရဖို့ရာ အင်မတန်အရေးကြီးပါတယ်။ မြတ်စွာဘုရား အမွေတော်ဖြစ်တဲ့ တရားအမွေကို ခံလိုက်ရလျှင်ဖြင့် ဒီပုဂ္ဂိုလ်ဟာ ယခုတရားအားထုတ်တဲ့အချိန်ကစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် ဘယ်အခါမှ မဆင်းရဲတော့ဘူး။ ဒါကြောင့် တရားကို ကြိုးစားပြီး လုပ်ကြစမ်းပါ။

လောကကို သိပ်ပြီးတော့မလိုက်စားပါနဲ့။ ဘာလုပ်မှာလဲ။ လောကဆိုတာ တစ်သံသရာလုံး လိုက်စားလာခဲ့ကြတာ၊ တရားလိုက်စားလို့လည်း လောကဘက်က မဆုပ်ပါဘူး။တိုးသာတိုးတက်ဦးမယ်။ သို့သော်လည်း တရား

https://www.thitsarparamisociety.com/



လိုက်စားလာလို့ လောကဘက်က တိုးပွားလာရော၊ တိုးပွားလာတော့ တရားလက်လွှတ်ပြီး လောကီဘက် လိုက်သွားရော။ လိုက်သွားတော့ ဒီယောဂီဟာ ဘာဖြစ်တယ်။ အောင်ကြူကြူ ဖြစ်သွားတယ်။

တရားဟာ မခဲယဉ်းပါဘူး။ အင်မတန်လွယ်ပါတယ်။ အစွဲကျွတ်အောင် ချွတ်ဖို့ကခက်တယ်။ ဒို့အစွဲ ချွတ်တာက ကန်တော့ပွဲတွေ ဘာတွေတော့ မပြင်ရပါဘူး။

သက္ကာယဒိဋ္ဌိအစွဲကို ပဋိစ္စသမုပ္ပာဒ်ဉာဏ်နဲ့ ချွတ်လွှဲရမယ်။
ရုပ်သည်–ငါ။ ရုပ်ရှိသော ငါ။

ပြီးတော့မှ ငါ၌တည်သောရုပ်။ ရုပ်၌တည်သော ငါ။ အေး...ဒါဘဲ၊ ဘာမှမခဲယဉ်းပါဘူး။
ငါ၌ရုပ်တည်၏။ ရုပ်၌ငါတည်၏။
ဒီလိုလည်း ဖြစ်ပါတယ်။ ဘယ်လိုဘဲဆိုဆို အမှန်က ရုပ်မှာသက္ကာယဒိဋ္ဌိစွဲ (၄)မျိုးပေါ်အောင်ဆိုတာ

၁။ ရုပ်သည် ငါ တမျိုး။
၂။ ရုပ်၌ရှိသော ငါ တမျိုး။
၃။ ငါ၌တည်သောရုပ် တမျိုး။
၄။ ရုပ်၌တည်သော ငါ တမျိုး။

အေး...သက္ကာယဒိဋ္ဌိစွဲ(၄)မျိုး ရှိတယ်။ ဒီတော့ ရုပ်သည်ငါ၊ ရုပ်ရှိသောငါ၊ ဒီ(၂)လုံးကို ရအောင်ဆို။ ပြီးတော့မှ ငါ၌တည်သောရုပ်။ ရုပ်၌တည်သော ငါ။ ဒီ(၂)လုံးကို ရအောင်ဆို။ (၂)ပိုဒ်ခွဲထားလိုက်တော့ လွယ်ပါတယ်။

https://www.thitsarparamisociety.com/



ဒီတော့ ရုပ်ကိုသိလျှင် ဝေဒနာလည်း အလွယ်ဘဲ။

ဝေဒနာသည် ငါ၊ ဝေဒနာရှိသော ငါ၊
ငါ၌တည်သော ဝေဒနာ၊ ဝေဒနာ၌တည်သော ငါ။ အတူတူဘဲ။

သညာ သွား...
သညာသည် ငါ၊ သညာရှိသော ငါ၊
ငါ၌တည်သော သညာ၊ သညာ၌တည်သော ငါ။

သင်္ခါရသည် ငါ၊ သင်္ခါရ၌တည်သော ငါ၊
ငါ၌တည်သော သင်္ခါရ၊ သင်္ခါရ၌တည်သော ငါ။

ဝိညာဏ်သည် ငါ၊ ဝိညာဏ်ရှိသော ငါ၊
ငါ၌တည်သော ဝိညာဏ်၊ ဝိညာဏ်၌တည်သော ငါ။

အေး...ရုပ်ရယ် ဝေဒနာရယ် သညာရယ် သင်္ခါရရယ် ဝိညာဏ်ရယ်၊ ခန္ဓာငါးပါး။ ခန္ဓာတစ်ပါးမှာ (၄)ပါးစီ၊ (၄)ပါးစီစွဲသောကြောင့် ငါးလေးလီ (၂၀)။ အဲဒါကို သက္ကာယဒိဋ္ဌိ (၂၀)လို့ ခေါ်တယ်။ အဲဒီ သက္ကာယဒိဋ္ဌိ(၂၀) ဟာ လူတိုင်းလူတိုင်းမှာ ရှိနေကြတယ်။ ဒါ အစွဲခေါ်တယ်။ အဲဒီအစွဲကို ပဋိစ္စသမုပ္ပာဒ်ဉာဏ်နဲ့ချွတ်ရမယ်တဲ့။ သည့်ပြင်နည်းနဲ့ ချွတ်လို့မရဘူး။

ဒါကြောင့် ပဋိစ္စသမုပ္ပာဒ်ကိုလည်း မသိ,သိအောင် ဟောနေရတယ်၊ ပဋိစ္စသမုပ္ပာဒ်ဟာ ခဲယဉ်းတယ်။ ဘယ်မှာသိနိုင်မှာလဲလို့ စိတ်မပျက်ကြပါနဲ့။ သိပါစေ့မယ်။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ အဝိဇ္ဇာက အဝိဇ္ဇာ။ ပစ္စယာက အကြောင်းကြောင့်။ အဝိဇ္ဇာပစ္စယာ=အဝိဇ္ဇာအကြောင်းကြောင့်။ သင်္ခါရာ=သင်္ခါရတို့သည်။

https://www.thitsarparamisociety.com/



သမ္ဘဝန္တိ=ဖြစ်ကုန်၏။ အဝိဇ္ဇာဆိုတာ မသိမိုက်မဲမှု။ သင်္ခါရဆိုတာ ကုသိုလ်ကံ အကုသိုလ်ကံ၊ မသိမိုက်မဲမှုကြောင့် ကုသိုလ်ကံ အကုသိုလ်ကံဖြစ်သည်။

အေး…ကုသိုလ်ကံ အကုသိုလ်ကံဖြစ်နေတာ မသိမိုက်မဲမှုကြောင့် ဖြစ်နေတာလို့ မြတ်စွာဘုရားကဟောတော်မူတယ်။ ပါဠိလိုဆိုတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ ဗမာလိုဆိုတော့ မသိမိုက်မဲမှုကြောင့် ကုသိုလ် အကုသိုလ် ဖြစ်သည်။ မသိမှုကြောင့် ကုသိုလ်အကုသိုလ်ဖြစ်သည် ဆိုတာနဲ့ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတာနဲ့ အတူတူဘဲ။ ဘာမှမထူးဘူး။ မသိမှုဟာ မောဟ။ ကုသိုလ် အကုသိုလ်ဆိုတာက ကံပေါင်း(၂၉)ပါး။ အကုသိုလ်ကံ(၁၂)ပါး။ ကာမကုသိုလ်ကံ(၈)ပါး။ ပေါင်းလိုက်တော့(၂၀)။ ရူပကုသိုလ်(၅)ပါး၊ အရူပကုသိုလ်(၄)ပါး။ ခုတင်က (၂၀)နဲ့ပေါင်းတော့ (၂၉)ပါး။ အေး…ကုသိုလ်ကံ အကုသိုလ်ကံ(၂၉)ပါးဆိုတာ ဒါပြောတာ။ အဲဒီ(၂၉)ပါးကို သင်္ခါရ ခေါ်တယ်။

အဝိဇ္ဇာပစ္စယာ=အဝိဇ္ဇာအကြောင်းကြောင့်။ သင်္ခါရာ=သင်္ခါရတို့သည်။ သမ္ဘဝန္တိ=ဖြစ်ကုန်၏။ လို့လွယ်လွယ်ပေး။ လွယ်လွယ်ပေးပြီးတော့မှ အဝိဇ္ဇာဆိုတာ မသိမှု။ သင်္ခါရဆိုတာ ကုသိုလ်ကံ အကုသိုလ်ကံ။ မသိမှုကြောင့် ကုသိုလ်ကံ အကုသိုလ်ကံ ဖြစ်တယ်။

သင်္ခါရပစ္စယာ ဝိညာဏံ။ သင်္ခါရပစ္စယာ=ကံသင်္ခါရ ဟူသောအကြောင်းကြောင့်။ ဝိညာဏံ=စိတ်ဝိညာဏ်သည်။ သမ္ဘဝန္တိ=ဖြစ်ပွား၍နေ၏။ ဟော…ကံသင်္ခါရကြောင့် စိတ်ဝိညာဏ်ဖြစ်၍ နေတယ်တဲ့။

စိတ်ဝိညာဏ်က ဘယ်နှစ်ပါးလဲ။ (၆)ပါး။
၁။ မျက်စိကမြင်ခြင်း ဝိညာဏ်တစ်ပါး။
၂။ နားကကြားခြင်း ဝိညာဏ်တစ်ပါး။
၃။ နှာခေါင်းကနံခြင်း ဝိညာဏ်တစ်ပါး။

https://www.thitsarparamisociety.com/



၄။ လျှာက အရသာဝါးခြင်း ဝိညာဏ်တစ်ပါး။
၅။ ခန္ဓာကိုယ်က တွေ့ထိခြင်း ဝိညာဏ်တစ်ပါး။
၆။ ရင်ထဲနှလုံးထဲက စိတ်ကူး၍သိခြင်း ဝိညာဏ်တစ်ပါး။

ခန္ဓာကိုယ်မှာ ဝိညာဏ်ဘယ်နှစ်ပါးလဲ။ (၆)ပါး။ အဲဒီဝိညာဏ်(၆)ပါး ဟာ ဘယ်သူကြောင့် ဖြစ်သလဲ။ ကံကြောင့်။ ရှေးအတိတ်က ပြုလုပ်ခဲ့တဲ့ ကံကြောင့် မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ ဝါးစိတ်၊ ထိစိတ်၊ သိစိတ်လို့ခေါ်တဲ့မြင်ဝိညာဏ် ကြားဝိညာဏ် နံဝိညာဏ် ဝါးဝိညာဏ် ထိဝိညာဏ် သိဝိညာဏ် လို့ ဝိညာဏ်(၆)ပါး ဖြစ်တယ်။

မသိမိုက်မဲမှု အဝိဇ္ဇာကြောင့် ကုသိုလ်ကံ အကုသိုလ်ကံသင်္ခါရဖြစ်။ ကုသိုလ်ကံ အကုသိုလ်ကံ သင်္ခါရကြောင့် စိတ်ဝိညာဏ်ဖြစ်။

ဓမ္မာနံ ပစ္စယာနဉ္စ သရူပတော ဝိနိစ္ဆယော။

ဓမ္မာနဉ္စ=ပဋိစ္စသမုပ္ပာဒ်တရားကိုယ်၏၎င်း။ ပစ္စယာနဉ္စ=ပဋိစ္စသမုပ္ပာဒ် ပစ္စည်း ပဋ္ဌာန်းပစ္စည်းတို့၏၎င်း။ သရူပတော=သရုပ်အားဖြင့်။ ဝိနိစ္ဆယော= ဆုံးဖြတ်ရမည်။

ပဋိစ္စသမုပ္ပာဒ် အဆုံးအဖြတ်ဟာ ဒါပါဘဲ။ တရားကိုယ်က ဘယ်သူ ဘယ်အကြောင်းကြောင့်ဖြစ်တယ်။ ဘယ်ဘိုအကျိုးပေးတယ်။ တရားကိုယ်က လည်း ဘာခက်သလဲ။

အဝိဇ္ဇာဆိုတာ မောဟ။ မောဟဆိုတာ မသိမိုက်မဲမှု။ မသိမိုက်မဲမှု ရယ် မောဟရယ် အဝိဇ္ဇာရယ် ထူးသေးသလား။ မထူးပါဘူး။ အဲဒီတော့ အဝိဇ္ဇာရဲ့တရားကိုယ်ကို သိရောပေါ့။

https://www.thitsarparamisociety.com/



သင်္ခါရဆိုတာ ကံ။ အေး…ကံက ကုသိုလ်ကံ အကုသိုလ်ကံ(၂)မျိုး။ အားလုံးရေတွက်လိုက်တော့ အကုသိုလ်ကံက(၁၂)ပါး။ ကာမကုသိုလ်ကံက (၈)ပါး။ ရူပစျာန်ကုသိုလ်ကံက (၅)ပါး။ အရူပစျာန်ကုသိုလ်ကံက (၄)ပါး။ အားလုံးပေါင်းလိုက်တော့(၂၉)ပါး။ သင်္ခါရ၏အရ စေတနာကံကိုလည်း သိရော မဟုတ်လား။

ပြီးတော့မှ သင်္ခါရပစ္စယာဝိညာဏံမှာ သင်္ခါရ၏အရက ဒီကံ(၂၉)ပါးဘဲ။ ဝိညာဏ်အရက(၆)ပါး။ မြင်ဝိညာဏ်၊ ကြားဝိညာဏ်၊ နံဝိညာဏ်၊ ဝါးဝိညာဏ်၊ ထိဝိညာဏ်၊ သိဝိညာဏ်၊ အဲဒီဝိညာဏ်(၆)ပါး။ တရား တရားဆိုပေမဲ့ စာထဲကတရားကိုသိရုံနှင့် တရားမရဘူး။ ခန္ဓာကိုယ်ထဲက ဖြစ်တဲ့တရားသိမှ တရားရမှာ။ စာထဲကတရားကိုလိုက်စားလို့ တတ်လို့ရှိလျှင် အဲဒီတတ်တဲ့စာကလေးကို နှလုံးသွင်းမကောင်းတဲ့ပုဂ္ဂိုလ်များဟာ အပါယ်ရိက္ခာ လုပ်တတ်တယ်။ အဲဒါကြောင့် စာထဲကတရားကို သိဖို့အသာထားပြီး ခန္ဓာကိုယ်ထဲကတရားကို သိဖို့ဟောရမယ်။

၁။ မြင်ဝိညာဏ် ဆိုတော့ ဘယ်ကမြင်သလဲ။ မျက်လုံးထဲကလေ။
၂။ ကြားဝိညာဏ်ဆိုတော့ နားက။
၃။ နံဝိညာဏ်ဆိုတော့ နှာခေါင်းက။
၄။ စာဝိညာဏ်ဆိုတော့ လျှာက။
၅။ ထိဝိညာဏ်ဆိုတော့ ခန္ဓာကိုယ်က။
၆။ သိဝိညာဏ်ဆိုတော့ ရင်ထဲနှလုံးထဲက။

ဒီတော့ မြင်၊ ကြား၊ နံ၊ ဝါး၊ ထိ၊ သိဆိုတဲ့ ဝိညာဏ်(၆)ပါးဟာ ခန္ဓာကိုယ်ထဲမှာ ဖြစ်သလား။ စာအုပ်ထဲမှာ ဖြစ်သလား။ ခန္ဓာကိုယ်ထဲမှာ ဖြစ်တာ။ အေး…ခန္ဓာကိုယ်ထဲက ဖြစ်တာသိမှ တရားတဲ့။ ဒီတော့ သင်္ခါရပစ္စယာဝိညာဏံ သိလောက်ပါပြီ။

https://www.thitsarparamisociety.com/



ဝိညာဏပစ္စယာ နာမရူပံ။ ဝိညာဏပစ္စယာ=စိတ်ဝိညာဏ်ဟူသော အကြောင်းကြောင့်။ နာမရူပံ=နာမ်နှင့်ရုပ်သည်။ သမ္ဘဝန္တိ=ဖြစ်၍နေ၏။ စိတ်ဝိညာဏ်ဟူသော အကြောင်းကြောင့်။ နာမ်နဲ့ရုပ်ဖြစ်ပြီးတော့နေတယ်။ အဲဒါ အရေးကြီးတာဘဲ။ ဒီနာမ်နဲ့ရုပ်ကိုဘဲ လူမှတ်နေကြတယ်။ လှည်းအိမ် ဝင်ရိုး လှည်းဘီး လှည်းရဲ့အဆောက်အဦး ကရိယာတွေသာ အမှန်ရှိတာ။ ထိုနည်းတူစွာ နာမ်ရုပ်အစုကို ယောကျာ်းကောင် မိန်းမကောင်မှတ်နေတယ်။ အမှန်က ယောကျာ်းကောင် မိန်းမကောင် မရှိ။ နာမ်နဲ့ရုပ်သာ အမှန်ရှိတယ်။

ဒီတော့ နာမ်နဲ့ရုပ်သိဖို့ အရေးကြီးပါတယ်။ အာရုံကိုစိတ်ကူးတာ။ အာရုံရှိရာသို့ ညွတ်နေတာကို နာမ်ခေါ်တာ။ နာမ်ဆိုတာနဲ့ညွတ်နေတယ်ဆိုတာနဲ့ အတူတူဘဲ။ ဒီတော့ မိမိနှလုံးထဲက စိတ်ကူးပြီးနေတာကို ဒို့က နာမ်လို့ မသုံးဘူး။ အာရုံရှိရာသို့ ညွတ်နေတယ်လို့ သုံးတယ်။ ဒီတော့ အာရုံရှိရာသို့ ညွတ်နေတယ်လို့ သုံးတာနဲ့ နာမ်ဆိုတာနဲ့ အတူတူပါဘဲ။ ဒီနာမ်ဆိုတဲ့တရားဟာ အာရုံနဲ့ကင်းလို့မဖြစ်နိုင်ဘူး။

တောင်ဝှေးကြိုးတန်း၊ သူမစွမ်းကို၊ မပန်းရလေ၊ ထိုင်ထစေသို့၊ စိတ်စေလေးတန်၊ နာမက္ခန်ကို၊ ဖြစ်ဟန်တူစွာ၊ ရှုစ်သဘာတွင်။

ဆွဲထောက်ရာအာရုံ၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော အာရမ္မဏ ပစ္စည်းတဲ့။

အားမရှိတဲ့လူမမာများဟာ တောင်ဝှေးထောက်ပြီးတော့ ထ,ရတယ်။ အားမရှိတဲ့လူမမာများဟာ ကြိုးတန်းကိုင် လျှောက်ရတယ်။ ဒီတော့ တောင်ဝှေးတို့ ကြိုးတန်းတို့ဟာ လူမမာရဲ့ အားကိုးရာဖြစ်သကဲ့သို့ အဆင်း အသံ အနံ့ အရသာ အတွေ့နှင့် သိဖွယ်ဟူသော အာရုံများသည် နာမ်တရားရဲ့ အားကိုးရာဖြစ်တယ်။ အဆင်း အသံ အနံ့ အစရှိသော အာရုံမရှိဘဲနဲ့ ဒီနာမ်ဟာ ဘယ်လိုမှမဖြစ်နိုင်ဘူး။

https://www.thitsarparamisociety.com/



ဒီတော့ အဆင်း အသံ အနံ့ အစရှိသောအာရုံက တောင်ဝှေးကြိုးတန်းနဲ့တူတယ်။ နာမ်က လူမမာနဲ့တူတယ်။ အဲဒီတော့ လူမမာသည် တောင်ဝှေးကြိုးတန်းကိုဆွဲပြီးတော့ အားပြုရသကဲ့သို့ ဖဿ ဝေဒနာအစရှိသောနာမ်တရားများသည် ထိုထိုအာရုံကို အားပြုရတယ်။

မျက်စိနဲ့မြင်ရတာ အဆင်း၊ နားနဲ့ကြားရတာ အသံ၊ နှာခေါင်းနဲ့နံရတာ အနံ့၊ လျှာနဲ့စားရတာ အရသာ၊ ခန္ဓာကိုယ်နဲ့တွေ့ရတာ အတွေ့၊ စိတ်နဲ့သိရတာ သဘော။ အဲဒီတော့ အဆင်း အသံ အနံ့ အရသာ အတွေ့ အမြင် စိတ်နှလုံးထဲက သိစရာအာရုံတွေ အများအပြားရှိတယ်။ အဲဒီ သိစရာအာရုံတွေကိုတော့ သဘောအာရုံခေါ်တယ်။

ဒီတော့ စာလိုခေါ်တော့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ။ ဗမာလိုခေါ်တော့ အဆင်း အသံ အနံ့ အရသာ အတွေ့ သဘော။ အဲဒါ အာရုံ(၆)ပါးဘဲ။ ဒီတော့ နာမ်ဆိုတဲ့တရားဟာ အာရုံရှိရာသို့ အမြဲမပြတ် စိတ်ကူးပြီးတော့ ညွတ်နေသောကြောင့် ဖဿ ဝေဒနာ အစရှိသော စေတသိက်တရားစုတွေကို နာမ်။

ဆရာတော်ဘုရားကြီးရဲ့ ပဋိစ္စသမုပ္ပာဒ်လင်္ကာက ဘယ်နှယ်ဆိုတယ်။ ခြောက်ပါးဝိညာဏ်၊ စွမ်းရည်အင်ကြောင့်၊ အဲဒီလိုမဆိုဘူးလား၊ ဆိုတဲ့အတိုင်း ခြောက်ပါးဝိညာဏ် မင်းတို့မသိဘူးလား။ မျက်စိဝိညာဏ်၊ နားဝိညာဏ်၊ နှာခေါင်းဝိညာဏ်၊ လျှာဝိညာဏ်၊ ကိုယ်ဝိညာဏ်၊ မနောဝိညာဏ်၊ ဝိညာဏ်ဘယ်နှစ်ပါးလဲ။ ခြောက်ပါး။ အဲဒီဝိညာဏ်ခြောက်ပါးဟာ အစွမ်းသတ္တိရှိတယ်။

မီးတွင်ရှိန်ဝါ၊ ထက်ကြပ်ပါသို့၊ မက္ကာတူကွ၊ ဖြစ်ပေါ်ကြသား။

မီးရယ်လို့ တောက်လာလျှင် ဒီမီးမှာ အရှိန်အဝါပါသကဲ့သို့ စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှာဝိညာဏ် ကာယဝိညာဏ် မ

https://www.thitsarparamisociety.com/



နောဝိညာဏ်၊ ဆိုတဲ့ဝိညာဏ်ခြောက်ပါး ဖြစ်လာလျှင် ဖဿ ဝေဒနာအစရှိသော စေတသိက်တွေ အတူတကွ ပါလာတယ်လို့ ဒီလိုဆိုလိုတာ။ စေတသိက်ဆိုတဲ့တရားက ဘယ်သူလဲလို့ တခါမေးပြန်တော့...

ဖဿ ဝေဒနာ စေတနာနှင့် သညာ ဝိတက်စသည်တို့ဘဲ။ ဖဿဆိုတာက ဘာလဲ။ အာရုံနဲ့စိတ်နဲ့တွေ့တာကို ခေါ်တယ်။ အာရုံကို အကောင်းအဆိုး ခံစားတာ ဝေဒနာ။ ဖဿလည်း ကိုယ်မသိနိုင်တဲ့တရား မဟုတ်ဘူး၊ ဝေဒနာလည်းဘဲ ကိုယ်မသိနိုင်တဲ့ တရားမဟုတ်ဘူး။

ပြီးတော့ စေတနာ။ တယ်"စေတနာကောင်းတဲ့လူကွာ။ ဒီအကောင်စေတနာကောင်းရှိတယ်။ အေး...အဲဒါ ဘာလဲ။ စေတနာပေါ့။

စေတနာဆိုတာ နှိုးဆော်တိုက်တွန်းခြင်းသဘောတဲ့။ သတိဆိုတဲ့တရားကိုလည်းရအောင် သဒ္ဓါဆိုတဲ့တရားကိုလည်း ကြည်လင်အောင် စေတနာက အဲဒီလို တိုက်တွန်းတတ်တယ်။ အဲဒီလို တိုက်တွန်းတဲ့သဘောကို စေတနာ ခေါ်တယ်။

မကောင်းတဲ့ အကုသိုလ်ကျတော့လည်းဘဲ စေတနာဘဲ တိုက်တွန်းတာဘဲ။ စေတနာတိုက်တွန်းများလေ အကုသိုလ်ကြမ်းကြမ်းတမ်းတမ်း လုပ်လေဘဲ။ ဒီတော့ ကုသိုလ် အကုသိုလ်လုပ်အောင် တိုက်တွန်းတဲ့တရားဟာ စေတနာ။ ဒီတာ့ ဖဿလည်း သိနိုင်တယ်။ ဝေဒနာလည်း သိနိုင်တယ်။ စေတနာလည်း သိနိုင်တယ်။

သညာဆိုတာကျတော့ အာရုံကို မှတ်သားတာပေါ့။ ဝိတက်ဆိုတာက ကြံစည်စိတ်ကူးစဉ်းစားတာ။ ဒီတော့ ကိုယ့်ဟာကိုယ် ကြံစည်စိတ်ကူးစဉ်းစားတာကော ကိုယ်မသိနိုင်ဘူးလား။ ဒီအာရုံတွေကို တွေ့ခြင်းသဘောဖဿ။ အာရုံကိုခံစားခြင်းသဘော ဝေဒနာ။ စေ့ဆော်တိုက်တွန်းခြင်းသဘော

https://www.thitsarparamisociety.com/



စေတနာ။ အာရုံကို မှတ်သားခြင်းသဘော သညာ။ ကြံစည်စိတ်ကူးခြင်းသဘော ဝိတက်။ အဲဒီတရားတွေဟာ နာမ်တရားတွေဘဲ။

မက္ခာတူက္ခ၊ ဖြစ်ပေါ်ကြသား၊ ဖဿ ဝေဒနာ စေတနာနှင့်၊ သညာ ဝိတက်။

အားလုံးနာမ်တရား ၅၂–ပါးရှိတဲ့အနက်က ဒီငါးပါးကိုသာ ဆရာတော်ကြီးက ဖေါ်ပြတယ်။ ဒီလောက်ဆိုလျှင် ရှေ့လျှောက် သိလောက်ပါပြီကွယ်...တဲ့။

စေတသိက်မှာ အကုသိုလ်သောဘဏ အညသမာန်းလို့ (၃)မျိုးရှိတယ်။ အကုသိုလ်ဆိုတာ မောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ အစရှိတဲ့ စေတသိက်(၁၄)ပါး။ မောဟဆိုတာ ဘာလဲ။ မသိမိုက်မဲမှု။ အဟိရိကဆိုတာ မရှက်မှု။ အနောတ္တပ္ပဆိုတာ မကြောက်မှု။ ဥဒ္ဓစ္စဆိုတာ စိတ်ပျံ့လွင့်မှု။ ဒါတွေဟာ ကုသိုလ်လား အကုသိုလ်လား။ အကုသိုလ်တွေ။ အဲဒီလို အကုသိုလ်နဲ့ ပတ်သက်တဲ့နာမ်တရားပေါင်း (၁၄)ပါး ရှိတယ်။

သဒ္ဓါ သတိ ဟိရိ ဩတ္တပ္ပ။ သဒ္ဓါဆိုတာ စိတ်ကြည်လင်တယ်။ သတိ ဆိုတာ အောက်မေ့တယ်။ ဟိရိ ဆိုတာ မကောင်းမှုကိုရှက်တယ်။ ဩတ္တပ္ပဆိုတာ မကောင်းမှုကို ကြောက်တယ်။ အဲဒီ (၄)ပါးအစရှိသော စေတသိက် ၂၅–ပါးက သောဘဏ။ ပြီးတော့မှ ဖဿ ဝေဒနာအစရှိသော (၁၃)ပါးသော စေတသိက်က အညသမာန။ အညသမာနဆိုတာ လူပေါင်းကောင်းတဲ့လူလိုဘဲ။ ဘုရားတကာနဲ့လည်းပေါင်းလိုက်တာဘဲ၊ ဘိန်းစားနဲ့လည်းပေါင်းလိုက်တာဘဲ။

အညသမာန်းဆိုတဲ့စေတသိက်(၁၃)ပါးက အကုသိုလ်ဖြစ်ရာမှာလည်း သူပါတယ်။ ကုသိုလ်ဖြစ်ရာမှာလည်း သူပါတယ်။ ဒီတော့ အညသမာန်းဆိုတာ လူပေါင်းကောင်းတဲ့ လူနဲ့တူတယ်။

https://www.thitsarparamisociety.com/



ဒီတော့ သဒ္ဓါ သတိအစရှိသောတရားက အကောင်းသက်သက်။ မောဟ အဟိရိက အစရှိသောတရားက အဆိုးသက်သက်။ ဖဿ ဝေဒနာ အစရှိသောတရားက အဆိုးသက်သက်။ ဖဿ ဝေဒနာအစရှိသောတရားက အကောင်းအဆိုး နှစ်မျိုးရောနေတယ်။ ဒီတော့ အကောင်းအဆိုးရောနေတဲ့ စေတသိက်က (၁၃)ပါး။ အဆိုးသက်သက် စေတသိက်က(၁၄)ပါး။ အကောင်း သက်သက် စေတသိက်က(၂၅)ပါး။ ၁၃-ပါးရယ်၊ ၁၄-ပါးရယ်၊ ၂၅-ပါးရယ် ပေါင်း စေတသိက် ၅၂-ပါးကို နာမ်ခေါ်တယ်။

ဒါဖြင့် စိတ်ဝိညာဏ်ကကော နာမ်မခေါ်ဘူးလား။ စိတ်ဝိညာဏ်လည်း နာမ်ပါဘဲ။ သို့ပေမယ်လို့ အကြောင်းနာမ် အကျိုးနာမ်ကွဲအောင်လို့ စိတ်ကို တခြား စေတသိက်ကိုတခြား ခွဲဟောတာ။

စိတ်ဝိညာဏ်နာမ်က အကြောင်းနာမ်။ ဖဿ ဝေဒနာအစရှိသော (၅၂)ပါးသော စေတသိက်တို့က အကျိုးနာမ်။ အဲဒီလို အကြောင်းနာမ် အကျိုးနာမ် ကွဲအောင်လို့ စိတ်ကိုတခြား စေတသိက်ကိုတခြား ခွဲဟောတာ။ စိတ်ဝိညာဏ်က အကြောင်းနာမ်။ ဖဿ ဝေဒနာအစရှိသော ၅၂-ပါးသော စေတသိက်တို့က အကျိုးနာမ်။ အဲဒီလို အကျိုးနာမ် အကြောင်းနာမ်ကို ခွဲပြီးတော့ ပေါ်လွင်အောင်လို့ စိတ်ဝိညာဏ်ဆိုတဲ့ နာမ်တရားကို တခြား ဟောတာနော်။

ဒီတော့ နာမ်တရားဟာ အားလုံးပေါင်း ဘယ်လောက်ရှိရမယ်။ ၅၂-ပါးရှိရမယ်။ ဒီ၅၂-ပါးလုံးသိမှ မဟုတ်ပါဘူး။ တစ်ခုခုသိလျှင် ပြီးတာပါဘဲ။ အာရုံနဲ့တွေ့တာ မသိဘူးလား။ အာရုံခံစားတာ မသိဘူးလား။ အာရုံ မှတ်သားတာ မသိဘူးလား။ အာရုံတွေ တွေးတော့ကြံစည်တာ မသိဘူးလား။ လိုချင်တာ မသိဘူးလား။ စိတ်ဆိုးတာ မသိဘူးလား။

လိုချင်တာ လောဘ။ စိတ်ဆိုးတာ ဒေါသ။ အေး...ဒါတွေဟာ အကုန်လုံး နာမ်တရားတွေချည်းဘဲ။

https://www.thitsarparamisociety.com/



သညာဝိတက်၊ ရောင်စုံယှက်သည်၊ အမျက်ကြောင်ဝယ်၊ ကြိုးစုံချယ် သို့။

မဟာဝိဓူရဇာတ်မှာ ပုဏ္ဏားက ဘီလူးယူလာတဲ့ ကြောင်မျက်ရွဲ ရတနာကြီးထဲမှာ အနီတွေ အဝါတွေ အစိမ်းတွေ အပြာတွေ အရောင်အမျိုးမျိုးရှိတယ်။ ကျောက်ထဲမှာရှိတဲ့ အရောင်အမျိုးမျိုးကို ကြိုးလို့ခေါ်တယ်။

အဲဒီ ကြောင်မျက်ရွဲ ရတနာကြီးထဲမှာ အနီ အစိမ်း အဝါစသည်ဖြင့် အမျိုးမျိုးပါသကဲ့သို့ စိတ်ဆိုတဲ့တရားမှာ ဖဿ ဝေဒနာအစရှိတဲ့ စေတသိက်တရားတွေ ပါတယ်။ဒီတော့ ကြိုးဆိုတာ ကျောက်အမွှန်းတင်တရားဘဲ။ ကြိုးများများပါလေ ဒီကျောက်အဖိုးတန်လေ မဟုတ်လား။ ဒီတော့ ကြိုးဆိုတာ ဘာလဲ။ ကျောက်ရဲ့အမွှန်းတင်ပါဘဲ။

ထိုနည်းတူစွာ စေတသိက်ဆိုတဲ့တရားဟာ စိတ်ကိုအမွှန်းတင်တယ်။ ခုလူတွေ စိတ် စိတ်နဲ့သိနေကြတာ အမှန်က စိတ်မဟုတ်ဘူး။ စေတသိက်ကို သိနေကြတာ။ လိုချင်တဲ့စိတ်ကွာ၊ စိတ်ဆိုးတဲ့စိတ်ကွာ၊ မခံချင်တဲ့စိတ်ကွာ၊ ဒီလိုမပြောကြဘူးလား။ အမှန်က ဒါတွေဟာ စိတ်မဟုတ်ဘူး။ စေတသိက်တွေ။ လိုချင်တယ်ဆိုလျှင် **လောဘ**။ စိတ်ဆိုးတယ်ဆိုလျှင် **ဒေါသ**။ မခံချင်ဘူးဆိုလျှင် **မာန**။

သဒ္ဓါတယ်ကွယ်၊ ယုံကြည်တယ်ကွယ်၊ စိတ်ကြည်လင်တယ်ကွယ် ဆိုလျှင် **သဒ္ဓါ**။ အောက်မေ့တယ်ဆိုလျှင် **သတိ**။ မကောင်းမှုဒုစရိုက်ကိုရှက်တယ်ဆိုလျှင် **ဟိရီ**။ မကောင်းမှုဒုစရိုက်ကို ကြောက်တယ်ဆိုလျှင် **ဩတ္တပ္ပ**။

အဲဒါတွေကို လူတွေက စိတ်အနေနဲ့ သုံးပေမယ်လို့ သူတို့က စိတ်မဟုတ်ဘူး။ စေတသိက်။ သို့ပေမယ်လို့ သူတို့တွေဟာ စိတ်နဲ့ကင်းလို့ မဖြစ်စကောင်းဘူး။ အဲဒီ စိတ်နဲ့ကင်းလို့ မဖြစ်နိုင်တဲ့စိတ်၏ အမွှမ်းအမံဖြစ်တဲ့ စေတသိက်တရားက နာမ်။

https://www.thitsarparamisociety.com/



အမျက်ကြောင်ဝယ်၊ ကြိုးစုံချယ်သို့၊ အသွယ်သွယ်၊ အနွယ်နွယ်လျှင်၊ ဆန်းကြယ်စွာလှ နာမ်ကာယနှင့် ဘူတဟူပေတဲ့။

ဖဿ ဝေဒနာအစရှိသော တရားတွေဟာ စိတ်နဲ့လာပြီးတော့ ပူးပေါင်းတယ်။ အဲဒီစိတ်နဲ့လာပြီး ပူးပေါင်းတဲ့ ဖဿ ဝေဒနာအစရှိတဲ့ စေတသိက်တရားတွေဟာ ဘယ်လောက်ဆန်းကြယ်သလဲလို့။ ကျောက်ထဲမှာ ကြောင်ခေါ်တဲ့ အမျက်ကြိုးအမျိုးမျိုး ပါသလို ဝိညာဏ်ဆိုတဲ့တရားထဲမှာ စေတသိက်အမျိုးမျိုး ပါတယ်။ အဲဒီစေတသိက်အမျိုးမျိုးကို နာမ်ကာယ။

ကာယဆိုတာ အပေါင်းအစု။ ရုပ်တွေပေါင်းစုထားလို့ ရူပကာယ။ နာမ်တွေကို ပေါင်းစုထားလို့ နာမကာယ။ အဲဒီနာမ်တရားသည် စိတ်ကပေါက်ဖွားတာ။ စိတ်ဆိုတဲ့ဝိညာဏ်ကြောင့် နာမ်စေတသိက် ပေါ်ရမယ်။ စိတ်ဆိုတဲ့ ဝိညာဏ်ကြောင့် ရုပ်ပေါ်ရမယ်။

ဒါကြောင့် ဝိညာဏပစ္စယာ နာမရူပံ။ စိတ်ဟူသောဝိညာဏ်(၆)ပါးကြောင့် စေတသိက်နာမ်လည်းဖြစ် ရုပ်(၂၈)ပါးလည်း ဖြစ်တယ်။

ဒီတော့ ဖဿ ဝေဒနာအစရှိသော ၅၂–ပါးသောနာမ်အမျိုးမျိုးကို နာမကာယ။

အသွယ်သွယ်၊ အနွယ်နွယ်လျှင်၊ ဆန်းကြယ်စွာလှ၊ နာမ်ကာယနှင့်။

ဒီတော့ ၅၂–ပါးသော စေတသိက် အမျက်ကြောင်ထဲမှာ အဖြူ အနီ အစရှိတဲ့ကြိုးတွေပါသကဲ့သို့၊ စိတ်တရားထဲမှာ ဖဿ ဝေဒနာအစရှိသော နာမ်တရားအမျိုးမျိုးကိုပင် နာမ်တဲ့။ ဒါထက် နက်နက်ဟောရလျှင်တော့ ဖြစ်ပါသေးတယ်။ ဒီပရိသတ်နဲ့ နက်နက်နဲ့ မဖြစ်ပါဘူး။ အချိန်ကုန်နေပါ့မယ်။

https://www.thitsarparamisociety.com/



ရုပ်ကာယကတော့ မပြောချင်ပေမယ်လို့ မဖြစ်ဘူး။ လက်ာထဲမှာကို ပါနေတယ်။

ဘူတဟူပေ၊ မြေရေလေမီး၊ ဓာတ်ကြီးလေးတန်၊ အမာခံလျှက်။

ရုပ်က မြေရယ် ရေရယ် လေရယ် မီးရယ် အဲဒါကို မဟာဘုတ် ခေါ်တယ်။ မဟာဘုတ်ဆိုတာကလည်း မဟာဘူတ။ အဲဒါကို ဓာတ်ကြီးလေး ပါး ခေါ်တယ်။ ဒီဓာတ်ကြီးလေးပါးဟာ အချင်းချင်း မှီဖြစ်ကြတယ်။ မြေက ရေတို့ လေတို့ မီးတို့ကိုမှီရတယ်။ လေက ရေတို့ မြေတို့ မီးတို့ကိုမှီရ တယ်။ ဒီဓာတ်ကြီးလေးပါးဟာ အချင်းချင်းမှီဖြစ်ရတယ်။

ဓာတ်ကြီးလေးပါးကတော့ သိပြီ။ **ပထဝီ**ဆိုတာ ဘာလဲ၊ မြေ။ မြေဆိုတာဘာလဲ၊ လက်နဲ့ကိုင်လို့ မာမာကလေး ပျော့ပျော့ကလေး ကြမ်း ကြမ်းကလေး နူးညံ့ညံ့ကလေး မတွေ့ရဘူးလား။ အဲဒီလက်နဲ့ကိုင်လို့တွေ့ တဲ့ နူးနူးကြမ်းကြမ်း ပျော့ပျော့ မာမာကလေးဟာ မြေဓာတ်။

ဒီမြေကြီးကို မြေဓာတ်လို့ မအောက်မေ့နဲ့။ အကုန်လုံးလက်နဲ့ စမ်းသပ်လို့ တွေ့သမျှမြေဓာတ်။ ဘယ်လိုတွေ့မယ်၊ ကြမ်းကြမ်း နူးနူး ပျော့ ပျော့ မာမာ လက်နဲ့ကိုင်လို့ဖြစ်လောက်အောင် တွေ့လျှင် မြေဓာတ်။ ဒီ တော့ မြေဟာ ဘယ်မှာမဆို ကိုယ့်ကိုယ်ကိုလည်း စမ်းကြည့်။ ဘယ်ပစ္စည်း ဝတ္ထုမှာဘဲ စမ်းကြည့်ကြည့် လက်နဲ့ထိလိုက်လျှင် မတွေ့ဘူးလား။ အဲဒီ အတွေ့ကို မြေဓာတ် ခေါ်တယ်။ ဒါသိပြီနော်။

ပထဝီဓာတ်ပြီးတော့ အာပေါတဲ့။ **အာပေါ**ဆိုတာ မြန်မာလို ရေ လို့ခေါ်တယ်။ အဲဒီရေဆိုတာ ဒို့အခုမြင်နေကြတဲ့ရေကို ပြောတာမဟုတ် ဘူး။ ရေဆိုတာ ဖွဲ့စည်းမှုကို ပြောတာ။ ရုပ်တစ်ခုနဲ့တစ်ခု တွဲစပ်ပြီး အလုံး အခဲဖြစ်အောင် အာပေါဓာတ်ကလုပ်တာ။ ရေကလုပ်တာ မဟုတ်ဘူးနော်။

https://www.thitsarparamisociety.com/



အာပေါပြီးတော့ **ဝါယော**။ လေဓါတ်။ တွန်းကန်လှုပ်ရှားခြင်းသဘောရှိတာကို ဝါယောဓါတ်။ ပြီးတော့ တေဇောဓါတ်တဲ့။

**တေဇော**ဆိုတာ မီးဓာတ်ကို ပြောတာ။ (ပူနွေးခြင်းသဘောရှိတယ်) မိမိကိုယ်စမ်းကြည့်။ ပူတာမတွေ့နိုင်ဘူးလား။ အဲဒီအပူကလေးဟာ တေဇောဓာတ်ဘဲတဲ့။ အဲဒီ မြေ ရေ လေ မီးဟူသော ဓာတ်ကြီးလေးပါးကိုမှီ၍ အရုံရုပ်သေးရုပ်မွား နှစ်ဆယ့်လေးပါး ဖြစ်တယ်တဲ့။

ဘူတဟူပေ၊ မြေ ရေ လေ မီး၊ ဓာတ်ကြီးလေးတန်၊ အမာခံလျက်၊ အရုံရုပ်သေး၊ နှစ်ဆယ့်လေးတည်း။

ဓာတ်ကြီးလေးပါးနဲ့ အရုံရုပ်၂၄–ပါး ပေါင်းလျှင် ရုပ်ပေါင်း၂၈–ပါး ဖြစ်တယ်။

ပေါင်းထွေးညီမျှ၊ အဋ္ဌဝီသ၊ ရုပ်ကာယဟု။

ဟော...ရုပ်ပေါင်း ၂၈–ပါးတဲ့။ ဒီရုပ်ပေါင်း ၂၈–ပါးကို ဒို့ကသင်္ဂြိုလ် မတတ်ဘဲနဲ့ သိအောင်သင်ပေးမယ်။

တနေ့က သင်ထားတယ်မဟုတ်လား။ ဘာတဲ့တုန်း။

လေးငါးလေးနှစ်၊ တစ်တစ်သုံးခါ၊ ဆယ့်ရှစ်ဖြာ၊ မှတ်ပါရုပ်နိပ္ဖန်။

၄+၅+၄+၂+ ပေါင်းတော့=၁၅။ ပြီးတော့ (၁)ချည်းဘဲ သုံးခါထည့်တော့ ၁၈–ပြီးရောပေါ့။ အဲဒီ၁၈–ပါးဟာ နိပ္ဖန္နရုပ် ၁၈–ပါးတဲ့။

အဲဒီလေးက ဘာလဲဆိုတော့ ခုတင်ကပြောခဲ့တဲ့ မြေ ရေ လေ မီး။ မြေ ရေ လေ မီးဟာ ဘယ်မှာရှိသလဲ။ ခန္ဓာကိုယ်မှာ စာအုပ်ထဲမှာ မဟုတ်ဘူး။

https://www.thitsarparamisociety.com/



လေးပြီးတော့ ငါးကွာ။ ငါးက မျက်စိရုပ်၊ နားရုပ်၊ နှာခေါင်းရုပ်၊ လျှာရုပ်၊ ကိုယ်ရုပ်၊ အဲဒါ ၅-တဲ့။ ခုတင်က မြေ ရေ လေ မီးဆိုတဲ့၄ပါး နဲ့ပေါင်းလိုက်တော့ ၉-ပါး။ ဘာခက်လဲ။ စာအုပ်ထဲမှာ ခက်တယ်။ ခန္ဓာ ကိုယ်မှာတော့ မခက်ပါဘူး။

နောက် လေးက အဆင်း အသံ အနံ့ အရသာ။ အဆင်းကော မသိဘူးလား။ အသံကော မသိဘူးလား။ အနံ့ကောမသိဘူးလား။ အရသာ ကောမသိဘူးလား။

၁။ ပထမ ၄-က ဓာတ်ကြီး ၄ပါး။
၂။ ဒုတိယ ၅-က မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်။ ဒွါရ၅ပါး။
၃။ တတိယ ၄-က အဆင်း အသံ အနံ့ အရသာ ပေါင်းလိုက် တော့ ၁၃-ပါး။
၄။ စတုတ္ထ ၂-က အထီးရုပ် အမရုပ်။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယကို ဒွါရရုပ် ၅-ပါးခေါ်တယ်။ ပြီးတော့မှ အဆင်း၊ အသံ၊ အနံ့၊ အရသာ အာရုံ ၄-ပါးထည့်။ မြေ ရေ လေ မီးဓာတ်ကြီးလေးပါးထဲမှာ မြေအတွေ့ လေအတွေ့ မီးအတွေ့လို့ အတွေ့သုံးပါး ပါသွားသောကြောင့် အတွေ့အာရုံကို မထည့်တော့ဘူး။

ဒီတော့ ဘယ်လောက်ရသွားပြီလဲ၊ (၁၃)ပါး။ အထီးရုပ် အမရုပ် ထည့်တော့ (၁၅)ပါး။ ပြီးတော့မှ တစ် တစ်သုံးခါထည့်၊ နှလုံးက နှလုံးရုပ်၊ ခန္ဓာကိုယ် တစ်ကိုယ်လုံးကို စောင့်ရှောက်တာက အသက်ရုပ်။ အသက်ရုပ် ဆိုတာ လက်တွေ့အားဖြင့် အစာကိုကြေအောင်ချက်တဲ့ ပါစကဝမ်းမီး။ အဲ ဒီ ပါစကဝမ်းမီးကထွက်တဲ့ အခိုး အငွေ့ ဥသမာတေဇော ခေါ်တဲ့ ကိုယ် ငွေ့သည် အသက်ရုပ်မည်၏။

https://www.thitsarparamisociety.com/



လူများ သေခါနီးတော့ ခြေဖျားလက်ဖျား အေးလာတာက အသက်ဆုတ်တာ။ ဥသမာတေဇော မရှိတော့ဘူး။ အဲဒီ ဥသမာတေဇောကို အသက်ရုပ်လို့လည်း ခေါ်တယ်။ အစာကိုကြေညက်စေတတ်သောကြောင့် ပါစကဝမ်းမီးလို့လည်း ခေါ်တယ်။ ဒီတော့ သတ္တဝါသန္တာန်မှာရှိတဲ့ အသက်ရုပ်ကို သိဖို့လွယ်ပါတယ်။

သြဇာရုပ်ကျတော့ စားသောက်တဲ့အဟာရမှာ ပထဝီ ဝါယော အာပေါ၊ တေဇော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာ အဌကလာပ်ရုပ် ရှစ်ပါးထဲမှာ သြဇာရုပ်ဆိုတာ တမျိုးရှိတယ်။

နှလုံးရုပ်ကယ်၊ အသက်ရုပ်ကယ်၊ သြဇာရုပ်ကယ် အဲဒီ သုံးမျိုးက တခုစီထည့်။ လေး ငါး လေး နှစ်၊ တစ် တစ်သုံးခါ၊ ဆယ့်ရှစ်ဖြာ၊ မှတ်ပါ ရုပ်နိပ္ဖန်။

ဟော…နိပ္ဖန္နရုပ် (၁၈)ပါးဖြစ်သွားရော။ ပြီးတော့ အနိပ္ဖန္နရုပ်ကျတော့ တစ် နှစ် သုံး လေးပေါ့။ တစ်ရယ်၊ နှစ်ရယ်၊ သုံးရယ်၊ လေးရယ် ပေါင်းစမ်း…၁၀–ပေါ့။

အနိပ္ဖန္နရုပ် (၁၀)ပါးတဲ့။ နိပ္ဖန္နရုပ်က (၁၈)ပါးတဲ့။

အနိပ္ဖန္နရုပ် (၁၀)ပါးထဲက တစ်ကဘာလဲ။ အာကာသ။ အုန်းသီးတွေပုံထားတော့ အုန်းသီးတစ်လုံးနဲ့တစ်လုံး မရောအောင် ဘယ်ဟာခြားထားသလဲ။ အာကာသက ခြားထားတယ်။

အုပ်ရှစ်သီးတွေ ပုံထားစမ်းပါ၊ တစ်လုံးနဲ့တစ်လုံး ရောသလား။ မရောပါဘူး။ ဒါဖြင့် ကွမ်းသီးတွေစုပုံထား တစ်လုံးနဲ့တစ်လုံး ရောသလား၊ မရောပါဘူး။ မန်ကျီးစေ့တွေ ပုံထား၊ ရောသလား၊ မရောဘူးနော်။ ဆန်စေ့တွေပုံထား၊ သဲတွေပုံထား၊ တစ်လုံးနဲ့တစ်လုံး မရောအောင် အာကာသက ခြားထားတယ်။ အဲဒါကို အာကာသရုပ်ခေါ်တယ်။

https://www.thitsarparamisociety.com/



လူတို့၏ကိုယ်မှာ ချွေးထွက်တယ်၊ အကြားမရှိဘဲ ထွက်ပါ့မလား။ ဒီအကြားဟာ ဘာလဲ။ အာကာသ။ အဲဒါ အာကာသရုပ်(၁)။

(၂) ကိုယ်လှုပ်တဲ့အခါ ကိုယ်အမူအရာ မပါဘူးလား။ စကားပြောတဲ့အခါကော နှုတ်အမူအရာ မပါဘူးလား။ အဲဒီတော့ ကိုယ်အမူအရာက ကာယဝိညာဏ်ရုပ်။ စကားပြောတဲ့ နှုတ်အမူအရာက ဝစီဝိညတ်ရုပ်။

(၃)က ပေါ့ပါးရုပ်။ နူးညံ့ရုပ်။ ခန့်ကြမ်းရုပ်။ လူဟာ စားသောက်ကောင်းလို့ နေထိုင်ကောင်းလျှင် ပေါ့ပေါ့ပါးပါး မရှိဘူးလား။ အဲဒါကို ပေါ့ပါးရုပ် ခေါ်တယ်။ ဘယ်အမှုကိစ္စကိုဘဲလုပ်လုပ် နူးနူးညံ့ညံ့ လိုက်လိုက်လျောလျော ဖြစ်တယ်ဆိုလျှင် အဲဒါကို နူးညံ့ရုပ်ခေါ်တယ်။ ဘယ်ဟာဖြစ်ဖြစ် တာရှည်လုပ်နိုင်တယ်။ ထိုင်လျှင်လည်း ကျန်းမာတဲ့ပုဂ္ဂိုလ်ဟာ တာရှည်ထိုင်နိုင်တယ်။ လမ်းလျှောက်လျှင်လည်း တာရှည်လျှောက်နိုင်တယ်။ အဲဒါကို ခန့်ကြမ်းရုပ် ခေါ်တယ်။

ဒီတော့ ပေါ့ပါးရုပ်ရယ် နူးညံ့ရုပ်ရယ် ခန့်ကြမ်းရုပ်ရယ် အဲဒါ ဝိကာရရုပ် သုံးပါးခေါ်တယ်။

တစ်”က အာကာသ။
နှစ်”က ဝိညတ်။
သုံး”က ဝိကာရ၊ ဝိကာယဆိုတာ ဗမာလိုပြောတော့ အမူအရာ။

ဒီတော့ အာကာသပရိစ္ဆေဒရုပ်(၁)။
ကာယဝိညတ် ဝစီဝိညတ်ရုပ်(၂)။
ပေါ့ပါးခြင်း၊ နူးညံ့ခြင်း၊ ခန့်ကြမ်းခြင်း(၃)။
ဘယ်လောက်ရှိသွားပြီလဲ။ ၁-၂-၃လေ။ (၆)ပါးရှိပြီ။

https://www.thitsarparamisociety.com/



ပြီးတော့ ဖြစ်စရုပ် ဖြစ်စဉ်ရုပ် အိုရုပ် သေရုပ်။ ဒီရုပ်တွေမှာစပြီးတော့ ဖြစ်တဲ့ဖြစ်စရုပ်၊ အစဉ်မပြတ်ဖြစ်နေတဲ့ ဖြစ်စဉ်ရုပ်၊ ပြီးတော့ အိုတဲ့ရုပ်၊ ပြီးတော့ သေသွားတဲ့ သေရုပ်။ ဘယ်နှစ်မျိုးတုန်း။(၄)မျိုး။ အဲဒီတော့...

တစ် နှစ် သုံး လေး။ ပေါင်းရေးတစ်ဆယ်။ ရုပ်စုဝယ်၊ မှတ်ဘွယ်နိပ္ဖန္န။

နိပ္ဖန္နရုပ်(၁၈)ပါး။ အနိပ္ဖန္နရုပ်(၁၀)ပါး။ ပေါင်းလိုက်တော့ (၂၈)ပါး။ အဲဒီ (၂၈)ပါးမှာ နိပ္ဖန္နရုပ်(၁၈)ပါးထဲက မဟာဘုတ်(၄)ပါးဟာ ဘူတရုပ်ခေါ်တယ်။ သူတို့အချင်းချင်း မှီပြီးဖြစ်ကြတယ်။

အဲဒီ မဟာဘုတ်လေးပါး နှုတ်လိုက်တော့ ကျန်တဲ့နိပ္ဖန္နရုပ်(၁၄)ပါးနဲ့ အနိပ္ဖန္နရုပ် ၁၀ပါး ပေါင်းလိုက်တော့ ၂၄–ပါး။ အဲဒီ ၂၄–ပါးကို ဥပါဒါရုပ် ခေါ်တယ်။ ဥပါဒါရုပ်ဆိုတာ မဟာဘုတ်ကို မှီပြီးတော့ ဖြစ်ရတာ။ ဥပါဒါန်ဆိုတာ စွဲလမ်းတာ။ ရေးချနဲ့နသတ် တခြားစီ။ ဥပါဒါဆိုတာ မှီတာ။ နသတ်နဲ့ရေးတဲ့ ဥပါဒါန်ဆိုတာ စွဲလမ်းတာ။ အေး...ဟိုက ကိလေသာ။ ဒီကရုပ်။ ဒီတော့...

အရုံရုပ်သေး၊ နှစ်ဆယ့်လေးတည်း၊ ပေါင်းထွေးမျှညီ၊ အဥ္ဇဝီသ၊ ရုပ်ကာယဟု။

အဲဒီ နာမ်ကာယ ရုပ်ကာယဟာ ဘယ်သူ့ကြောင့်ဖြစ်သလဲ။ အကြောင်းပြစမ်းပါဆိုတော့ ဝိညာဏပစ္စယာ=စိတ်ဝိညာဏ်ဟူသောအကြောင်းကြောင့် ရုပ်တရားဖြစ်။ ရုပ်ရော နာမ်ရော နှစ်ပါးစလုံး ဖြစ်တာ။ အကြောင်းရင်းရှာတော့ ဘယ်သူ့ကြောင့် စိတ်ဝိညာဏ်ကြောင့်။

https://www.thitsarparamisociety.com/



ဒါကြောင့် ဝိညာဏပစ္စယာ နာမရူပံ။ ဒီလိုမဟောဘူးလား။ ဝိညာဏပစ္စယာ=စိတ်ဝိညာဏ်ဟူသော အကြောင်းကြောင့်။ နာမရူပံ=နာမ်ရုပ်နှစ်ပါးသည်။ သမ္ဘဝန္တိ=ဖြစ်ပွား၏။

ဟော...နာမ်ရုပ်နှစ်ပါးဖြစ်တာ ဘယ်သူ့ကြောင့်။ စိတ်ကြောင့်။

ဘာလဲ၊ အရုံရုပ်သေး၊ နှစ်ဆယ့်လေးတည်း၊ ပေါင်းထွေးမျှညီ၊ အဌဝီသ၊ ရုပ်ကာယဟု၊ နာမရူပ၊ ဓမ္မအပြား၊ ဤနှစ်ပါးလည်း၊ ထင်ရှားစုံစွာ ပေါ်တုံလာ၍။

ရုပ်နဲ့နာမ် ပေါ်လာတယ်။ ဒီရုပ်နဲ့နာမ်ကိုဘဲ ယောကျ်ားကောင် မိန်းမကောင် သူကောင် ငါကောင် စွဲနေတာကို။

နာနာကာယ၊ အနန္တလျှင်...
နာနာကာယဆိုတာ ဘာလဲ။ ကိုယ်အထည်အသီးသီး။ ရေနိုင်ရဲ့လား။

နာနာကာယ၊ အနန္တလျှင်၊ ရူပရုပ်ဟန်၊ သဏ္ဌာန်အမူ၊ ဇာတ်မတူသည်၊ လူအရုပ်ရုပ်၊ နတ်အထွေထွေ၊ ရေမျိုးကုန်းမျိုး၊ ကောင်းဆိုးယုတ်ညံ့၊ အကန့်ကန့်လျှင်၊ ခြားသန့်ပေါ်ယယ်၊ သောသောကြွယ်သည်၊ နှစ်သွယ်နာမ်ရုပ် စွမ်းရည်တည်း။

နာမ်ရုပ်ကြောင့် ဒါတွေဖြစ်တာ။ ၃၁-ဘုံက မျက်လှည့်ရုံကြီး။ သတ္တဝါတွေက မျက်လှည့်ရုပ်သေး။ အေး...မျက်လှည့်ရုံကြီးထဲမှာ မျက်လှည့်ရုပ်သေးတွေ ပြနေသလိုဘဲ။

မျက်လှည့်ရုပ်ဆိုတာ မဟုတ်တာကိုပြတာ။ အေး...ဒီမှာခေါင်းနဲ့ကိုယ်၊ လက်နဲ့ခြေနဲ့ ယောကျ်ားဟဲ့ မိန်းမဟဲ့ ဘာကောင်ဟဲ့ ညာကောင်ဟဲ့နဲ့ အ

https://www.thitsarparamisociety.com/



မျိုးမျိုး လုပ်ပြနေတယ်။ မျက်လှည့်ရုပ်နဲ့ ဘယ်လောက်တူသလဲ။ ဟုတ်လဲ မဟုတ်ဘူး။ မဟုတ်ဘဲနဲ့ အဟုတ်ထင်နေရတယ်။

အေး...ဒါကြောင့် ၃၁-ဘုံတည်းဟူသော မျက်လှည့်ရုံကြီးထဲမှာ မျက်လှည့်ရုပ်တွေ အမျိုးမျိုးပေါ်နေတာ။ ဘယ်သူ့ကြောင့် နာမ် ရုပ်ကြောင့်။ ခြားသန့်ပေါ်ယယ်၊ သောသောကြွယ်သည်၊ နှစ်သွယ်နာမ်ရုပ်၊ စွမ်းရည်တည်း။

ဟော...နာမ်နဲ့ရုပ်ကြောင့် ဒါတွေဖြစ်နေတာ။

ဤသို့ ကြားနာရသော ဓမ္မသဝန ကုသိုလ်စေတနာတို့ကြောင့် သက္ကာယဒိဋ္ဌိကင်းလွတ်ရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာမြတ်ကို လျှင်မြန်စောစွာ ရောက်ရပါလိုသော်...ဟု ဆုတောင်းကြကုန်။

သာဓု-သာဓု-သာဓုပါဘုရား။

☆☆☆☆☆☆☆☆☆☆☆☆☆☆☆

အရာရာသည်းခံ (မနောကံ)
မင်္ဂလာရှိအောင်နေ(ကာယကံ)
သူတစ်ပါးကို မပုတ်ခတ်နဲ့(ဝစီကံ)
ကိုယ်မဟုတ်တာလုပ်တာ ကိုယ်အသိဆုံး။

(ဝေဠုဝတီ ဆရာတော်ဘုရားကြီး)

https://www.thitsarparamisociety.com/



မြောင်းမြမြို့ ဝေဠုဝတီကမ္မဋ္ဌာန်းတိုက်တွင်
ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီးသည်
၁၃၂၄-ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင်
တပည့်တို့အား ဟောကြားတော်မူအပ်သော

ပဋိစ္စသမုပ္ပါဒ် တရားတော်မှ

## ဝိညာဏပစ္စယာ နာမရူပံ အပိုင်းအခန်းတရားတော်

အဝိဇ္ဇာပစ္စယာ သင်္ခါရာ။
ဒါ လူတိုင်းရတယ်။ မရဘူးလား ဦးမောင်သာ၊ ရပါတယ်ဘုရား။

အဝိဇ္ဇာကအဝိဇ္ဇာ။ ပစ္စယာကအကြောင်း။ အဝိဇ္ဇာပစ္စယာ=အဝိဇ္ဇာဟူသောအကြောင်းကြောင့်။ သင်္ခါရာ=ကုသိုလ်,အကုသိုလ်ကံတို့သည်။ သမ္ဘဝန္တိ ဖြစ်ကုန်၏။

ဒီထက်လွယ်တဲ့ပဋိစ္စသမုပ္ပါဒ် ဘယ်သွားရှာလို့ရဦးမလဲ။ အလွယ်ဆုံးပါဘဲ။ ဒီလောက်ဆိုရင်မရနိုင်ကြဘူးလား။ အဓိပ္ပာယ်သိဖို့လိုပါတယ်။ အနက်ကတော့ တိုတိုပေါ့။

အဝိဇ္ဇာဆိုတာက=အဝိဇ္ဇာ။ ပစ္စယာဆိုတာက=ကြောင့်။ သင်္ခါရဆိုတာက=ကုသိုလ်,အကုသိုလ်။ သမ္ဘဝန္တိ=ဖြစ်ကုန်၏။ လွယ်လွယ်ပေး။

ခု လူတွေဟာ ကုသိုလ် အကုသိုလ် ဖြစ်မနေဘူးလား။ ဘယ်သူ့ကြောင့်လဲ။ အဝိဇ္ဇာကြောင့်။ ဘယ်လောက်ရှင်းနေသလဲ။ လူတွေမှာ ကုသိုလ်

https://www.thitsarparamisociety.com/



အကုသိုလ်ဖြစ်တာ အဝိဇ္ဇာကြောင့်။ ကုသိုလ် အကုသိုလ်ဖြစ်တာ အဝိဇ္ဇာကြောင့်လို့ဆိုလိုက်သဖြင့် အဝိဇ္ဇာမရှိတဲ့ဘုရားရဟန္တာမှာ ကုသိုလ် အကုသိုလ်ဖြစ်သလား။ မဖြစ်တော့ဘူး။ ဒီအဝိဇ္ဇာကို လေးပိုင်းပိုင်းရမယ်။

၁။ သောတာပန်ပုဂ္ဂိုလ်ပယ်တဲ့ အဝိဇ္ဇာတစ်ပိုင်း။
၂။ သကဒါဂါမ်ပုဂ္ဂိုလ်ပယ်တဲ့ အဝိဇ္ဇာတစ်ပိုင်း။
၃။ အနာဂါမ်ပုဂ္ဂိုလ်ပယ်တဲ့ အဝိဇ္ဇာတစ်ပိုင်း။
၄။ ရဟန္တာပုဂ္ဂိုလ်ပယ်တဲ့ အဝိဇ္ဇာတစ်ပိုင်း။

အေး...ဒီလို အဝိဇ္ဇာလေးပိုင်း ပိုင်း။ သောတာပန်ပုဂ္ဂိုလ်ကျတော့ တစ်ပိုင်းကျွတ်သွားရော။ သကဒါဂါမ်ပုဂ္ဂိုလ်ကျတော့ နှစ်ပိုင်းတစ်ပိုင်း ထက်ဝက်ကျွတ်သွားရော။ အနာဂါမ်ပုဂ္ဂိုလ်ကျတော့ လေးပိုင်းသုံးပိုင်း ကုန်သွားရော။ ရဟန္တာကျတော့ အဝိဇ္ဇာမရှိတော့ဘူး။ ကုသိုလ် အကုသိုလ်လည်း မဖြစ်တော့ဘူး။ ဒါကြောင့်...

ကုသလာ ကုသလံ ဇဟံ။ ကုသလာ ကုသလံ=ကုသိုလ် အကုသိုလ်ကို။ ဇဟံ=စွန့်သွားတော်မူတတ်ထသော။ ကုသိုလ် အကုသိုလ်ကို စွန့်သွားပြီးတဲ့သူတို့မှာ ကုသိုလ် အကုသိုလ်မဖြစ်တော့ဘူး။ ဒါဖြင့် ဘုရားရဟန္တာ ကုသိုလ်ကောင်းမှု မလုပ်ဘူးလား။ တရားမဟောဘူးလား။ အေး...လုပ်တာပေါ့။ လုပ်ပေမယ်လို့ ကြိယာ ပြုလုပ်ခါမျှဘဲ။

ဘုရားရဟန္တာများပြုတဲ့ ကုသိုလ်ကို ကြိယာလို့ ခေါ်တယ်။ ဘာကြောင့် အဝိဇ္ဇာမရှိလို့။ အဝိဇ္ဇာရှိလျှင် ကုသိုလ် အကုသိုလ်ဖြစ်အုံးမှာဘဲ။ ဒီတော့ အဝိဇ္ဇာနားလည်ဖို့က ဘယ်လိုနားလည်ရမလဲ။ ဟို...အနမတဂ္ဂ ဘဝသံသရာမှစ၍ ယနေ့တိုင်အောင် သတ္တဝါတွေမှာ မသိမိုက်မဲမှု ဖြစ်လာကြတယ်။

https://www.thitsarparamisociety.com/



ကိလေသာဆိုတဲ့တရားက ဖြစ်ပြီးလျှင် မပျောက်သေးဘူး။ ကိလေသာဖြစ်ပြီးလျှင် ပျောက်တယ်မအောက်မေ့နဲ့ဟုတ်လား။ အေး...ကိလေသာဖြစ်ပြီးလျှင် မပျောက်သေးဘူး။ ကိလေသာဟာ ကင်ဆာနာလို အင်မတန်အမြစ်များတယ်။ အဝိဇ္ဇာဟာဖြစ်ပြီးသည့်နောက် သတ္တဝါတို့၏သဏ္ဍာန်မှာ အနုသယအနေနဲ့ ကိန်းနေရစ်တယ်။ မဂ်ဖြင့်မပယ်ရသေးသမျှကာလပတ်လုံး ဖြစ်ပြီးသောကိလေသာတွေဟာ ဘယ်အခါမှမကင်းဘူး။ သတ္တဝါ၏ ရင်ထဲနှလုံးထဲမှာ အဝိဇ္ဇာပြည့်နေတယ်။ ယခုဘဝဖြစ်တဲ့ အဝိဇ္ဇာတင်မအောက်မေ့ကြပါနဲ့။ ဘဝသံသရာကပါလာတဲ့ အဝိဇ္ဇာတွေ ရင်ထဲနှလုံးထဲမှာ အများကြီး ရှိနေတယ်။

ဒီတော့ကာ အကုသိုလ်လုပ်လို့ အကုသိုလ်ဖြစ်နေတဲ့အချိန်မှာ ရင်ထဲနှလုံးထဲမှာ အဝိဇ္ဇာဖြစ်တယ်။ ကုသိုလ်လုပ်လို့ ကုသိုလ်ဖြစ်နေတဲ့အချိန်မှာ ရင်ထဲနှလုံးထဲမှာ အဝိဇ္ဇာကိန်းလျက်ရှိတယ်။ ဥပါဒ်–ဌီ–ဘင် အားဖြင့်တော့ မဖြစ်ဘူး။ သို့ပေမယ့် အဝိဇ္ဇာမကင်းဘူး။ ရင်ထဲနှလုံးထဲမှာ အဝိဇ္ဇာ ကိန်းနေတယ်။ ကိန်းနေတယ် ဆိုတာ တည်နေတယ်။ သတ္တဝါ၏ရင်ထဲနှလုံးထဲမှာ မသိမိုက်မဲမှုအဝိဇ္ဇာဟာ ကုသိုလ်လုပ်လျှင်လည်း ရှိနေတာဘဲ။ ရှိနေတာနော်။ ဖြစ်နေတာမဟုတ်ဘူး။ အကုသိုလ်လုပ်နေတုန်းတန်းလန်းမှာတော့ အဝိဇ္ဇာဖြစ်နေတာ။

ဒီတော့ ရှေးကဖြစ်ပြီးသော အဝိဇ္ဇာဟောင်းကလည်း သတ္တဝါသန္တာန်မှာ ကိန်းနေသောအားဖြင့် ရှိနေတယ်။ ယခုအသစ်ထပ်ပြီးတော့လည်း အဝိဇ္ဇာကဖြစ်နေတယ် မဟုတ်လား။ ဖြစ်မှုနဲ့ကိန်းမှုကို နားလည်ပါ။ အကုသိုလ်ပြုလုပ်တဲ့အခါ အဝိဇ္ဇာအသစ်ဖြစ်တယ်။ ကုသိုလ်လုပ်တဲ့အခါ အဝိဇ္ဇာဟောင်း သတ္တဝါသန္တာန်မှာ ရှိနေတယ်။

ဒီတော့ ကိလေသာဆိုတာ ဖြစ်ပြီးသည့်နောက် မဂ်ဖြင့်မပယ်သေးသရွေ့ ကာလပတ်လုံး သူ၏သတ္တိဘယ်တော့မှ မကင်းဘူး။ မဂ်ပယ်တဲ့အခါ

https://www.thitsarparamisociety.com/



ကျမှ ကင်းတယ်။ အေး...မသိတော့ ဝိပဿနာပွားများနေလျှင် အဝိဇ္ဇာဘယ် တော့ရှိမလဲ။ မရှိနိုင်ပါဘူး။ ဒီလို အောက်မေ့ကြတယ်။ ဝိပဿနာပွားများ တဲ့ပုဂ္ဂိုလ်သန္တာန်မှာလည်း အဝိဇ္ဇာရှိပါတယ်။ ရှိလို့ပွားများနေရတာ အဝိဇ္ဇာ မရှိလျှင် ပွားများဖို့လိုသေးသလား။

အဝိဇ္ဇာဟာ ကိလေသာလား ကံလား။ ကိလေသာ။ အဲဒီကိလေသာ ခေါ်တဲ့ အဝိဇ္ဇာဟာ ဟို...သံသရာလဆန်း၁-ရက်ကစ၍ ယနေ့တိုင်အောင် အမြဲမပြတ် သတ္တဝါတွေသန္တာန်မှာ အဟောင်းအသစ်ဖြစ်ပြီးတော့ ကိန်းနေ တယ်။ ဒီ အဝိဇ္ဇာဟာ ဖြစ်တဲ့အခါဖြစ်တယ်။ မဖြစ်တဲ့အခါမှာ ကိန်းတယ်။ အကုသိုလ်ပြုလုပ်လို့ အကုသိုလ်ဖြစ်တဲ့အခါမှာ အဝိဇ္ဇာဖြစ်တယ်။ ကုသိုလ် ပြုလုပ်လို့ ကုသိုလ်ဖြစ်တဲ့အခါမှာ အဝိဇ္ဇာကိန်းနေတယ်။ ဘယ်အခါမှ အ ဝိဇ္ဇာ မရှိတဲ့အခါရယ်လို့ မရှိဘူး။

အေး...အဲဒီလို သိကြစမ်းပါ။ မင်္ဂဖြင့်ပယ်သတ်တဲ့အခါကျမှာ ဒီ အဝိဇ္ဇာကင်းရမယ်။ ဒါကြောင့် သင်္ခါရာ=ကုသိုလ် အကုသိုလ်ကံတို့သည်။ သမ္ဘဝန္တိ=ဖြစ်ကုန်၏။ အဝိဇ္ဇာကြောင့် ကုသိုလ်အကုသိုလ်ဖြစ်တာ နားလည် ကြပြီလား။ အဝိဇ္ဇာမရှိလျှင် ကုသိုလ် အကုသိုလ်မဖြစ်။ အဲဒီ အဝိဇ္ဇာမရှိတဲ့ ပုဂ္ဂိုလ်က ဘယ်သူရှိသလဲ။ ဘုရားရဟန္တာဘဲ ရှိပါသည်ဘုရား။

အေး...ဘုရား ရဟန္တာဘဲရှိတယ်။ နားလည်လောက်ပါပြီနော်။

ဒီတော့ ဘယ်အခါများ အဝိဇ္ဇာကင်းတာရှိသလဲ။ မရှိဘူး။ ဒါကြောင့် မြတ်စွာဘုရားက ပဒီပံ နဂစ္ဆေသထ...တဲ့။

အန္ဓကာရေန=အဝိဇ္ဇာ အမိုက်တုံးသည်။ ဩနဒ္ဓါ=ဖုံးပိတ်အပ်သည် ဖြစ်ပါကုန်လျက်။ ကသ္မာ=အဘယ်ကြောင့်။ တုမှေ=သင်တို့သည်။ ပဒီပံ= ဉာဏ်တည်းဟူသော ဆီမီးကို။ နဂဝေသထ=မရှာမှီးဘဲ နေကြကုန်သနည်း။

https://www.thitsarparamisociety.com/



အဝိဇ္ဇာဆိုတာ အမှောင်။ ဒီအဝိဇ္ဇာအမှောင်ကို အသိဉာဏ်တည်းဟူသော အလင်းနဲ့မဖျောက်လျှင် အဝိဇ္ဇာအမှောင် မပျောက်ဘူး။ အေး...ဒီတော့ အဝိဇ္ဇာပျောက်ချင်လျှင် အသိဉာဏ်ဖြစ်အောင်လုပ်ပါ။ အသိဉာဏ်မရှိသ၍ ကာလပတ်လုံး အဝိဇ္ဇာမပျောက်ဘူး။ ကြိုးစားအားထုတ်ကြ။

(သင်္ခါရပစ္စယာ ဝိညာဏံ) သင်္ခါရက=ကုသိုလ် အကုသိုလ်။ ပစ္စယာက=ကြောင့်။ အေး...သင်္ခါရပစ္စယာ=ကုသိုလ် အကုသိုလ်ကြောင့်။ ဝိညာဏံ=စိတ်ဝိညာဏ်သည်။ သမ္ဘဝန္တိ=ဖြစ်၏။

ခု မင်းတို့သန္တာန်မှာ စိတ်မဖြစ်ဘူးလား။ ဖြစ်တာ ဘယ်သူကြောင့်လဲ။ ကုသိုလ် အကုသိုလ်ကြောင့်။ ကုသိုလ် အကုသိုလ်ဖြစ်နေတာ ဘယ်သူ့ကြောင့်လဲ။ အဝိဇ္ဇာကြောင့်။ စိတ်ဝိညာဏ်ဖြစ်နေတာက ဘယ်သူ့ကြောင့်ဖြစ်နေတာ။ ကုသိုလ် အကုသိုလ်ကြောင့်။ မကောင်းတဲ့အနိဋ္ဌာရုံကို မျက်စိကမြင်လိုက်လျှင် အကုသိုလ်ကြောင့် ဖြစ်ရတယ်။ ကောင်းတဲ့ဣဋ္ဌာရုံကို မျက်စိက မြင်လိုက်လျှင် ကုသိုလ်ကံကြောင့် ဖြစ်ရတယ်။ မျက်စိက မကောင်းတာ ကောင်းတာမြင်မှု၊ မကောင်းတာမြင်တဲ့အခါ အကုသိုလ်ကြောင့်။ ကောင်းတာမြင်ရတဲ့အခါ ကုသိုလ်ကြောင့်။ အေး...ကောင်းကောင်းမြင်ရလျှင် ကုသိုလ်အကျိုးပေးတာ။ မကောင်းတာမြင်ရလျှင် အကုသိုလ်အကျိုးပေးတာ။ ဒီတော့ စိတ်ဝိညာဏ်ဆိုတာ ကုသိုလ် အကုသိုလ်ကြောင့်ဖြစ်တယ်။ ဒါဖြင့် နားကြားမှု နှာခေါင်းနံမှု လျှာကစားမှု ခန္ဓာကိုယ်တွေ့ထိမှု အကောင်းအဆိုးရှိတာဘဲ။ အေး...ကောင်းလျှင် ကုသိုလ်ကြောင့် စိတ်ဝိညာဏ်ဖြစ်တယ်။ မကောင်းလျှင် အကုသိုလ်ကြောင့် စိတ်ဝိညာဏ်ဖြစ်တယ်။

ပြီးတော့မှတခါ တထစ်ချမှတ်ဖို့က အပါယ်ဘုံသား သတ္တဝါတို့သန္တာန်မှာ ဘဝင်စိတ်ဖြစ်လျှင် အကုသိုလ်ကြောင့်။ ခွေးတွေနွားတွေ အိပ်ပျော်တယ် မရှိဘူးလား။ ဒါဘာတုန်း။ ဘဝင်ကျတာ။ အဲဒီ ခွေးတွေနွားတွေ

https://www.thitsarparamisociety.com/



ဘဝင်ကျနေတာဟာ အကုသိုလ်ကြောင့်။ ဒီဘဝင်မပြတ်တော့ဘူး။ လူတွေ အိပ်ပျော်နေတဲ့ ဘဝင်စိတ်ကတော့ ကုသိုလ်ကံကြောင့်။ သူက သူ့ဂတိဘုံ သားကို။ သူကတော့ မပြောင်းတော့ဘူး။ ကုသိုလ်အကျိုးပေးနေတာ။

မျက်စိမြင်မှု နားကြားမှု နှာခေါင်းနံမှု လျှာစားမှု ခန္ဓာကိုယ်တွေ့ထိ မှုမှာတော့ ကုသိုလ် အကုသိုလ်(၂)မျိုးရှိတယ်။ အိပ်ပျော်နေတဲ့ဘဝင်စိတ် မှာတော့ သတ္တဝါတစ်ဦးမှာ (၁)မျိုးသာရှိရမယ်။ သုဂတိဘုံသားမှာ ကုသိုလ် ကြောင့်။ ဒုဂ္ဂတိဘုံသားမှာ အကုသိုလ်ကြောင့်။

ဒီတော့ သင်္ခါရပစ္စယာ=ကုသိုလ် အကုသိုလ်ကြောင့်။ ဝိညာဏံ= စိတ်ဝိညာဏ်သည်။ သမ္ဘဝတိ=ဖြစ်၏။

ဟော...သတ္တဝါသန္တာန်မှာ စိတ်ဝိညာဏ်ဖြစ်တာ ဘာကြောင့်။ ကုသိုလ် အကုသိုလ်ကြောင့်။ စိတ်ဝိညာဏ်ကလည်း ၆–မျိုးခွဲတယ်။ မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ် ဘယ်နှစ်မျိုးတုန်း။ ၆–မျိုး။ အဲဒီစိတ်ဝိညာဏ် ၆–မျိုးဖြစ် တာဟာ ဘယ်သူ့ကြောင့်။ ကုသိုလ် အကုသိုလ်ကြောင့်။

အေး...အဲဒါကြောင့် သင်္ခါရပစ္စယာ ဝိညာဏံလို့ ဟောတော်မူတာ။ ဝိညာဏပစ္စယာ နာမရူပံ။ ဝိညာဏ်နဲ့စိတ်နဲ့အတူတူဘဲ။ ဝိညာဏပစ္စယာ= စိတ်ဝိညာဏ်ကြောင့်။ နာမရူပံ=နာမ်နဲ့ရုပ်သည်။ သမ္ဘဝတိ=ဖြစ်၏။

အေး...နာမ်နဲ့ရုပ် ဖြစ်တာဟာ ဘယ်သူ့ကြောင့်။ စိတ်ဝိညာဏ် ကြောင့်။ စိတ်ဝိညာဏ်မရှိလျှင် ဒီနာမ်နဲ့ရုပ် ဘယ်လိုပေါ်မလဲ။ စောစောက ပြောခဲ့ပြီ မဟုတ်လား။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ။ ဓမ္မာ=နာမက္ခန္ဓာတရား(၄)ပါးတို့သည်။ မနော ပုဗ္ဗင်္ဂမာ=စိတ်ဝိညာဏ်သာလျှင် ရှေ့သွားရှိကုန်၏။

https://www.thitsarparamisociety.com/



စိတ္တေန နီယတိ လောကော၊ စိတ္တေန ပရိကဿတိ။ လူကိုဘယ်သူဦးဆောင်တယ်။ စိတ္တေန=စိတ်သည်။ လောကော=လူအပေါင်းကို။ နီယျတေ=ဆောင်အပ်၏။ စိတ္တေန=စိတ်ဖြင့်။ ပရိကဿတိ=ဆွဲငင်၏။

**လူတွေဟာ စိတ်နောက်ကိုဘဲ လိုက်ကြရတယ်။**

စိတ္တဿ ဧကဓမ္မဿ သဗ္ဗေဝ ဝသမန္ဝဂူ။ စိတ္တဿ=စိတ်ဟူသော။ ဧကဓမ္မဿ=တရားတစ်ခု၏။ ဝသံ=အလိုသို့။ သဗ္ဗေ=အလုံးစုံကုန်သောပုဂ္ဂိုလ်တို့သည်။ အန္ဝဂူ=အစဉ်တစိုက် လိုက်ကြရကုန်သည်သာတည်း။ အေး...စိတ်နောက် လိုက်ရတယ်...တဲ့။

အဲဒါကြောင့် ဝိညာဏပစ္စယာ=စိတ်ဝိညာဏ်ကြောင့်။ နာမရူပံ=နာမ်နဲ့ရုပ်သည်။ သမ္ဘဝန္တိ=ဖြစ်၏။ နာမ်နဲ့ရုပ်ဖြစ်တာ ဘယ်သူ့ကြောင့်။ စိတ်ဝိညာဏ်ကြောင့်။ စိတ်ဝိညာဏ်ဖြစ်တာ ဘယ်သူ့ကြောင့်၊ ကုသိုလ်အကုသိုလ်ကြောင့်။ အေး...ကုသိုလ် အကုသိုလ်ဖြစ်တာ အဝိဇ္ဇာကြောင့်။

အေး...အဲဒီလို အကြောင်းအကျိုးဆက်စမ်းပါ။ အဝိဇ္ဇာကြောင့် ကုသိုလ် အကုသိုလ်ဖြစ်။ ကုသိုလ် အကုသိုလ်ကြောင့် စိတ်ဝိညာဏ်ဖြစ်။ စိတ်ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်။

နာမရူပပစ္စယာ သဠာယတနံ။ နာမရူပပစ္စယာ=နာမ်နဲ့ရုပ်ကြောင့်။ သဠာယတနံ=အကြည်ခြောက်ပါးသည်။ သမ္ဘဝန္တိ=ဖြစ်၏။ နာမ်နဲ့ရုပ်ကြောင့် အကြည်ခြောက်ပါး ဖြစ်တယ်။ သစ်သီးကလေးများ ကြီးလာတဲ့အခါကျတော့ အထဲက အိမ်တို့ အဆံတို့တည်သလို အမေ့ဗိုက်ထဲ ပဋိသန္ဓေနေတဲ့သတ္တဝါကောင်ဟာ တဖြည်းဖြည်းရင့်လာတော့မှ မျက်စိအိမ် မျက်လုံးအဆံ၊ နားအိမ် နားအဆံ၊ နှာခေါင်းအိမ် နှာခေါင်းအဆံ၊ လျှာအိမ် လျှာအဆံ၊ သတ္တာဟ (၁၀)လီ။ (၂)လနဲ့(၁၀)ရက်ကျော်မှ မျက်စိအိမ် နားအိမ် နှာခေါင်းအိမ် လျှာအိမ်၊ ဒီတော့မှ အဆံဖြစ်လာတယ်။

https://www.thitsarparamisociety.com/



ပဌမံ ကလလံ ဟောတိ ကလလံ ဟောတိ အဗ္ဗုဒံ။ ဆိုတဲ့အတိုင်း ပထမဆုံး ကလလရေကြည်ဖြစ်တယ်။ အဲဒီ ကလလရေကြည်(၇) ရက်ကနေပြီးတော့ကာ အမြှုပ်ကလေးဖြစ်လာတယ်။ အမြှုပ်(၇)ရက်ကနေပြီးတော့ကာ သွေးခဲ (၇)ရက်၊ သွေးခဲ(၇)ရက်ကနေပြီးတော့မှ သားတစ်(၇)ရက်၊ သားတစ်(၇)ရက်ကနေပြီးတော့မှ ခက်ဖြာငါးဖြာ၊ ခေါင်းရယ်၊ လက်နှစ်ဖက်ရယ် ခြေနှစ်ဖက်ရယ် ပေါက်ဖို့ရာ ပုန်းပဂျီရုပ်ကလေးလို အဖုကလေး(၅)ခု ပေါက်လာတယ်။

အဲဒီတော့ ဘယ်လောက်ရှိသလဲ။ (၇)ငါးလီရှိသွားပြီ၊ ပြီးတော့မှ ရင့်ကျက်သတ္တာဟ (၇)ရက်ငါးလီ၊ ဒီတော့မှ (၇)ရက်ဆယ်လီ ဖြစ်မသွားဘူးလား။ (၇)ရက်ဆယ်လီ ဖြစ်တော့ ရက်ပေါင်း(၇၀)နှစ်လီနှင့်(၁၀)ရက်ကျော်မှ မျက်စိအိမ် နားအိမ် နှာခေါင်းအိမ် ပေါ်လာတယ်တဲ့။ ဥပမာ ဘာနဲ့တူတယ်၊ သစ်သီးများရင့်လာတဲ့အခါ အထဲမှာ အဆံအိမ်ပေါ်လာသလို အမေ့ဗိုက်ထဲက သတ္တဝါကောင်ကလေး ရင့်တဲ့အခါ မျက်စိအိမ် နားအိမ် နှာခေါင်းအိမ် လျှာအိမ် ပေါ်လာတာဟာ ကိုယ်အကြည်နဲ့ ဟဒယဝတ္ထုနှလုံးသွေးကတော့ ကလလရေကြည်ကစ,ပါလာတယ်။

မျက်စိရယ် နားရယ် နှာခေါင်းရယ် လျှာရယ်ဆိုတဲ့လေးပါးက ရက်ပေါင်း (၇၀)ကျော်မှ မျက်စိအိမ် နားအိမ် နှာခေါင်းအိမ် လျှာအိမ်ပေါ်လာတယ်။ အေး...ဒီတော့

နာမရူပပစ္စယာ=အကောင်ကလေးဆိုတဲ့ နာမ်ရုပ်ကြောင့်။ သဠာယတနံ=အကြည်ခြောက်ပါးသည်။ သမ္ဘဝန္တိ=အပြည့်အစုံ ဒီအခါမှဖြစ်တော့တယ်တဲ့။ မျက်စိအကြည် နားအကြည် နှာခေါင်းအကြည် လျှာအကြည် တစ်ကိုယ်လုံးအကြည် မနောအကြည် အဲဒီအကြည် (၆)ပါးကို သဠာယတနခေါ်တယ်။

https://www.thitsarparamisociety.com/



အဲဒီ သဠာယတနခေါ်တဲ့ အကြည်(၆)ပါးဟာ ဘာကြောင့်ဖြစ်သလဲလို့ အကြောင်းရှာလိုက်တော့ နာမ်နဲ့ရုပ်ကြောင့်။

(၁)။ အဝိဇ္ဇာကြောင့် ကုသိုလ် အကုသိုလ်ဖြစ်။

(၂)။ ကုသိုလ်အကုသိုလ်ကြောင့် စိတ်ဝိညာဏ်ဖြစ်။

(၃)။ စိတ်ဝိညာဏ်ကြောင့် နာမ်နဲ့ရုပ်ဖြစ်။

(၄)။ နာမ်နဲ့ရုပ်ကြောင့် အကြည်(၆)ပါးဖြစ်။

ကိုင်း...စုံမသွားဘူးလား။ ဒါလူကောင်ဘဲ၊ ဒါကြောင့်ဟို သင်ပုန်းမှာ ရေးထားတယ်။

ထင်ရှားစေ့စုံ၊ အဖုံဖုံလျှင်၊ တည်တုံနာမ်ရုပ်၊ ကိုယ်သမုတ်သား၊ အထုတ်အထည်၊ ကြီးငယ်ကာယ၊ ပေါ်ပြန်ကလည်း။ ဟိုမှာရေးထားတယ်။

မီးတွင်ရှိန်ဝါ၊ ထက်ချပ်ပါသို့၊ မကွာတူကွ၊ ဖြစ်ပေါ်ကြသား၊ ဖဿ ဝေဒနာ၊ စေတနာနဲ့၊ သညာဝိတက်၊ ရောင်စုံပျက်သည်၊ အမျက်ကြောင်ဝယ်၊ ကြိုးစုံခြယ်သို့၊ အသွယ်အသွယ်၊ အနွယ်နွယ်လျှင်၊ ဆန်းကြွယ်လှစွာ၊ နာမ်ကာယနှင့်။

ဖဿအစရှိသော စေတသိက်တွေကို ဘာခေါ်တယ်။ နာမ်အပေါင်း။ အဲဒီ နာမ်အပေါင်းကိုကာယခေါ်တယ်။ ကာယအပေါင်းအစု။ ဒီတော့ နာမနဲ့ ကာယပေါင်းလိုက်တော့ နာမကာယ။

အေး...နာမ်။ ဗမာလိုခေါ်တော့ နာမ်ကိုယ်။ ရုပ် ၂၈-ပါးကို ရုပ်ကိုယ်လို့ ခေါ်ပါတယ်။

အဌဝီသ၊ ရုပ်ကာယဟု၊ နာမရူပ၊ ဓမ္မအပြား၊ ဤနှစ်ပါးလည်း၊ ထင်ရှားစုံစွာ၊ ပေါ်တုံလာ၍။

အဲဒီတော့ ဝိညာဏ်ကြောင့် နာမ်နဲ့ရုပ်ဟာ ထင်ရှားစွာပေါ်လာတယ်။ အဲဒီ အချက်ကလေးကနေပြီးတော့...

https://www.thitsarparamisociety.com/



ထင်ရှားစေ့စုံ၊ အဖုံဖုံလျှင်၊ တည်တုံနာမ်ရုပ်၊ ကိုယ်သမုတ်သား၊ အထုတ်အထယ်၊ ကြီးငယ်ကာယ၊ ပေါ်ပြန့်ကလည်း၊ ဒွါရတွင်မည်၊ ဖိတ်ဖိတ်လည်သည်၊ အကြည်ခြောက်မျိုး၊ ကိုယ်လုံးဖြိုး၏။

နာမ်ကာယ ရုပ်ကာယ နာမ်ကိုယ် ရုပ်ကိုယ် သတ္တဝါကောင်ကလေး ရယ်လို့ ပေါ်လာလျှင် ဒွါရခေါ်တဲ့ အကြည်ခြောက်မျိုးဟာ တစ်ကိုယ်လုံး ဖြိုးတယ်။ ဖြိုးတယ်ဆိုတာ ပေါရာဏစကား၊ တစ်ကိုယ်လုံးပြည့်နေတယ်လို့ ဆိုလိုတယ်။ အကြည်ခြောက်ပါး ကင်းလွတ်တဲ့နေရာမရှိဘူး။ မျက်စိအကြည် မျက်လုံးထဲမှာ၊ နားအကြည် နားထဲမှာ၊ နှာခေါင်းအကြည် နှာခေါင်းထဲမှာ၊ လျှာအကြည် လျှာထဲမှာ၊ ကိုယ်အကြည် ဆံပင်ဖျား ခြေသည်းဖျား လက်သည်းဖျားတွေ ချန်လှပ်၍ တစ်ကိုယ်လုံး အတွင်းရော အပြင်ရောပျံ့နှံ့နေတယ်။ မနောအကြည်က နှလုံးသွေး။

ဒီတော့ ခန္ဓာကိုယ်ထဲမှာ ရှာလိုက်လျှင် တစ်ကိုယ်လုံးအကြည်ခြောက်ပါးနဲ့ ပြည့်နေတဲ့ခန္ဓာကိုယ်ကြီး။ ဒီအကြည်ခြောက်ပါးကို ဘာလို့ခေါ်တယ်၊ ဒွါရလို့ ခေါ်တယ်။

အဲ...ဒွါရတွင်မည်၊ ဖိတ်ဖိတ်လည်သည်၊ အကြည်ခြောက်မျိုး၊ ကိုယ်လုံးဖြိုး၏။

ဒီ အကြည်ခြောက်ပါးဟာ တစ်ကိုယ်လုံးပြည့်နေတယ်။ အကြည်ဆိုပေမယ်လို့ မျက်စိနဲ့မြင်ရတဲ့အကြည်မျိုး မဟုတ်ဘူး။ ရေကြည်ထဲမှာ မျက်နှာကိုကြည့်တော့ မျက်နှာရိပ်ထင်သောကြောင့် ဒီရေကိုကြည်တယ်လို့ ခေါ်တာ။ မျက်နှာရိပ်ထင်သောကြောင့် ဒီမှန်ကို ကြည်တယ်လို့ခေါ်တာ။ အရိပ်ထင်လို့ ခေါ်တာ။ ဒီမျက်စိထဲမှာ ရူပါရုံအရိပ်ထင်တယ်။ နားထဲမှာ သဒ္ဒါရုံအရိပ်၊ နှာခေါင်းထဲမှာ ဂန္ဓာရုံအရိပ်၊ လျှာပေါ်မှာ ရသာရုံအရိပ်၊ ခန္ဓာကိုယ်ပေါ်မှာ ဖောဋ္ဌဗ္ဗာရုံအရိပ်။ သူ့အကြည်နဲ့ ဆိုင်ရာအာရုံထင်စေတတ်တဲ့ သတ္တိ

https://www.thitsarparamisociety.com/



ကြောင့် အကြည်ခေါ်တာ။ ရေအကြည် မှန်အကြည်တို့က အရိပ်ထင်စေသကဲ့သို့ စက္ခု သောတအစရှိသော ဒွါရရုပ်တွေက အဆင်း အသံ အနံ့ အရသာ အတွေ့ ဆိုတဲ့အာရုံတွေကို ထင်စေတယ်။ အဲဒီလို အာရုံကို ထင်စေတတ်သောကြောင့်...

ဒွါရတွင်မည်၊ ဖိတ်ဖိတ်လည်သည်၊ အကြည်ခြောက်မျိုး၊ ကိုယ်လုံးဖြိုး၏...တဲ့။

နာမ်ရုပ်ကြောင့် အကြည်ခြောက်ပါးဖြစ်တယ်၊ ဒီလိုဆိုချင်တာကိုး။ ရှေ့ဆက်ချင်လို့ အဲဒီ အကြည်ခြောက်ပါး ဒွါရခြောက်ပါးဆိုတာ ဘာတွေများလဲ။ သိရအောင်...

အကြည်ခြောက်မျိုး၊ ကိုယ်လုံးဖြိုးလျှက်၊ အရိုးစီစဉ်။ အရိုးဆိုတာဘာလဲ။ အရိုးဆိုတာ ဓမ္မတာအတိုင်း သူ့အစီအစဉ်ဖြစ်တယ်။ မျက်စိ နား နှာခေါင်း လျှာ မနောဆိုတဲ့ သူ့အစီအစဉ်ကို ဘယ်သူလုပ်ပေးရသလဲ။ သူ့ဓမ္မတာအတိုင်း ဖြစ်တယ်မဟုတ်လား။ ဒါကို အရိုးခေါ်တယ်။

အရိုးစီစဉ်၊ အမြင်စက္ခု၊ ကြားမှုသောတ၊ ဃာနအနံ၊ လျှက်ရန်ဇိဝှာ၊ ကာယအတွေ့၊ အသိမနော...တဲ့။

ဒီတော့ ဒွါရခြောက်ပါး စုံမသွားဘူးလား။ ဥပမာ ကိုင်း...ဆန်နဲ့ပဲ ရောပုံထား။ ဒါပေမယ်လို့ လက္ခဏာချင်းကတော့ မရောဘူး။ ဆန်နဲ့ပဲဟာ ရောမနေဘူးလား။ ရောနေပေမယ်လို့ ဘာဖြစ်လို့လဲ။ ဆန်က,ဆန်လက္ခဏာကို ဆောင်တယ်။ ပဲက,ပဲလက္ခဏာကို ဆောင်တယ်။ ဒီမျက်လုံးထဲမှာက ကာယအကြည်နဲ့မျက်စိအကြည်ဟာ ရောနေတာဘဲ။ ရောနေပေမယ်လို့ လက္ခဏာချင်း မရောဘူး။

https://www.thitsarparamisociety.com/



ခုတင်က ဆန်နဲ့ပဲ ရောထားသလိုဘဲ။ ကာယအကြည်မရှိတဲ့နေရာကတော့ မရှိဘူး။

ဘောပသာဒ၊ လောဟိတ၊ ဇီဝသည်းခြေသုက်၊ တစ်ကိုယ်လုံးမှာ၊ ပျံ့နှံ့ပါ၊ ကျမ်းလာခေါ်သမုတ်။

ဘောဆိုတာက ဣတ္ထိဘာဝ ပုံဘာဝ၊ ပသာဒဆိုတာက ကာယအကြည်၊ သံနိဟိတသွေး၊ သံသရနသွေး၊ သံနိဟိတသွေးဆိုတာ နှလုံးသွေးကိုခေါ်တယ်။ သံသရနသွေးဆိုတာက တစ်ကိုယ်လုံးပျံ့နှံ့နေတဲ့ သွေးကိုခေါ်တယ်။ ဇီဝဆိုတာ ရုပ်ဇီဝိတိန္ဒြေ တစ်ကိုယ်လုံးနှံ့နေတယ်။ သည်းခြေက ဗဒ္ဓသည်းခြေ၊ အဗဒ္ဓသည်းခြေလို့ ၂-မျိုးရှိတယ်။ ဗဒ္ဓသည်းခြေက အိမ်ဖွဲ့နေတယ်။ အဗဒ္ဓသည်းခြေက တစ်ကိုယ်လုံးပျံ့နေတယ်။ အဗဒ္ဓသည်းခြေပျက်လို့ရှိလျှင် ကိုယ်တုန်တယ်၊ ခေါင်းတုန်တယ်၊ လက်တုန်တယ်၊ ပွေးညှင်း တင်းတိတ်ပေါက်တယ်၊ ပြီးတော့ သုက်သွေးလည်း တစ်ကိုယ်လုံးမှာပျံ့နေတယ်။

ဒီတော့ ကာယအကြည်ဆိုတဲ့ အကြည်ဓာတ်ဟာ တစ်ကိုယ်လုံးနှံ့နေတော့ မျက်စိအကြည် နားအကြည်တို့နဲ့ရောနေတာဘဲ။ အေး...ရောတယ်ဆိုရသော်လည်းဘဲ လက္ခဏာမတူကြလို့ တခြားစီ။ ဒီတော့...

မရောမယှက်၊ တလက်လက်လျှင်၊ အမျက်စိန်ရည်၊ လဲ့လဲ့ကြည်သို့။

စိန်ရည်ဆိုတာ ဘာလဲ။ စိန်ရည်ဆိုတာ စိန်မှာအရောင်ရှိတယ်။ အဲဒီ စိန်ဆိုတဲ့ ကျောက်မှာရှိတဲ့အရောင်ကို အရည်ခေါ်တယ်။ ဒါလည်း ဥပမာတင်ပြတာ။ စိန်ဆိုတဲ့ ကျောက်မှာ အရည်အရောင် လဲ့လဲ့ကြည်နေဘိသကဲ့သို့ စက္ခု သောတ ဃာန ဇိဝှာ ကာယ မန ဆိုတဲ့အာယတန ခြောက်

ပါးမှာလည်း လဲ့လဲ့ကြည်နေတယ်လို့ ပြောရတယ်။ တကယ်မျက်မြင်အား ဖြင့် ကြည်တာမဟုတ်ပါဘူး။ သူ့အာရုံနဲ့သူ့ဒွါရရုပ် ထိခိုက်နိုင်လောက်အောင် ကြည်တဲ့သဘောကို ပြောတာ။

အမျက်စိန်ရည်၊ ခြောက်မည်အာရုံ၊ အလုံးစုံလည်း၊ ပုံသဏ္ဌာန်ရိပ်၊ နိမိတ်အသွင်၊ အကုန်ထင်၍။

ခြောက်မည်အာရုံဆိုတာ ဘာလဲ။ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံပေါ့။ နာမ်ရုပ် ရုပ်ရိပ်ရယ်လို့ ရှိတယ်။ လူမှာ အမူအရာ မရှိဘူးလား။ ပြုံးလိုက်တယ်၊ မျက်နှာတည်ထားလိုက်တယ်။ တော်တော်ကြာ ရွှင်လာတယ်၊ တော်တော်ကြာညှိုးသွားတယ်၊ လက်လှုပ်တယ်၊ ခြေလှုပ်တယ် နဲ့ တစ်ကိုယ်လုံး တစ်ကောင်လုံး သတ္တဝါမှာ အမူအရာတွေဟာရှိတယ်။ အဲဒီအမူအရာတွေက နာမ်ရိပ်။ နာမ်ကထွက်တာ။

ရုပ်ရိပ်က လုံးလုံးပြားပြား ရှည်ရှည် လေးထောင့်၊ တစ်ကိုယ်လုံး မှာ ပုံသဏ္ဌာန်တွေ မရှိဘူးလား။ အဲဒီ ပုံသဏ္ဌာန်တွေက ရုပ်ရိပ်။ တစ်ကိုယ် လုံးမှာရှိတဲ့ အမူအရာကနာမ်ရိပ်။ အဲဒီနာမ်ရိပ် ရုပ်ရိပ်ကို...

ခြောက်မည်အာရုံ၊ အလုံးစုံလည်း၊ ပုံသဏ္ဌာန်ရိပ်၊ နိမိတ်အသွင်၊ အကုန်ထင်၍...တဲ့။ ဒါဘဲ။

အဲဒီ နာမ်ရိပ် ရုပ်ရိပ်အတိုင်း မျက်စိမှာလာထင်။ မျက်စိမှာလာထင် တော့ ဘာဖြစ်တယ်။

ဤရှင် ဤလူ၊ ဤမူ နေ,လ၊ ရူပသဏ္ဌာန်။

ဒါရှင်၊ ဒါလူ၊ သည်ရုပ်ပုံ ထိုရုပ်ပုံ ဒါ,နေ ဒါ,လ ဒါ,နက္ခတ်။ ဒီလိုမထင်

https://www.thitsarparamisociety.com/



ဘူးလား။ ဘာလို့ထင်တယ်။ ပုံသဏ္ဌာန်ရိပ်အတိုင်း ထင်ရတာ။ အေး...ဤ ရှင် ဤလူ၊ ဤမူ နေ လ၊ ရုပ်ပုံသဏ္ဌာန်၊ အသံအမျိုးမျိုး။ အသံတွေလေ။ နက်တိမ်စူးသာ၊ ပျံ့မသာ၊ ခြောက်ဖြာအသံမျိုး။ အေး...အသံလည်း အမျိုးမျိုးရှိတယ်။

အခိုးလှိုင်ပျံ့၊ ရနံ့ထိုထို၊ အမွှေးနဲ့၊ အပုပ်နံ့၊ ဒါတွေလည်းဘဲ အခိုးလှိုင်ပျံ့၊ ရနံ့ထိုထို၊ အချိုအချဉ် ဘာလဲဒါ အရသာ။

ဤလျှင်အပူ၊ ဤမူအအေး၊ အတွေးအသိ၊ ပြည့်စုံဘိ၍။ အဆင်းနဲ့မျက်စိနဲ့ ဆုံမိတဲ့အခါ ဘာပြည့်စုံသလဲ။ မြင်မှုပြည့်စုံတော့ ငါမြင်သပေါ့။ အသံနဲ့နား ကြားမိတော့ ဘာမှုပြည့်စုံသလဲ ကြားမှုပြည့်စုံတယ်။ အနံ့နဲ့နှာခေါင်းနဲ့ ဆုံမိတော့ နံမှုပြည့်စုံတယ်။ လျှာနဲ့အရသာနဲ့ ဆုံမိတော့ စားမှုပြည့်စုံတယ်။ ကိုယ်အတွေ့အထိနဲ့ ဆုံမိတော့ တွေ့ထိမှုပြည့်စုံတယ်။ စိတ်ကူးကြံစည်တွေးတောမှုနဲ့ တွေးစရာအာရုံနဲ့ ဆုံမိတော့ အတွေးအသိ ပြည့်စုံတယ်။

ငါ့မှာမြင်မှုရှိတယ်။ ကြားမှုရှိတယ်။ နံမှုရှိတယ်။ စားမှုရှိတယ်။ ထိမှုရှိတယ်။ သိမှုရှိတယ်။ ငါလည်းသူများလိုဘဲ။ ဘာထူးသေးသလဲ။ ငါ့ထက်ဘယ်သူကများ ဘာသာချင်သေးသလဲ။ ရန်ထောင်လျှင်ပြောပါတယ်။ ဒီတော့ ဒါတွေဟာ မာနတက်ဖို့မဟုတ်ဘူးလား။

အတွေးအသိ၊ ပြည့်စုံဘိ၍၊ ငါ၏ဤကိုယ်၊ ငါမင်းပျိုဟု။

ဒါ...ငါ့ကိုယ်၊ ငါဘယ်သူဘယ်ဝါ၊ အချိုအချဉ်၊ အမြင်မှောက်မှား။ ပါးစပ်ကပြောတော့လည်း ငါ့ကိုယ်၊ ဘယ်သူ့ကိုယ်၊ ငါးသား၊ ငါ့သမီး၊ ငါ့မယား ဒီလိုမဆိုဘူးလား။ ဆိုတဲ့အတိုင်းကော စိတ်ကမထင်ဘူးလား။

https://www.thitsarparamisociety.com/



အဲဒီ ဆိုတဲ့ထင်တဲ့အတိုင်း မြင်နေကြတော့ ဒီအမြင်ဟာ အမှား မဟုတ်ကြဘူးလား။ အမြင်မှောက်မှား၊ စိတ်နေကြွားဖို့။ ဒါတွေကို အမြင် မှောက်မှားပြီးတော့ စိတ်ကတော်တော်ကြွားနေတာ။ တယ်,ဟုတ်တယ်ထင် တာ။ ကိုယ့်ကိုယ်ကို ငါရှေ့တည့်တည့်ကကြည့်လို့ အကျည်းတန်ပေမယ့် နောက်ကကြည့်တော့ ယဉ်စစ အရှိသားဘဲ။ အေး...ကိုယ့်ကိုယ်ကို ထင်တာ ပြောတာ။

အမြင်မှောက်မှား၊ စိတ်နေကြွားဖို့၊ တံခါးခြောက်အင်၊ ကိုယ်လုံးထင် သည်၊ ခြောက်စဉ်ဓာတ်မှန်စွမ်းရည်တည်း။

ဘာလဲ...ဓာတ်မှန်ဆိုတာ ခုတင်က အကြည်ခြောက်ပါးကို ပြောတာ။ အကြည်ခြောက်ပါးဆိုတဲ့ အာယတနတရားသည် ဘယ်သူ့ကြောင့်ဖြစ်တယ်။ စိတ်ဝိညာဏ်ကြောင့် ဖြစ်တယ်။ စိတ်ဝိညာဏ်ဟူသော ကုသိုလ်အကုသိုလ် ကြောင့်။ ကုသိုလ်အကုသိုလ်သည် ဘယ်သူ့ကြောင့်ဖြစ်တယ်။ အဝိဇ္ဇာကြောင့်။ အဝိဇ္ဇာသည် ဘယ်သူ့ကြောင့်ဖြစ်တယ်။ အာသဝ ကြောင့်။

အာသဝသမုဒယာ၊ အဝိဇ္ဇာသမုဒယော။

ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ...လို့ အာသဝေါတ ရား(၄)ပါး။

အဲဒီ အာသဝေါ(၄)ပါးကြောင့် အဝိဇ္ဇာဖြစ်တယ်။ ဒီအာသဝေါတရား လေးပါးက ဘယ်သူ့ကြောင့်ဖြစ်တယ်။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ကြောင့်ဖြစ်တယ်။ ဒေါမနဿ=စိတ်ဆင်းရဲခြင်း။ ဥပါယာသ=အမယ်လေး ဟဲ့ ပင်ပန်းလိုက်တာလို့ သက်ကြီးရှိုက်သငင် ပြင်းစွာပင်ပန်းခြင်း။

အဲဒီ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့တရား တွေ ရှိနေလျှင် ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ ဆိုတဲ့ အာ

https://www.thitsarparamisociety.com/



သဝေါတရား (၄)ပါး မရှိပေဘူးလား။ အဲဒီ အာသဝေါတရားရှိနေလျှင် အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော ဖြစ်တော့မှာပေါ့။

ဒီတော့ အဝိဇ္ဇာဘယ်သူ့ကြောင့် အာသဝကြောင့်။ အာသဝ ဘယ်သူ့ကြောင့် သောက ပရိဒေဝကြောင့်။ သောကပရိဒေဝ ဘယ်သူ့ကြောင့်။ ဇရာ မရဏကြောင့်။ ဇရာ မရဏ ဘယ်သူ့ကြောင့် ဇာတိကြောင့်။ ဇာတိ ဘယ်သူ့ကြောင့် ဘဝကြောင့်။

ကိုင်း...ဂျာအေး သူ့အမေရိုက် လည်မသွားဘူးလား။ အေး...ကရွတ်ကင်း လျှောက်နေသလို ခင်းအခြေဆုံးတယ် ရှိနိုင်ဘူး။

သုံးနယ်တြိ၊ ဝဋ်မြစ်သံသာ၊ ဆွဲနှစ်ပြန်တာ။ ဆိုတဲ့သီချင်းဟာလေ ကရွတ်ကင်း လျှောက်အနေ...တဲ့။ ရေအိုးအောက်က ကရွတ်ပေါ်မှာ လျှောက်နေတဲ့ကင်းဟာ ဘယ်တော့ဆုံးတယ်ရှိမလဲ။ ဘယ်တော့မှ ဆုံးတယ်မရှိဘူး နော်။

ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဆိုခဲ့တဲ့အထဲမှာ အဝိဇ္ဇာဆိုတဲ့ တရားက ကိလေသာ။ ကုသိုလ် အကုသိုလ်ဆိုတဲ့ သင်္ခါရက ကံ။ ဝိညာဏ် နာမ်ရုပ် သဠာယတနက ဝိပါက်။ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဝဋ်သုံးပါး မဟုတ်လား။

ဒီတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ အဝိဇ္ဇာကြောင့် ကုသိုလ် အကုသိုလ်ဖြစ်တယ်။ အဝိဇ္ဇာကြောင့်ချည်း ဖြစ်ပါသလားဆိုတော့ မသိမိုက်မဲမှု အဝိဇ္ဇာရှိလျှင် နှစ်သက်မှုတဏှာ ရှိတာပေါ့။ နှစ်သက်မှုတဏှာရှိလျှင် စွဲလန်းမှု ဥပါဒါန် ရှိတာပေါ့။ ခေါင်သူကြီးကောက်ပြောလိုက်တာ။ ဒီတော့ အဝိဇ္ဇာ တဏှာ ဥပါဒါန်ကြောင့် ဒီလိုဆိုတဲ့နေရာမှာ အဝိဇ္ဇာကလည်း ကိလေသာ။ တဏှာကလည်း ကိလေသာ။ ဥပါဒါန်ကလည်း ကိလေသာ။ ကိလေသဝဋ် ကုန်အောင် ဆိုရမယ်။

https://www.thitsarparamisociety.com/



သင်္ခါရာ=သင်္ခါရာဟူသော ကုသိုလ်အကုသိုလ်။ ဘဝခေါ်တဲ့ ကုသိုလ်အကုသိုလ်တို့သည် သင်္ခါရအရက သင်္ခါရနှင့်ဘဝ(၂)မျိုးရတယ်။

သင်္ခါရာ ပုဗ္ဗစေတနာ ဘဝေါတု မုဥ္စသတ္တမာ။

ကုသိုလ်လုပ်လုပ် အကုသိုလ်လုပ်လုပ် ပုဗ္ဗစေတနာကို သင်္ခါရ ခေါ်တယ်။ လုပ်တုန်းလုပ်ဆဲ မုဥ္စစေတနာကို ဘဝခေါ်တယ်။ ဒီတော့ အဝိဇ္ဇာ တဏှာ ဥပါဒါန်ရှိနေလျှင် သင်္ခါရနဲ့ဘဝ ဖြစ်ကြတော့မှာဘဲ။

ဒါကြောင့် သင်္ခါရာ=သင်္ခါရခေါ်တဲ့ ကုသိုလ် အကုသိုလ် ဘဝခေါ်တဲ့ ကုသိုလ် အကုသိုလ်တို့သည်။ စုံမသွားဘူးလား။ ဒီတော့ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝ အကြောင်းငါးပါးဖြစ်သွားတယ်။

အဲဒီ အကြောင်းငါးပါးဟာ မင်းတို့သန္တာန်မှာ မသိမိုက်မဲမှု အဝိဇ္ဇာ ရှိနေတယ်။ ဖြစ်တာကိုမပြောဘူး။ ရှိနေတာကိုပြောတာ။ ဖြစ်တဲ့အခါလည်း ဖြစ်မှာပေါ့။ မဖြစ်တဲ့အခါလည်း ရှိနေမယ်။ နှစ်သက်မှုတဏှာ စွဲလန်းမှု ဥပါဒါန်တို့လည်း ရှိနေကြတယ်။ မဖြစ်ဘဲရှိနေတာ။ ဘယ်ကလာခဲ့သလဲ။ ဟို...အနမတဂ္ဂဘဝသံသရာက လာခဲ့တာ။ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဆိုတဲ့ ကိလေသာတွေဟာ ဖြစ်ပြီးပေမယ်လို့ မဂ်ဖြင့် မပယ်ရသေးသမျှ ကာလပတ်လုံး ဒီသတ္တဝါသန္တာန်မှာ ကိန်းနေတယ်။ ဒီတော့ အချင်းခပ်သိမ်း အဝိဇ္ဇာရှိတယ်။ အချင်းခပ်သိမ်း တဏှာရှိတယ်။ အချင်းခပ်သိမ်း ဥပါဒါန်ရှိတယ်။ ဘာဖြစ်လို့ရှိသလဲမေးတော့ မဂ်နဲ့မပယ်ရသေးလို့။ ဒီတော့ မင်းတို့သန္တာန်မှာ အဝိဇ္ဇာ တဏှာ ဥပါဒါန်ဆိုတဲ့တရားများဟာ ဖြစ်ပြီးတဲ့နောက် ကိန်းကျန်ရစ်တာ ပြောတာ။

ကုသိုလ်ကံ အကုသိုလ်ကံဆိုတဲ့သဘောက တမျိုးကွ။ အကျိုးပေးပြီးလျှင်လည်း ပျောက်တယ်။ အကျိုးပေးမပြီးလျှင်လည်း ဒီကံမပျောက်ဘူး။

https://www.thitsarparamisociety.com/



မကောင်းတဲ့အကုသိုလ်ဟာ မကောင်းကျိုးပေးပြီး ပျောက်ရော။ ကောင်းတဲ့ကုသိုလ်ကံဟာ ကောင်းကျိုးပေးပြီး ပျောက်ရော။ ဆိုင်ရာအကျိုးပေးကို မပေးရသေးတဲ့ကံဟာ ဘယ်တော့မှမပျောက်ဘူး။ သူလည်း မဂ်ကျမှပျောက်တယ်။

ကိလေသာနဲ့ဘာနဲ့တူတယ်။ အိုးနဲ့တူတယ်။ ကံဟာဘာနဲ့တူတယ်။ ရေနဲ့တူတယ်။ အေး…အိုးထဲမှာ ရေထည့်ထားသလိုဘဲ။ ကိလေသာရှိလျှင် ကံက ရှိနေမှာဘဲ။ ဒီတော့ ဟိုကစာက ကိလေသာကိုပယ်ဖို့သာပြောတယ်။ ကံပယ်ဖို့ မပြောဘူး။ ဘာလို့မပြောသလဲ။ အိုးကွဲလျှင် ရေတွဲလဲ ကျန်မနေတော့ဘူး။

ဒါကြောင့် ကိလေသာပယ်ဖို့သာ ပြောတယ်။ ကံပယ်ဖို့မပြောဘူး။ သို့ပေမယ်လို့ ကိလေသာပယ်လိုက်လျှင် ကံ,နေနိုင်ဦးမလား။ မနေနိုင်ပါဘူး။ ဒီတော့ ကံဟာ မဂ်ဥပါဒ်တဲ့အခါကျမှ မဂ်ဥပါဒ်လို့လည်း ပြတ်တယ်။ သူ့ဆိုင်ရာ အကျိုးပေးပြီးတော့လည်း ပြတ်တယ်။ အေး…ကံပြတ်ပုံက ဒီ(၂)နည်းဘဲ။ ကိလေသာပြတ်ပုံကတော့ မဂ်ပယ်မှဘဲပြတ်တယ်။

ဒီတော့ မင်းတို့သန္တာန်မှာ အဝိဇ္ဇာရှိတယ်။ တဏှာရှိတယ်။ ဥပါဒါန်ရှိတယ်။ ဒါကကိလေသာ။ သင်္ခါရရှိတယ်။ ဘဝရှိတယ်။ ဒါက ကံ။ ဒီတော့ ကိလေသာ(၃)ပါး။ ကံ(၂)ပါး။ အဲဒီငါးပါးဟာ ဖြစ်နေတာကို မပြောဘူး။ ရှိနေတာကို ပြောတာ။ ဒီတော့ (၅)ပါး ရှိနေသ၍ကာလပတ်လုံး နောင်တစ်ဘဝဆက်ပြီး မဖြစ်ပေဘူးလား။

ဒီ (၅)ပါးရှိနေလျှင် ဖြစ်ရမှာဘဲ။ အဲဒါ ဘာခေါ်တယ်၊ အကြောင်း။ ယခုဘဝမှာ ရှိနေတဲ့အကြောင်း(၅)ပါးကြောင့် နောင်တစ်ဘဝ ဆက်ပြီးတော့ဖြစ်ရမယ်။ ဒါ အပရန္တဘဝစက် ခေါ်တယ်။ ဘာဖြစ်လို့လဲ။ နောက်ဘဝနဲ့ဆက်ထားလို့။ အပရန္တစက် နော်။ ယခုရှိနေတဲ့ ဝိညာဏ်နဲ့ နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ။ အဲဒါက အကျိုးတရား။

https://www.thitsarparamisociety.com/



ခု မင်းတို့သဏ္ဍာန်မှာ စိတ်မရှိဘူးလား။ နာမ်ရုပ်မရှိဘူးလား။ သဠာယတန မရှိဘူးလား။ သဠာယတနရှိတော့ အာရုံနဲ့မတွေ့ဘူးလား။ တွေ့တော့ အဲဒါ ဖဿ။ ဖဿနဲ့တွေ့လိုက်တော့ ဝေဒနာက မခံစားဘူးလား။

အဲဒီ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အဲဒီ အကျိုး(၅)ပါးက ဟို...ရှေးအတိတ်က အဝိဇ္ဇာ တဏှာ ဥပါဒါန် ကမ္မဘဝဆိုတဲ့ အကြောင်း(၅)ပါးကြောင့် ယခုဖြစ်နေရတယ်။

အဲဒီ ပစ္စုပ္ပန်အကျိုး (၅)ပါးသည် ရှေးအတိတ်အကြောင်းနဲ့ဆက်လို့ ပုဗ္ဗန္တဘဝစက်လို့ ခေါ်တယ်။ ယခုရှိနေတဲ့ အကြောင်းငါးပါးက နောင်ဘဝနဲ့ဆက်ခြင်းကြောင့် အပရန္တဘဝစက်။ သတ္တဝါသဏ္ဍာန်မှာ အချင်းခပ်သိမ်း ရှိတယ်။

ဒီတော့ အပရန္တဘဝစက်က နောက်ဘဝဆက်မယ်။ ပုဗ္ဗန္တဘဝစက်က ရှေးဘဝဆက်မယ်။ ယခု ပစ္စုပ္ပန်ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုးတရားကို ဖြစ်စေတဲ့ ကိလေသာနှင့်ကံဟာ ဒီအကျိုးတရားတွေပေါ်ပြီးလျှင် ကံကပျောက်တယ်။ ကိလေသာက မပျောက်ဘူး။ ကိန်းနေရစ်တယ်။ အကျိုးမပေးရသေးတဲ့ ဟိုဘဝကပါလာတဲ့ ကိလေသာနဲ့ ကံကတော့ အကျိုးမပေးရသေးလျှင် သတ္တဝါသဏ္ဍာန်မှာ ရှိနေတာဘဲ။

ဒါကြောင့် ဟို...ရှေးရှေးကပါလာတဲ့ ကိလေသာပင်ဖြစ်သော်လည်း ယခု ပစ္စုပ္ပန်ခန္ဓာမှာ ရှိနေခြင်းကြောင့် သူ့ကို ပစ္စုပ္ပန်အကြောင်း ခေါ်တယ်။ ယခုဘဝမှ ပစ္စုပ္ပန်အကြောင်းမဟုတ်ဘူး။

အဲဒီလို ပစ္စုပ္ပန်အကြောင်းကြောင့် နောင်အနာဂတ် အကျိုးဆက်။ နောင်အနာဂတ်အကျိုးဆက်အတွက်က အရေးကြီးတယ်။ တရားရလျှင် အပါယ်လေးပါး မကျတော့ဘူး။ အပါယ်လေးပါးမှာဖြစ်စေတတ်တဲ့ ကိလေသာ

https://www.thitsarparamisociety.com/



ကုန်သွားလို့ အပါယ်လေးပါးကို ကျစေတတ်တဲ့ ကိလေသာနဲ့ကံ ကုန်အောင် ဘာကိုလုပ်ရမလဲ။ **ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးတရား(၅)ပါးထဲက တစ်ပါးပါးကို စူးစိုက်ပါ။**

ဘယ်လို စိုက်ရမလဲ။ **သိ-သိ-သိ-သိနဲ့စိုက်ပါ။** သိ-သိ-သိနဲ့စိုက်လို့ မရဘူးဆိုလျှင် အာနာပါနသမာဓိပျော့တယ်။ ပြန်ရှုလေ။ အေး...အာနာပါနရှုလို့ မကောင်းဘူး။ မကောင်းလျှင် ထ,လမ်းလျှောက်လိုက်။

ဒါ ဒို့လုပ်ထုံးဘဲ။ **လမ်းလျှောက်လိုက်၊ ရှုလိုက်၊ ခန္ဓာကိုယ်ထဲက ဖြစ်မှုစိုက်လိုက်** ခန္ဓာကိုယ်ထဲမှာ အတွင်းရောအပြင်ရော ဖြစ်လာပြီဆိုလျှင် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ။ ဒီ(၅)ပါးကလွဲလို့ ဘယ်သူမှမရှိဘူး။

ဒီတော့ ဘာမှပြောမနေနဲ့။ မိုးညှင်းဆရာတော်ကြီးဟောသလို ဟေ့...အစပ်ခွဲတတ်လျှင်ခွဲတတ် မခွဲတတ်လျှင်နေကွ။ နွားသာလယ်ထဲက မတက်အောင် ထွန်တဲ့။ လယ်ထဲကနွားမတက်လျှင် ဒီထွန်ရေးဟာ ကြာတော့ ညက်ရမယ်။

ဒီတော့ ဝိညာဏ်သော နာမ်ရုပ်သော သဠာယတနသော ဖဿသော ဝေဒနာသော တဏှာသော သိချင်သိ၊ မသိချင်နေ၊ ခန္ဓာကိုယ်ထဲမှာ သာ စိတ်ထား။ အေး...လယ်ထဲကနွား မတက်စေနဲ့တဲ့။ အစပ်မခွဲတတ်လျှင် နေတဲ့ ထွန်သာထွန်တဲ့။

ဒီတော့ ဝိညာဏ်တွေ နာမ်ရုပ်တွေ သိနေဖို့လိုနေသေးသလား။ ခန္ဓာကိုယ်ထဲမှာ စိတ်စိုက်ဖို့ဘဲ လိုပါတယ်။ ခန္ဓာကိုယ်ထဲမှာ စိတ်စိုက်လို့မရဘူး။ မရလျှင် အာနာပါနရှု။ အာနာပါနရှုလို့ မကောင်းဘူး။ ထ,စင်္ကြံလျှောက်။

https://www.thitsarparamisociety.com/



စကြံလျှောက်ခြင်းသည် အာနာပါန ရှုကောင်းဖို့။ အာနာပါနလုပ်ခြင်းသည် ဝေဒနာစိုက်ကောင်းဖို့။ ဒီတော့ ခန္ဓာကိုယ်ထဲက ဖြစ်မှုတစ်ခုခုကို စိုက်ကောင်းလို့ရှိလျှင် ဝိညာဏ်သော်၎င်း၊ နာမ်ရုပ်သော်၎င်း၊ သဠာယတနသော်၎င်း၊ ဖဿသော်၎င်း၊ ဝေဒနာသော်၎င်း တစ်ခုခုသိမယ်ပေါ့။

အဲဒီ ဝိပါကဝဋ်အကျိုးတရားကို ဉာဏ်စိုက်အောင် ပိုင်ပိုင်နိုင်နိုင်သိလိုက်လျှင် ယခု မိမိသန္တာန်မှာရှိနေတဲ့ နောင်အနာဂတ်ဘဝနဲ့ဆက်မဲ့အကြောင်းဟာ လုံးလုံးမပြတ်ဘူးဆိုတောင် ပဲ့သွားမယ်။

ဤသို့ ကြားနာရသော ဓမ္မသဝန ကုသိုလ်ကံစေတနာတို့ကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တရားမြတ်ကို လျှင်မြန်စောစွာ ရရ ရောက်ရပါလို၏...ဟု ဆုတောင်းကြကုန်။

သာဓု–သာဓု–သာဓုပါဘုရား။

☆☆☆☆☆☆☆☆☆☆☆☆☆☆☆

**အသက်၊ ရောဂါ၊ ချိန်ခါနှင့်**
**လားရာဘဝ၊ ပစ်ချနေရာ၊**
ဤငါးဖြာ ငါ့မှာမသိနိုင်။

(ဝေဠုဝတီ ဆရာတော်ဘုရားကြီး)

https://www.thitsarparamisociety.com/



မြောင်းမြမြို့ ဝေဠုဝတီကမ္မဋ္ဌာန်းတိုက်တွင်
၁၃၂၄-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့တွင်
ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီးသည်
တပည့်အပေါင်းတို့အား ဟောကြားတော်မူအပ်သော

# ပဋိစ္စသမုပ္ပါဒ် တရားတော်

မအီမသာဖြစ်တာ နေမကောင်းထိုင်မသာဖြစ်တာက အကျိုးတရား။ ရေချိုးမှားတာ အစားမှားတာ ဥတုဖောက်ပြန်တာက အကြောင်းတရား။

ပဋိစ္စ=စွဲမှီ၍။ သမုပ္ပါဒ=ဖြစ်ကြောင်း။ ပဋိစ္စသမုပ္ပါဒ=စွဲမှီ၍ဖြစ်ကြောင်း။

ဘာဖြစ်ဖြစ် အကြောင်းရှာရတယ်။ လမ်းဆုံလမ်းမ လမ်းလေးခွမှာ ကလေးတစ်ယောက် မျက်စိသူငယ်နဲ့ငိုနေတယ်။ ဒီကလေးလေးရဲ့အမေ ဘယ်မှာလဲတဲ့။ အမေကိုလိုက်ရှာရတယ်။ တစ်စုံတစ်ခု အနာရောဂါဖြစ်ဖို့ ရှိလို့ ဆေးဆရာခေါ်လျှင် ဆေးဆရာက အကြောင်းစစ်ရတယ်။ ဒီရောဂါ ဟာ သလိပ်ကြောင့်ဖြစ်တယ်။ သည်းခြေကြောင့်ဖြစ်တယ်။ အာဟာရအပုပ်ကြောင့်ဖြစ်တယ်။

သလိပ်-သွေး-သည်းခြေ-လေ-အပုပ်-အာဟာရဆိုတာက အကြောင်း။ အနာရောဂါကအကျိုး။ **အကြောင်းမရှိဘဲနဲ့ဒီအကျိုးက မဖြစ်နိုင်ဘူး။** အကြောင်းမသိဘဲနဲ့ ဆေးကုလို့ ရောဂါမပျောက်ဘူး။ ဘယ်ဟာဖြစ်ဖြစ် နိဗ္ဗာန်ရောက်ကြောင်းလည်း ဒီလိုဘဲ။ အကြောင်းသိမှ အကျိုးငြိမ်းနိုင်တယ်။

https://www.thitsarparamisociety.com/



၁။ ပဋိစ္စ=စွဲမှီ၍။ သမုပ္ပါဒ=ဖြစ်ကြောင်း။ စွဲမှီ၍ဖြစ်နေတဲ့တရားကို သိတဲ့ဉာဏ်က ပဋိစ္စသမုပ္ပါဒ်ဉာဏ်။

၂။ ပစ္စယပရိဂ္ဂဟဉာဏ်။ ပစ္စယ=အကြောင်းကို။ ပရိဂ္ဂဟ=သိမ်းဆည်းနိုင်တယ်။ အကြောင်းကိုသိမ်းဆည်းနိုင်တဲ့ဉာဏ်က ပစ္စယပရိဂ္ဂဟဉာဏ်။

၃။ ဓမ္မဋ္ဌိတိဉာဏ်။ အကျိုးတရားတို့၏တည်ရာအကြောင်းကို သိတဲ့ဉာဏ်သည် ဓမ္မဋ္ဌိတိဉာဏ်။

၄။ ယထာဘူတဉာဏ်။ ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ်။ ဒီအကျိုးဖြစ်လာတာ ဒီအကြောင်းကြောင့် ဖြစ်တာဘဲလို့ အကြောင်းနဲ့အကျိုးတွဲစပ်ပြီး ဟုတ်တိုင်းမှန်ရာ သိတဲ့ဉာဏ်။

၁။ ပဋိစ္စသမုပ္ပါဒ်ဉာဏ်။
၂။ ပစ္စယပရိဂ္ဂဟဉာဏ်။
၃။ ဓမ္မဋ္ဌိတိဉာဏ်။
၄။ ယထာဘူတဉာဏ်။
အဲဒါ အတူတူဘဲ။ ပဋိစ္စသမုပ္ပါဒ်ချည်းဘဲ။

၅။ ကင်္ခါဝိတရဏဝိသုဒ္ဓိ။ ကင်္ခါ=ယုံမှားခြင်းကို။ ဝိတရဏ=လွန်မြောက်၍။ ဝိသုဒ္ဓိ=ဒိဋ္ဌိအမျိုးမျိုးမှ စင်ကြယ်သောဉာဏ်။ ယုံမှားခြင်းကို လွန်မြောက်လျှင် ဒိဋ္ဌိစွဲဟာ မစင်ကြယ်နိုင်ဘူးလား။

သုံးဝရတနာ၊ သိက္ခာသုံးတန်၊ အပရံနှင့်၊ ပုဗ္ဗံပရ၊ ပဋိစ္စ၊ ရှစ်ဝယုံမှားခြင်း။

https://www.thitsarparamisociety.com/



(ယုံမှားခြင်း ရှစ်ပါး)

၁။ ဘုရား၌ယုံမှားခြင်း။

၂။ တရား၌ယုံမှားခြင်း။

၃။ သံဃာ၌ယုံမှားခြင်း။

၄။ အကျင့်သိက္ခာ၌ယုံမှားခြင်း။

၅။ ပုဗ္ဗန္တ=ဟို ရှေးဘဝကို ပြန်ပြီးယုံမှားခြင်း။

၆။ အပရန္တ=နောက်သွားရမယ့်ဘဝကို လှမ်းပြီးယုံမှားခြင်း။

၇။ ပုဗ္ဗန္တာပရန္တာ=ရှေ့ဘဝရယ် နောက်ဘဝရယ် နှစ်မျိုးစလုံး ယုံမှားခြင်း။

၈။ ပဋိစ္စသမုပ္ပါဒ်၌ ဒီအကျိုးဟာ ဒီအကြောင်းဖြစ်တာ ဟုတ်ပါလေရဲ့လားလို့ ယုံမှားခြင်း။

အဲဒီ ယုံမှားခြင်းရှစ်ပါးမှာ ရတနာသုံးပါးရယ်၊ အကျင့်သိက္ခာရယ်၊ ပုဗ္ဗန္တ=ရှေးရှေးဘဝရယ်၊ အပရန္တ=နောက်နောက်ဘဝရယ်၊ ပုဗ္ဗန္တာပရန္တ=ရှေ့နောက်နှစ်မျိုးစလုံးရယ်၊ ပဋိစ္စသမုပ္ပါဒ်ရယ်။

အဲဒီ **ယုံမှားခြင်းရှစ်ပါးကို မလွန်မြောက်သမျှကာလပတ်လုံး ဒိဋ္ဌိအမျိုးမျိုးမှ မစင်ကြယ်ဘူး။ အဲဒါကြောင့် ဒိဋ္ဌိအမျိုးမျိုးတို့မှ စင်ကြယ်အောင် ယုံမှားခြင်းကို လွန်မြောက်အောင် အားထုတ်ကြရမယ်။**

ယုံမှားခြင်းလွန်မြောက်တယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ်ဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်၊ ဓမ္မဋ္ဌိတိဉာဏ်၊ ယထာဘူတဉာဏ် ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်။

အဲဒီဉာဏ်တွေမှ ယုံမှားခြင်းကိုလွန်မြောက်နိုင်တယ်။ ဒီဉာဏ်တွေ မရလျှင် ယုံမှားခြင်းမှ မလွန်မြောက်နိုင်ပါဘူး။ စာစကားနဲ့ပြောနေတော့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ အသိခက်နေတယ်။ ပဋိစ္စသမုပ္ပါဒ်ဟာ လောကမှာ အကြောင်းအကျိုး ကင်းတာဘာရှိလို့လဲ၊ ဘာကြောင့်ဖြစ်တယ်ဆိုတာ...

https://www.thitsarparamisociety.com/



ပဋိစ္စသမုပ္ပါဒ်ဘဲ။ ဘာဖြစ်တယ်ဆိုတာက အကျိုး၊ ဘာ့ကြောင့်ဆိုတာက အကြောင်း။

ထမင်းစားများသွားလို့ မအီမသာဖြစ်တယ်၊ ထမင်းမစားရလို့ ဆာတယ်။ တစ်ယောက်နဲ့တစ်ယောက် မတည့်လို့ စိတ်မချမ်းသာဘူး။ စိတ်မချမ်းသာတာဘာလဲ အကျိုး။ မတည့်တာက အကြောင်း။

လောကမှာ အကြောင်းနဲ့အကျိုးဟာ အကုန်လုံးဆက်သွယ်နေကြတယ်။ သို့ပေမယ်လို့ အကြောင်းမှန်းအကျိုးမှန်း မသိကြ။ အကြောင်းကြောင့်ဖြစ်တဲ့အကျိုးမှန်လျှင် ဘယ်နည်းနဲ့မှ မခိုင်မြဲဘူး။ ပျက်စီးရမှာဘဲ။ ဘာဖြစ်လို့လဲ။ အကြောင်းကြောင့် ဖြစ်တာကိုး။ အကြောင်းကိုက ခိုင်မြဲလို့လား။ အကြောင်းကမခိုင်မြဲလျှင် ဒီအကြောင်းကြောင့်ဖြစ်တဲ့အကျိုးကော ခိုင်မြဲနိုင်ပါအုံးမလား။ သေတတ်တဲ့အမေက မွေးထားတဲ့သားသမီးဟာ မုချသေရမယ်။

ထိုနည်းတူစွာ မခိုင်မြဲတဲ့အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားဟာ ဘယ်နည်းနဲ့မှ မခိုင်မြဲနိုင်ဘူး။ ပျက်စီးရမှာဘဲ။ ဒါကြောင့် အကြောင်းနဲ့အကျိုးတရားကို သိလျှင် အနိစ္စပေါ်လွင်နေတယ်။ အဲဒီ အကြောင်းကို မသိတော့ အကျိုးလည်း မသိနိုင်ဘူးပေါ့။ အကြောင်းမှမသိဘဲနဲ့ ဒီလူဟာ လူ့ပြည်မှာနေလို့ ဘာလုပ်အုံးမှာလဲ။ ဘယ်လောက်အသက်ရှည်ရှည် အလကားဘဲ။ အနည်းဆုံး အကြောင်းအကျိုးတော့ သိဖို့ကောင်းကြပါတယ်။

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏ လို့ ပဋိစ္စသမုပ္ပါဒ်မှာ အင်္ဂါ(၁၂) ပါးရှိတယ်။ အေး…အဲဒီလို စာအတိုင်း ပဋိစ္စသမုပ္ပါဒ်ကိုလည်း သိကြပေါ့။ ကိုယ့်သန္တာန်မှာ ပဋိစ္စသမုပ္ပါဒ်ဘယ်နှစ်ပါး ဖြစ်နေသလဲလို့ ဒီလိုလည်း ကိုယ်ထဲမှာကြည့်။ အကျဉ်းအားဖြင့် လောကမှာ အကျိုးနဲ့အကြောင်းရှိတယ်။

https://www.thitsarparamisociety.com/



လူတွေဆိုတာက အကျိုး။ လူတွေလုပ်နေတဲ့ ကောင်းမှုဆိုးမှုတွေက အကြောင်း။ ဒီတော့ လူဆိုတာ အကျိုးနဲ့အကြောင်းဘဲရှိတယ်။

လူတင်လားဆိုတော့ ဘယ်သတ္တဝါမျိုးမဆို ဘယ်ဘဝမျိုးမဆို ဘယ်ကမ္ဘာမျိုးမဆို အကျိုးနဲ့အကြောင်းဘဲရှိတယ်။ ရှေးအတိတ်က အကြောင်းကံကြောင့် ယခုဖြစ်ပေါ်နေတယ်။ အဲဒါ ယခုအကျိုး။ ဒီအကျိုးကြောင့် ယခုအကြောင်းခံနေပြန်တယ်။ အဲဒါယခုအကြောင်း။ ယခုအကြောင်းထပ်ခံနေတဲ့အတွက် နောင်ဘဝအကျိုး ပြန်ပေါ်ရအုံးမယ်။ ဒီတော့ ရှေးဘဝကို နောက်ဘဝ ဟုထားအုံး။ ယခုဖြစ်နေတဲ့ဘဝမှာ ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်ပါးရှိသလဲ။ ဝိညာဏ်မရှိဘူးလား။ ဝိညာဏ်ဆိုတာ စိတ်။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်၊ သိစိတ်။ စိတ်ဘယ်နှစ်မျိုးလဲ။ ခြောက်မျိုး။ ဒီစိတ်ခြောက်မျိုးဟာ လူတွေမှာရှိတယ်။ ဒီစိတ်ခြောက်မျိုးမရှိလျှင် သေပြီပေါ့။ ဝိညာဏ်ချုပ်သွားပြီ။ ဒီလူမရှိတော့ဘူး။

မသေခင်စပ်ကြားမှာ စိတ်ရှိလျှင် စေတသိက်က ဘာနဲ့တူသလဲဆိုတော့ အမေနဲ့တူတယ်။ စေတသိက်က သားဆိုးသားကောင်းနဲ့တူတယ်။ အမေက သားဆိုးသားကောင်းကို မွေးထားသလို စိတ်ကမကောင်းတဲ့ အကုသိုလ်တွေ ကောင်းတဲ့ကုသိုလ်တွေ ပေါက်ဖွားရတယ်။ မကောင်းတဲ့အကုသိုလ်ဆိုတာ အကုသိုလ်စေတသိက်။ ကောင်းတဲ့ကုသိုလ်ဆိုတာ ကုသိုလ်စေတသိက်တွေ။

ကုသိုလ်စေတသိက်၊ အကုသိုလ်စေတသိက်ဆိုတဲ့ တရားတွေဟာ စိတ်က ပေါက်ဖွားတာ။ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ ဒိဋ္ဌိ၊ မာန၊ ထိန–မိဒ္ဓ၊ အကုသိုလ်မကောင်းတဲ့ စေတသိက်တွေက သားဆိုး။ သဒ္ဓါ၊ သတိ၊ အလောဘ၊ အဒေါသ၊ အမောဒ၊ တတြမဇ္ဈတ္တတာ၊ စသည်ဖြင့် ကောင်းတဲ့ စေတသိက်တွေက သားကောင်းတွေ။ အမေလုပ်တဲ့သူက သားဆိုးသားကောင်း မွေးဖွားထားသကဲ့သို့ စိတ်ဆိုတဲ့တရားက မကောင်းတဲ့စေတ

https://www.thitsarparamisociety.com/



သိက်နဲ့ ကောင်းတဲ့စေတသိက်ကို ပေါက်ဖွားထားတယ်။

ခုလူတွေက စိတ်ကိုမသိကြဘူး။ စေတသိက်ကိုသိတယ်။ ငါစိတ်မကောင်းလိုက်တာ…ဟယ်။ အမှန်က စိတ်မကောင်းတာ မဟုတ်ဘူး။ စေတသိက်မကောင်းတာ။ ငါ စိတ်ချမ်းသာလိုက်တာ…ဟယ်။ အမှန်က စိတ်ချမ်းသာတာ မဟုတ်ဘူး။ စေတသိက်ချမ်းသာတာ။ သို့ပေမယ်လို့ စေတသိက်ကို စိတ်ထင်နေတယ်။ မကောင်းဘူး ကောင်းတယ်ဆိုတာ စေတသိက်က လာတာ။ ဝိညာဏ်ကြောင့်နာမ်ဖြစ်၊ နာမ်ဆိုတာ ဘာလဲ။ စေတသိက်ကို ခေါ်တာ။ ဒီတော့ စိတ်ကိုမသိ၊ စေတသိက်သိနေတယ်။ စေတသိက်ကို စိတ်မှတ်နေတယ်။

ပဘဿရ မိဒံ ဘိက္ခဝေ စိတ္တံ။ ဘိက္ခဝေ=ရဟန်းတို့။ ဣဒံစိတ္တံ= စိတ်ကလေးသည်။ ပဘဿရံ=ပြိုးပြိုးပြက်ပြက် အရောင်ထွက်၏။ စိတ်ကလေးဟာ ဖြူစင်ပြီး ပြိုးပြိုးပြက်ပြက် အရောင်ထွက်နေတယ်။ အာဂန္တုကေဟိ ကိလေသေဟိ ဥပက္ကိလိဋ္ဌံ။ ယခုမှဖြစ်လာတဲ့ ကိလေသာအာဂန္တုတရားတို့ကြောင့် ညစ်နွမ်းရရှာ၏။ ဟော…နဂိုစိတ်က အင်မတန်စင်ကြယ်တဲ့တရား။ လောဘ၊ ဒေါသ၊ အစရှိတဲ့ စေတသိက်တရားကြောင့် ဒီစိတ်ကလေးဟာ ညစ်နွမ်းသွားရတယ်။

ဖန်ခွက်ထဲမှာ ထည့်ထားတဲ့ရေနဲ့ ဝိညာဏ်စိတ်နဲ့တူတယ်။ အဲဒီရေထဲကို ရှောက်ရည်ထည့်လိုက်၊ ရေချဉ်သွားရော။ ဒီရေထဲကို သကြားထည့်လိုက်၊ ချိုသွားရော။ ဆားထည့်လိုက်၊ ငံသွားရော။ ဒီတော့ ချဉ်တာရယ်၊ ချိုတာရယ်၊ ငံတာရယ် ဘယ်သူကလုပ်သလဲ။ ဆားတို့ သကြားတို့ ရှောက်သီးတို့က လုပ်တာ။ ရေကတော့ ရေဘဲ။ ရေကစိတ်နဲ့တူတယ်။ ဆားတို့ သကြားတို့ ရှောက်သီးတို့က စေတသိက်နဲ့တူတယ်။ ဒီတော့ ကိုယ့်ဝမ်းထဲမှာ ရှိတာ ကိုယ်သိနိုင်ပါတယ်။

https://www.thitsarparamisociety.com/



ယခုလူတွေမှာ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်၊ သိစိတ် စိတ်ခြောက်မျိုး ဖြစ်တိုင်းဖြစ်တိုင်း အကောင်းအဆိုးဆိုတဲ့ စေတသိက်တွေ ဖြစ်နေတယ်။ စိတ်ရှိလျှင် စေတသိက်ပါတာပါဘဲ။ လူရယ်လို့ ဖြစ်လာလျှင် လူရဲ့နေအိမ်ရှိသလို ဒီ စေတသိက်ဆိုတဲ့တရားဟာ ဘယ်ဘဝရောက်သွားသွား ရောက်တဲ့နေရာ သူ့အိမ်ပါရမယ်။ (ယထာလာဘနည်း မှတ်ယူကြရန်)။

ဗြဟ္မာများဟာ လူ့ပြည်ဆင်းလာလျှင် မထိုင်ဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ထိုင်တဲ့နေရာ ဘုံဗိမာန်ပေါက်တယ်။ သူတို့ဟာ တန်ခိုးကြီးတော့ သူတို့ထိုင်တဲ့နေရာမှာ ဘုံဗိမာန်ပေါက်တယ်။ အဲဒီလိုဘဲ စိတ်စေတသိက်ဆိုတဲ့တရားဟာ ဘယ်နေရာရောက်ရောက် ရုပ်ဆိုတဲ့တရားဟာ အလိုလိုပါဘဲပါလာတယ်။ ဒီဘဝက လူတစ်ယောက်သေသွားရော ဒီရုပ်ကြီးထားပစ်ခဲ့တယ်။ စိတ်စေတသိက်ကတော့ ဟိုဘဝ သွားဖြစ်တယ်။

ဟို...ဘဝသွားဖြစ်တော့ ရုပ်နဲ့ဘဲ ဖြစ်ရမယ်။ ဒီတော့ ရုပ်ဆိုတာ ဘာလဲ။ **ရုပ်ဆိုတာ တစ်ကိုယ်လုံးမှာဖြစ်တဲ့ ဖောက်ပြန်ခြင်းသဘော။**

(ခက်မာဖွဲ့စေး၊ ပူဧထောက်ကန်၊ ဤလေးတန်၊ မှတ်ရန်လက္ခဏာ) ခက်မာခြင်းသဘော၊ ဖွဲ့စည်းခြင်းသဘော၊ ပူခြင်းသဘော၊ တွန်းကန်ခြင်းသဘော၊ မဟာဘုတ်က (၄)ပါး။ ဒီမဟာဘုတ် (၄)ပါးအရင်းခံပြီး ဥပါဒါရုပ်က(၂၄)ပါး။ နှစ်ခုပေါင်းလိုက်တော့(၂၈)ပါး။ အဲဒီရုပ်(၂၈)ပါးကလည်း စိတ်ဝိညာဏ်ကြောင့် ဖြစ်တယ်။ စေတသိက် နာမ်တွေကလည်း စိတ်ဝိညာဏ်ကြောင့် ဖြစ်တယ်။ ဒီတော့ စိတ်ဝိညာဏ်ကြောင့် ရုပ်အားလုံးလည်း ဖြစ်တယ်။ ယှဉ်ဘက် စေတသိက်အားလုံးလည်း ဖြစ်တယ်။ စေတသိက်မှန်သမျှက နာမ်။ ရုပ်မှန်သမျှက ရုပ်။ ဒီတော့ မိမိခန္ဓာကိုယ်မှာ စိတ်ဝိညာဏ် ရှိတယ်။ နာမ်ရုပ်ရှိတယ်။ ဝိညာဏ်နာမ်ရုပ် ရှိလာတဲ့အခါကျတော့ နာမ်ရုပ်(၂)ပါးဟာ ကလလရေကြည်(၇)ရက်။ အမြှုပ်(၇)ရက်။ သွေးခဲ (၇)ရက်။ သား

https://www.thitsarparamisociety.com/



တစ်(၇)ရက်။ ခက်မငါးဖြာ(၇)ရက်။ ပြီးတော့မှ ရင့်ကျက်။ (၇)ရက်ငါးလီ၊ (၇)ရက် (၁၀)လီဆိုတော့ ရက်ပေါင်း(၇၀)။ အဲဒီရက်ပေါင်း (၇၀)ကျော်တဲ့ အခါကျတော့ ထန်းသီးအုန်းသီးများ ရင့်လာတဲ့အခါ အဆံတည်လာသလို မျက်စိအိမ်၊ နားအိမ်၊ နှာခေါင်းအိမ်၊ လျှာအိမ်၊ ပေါ်လာတယ်။ ကိုယ်နဲ့နှလုံး သွေးကတော့ ပဋိသန္ဓေနေကတည်းက ပါလာတယ်။

ဒါကို သဠာယတန ခေါ်တယ်။ ဒီတော့ မင်းတို့မှာ သဠာယတန ဆိုတဲ့ အတွင်းအကြည်(၆)ပါးရှိတယ်။ အဇ္ဈတ္တိကာယတန(၆)ပါးလည်း ခေါ်တယ်။ မျက်စိအာယတန၊ နားအာယတန၊ နှာခေါင်းအာယတန၊ လျှာအာယတန၊ ကိုယ်အာယတန၊ စိတ်အာယတန၊ ဒီ အာယတန(၆)ပါးဟာ နာမ်ရုပ်ရှိလို့ ပေါ်လာတာ။ သတ္တဝါကောင် ဖြစ်လာလျှင် နာမ်ရုပ်ပါလာတယ်။

ဒါကြောင့် နာမရူပပစ္စယာ သဠာယတနံ။ မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ စိတ်အကြည်၊ အတွင်းအာယတန(၆)ပါး။ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထုဆိုတာ ဘာလဲ။ မြင်စိတ်၏တည်ရာ။ မျက်စိအကြည်၊ ကြားစိတ်၏တည်ရာ နားအကြည်၊ နံစိတ်၏တည်ရာ နှာခေါင်းအကြည်၊ စားစိတ်၏တည်ရာ လျှာအကြည်၊ အတွေ့စိတ်၏တည်ရာ ကာယ အကြည်၊ သိစိတ်၏တည်ရာ နှလုံးသွေးအကြည်၊ အဲဒါ အဇ္ဈတ္တိကာယတန(၆)ပါးလည်း ခေါ်တယ်။ အဇ္ဈတ္တဇ္ဈတ္တ လို့လည်း ခေါ်တယ်။ ခန္ဓာကိုယ်အတွင်းမှာဖြစ်သောကြောင့် အဇ္ဈတ္တ၊ သတ္တဝါမှာ ကျေးဇူးများသောကြောင့် အဇ္ဈတ္တ၊ နှစ်ခုပေါင်းတော့ အဇ္ဈတ္တ၊ အဇ္ဈတ္တ ၂-ဆင့် ဖြစ်သွားတယ်။ မျက်စိတို့၊ နားတို့၊ နှာခေါင်းတို့၊ လျှာတို့၊ ကာယအကြည်နှင့် နှလုံးတို့။ အဲဒီ ဝတ္ထုရုပ် (၆)ပါး မရှိလျှင် ဒီကိုယ်ကောင်ကြီးဟာ ဘာမှ အသုံးမကျတော့ဘူး။

ဒါကြောင့် စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထု၊ အဲဒီ ဝတ္ထုရုပ် (၆)ပါးကို အဇ္ဈတ္တဇ္ဈတ္တ လို့ခေါ်တယ်။

https://www.thitsarparamisociety.com/



အဇ္ဈတ္တိကရုပ် (၆)ပါးဆိုတာလည်း သူဘဲ။ အတွင်းအကျဆုံးဘဲ။ တစ်ကိုယ်လုံး တစ်ကောင်လုံးမှာရှိတဲ့ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်ဆိုတဲ့ကောဋ္ဌာသတွေကို နိယကဇ္ဈတ္တ လို့ခေါ်တယ်။

အဇ္ဈတ္တဇ္ဈတ္တ ကျတော့ အဲဒီနိယကဇ္ဈတ္တထဲမှာ အပါအဝင်ဘဲ။ သို့ပေမယ်လို့ သူကပိုပြီး အတွင်းကျတယ်။ သတ္တဝါမှာ ကျေးဇူးလည်းများတယ်။ ခန္ဓာကိုယ်မှာလည်း ရှိတယ်။ ခန္ဓာကိုယ်မှာရှိသောကြောင့် အဇ္ဈတ္တ။ သတ္တဝါမှာ ကျေးဇူးများသောကြောင့် အဇ္ဈတ္တ။ အဇ္ဈတ္တ(၂)ခုထပ်။ တစ်ကိုယ်လုံး တစ်ကောင်လုံးမှာရှိတဲ့ ကောဋ္ဌာသကိုတော့ နိယကဇ္ဈတ္တ လို့ နိယကဇ္ဈတ္တတစ်ပါး ထည့်ခေါ်တယ်။

ဝိသယဇ္ဈတ္တကျတော့ ဖလသမာပတ်၊ မြတ်စွာဘုရားရဲ့အရာ။ သည့်ပြင် ပုဂ္ဂိုလ်နဲ့မဆိုင်ဘူး။ ဘာဖြစ်လို့လဲ။ တရားဟောရင်း စကားတစ်လုံးနဲ့တစ်လုံးကြားမှာ ကိုယ်တော်မြတ်ဟာ ဖလသမာပတ်ဝင်စားနိုင်တယ်။ သည့်ပြင်ပုဂ္ဂိုလ်တွေဟာ မဂ်ဖိုလ်ရပေမယ်လို့ ကိုယ်တော်မြတ်လိုမနိုင်နင်းဘူး၊ ဒါကြောင့် ဖလသမာပတ်ကို ဝိသယဇ္ဈတ္တလို့ ခေါ်တယ်။

ဂေါစရဇ္ဈတ္တ ဆိုတာက နိဗ္ဗာန်ကို ခေါ်တယ်။ သောတာပန်ပုဂ္ဂိုလ်ရဲ့ နိဗ္ဗာန်၊ သကဒါဂါမ်ပုဂ္ဂိုလ်ရဲ့ နိဗ္ဗာန်၊ အနာဂါမ်ပုဂ္ဂိုလ်ရဲ့ နိဗ္ဗာန်၊ ရဟန္တာပုဂ္ဂိုလ်ရဲ့ နိဗ္ဗာန်၊ ပစ္စေကဗုဒ္ဓါရဲ့ နိဗ္ဗာန်၊ သမ္မာသမ္ဗုဒ္ဓရဲ့ နိဗ္ဗာန်။ အဲဒီပုဂ္ဂိုလ်အသီးသီးတို့၏ အာရုံဖြစ်တဲ့ နိဗ္ဗာန်ကို ဂေါစရဇ္ဈတ္တ လို့ခေါ်တယ်။

အဲဒီ အဇ္ဈတ္တ(၄)မျိုးနားလည်မှ။ နားမလည်လျှင် ရှုတ်ထွေးနေတာဘဲ။ နိဗ္ဗာန်ကို တချို့က ဗဟိဒ္ဓ၊ တချို့က အဇ္ဈတ္တ၊ နိဗ္ဗာန်ကို အဇ္ဈတ္တ လို့

https://www.thitsarparamisociety.com/



ပြောတာဟာ အဇ္ဈတ္တ(၄)မျိုးထဲက ဂေါစရဇ္ဈတ္တကို ရည်စူးပြီးပြောတာ။ ဂေါစရဇ္ဈတ္တ အနေနဲ့ပြောလျှင် သူ့ပုဂ္ဂိုလ်နဲ့သူ့နိဗ္ဗာန်နဲ့ ပြောသင့်ပါတယ်။ ဂေါစရဇ္ဈတ္တဆိုတာ အာရုံဘဲ။ အေး...အရိယာပုဂ္ဂိုလ်နဲ့ဆိုင်တဲ့ အာရုံပေါ့။ သောတာပန်ပုဂ္ဂိုလ်နဲ့ဆိုင်တဲ့ အာရုံ၊ သကဒါဂါမ်ပုဂ္ဂိုလ်နဲ့ဆိုင်တဲ့ အာရုံ၊ အနာဂါမ်ပုဂ္ဂိုလ်နဲ့ဆိုင်တဲ့ အာရုံ၊ စသည်ပေါ့လေ။ နိဗ္ဗာန်ကို အဇ္ဈတ္တ ခေါ်တာက။

ခန္ဓာကိုယ်ထဲမှာဖြစ်လို့ အဇ္ဈတ္တခေါ်သည် မဟုတ်ဘူး။ ဖလသမာပတ်ကို အဇ္ဈတ္တခေါ်တာကတော့၊ မြတ်စွာဘုရားနှင့်သာဆိုင်တယ်။ ဒါကြောင့် ဝိသယဇ္ဈတ္တ ခေါ်တယ်။

ခု အများအားဖြင့် ပြောနေကြတာက ခန္ဓာကိုယ်တစ်ကိုယ်လုံးမှာ ရှိရှိသမျှကို အဇ္ဈတ္တသုံးတယ်။ အဲဒါက နိယကဇ္ဈတ္တ အနေနဲ့သုံးရတာ။ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထုအနေနဲ့သုံးရတာ။ အဲဒီလို သူ့နေရာကျအောင် သုံးတတ်ဖို့ လိုပါတယ်။

ဝေဒဂူ၊ ရဟန္တာပုဂ္ဂိုလ်သည်။ အဇ္ဈတ္တရတော၊ အဇ္ဈတ္တ၌မွေ့လျော်တော်မူ၏။ ဟော...ရဟန္တာပုဂ္ဂိုလ်ဟာ အဇ္ဈတ္တမှာ မွေ့လျော်တယ်တဲ့။ ဒီလို စာကလည်း ရှိပြန်တာကိုး။ ဘာအဇ္ဈတ္တလဲလို့ တခါမေးတော့။ ဒါ ဂေါစရဇ္ဈတ္တလို့ ခေါ်တယ်။ နိဗ္ဗာန်မှာ မွေ့လျော်တယ်။ သူ့အရာနဲ့သူ သုံးခဲ့တာတွေ ရှိတယ်။

မှတ်ချက်။ ။ (ဂေါစရဇ္ဈတ္တနှင့် ဝိသယဇ္ဈတ္တကို ဥက္ကဋ္ဌနည်းဟု မှတ်ပါရန်)

ကိုင်း...မင်းတို့ကိုယ်မှာ ဘာရှိတယ်။ စိတ်နဲ့စေတသိက်ဆိုတဲ့နာမ်။ ရုပ်အားလုံးဆိုတဲ့ ရုပ်။ ဒီတော့ စိတ်ရှိတယ်။ နာမ်ရုပ်ရှိတယ်။ ပြီးတော့ သဠာယတနအဇ္ဈတ္တခေါ်တဲ့ အကြည်(၆)ပါးရှိတယ်။ မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ စိတ်အကြည်၊ ဒီအကြည်(၆)ပါးဟာ ဘယ်မှာ သွားရှာရမလဲ။ မိမိတို့ကိုယ်ထဲမှာ ရှိတယ်။ ဒီ

https://www.thitsarparamisociety.com/



အကြည်ရှိတော့ ဒီအကြည်နဲ့ အာရုံနဲ့မတိုက်ဆိုင်ဘူးလား။ တိုက်ဆိုင်တော့ မတွေ့ဘူးလား။ အဲဒါ ဖဿ။ မျက်စိတွေ၊ နားတွေ၊ နှာခေါင်းတွေ၊ လျှာတွေ၊ ကိုယ်တွေ၊ စိတ်တွေ (၆)ပါး။ အေး...အဲဒါ ဖဿ(၆)ပါးခေါ်တယ်။ အဲဒီ မျက်စိအကြည်၊ နားအကြည်သာမရှိလျှင် မျက်စိအတွေ့၊ နားအတွေ့ ဘယ်လိုဖြစ်မလဲ။ မတွေ့နိုင်ဘူး။ အဲဒါ ဖဿ (၆)ပါးလည်း မင်းတို့သန္တာန်မှာ ဖြစ်နေပါတယ်။ အဲဒီ ဖဿ(၆)ပါး ဖြစ်တဲ့အခါကျတော့က ချမ်းသာဆင်းရဲဆိုတဲ့ ဝေဒနာ(၆)ပါးကော ပေါ်မလာဘူးလား။ အေး...မျက်စိအတွေ့ကြောင့် ဖြစ်တဲ့ဝေဒနာ၊ နားအတွေ့ကြောင့် ဖြစ်တဲ့ဝေဒနာ၊ နှာခေါင်းအတွေ့ကြောင့် ဖြစ်တဲ့ဝေဒနာ၊ လျှာအတွေ့ကြောင့် ဖြစ်တဲ့ဝေဒနာ၊ ကိုယ်အတွေ့ကြောင့် ဖြစ်တဲ့ဝေဒနာ။ ဟော...မျက်စိအတွေ့၊ နားအတွေ့၊ နှာခေါင်းအတွေ့၊ လျှာအတွေ့၊ ကိုယ်အတွေ့၊ စိတ်အတွေ့ အတွေ့(၆)ပါးဟာ ဖဿ။ အဲဒီ အတွေ့(၆)ပါး ရှိခဲ့လို့ရှိလျှင် ချမ်းသာဆင်းရဲဆိုတဲ့ ဝေဒနာ ပေါ်ပေါက်လာမယ်။ ဖဿ အားကောင်းမှ ဝေဒနာအားကောင်းတယ်။ ဖဿ အားမကောင်းလျှင် ဝေဒနာ အားမကောင်းဘူး။

မီးကလေးကလည်း မှုံမှုံမွှားမွှား၊ မျက်စိကလည်း မှုံမွှား၊ ဟို...ရုပ်သေးစင်ကို လှမ်းကြည့်ရတာလည်း အဝေးကြီး။ ဟို...ရှေးတုန်းကရုပ်သေး ကြည့်တဲ့ လူတွေလေ။ ဒီတော့ ကြည့်ရတာ အားမရဘူး။ ဖဿအတွေ့က အားမကောင်းဘဲကိုး။ ဒီတော့ ဘယ့်နှယ်လုပ်ရမလဲ။ ပါးစပ်ကပါ ဟ,ပြီး ကြည့်ရတယ်။ ဖဿ အားမကောင်းဘဲကိုး။ ဒီတော့ ဖဿ အားကောင်းအောင် ဘာလုပ်ရမလဲ။ အရောင်အလင်းများများ လုပ်ရမယ်။ ရှေ့ရောက်အောင် တိုးရတယ်။ ဇာတ်ခုံနား ကြပ်ကြပ်နီးလေ ဖဿအတွေ့ အားကောင်းလေပေါ့။ အလင်းများအောင် ဇာတ်ခုံနားရောက်အောင် တိုးရတယ်။ ဖဿ အားကောင်းတော့ ဝေဒနာက အားကောင်းတယ်။ ဒီဝေဒနာ သူကြိုက်တာကိုး။

မင်းတို့မှာ ဖဿမရှိဘူးလား၊ ဝေဒနာမရှိဘူးလား၊ ဖဿနဲ့ဝေဒနာဟာ မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ မနောအကြည်ဆိုတဲ့ အကြည်(၆)ပါးမရှိလျှင် ဖဿဘယ်ဖြစ်မလဲ။ ဒီတော့ စိတ်ရယ် နာမ်ရုပ်ရယ်၊ အကြည်(၆)ပါးရယ်၊ ဖဿရယ်၊ ဝေဒနာရယ်၊

https://www.thitsarparamisociety.com/



အဲဒီ(၅)ပါးဟာ သတ္တဝါဘဲ။ ဒါအကျိုးတရား (၅)ပါးခေါ်တယ်။ အဲဒီ အကျိုးတရား (၅)ပါးရှိတော့ ဒီအကျိုးတရား(၅)ပါးမှာ ဖြစ်မှု ဇာတိ၊ အိုမှု ဇရာ၊ သေမှု မရဏ။ ဒီအကျိုးတရား(၅)ပါးမှာ ဇာတိရှိတယ်၊ ဇရာ မရဏရှိတယ်၊ ဒီတော့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ(၅)ပါး။ ဇာတိ(၆)ပါး။ ဇရာမရဏ (၇)ပါး။ ဒီအကျိုးတရား(၇)ပါး ဖြစ်နေတာကို သူကောင် ငါကောင်၊ သတ္တဝါကောင်လို့ခေါ်တဲ့ မှုံမှုံမဲမဲ ယောကျ်ား မိန်းမတွေဟာ ဒီ(၇)ပါးအပြင် ဘာမှမရှိဘူး။ ဒီ အကျိုးတရား(၇)ပါး ပေါ်နေတာကို အဖေဘဲ၊ အမေဘဲ၊ သားဘဲ၊ သမီးဘဲ…လို့စွဲလန်းနေကြတယ်။

အဲဒီ အကျိုးတရား(၇)ပါး ရှိတော့မှ နှစ်သက်ခြင်း တဏှာ၊ စွဲလန်းခြင်း ဥပါဒါန်၊ ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ ဖြစ်ခြင်းဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ ဆိုတဲ့ အဲဒီအကြောင်းတရား(၅)ပါး ပေါ်လာတယ်။ တဏှာ ဥပါဒါန်ရှိတော့ မသိမိုက်မဲမှု အဝိဇ္ဇာကရှိရမယ်။ ကုသိုလ်ကံ,အကုသိုလ်ကံဖြစ်မှု ဘဝရှိတော့ ပြုလုပ်မှု သင်္ခါရရှိရတယ်။ ဒီတော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ ဇာတိ၊ ဇရာ,မရဏဆိုတဲ့အကျိုး(၇)ပါးက သူကောင် ငါကောင် သတ္တဝါကောင်ခေါ်နေတဲ့ အကျိုးတရား(၇)ပါး။

အဲဒီအကျိုးတရား(၇)အရင်းခံထားတော့ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရဆိုတဲ့ အဲဒီအကြောင်းတရား(၅)ပါး ဖြစ်လာတယ်။ မသိမိုက်မဲမှုက အဝိဇ္ဇာ။ပြုလုပ်မှုက သင်္ခါရ၊ နှစ်သက်မှုက တဏှာ၊ စွဲလန်းမှုက ဥပါဒါန်၊ ဖြစ်ပေါ်မှုက ကံ၊ ဒီ(၅)ပါးကအကြောင်း။ ဟို (၇)ပါးက အကျိုး။ ဒီတော့ အကျိုး (၇)ပါး၊ အကြောင်း(၅)ပါး ပေါင်းလိုက်တော့(၁၂)ပါး။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်(၁၂)ပါးရှိတယ်။ မင်းတို့မှာ ဖြစ်နေတာ။

ဒီတော့ကာ တရားအားထုတ်တယ်၊ တရားအားထုတ်တယ်ဆိုတာ ဝိညာဏ်ကို သိရမယ်။ နာမ်ရုပ်ကို သိရမယ်။ သဠာယတနကို သိရမယ်။ ဖဿကို သိရမယ်။ ဝေဒနာကို သိရမယ်။ ဇာတိကို သိရမယ်။ ဇရာမရဏကို သိရမယ်။ ဒီအကျိုးတရား(၇)ပါး အကုန်လုံးသိမှ မဟုတ်ပါဘူး။ တစ်ခုထဲ တစ်နေရာထဲမှာ သိလျှင် ပြီးတာဘဲ။ အကုန်လုံးလျှောက်ပြီး သိဖို့မလိုပါဘူး။ စာဆိုတာက အုတ်ကြားမြက်ပေါက် အကုန်လုံး ဆိုထားတာ။ အား

https://www.thitsarparamisociety.com/



လုံးသော သတ္တဝါတွေနဲ့ ဆိုင်အောင်လို့ တစ်ဦးတစ်ယောက်သောပုဂ္ဂိုလ်မှာ တစ်နေရာ တစ်ဌာန တစ်ခုသော တရားကို သဘောပေါက်အောင် သိဖို့ လိုတယ်။ သိလျှင်ပြီးတာဘဲ။ စိတ်ကိုသော်၎င်း၊ စေတသိက်ကိုသော်၎င်း၊ ရုပ်ကိုသော်၎င်း၊ အကြည်(၆)ပါးကိုသော်၎င်း၊ အတွေ့ကိုသော်၎င်း၊ ခံစားမှု ဝေဒနာကိုသော်၎င်း၊ ဖြစ်မှု ဇာတိကိုသော်၎င်း၊ အိုမှုဇရာကိုသော်၎င်း၊ သေမှု မရဏကိုသော်၎င်း၊ တစ်ခုခုကို ပိုင်ပိုင်နိုင်နိုင် တစ်ချက်သိလိုက်လျှင် တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရဆိုတဲ့ အကြောင်း(၅)ပါး ပြတ်သွားမယ်။ အကျိုးသိလျှင် အကြောင်းပြတ်တာဘဲ။

ယခုဘဝမှာ အကျိုးနဲ့အကြောင်းဘဲရှိတယ်။ အကျိုးနဲ့အကြောင်း(၂)မျိုးတို့တွင် အကျိုးသိလျှင် အကြောင်းပြတ်သွားမယ်။ နောက်ဘဝမှာ ဖြစ်ရမဲ့ ဒုက္ခ မလာတော့ဘူး။ ဒီတော့ အကျိုး(၇)ပါးက ပစ္စုပ္ပန္နဘဝစက်၊ အကြောင်း(၅)ပါးက အပရန္တဘဝစက်။ ပစ္စုပ္ပန္နကို ခွဲလိုက်တဲ့အခါကျတော့ ဒီ အကျိုး(၇)ပါးဟာ ရှေးအတိတ်ဘဝနဲ့ ဆက်သွယ်တယ်။ ဒီ အကျိုး(၇)ပါး ဖြစ်နေတာ ဒီဘဝမရောက်ခင် ရှေးရှေးဘဝက အကြောင်းကံကြောင့် ယခုဒီဘဝမှာ လာပေါ်နေရတာ။ အကြောင်းက ဘယ်တုန်းကလုပ်ခဲ့သလဲ။ ဟို... ရှေးရှေးဘဝတုန်းက လုပ်ခဲ့တာ။ ခုမှပေါ်လာတယ်။ အကျိုးဖြစ်ပေါ်တဲ့အခါမှာ ဒီအကြောင်းလာပေါ်တယ်။ (၆၀)ကျော်မှ ကံပေါ်တယ်ဆိုတာ ဘာတုန်း။ အကျိုးပေးတာကို ပြောတာ။ ကံဆိုတဲ့အကြောင်းတရား မပေါ်ဘဲနဲ့ ဒီအကျိုးတရား ဖြစ်ပါ့မလား။ ဒီတော့ ဟိုတုန်းက ဖြစ်ခဲ့တဲ့ ကံ,အကြောင်းတရားဟာ ယခုအကျိုးပေးချိန်ကျတော့ လာပေါ်ရမယ်။ ဒါကို(၆၀)ကျော်မှ ကံပေါ်တယ်လို့ ပြောတာ။

ဥပမာအားဖြင့် ကံ,ဆိုတာ ပစ္စည်းကိုဝယ်ယူခြင်း ချေးငှားခြင်းနဲ့ တူတယ်။ သူ့ပစ္စည်းကို ဝယ်ထားလျှင် တနေ့အဖိုးပေးရမယ်။ သူ့ပစ္စည်းကို ချေးငှားထားလျှင်၊ တနေ့ ဒီကြွေးပြန်ဆပ်ရမယ်။ ရှေးအတိတ်ဘဝက လုပ်ခဲ့တဲ့ ကံသည် ပစ္စည်းကို ဝယ်ယူခြင်း ချေးငှားခြင်းလိုဘဲ တစ်နေ့ကျတော့

https://www.thitsarparamisociety.com/



အဖိုးပေးသလို ချေးငှားထားတဲ့ပစ္စည်းဟာ တနေ့ပြန်ဆပ်ရသလို၊ ရှေးအတိတ်က လုပ်ထားတဲ့ ကံ,ကို ခုဘဝမှာလာပြီးတော့ အကြွေးဆပ်ရတယ်။ ဒီတော့ အကျိုးပေါ်လာတဲ့အခါမှာ အကြောင်းနဲ့တကွ ပေါ်လာတယ်။

ဝိဘဝတော၊ ဖြစ်ပြီးမှ ကင်းသောအားဖြင့်။ ဝိ–ဆိုတာ ကင်းတယ်။ ဘဝ–ဆိုတာ ဖြစ်တယ်။ ဝိဘဝတော၊ ဖြစ်ပြီးမှ ကင်းသောအားဖြင့်။ အနုပဿတိ– အဖန်တလဲလဲ ရှု၏တဲ့။ တောလေးဆယ်မှာ ဟို...ရှေးရှေးဘဝက လုပ်ခဲ့တဲ့အကြောင်းတွေဟာ ယခု အကျိုးမပေါ်သမျှကာလပတ်လုံး ဘယ်တော့မှ မကင်းဘူး။

ယခုဘဝ အကျိုးပေါ်လာလျှင် ဒီအကျိုး၏အကြောင်း ကင်းသွားတော့ နောက်မလာတော့ဘူး။ အကျိုးမပေးရသေးသမျှ ကာလပတ်လုံး ဒီအကျိုးပေးမဲ့အကြောင်းဟာ ဘယ်တော့မှ မကင်းဘူး။

ဝိဘဝတော–ဖြစ်ပြီးမှ ကင်းသောအားဖြင့်။ ခန္ဓေ–ခန္ဓာငါးပါးတို့ကို။ အနုပဿတိ–အဖန်တလဲလဲ ရှု၏တဲ့။ ခန္ဓာငါးပါးဆိုတာ အကျိုးတရား။ အဲဒီ အကျိုးတရားဟာ ရှေးကအကြောင်းကံနဲ့ ဖြစ်ပြီးမှ ကင်းတယ်။ မဖြစ်သေးလျှင် မကင်းဘူး။ ဒီတော့ ရှေးရှေးဘဝက လုပ်ခဲ့တဲ့အကြောင်းတွေဟာ လူတစ်ဦးတစ်ယောက်မှာ ရေတွက်နိုင်ပါ့မလား။ အေး...မရေတွက်နိုင်တော့ ဒီအကြောင်းတွေ ရှိသမျှကာလပတ်လုံး ဒီအကျိုးကင်းမလား။ ဘယ်အခါမှ ပျောက်မလဲ။ အဲဒီအကျိုးကို သေသေချာချာကြီး သိတဲ့အခါမှပျောက်မယ်။ ပရိညာဆိုက်အောင် အကျိုးတရားကို ပိုင်းပိုင်းခြားခြားကြီး သိတဲ့အခါကျတော့ အကြောင်းပြတ်တယ်။ အကြောင်းပြတ်တယ်ဆိုတာ လက်ရှိ အတိတ်ကဖြစ်ပြီးတဲ့အကြောင်းရော၊ နောက်ဖြစ်မဲ့ အကြောင်းရော ပြတ်တယ်။

သောတာပန်တည်တဲ့ပုဂ္ဂိုလ်မှာ အပါယ်ကျလောက်တဲ့ အကြောင်း

https://www.thitsarparamisociety.com/



အကုန်ပြတ်တယ်။ အနာဂါမ်တည်တဲ့ပုဂ္ဂိုလ်မှာ လူ့ပြည်နတ်ပြည်မှာ ဖြစ်ထိုက်တဲ့အကြောင်း အကုန်ပြတ်ရတယ်။ ရဟန္တာပုဂ္ဂိုလ်မှာ (၃၁)ဘုံ ဖြစ်ထိုက်တဲ့အကြောင်း အကုန်ပြတ်ရတယ်။ ဒီတော့ အကြောင်းပြတ်သမျှ အကျိုးသိလို့သာ ပြတ်တယ်။ အကြောင်းပြတ်ချင်လျှင် အကျိုးသိအောင် လုပ်ရမယ်။ အကျိုးသိအောင် မလုပ်ဘဲနဲ့ အကြောင်းပြတ်လို့ရှိလျှင်တော့ ကွာဟဲ့ ကွာဟဲ့ ဆိုတော့ သူများကလွှမ်းတော့ ကိုယ်ကသာလွှမ်းရမှာ။ ဘာမှမဖြတ်နဲ့။ သိအောင်သာလုပ်။ ဟိုဟာဖြတ် ဒီဟာဖြတ်နဲ့ သိရမဲ့အကျိုးသိအောင် မလုပ်လျှင် ငတ်ရုံဘဲရှိမယ်။

အကြောင်းပြတ်ချင်လျှင် အကျိုးသိအောင် လုပ်။ ဒီအကျိုးကဘာလဲ။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာမရဏ ဒီ (၇)ပါးက အကျိုးဘဲ။ အဲဒီ အကျိုး(၇)ပါးသည် ရှေးအတိတ်ကအကြောင်းနဲ့စပ်လို့ သူ့ကို ပုဗ္ဗန္တဘဝစက် လို့ခေါ်တာ။ ယခုဘဝမှာ ဖြစ်တဲ့ တဏှာ၊ ဥပါဒါန်၊ ဘဝနဲ့အဝိဇ္ဇာ၊ သင်္ခါရဆိုတဲ့ အကြောင်း(၅)ပါးက နောင်အနာဂတ်ဘဝနဲ့ စပ်တယ်။ ဒါကြောင့် သူ့ကို အပရန္တဘဝစက် လို့ခေါ်တာ။ ဒီတော့ ပုဗ္ဗန္တဘဝစက်ကို သေသေချာချာသိလျှင် အပရန္တဘဝစက်ဟာ ပြတ်ဖို့မခက်ပါဘူး။ အေး...အဲဒါ ငြိမ်းတဲ့လမ်းပေါ့။

ဘယ်ဘဝမှာမဆို ပဋိစ္စသမုပ္ပါဒ် (၁၂)ပါး လူတိုင်းမှာရှိတယ်။ အေး အကျိုး(၇)ပါး။ အကြောင်း(၅)ပါး။ လူတိုင်းမှာရှိတော့ ပဋိသန္ဓေတည်နေသည်ကစ၍ သေသည့်တိုင်အောင် တစ်ဘဝလုံး ရှိနေတာလား။ တစ်ဘဝလုံးမှာ ဒီအကြောင်း (၁၂)ပါး ထဲကလားဆိုတော့ မြင်တဲ့ခဏ(၁၂)ပါးကိုဘဲ မရေနိုင်ဘူး။ ဘာဖြစ်လို့လဲ၊ မြင်ဆဲခဏမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာမရဏဆိုတဲ့ အကျိုး(၇)ပါးပေါ်တာ။ အဲဒီ အကျိုးတရား(၇)ပါးကိုက နောင်အကြောင်းခံဖို့ ပေါ်တာ။ ဒီတော့ နောင်အကြောင်းခံနဲ့ ခုအကျိုးဟာ မြင်ဆဲခဏမှာ ပေါ်တော့က တဏှာ၊ ဥပါဒါန်နဲ့ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရကလည်း ဒီမြင်ဆဲခဏမှာ ဖြစ်ပြန်တယ်။ ဖြစ်ပြန်

https://www.thitsarparamisociety.com/



တော့ ဟို ရှေးဘဝသွားရမဲ ဘဝနဲ့ဆက်ပြန်တော့တယ်။ ပုဗ္ဗန္တ၊ အပရန္တဘဝစက်ဟာ သတ္တဝါသန္တာန်မှာ အမြဲမပြတ်လည်နေတယ်။ ဒါပြတ်ချင်တော့ ဒို့လူစုဟာ ဘာကိုသိအောင် လုပ်မရမယ်။ အကျိုးကိုသိအောင် လုပ်။ အကျိုးသိအောင် ဘယ်လိုလုပ်ရမယ်။ ခန္ဓာကိုယ်ထဲက ဖြစ်မှုကို စိုက်ပါ။ မင်းတို့ ခန္ဓာထဲမှာ စိတ်မရှိဘူးလား။ စိတ်က ဟိုဟာသိ ဒီဟာသိ ဟိုဟာကြံ ဒီဟာကြံနဲ့ ဖြစ်မနေဘူးလား။ အဲဒီတော့ ဟိုဟာသိ ဒီဟာသိ ဟိုဟာကြံ ဒီဟာကြံတဲ့စိတ်ဟာ မရှိဘဲနဲ့ အရှိလုပ်နေတာလား။ ဖြစ်ဆဲခဏမှာ တကယ်ရှိတာလား။ စိုက်ကြည့်စမ်း၊ တကယ်ရှိနေတာ။ ဒါဖြင့် နာကျင်မှု ကိုက်ခဲမှု ယားယံမှု စသည်ဖြင့် ခန္ဓာကိုယ်ပေါ်မှာ ထိုသဘာဝတွေ ဖြစ်မှုကော မရှိဘူးလား။ အဲဒီ ဖြစ်မှုတွေကကော တကယ်ရှိလား။ မရှိဘဲနဲ့အရှိလုပ်တာလား။ ဖြစ်ဆဲခဏမှာ တကယ်ရှိတာ။

အေး...ဒီတော့ အကျိုးတရား(၇)ပါးဆိုတာ တခြားမဟုတ်ပါဘူး။ ဝေဒနာဖြစ်ဆဲခဏ၊ စိတ်ဖြစ်ဆဲခဏ၊ တစ်ကိုယ်လုံးတစ်ကောင်လုံးမှာ အတွင်းရောအပြင်ရော သဘာဝဓမ္မ ဖြစ်ဆဲခဏဟာ ဒီအကျိုး(၇)ပါးဘဲ။ အဲဒါကို သိအောင်စိုက်မယ်။ ဒါ သိအောင်စိုက်နိုင်ဖို့က အာနာပါန သမာဓိအားပျော့လျှင် မစိုက်နိုင်ဘူး။ အေး...အာနာပါနသမာဓိ ထူထောင်ရတာ စင်စစ် အာနာပါန သမာဓိက လိုရင်းမဟုတ်ဘူး။ အာနာပါန ထူထောင်လို့ အာနာပါန သမာဓိအားကောင်းတဲ့အခါ ခန္ဓာကိုယ်ထဲက ဖြစ်မှုကို မိအောင်စိုက်လိုက်။ ခန္ဓာကိုယ်ထဲက ဖြစ်မှုမိအောင်စိုက်တော့ အဲဒီ အကျိုးတရား(၇)ပါးထဲက တစ်ပါးပါး မတွေ့ဘူးလား။ အေး...ဒါမှ ပြတ်တဲ့လမ်း။

ဒီတော့ အာနာပါနလုပ်တာ ဘာလုပ်ဖို့။ ခန္ဓာကိုယ်ထဲက ဖြစ်မှုကို စိုက်ဖို့၊ အာနာပါနက တခါတလေ ထိုင်းနေပြန်ရော။ တခါတလေ ငေးမှိုင်နေပြန်ရော။ အဲဒါကြောင့် စကြံလျှောက်မှုက အာနာပါနအဖြေတရား။ စင်္ကြံများများလျှောက်ပေး အာနာပါနအပြစ် မရောက်နိုင်ဘူး။ စင်္ကြံများများလျှောက်ပေးလေ အာနာပါန အပြစ်ကင်းလေဘဲ။ အပြစ်ကင်းတဲ့ အာနာပါနကြပ်

https://www.thitsarparamisociety.com/



ကြပ်တွင်ကျယ်လျှင် ခန္ဓာကိုယ်ထဲမှာ ဖြစ်ဖြစ်သမျှသဘာဝ မသိနိုင်ဘူးလား။ ခန္ဓာကိုယ်ထဲက ဖြစ်ဖြစ်သမျှသဘာဝကို အသိဉာဏ်ရင့်ရင့်ပြီးတော့ သိသွားရမယ်။

ဖြစ်ဆဲပစ္စုပ္ပန်ခန္ဓာကိုယ်ထဲက ဖြစ်မှုကိုသိပါတယ် ဆိုပေမယ်လို့ အတိတ်နဲ့အနာဂတ်နဲ့က သိတယ်။ မနက်က ဖြစ်ခဲ့တာနဲ့ နေ့လယ်ကဖြစ်ခဲ့တာနဲ့ ညကျမှ ဖြစ်မှာနဲ့ မဖြစ်သေးတာရော၊ ဖြစ်ပြီးတာရော၊ ဖြစ်ဆဲရော၊ အဲဒီလိုသိတယ်။ ဖြစ်ဆဲခဏလေးကို မသိသူ၏ဖြစ်ဆဲခဏကလေးက ဘယ်လောက်ကြာသလဲ။ မကြာပါဘူး။ အဲဒီ ဖြစ်ဆဲခဏကလေးကို သိလျှင် စိတ်ညစ်စရာလည်း မလိုဘူး။ နှစ်သက်စရာလည်း မလိုဘူး။ ချစ်စရာလည်း မလိုဘူး။ မုန်းစရာလည်း မလိုဘူး။ ဒီတော့ အားလုံးစိုက်နေတဲ့အထဲက ပျော်စရာ၊ ပျင်းစရာ၊ ချစ်စရာ၊ မုန်းစရာ ရှိနေသေးလျှင် ပစ္စုပ္ပန်ကျကျကို မသိသေးလို့။ ပစ္စုပ္ပန်၊ ပစ္စုပ္ပန်ဆိုပေမယ်လို့ ပစ္စုပ္ပန်ကျကျယူလို့ လွယ်တာမဟုတ်ဘူး။ ဖြစ်ပြီးတာအတိတ်၊ မရောက်သေးတာ အနာဂတ်၊ ခုလောလောဆယ် ဖြစ်နေတာ ပစ္စုပ္ပန်။ အဲဒီ လောလောဆယ်ဖြစ်မှုဟာက ဘယ်လောက်မှ မကြာတဲ့ ပစ္စုပ္ပန်အကျိုး မဟုတ်ဘူး။ ပုဂ္ဂိုလ်ရယ်၊ သတ္တဝါရယ်၊ ဖြစ်နေတာက ကာလဝိမုတ်။ အဲဒီ ကာလဝိမုတ်က အတိတ် အနာဂတ် ပစ္စုပ္ပန်ထဲ ပါတာမဟုတ်ဘူး။ ပညတ်တရားက ရှိတဲ့တရားမှ မဟုတ်ဘဲနဲ့။ သူ့ကို အတိတ် အနာဂတ် ပစ္စုပ္ပန်ထဲသွင်းလို့ ရမလား။

အေး...ဒီတော့ သဘာဝဓမ္မတို့၏ ဖြစ်ပြီး၊ သဘာဝဓမ္မတို့၏ ဖြစ်ဆဲ၊ သဘာဝဓမ္မတို့ ဖြစ်လတ္တံ့ ဒါတွေကို အတိတ် အနာဂတ် ပစ္စုပ္ပန်ယူရတာ။ ဒီတော့ အတိတ် အနာဂတ် ပစ္စုပ္ပန်ယူရာမှာလည်းဘဲ ဝိပဿနာဉာဏ်ကျတော့ ပစ္စုပ္ပန်ဆဲဆဲသာ အလိုရှိတယ်။ ဝိပဿနာဉာဏ်က ပစ္စုပ္ပန်ဆဲဆဲဘာမှမကြာတဲ့ ဖြစ်မှုကလေး တွေ့လိုက်လျှင် ဟိုရှေးရှေးအတိတ်ကလည်း ဒီလိုဘဲ ဖြစ်ခဲ့ပါကလား။ ဒီလိုသိလာတယ်။ အဲဒါကျတော့ အန္ဒယဉာဏ်၊ နောက်လိုက်ဉာဏ်ခေါ်တယ်။ သူတို့ ဒိဋ္ဌပစ္စက္ခဉာဏ် မခေါ်ဘူး။ ပစ္စုပ္ပန်

https://www.thitsarparamisociety.com/



ဖြစ်တုန်းဆဲဆဲကလေး စိုက်ကြည့်တဲ့ဉာဏ်မှ ဒိဋ္ဌပစ္စက္ခဉာဏ်ဟာ ရှေးက ဖြစ်ခဲ့တာတွေလည်း ဒီအတိုင်းဘဲ။ နောင်ဖြစ်မှာတွေလည်း ဒီအတိုင်းဘဲလို့၊ ဒိဋ္ဌပစ္စက္ခ သိမှုကိုအကြောင်းပြုပြီးမှ ရှေ့ကဟာနဲ့ နောက်ကဟာ ပြန်သိရမယ်။

ခုတော့ ဒီလိုမဟုတ်ဘူး။ အတိတ်က ဖြစ်ခဲ့သမျှ ဘယ်သူဘယ်ဝါ၊ ခုဖြစ်နေတာ ဘယ်သူဘယ်ဝါ၊ နောင်ဖြစ်မှာ ဘယ်သူဘယ်ဝါဆိုတော့ ပညတ်တန်းလန်းနဲ့ သဘာဝကို ဖုံးပြီးတော့ သိနေတာ။ ပညတ်အသိက သာနေတယ်။ ပညတ်အသိက သာနေတော့ အတိတ် အနာဂတ် ပစ္စုပ္ပန် ပြောပေမယ်လို့ ပြောလို့သာပြောတာ ဟုတ်သလားဆိုတော့ မဟုတ်ဘူး။

ကိုင်း...ယခုသိရမှာက အကျိုး(၇)ပါး။ အကြောင်း(၅)ပါး။ အေး...ခုဘဝ ဒါဘဲ။ ယခုဘဝသာလား ဆိုတော့ နောင်သွားရမဲ့ဘဝလည်း ဒါဘဲ။ ရှေးရှေးက လာခဲ့တာလည်း ဒါဘဲ။ သို့သော် ယခုဘဝဖြစ်နေတဲ့ အကျိုး(၇)ပါးက ရှေးအတိတ်က အကြောင်းနဲ့ဆက်တယ်။ ယခုဘဝ ဖြစ်နေတဲ့ အကြောင်း(၅)ပါးက နောင်အနာဂတ်ဘဝနဲ့ ဆက်တယ်။ အဲဒီ ဆက်သွယ်မှုကို သိအောင်လို့၊ မြတ်စွာဘုရားက သုံးဘဝစပ်ဟောတာ။ ဟို...ရှေးက ဖြစ်ခဲ့တဲ့အကြောင်းကို အဝိဇ္ဇာ သင်္ခါရ(၂)ပါးထဲ ထုတ်ဟောတယ်။ နောင်ဖြစ်ရမဲ့ အကျိုးကို ဇာတိ ဇရာမရဏ(၂)ပါးထဲ ထုတ်ဟောတယ်။ ရှေးရှေးဘဝနဲ့ ဆက်သွယ်မှုကို သိရုံကလေးအတွက်၊ အဝိဇ္ဇာ သင်္ခါရ (၂)ပါးထဲ ထုတ်ဟောသွားတယ်။ စင်စစ် ဒီ(၂)ပါးထဲ ရှေးရှေးကဖြစ်ခဲ့သည် မဟုတ်ဘူး။ ရှေးဘဝနဲ့ယခုဘဝ ဆက်သွယ်မှုကို သိပါစေတော့လို့ ရှေးဘဝဖြစ်မှုထဲကလို့ ယင်းကို ကောက်ဟောတာ။

အဝိဇ္ဇာ၊ သင်္ခါရ၊ အတိတ်ဘဝ၊ ဇာတိ၊ ဇရာမရဏ၊ အနာဂတ်ဘဝ၊ နောင်အနာဂတ်ဘဝနဲ့ ယခုဘဝ ဆက်သွယ်မှုကို သိအောင်လို့သာ ရှေးဘဝကရယ်၊ နောင်အနာဂတ် ဖြစ်ရမဲ့ဟာရယ်၊ ယခုလောလောဆယ် ပစ္စုပ္ပန်

https://www.thitsarparamisociety.com/



ဖြစ်ဆဲရယ်၊ စပ်ပြီးဟောတာ။ ဟောပြန်တော့ အကျိုး(၇)ပါးမှာ (၇)ပါးစလုံး မဟောတော့ဘူး။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ (၅)ပါး သာ ဟောထားတယ်။ ဘာဖြစ်လို့လဲ။ ဇာတိနဲ့ဇရာမရဏဟာက နောက်ဘဝ ဆက်ပြီး ဟောချင်လို့ချန်ထားတာ။ ယခုဘဝ ဇာတိ၊ ဇရာမရဏ မဖြစ်လို့ မဟုတ်ဘူး။ အကြောင်းကျတော့ တဏှာ၊ ဥပါဒါန်၊ ဘဝ သုံးပါးထဲ ဟောထားတယ်။ အဝိဇ္ဇာ သင်္ခါရ မရှိလို့မဟုတ်ဘူး။ ဟို…ရှေးအတိတ်က အဝိဇ္ဇာ သင်္ခါရ ဖြစ်ခဲတာကို ဟောချင်လို့ ဒီမှာ တဏှာ၊ ဥပါဒါန်၊ ဘဝ သုံးပါးထဲဟောတာ။

ဒီတော့ အမှန်အားဖြင့်ဆိုလျှင် အကြောင်း(၅)ပါး။ အကျိုး(၅)ပါး။ ဒီလိုယူ။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ(၅)ပါးက ဇာတိ ဇရာမရဏနဲ့ စကားလုံးသာကွဲနေတယ်၊ အတူတူဘဲ။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့၏ ဖြစ်မှုဇာတိ၊ ရင့်ရော်မှုဇရာ၊ သေပျောက်မှု မရဏ။ ဒီတော့ ဇာတိ၊ ဇရာ,မရဏနဲ့ မထူးတော့ဘူး။

ရှေးအတိတ်က ဖြစ်ခဲ့တဲ့အကြောင်း(၅)ပါးမှာ (၅)ပါးစလုံးကုန်အောင် မဟောဘဲနဲ့။ အဝိဇ္ဇာ၊ သင်္ခါရ(၂)ပါးကို ဟောတယ်။ ယခုဘဝဖြစ်နေတဲ့ အကျိုးကိုတော့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ လို့ အပြည့်အစုံ ဟောတယ်။ ယခုဘဝမှာ ထပ်ဖြစ်တဲ့ တဏှာ၊ ဥပါဒါန်၊ ဘဝ ဆိုတဲ့ အကြောင်းကျတော့ သုံးပါးဘဲ ဟောတယ်။ ဘာဖြစ်လို့လဲ။ ရှေးအတိတ်က အဝိဇ္ဇာ သင်္ခါရနဲ့ ရောနေမှာစိုးလို့။ ရှေးအတိတ်ကဟာ ချန်ပြီးတော့ ကျန်တဲ့သုံးပါးကို ဟောတယ်။

ဒီတော့ ဟိုက(၂)ပါး ဟောလျှင်လည်းဘဲ သုံးပါးပါ ထည့်ယူ။ ဒီက (၃)ပါး ဟောလျှင်လည်း (၂)ပါးပါ ထည့်ယူ။ အမှန်က ပဋိစ္စသမုပ္ပါဒ်မှာ အကြောင်းမှန်သမျှ အကျိုးမှန်သမျှ (၅)ပါးချည်းဘဲ။ ဒီတော့ ရှေးအတိတ်ကအကြောင်း(၅)ပါး။ ယခု ပစ္စုပ္ပန်အကျိုး(၅)ပါး။ ဘယ်နှစ်ပါးလဲ။ (၁၀)ပါး။

https://www.thitsarparamisociety.com/



ယခု ပစ္စုပ္ပန်အကြောင်း(၅)ပါး။ နောင်အနာဂတ်အကျိုး(၅)ပါး။ (၁၀)ပါး။ ဒီတော့ အကြောင်းအကျိုးဆက်နေတာချည်းဘဲ မဟုတ်လား။ ဇာတိ၊ ဇရာ၊ မရဏက ဘယ်အခါမှ မကင်းကောင်းသောကြောင့် ပုဗ္ဗန္တဘဝစက်မှာလဲ(၁၂)ပါး အမြဲယူ။ ယခု ပစ္စုပ္ပန်အကြောင်း(၅)ပါး။ နောင်အနာဂတ်အကျိုး(၅)ပါး၊ အဲဒီ (၁၀)ပါးမှာလဲ ဇာတိ၊ ဇရာမရဏ မကင်းတော့ အပရန္တဘဝစက်မှာလဲ (၁၂)ပါးဘဲယူရမယ်။

ဒီတော့ ပဋိစ္စသမုပ္ပါဒ်ဟာ အားလုံးကုန်(၁၂)ပါးချည်းဘဲ။ ရှင်းအောင် ပြောလျှင်တော့ ရှေးအတိတ်ကအကြောင်း(၅)ပါးကြောင့်။ ယခုဘဝမှာ အကျိုး (၅)ပါးဖြစ်။ ယခုဘဝမှာ အကြောင်း(၅)ပါးဖြစ်လို့ နောင်ဘဝမှာ အကျိုး(၅) ပါးပေါ်။ သံသရာမှာ အကြောင်းအကျိုးဆက်သွယ်မှုကို ဟောတဲ့ပဋိစ္စသမုပ္ပါဒ် ကိုး။ ဒီတော့ သူကောင် ငါကောင် သတ္တဝါကောင်နဲ့သာ ပြောနေရတယ်။ အမှန်မှာ အကြောင်းအကျိုးဆက်ပြီးတော့သွားနေတဲ့ သံသရာချည်းပါကလား လို့၊ အဲဒီ အကြောင်းအကျိုးကို သေသေချာချာသိလိုက်လျှင် ပဋိစ္စသမုပ္ပါဒ် ဉာဏ်။ ပစ္စယပရိဂ္ဂဟဉာဏ်၊ ဓမ္မဋ္ဌိတိဉာဏ်၊ ယထာဘူတဉာဏ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်၊ အဲဒီဉာဏ်တွေရပြီး စူဠသောတာပန် ဖြစ်နိုင်တယ်။ ကိုယ့်ကိုယ် ကိုသာ မေးကြည့်ပေတော့၊ ငါ ကလျာဏပုထုဇဉ် သောတာပန် ဟုတ်ပ လားလို့။

ကလျာဏပုထုဇဉ်ဆိုတာဟာ ရုပ်နာမ်ကို မြင်တယ်။ ရုပ်မှန်းနာမ်မှန်း သိတယ်။ အဲဒီလို ပုဂ္ဂိုလ်ကို ကလျာဏပုထုဇဉ် ခေါ်တယ်။ ရုပ်နာမ်တို့၏ အကြောင်းကို သိမ်းဆည်းနိုင်ပြီး ဒီရုပ်နာမ်ကို အကြောင်းနဲ့တကွသိတဲ့အခါ ကျတော့ စူဠသောတာပန်၊ ရုပ်နာမ်သက်သက်ကိုသိလျှင် ကလျာဏပုထုဇဉ်။ အကြောင်းနဲ့တကွ ရုပ်နာမ်ကိုသိလျှင် စူဠသောတာပန်။

စူဠ ဆိုတာ အငယ်။ သောတာပန်လောင်း။ သောတာပန်အစစ် မဟုတ်သေးဘူး။ ရဟန်းခံမဲ့ ရဟန်းလောင်း။ ရှင်ပြုမဲ့ ရှင်လောင်း။ မင်း

https://www.thitsarparamisociety.com/



ပြုမဲ့ မင်းလောင်းဆိုသလို နောင်ကို မဟာသောတာပန် ဖြစ်ဖို့ သောတာပန်လောင်း။ မဟာသောတာပန်နဲ့ ဘယ်လိုတူတယ်။ တူပုံက...

ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ(၂)ပါးကို မဟာသောတာပန်က အမြစ်ပါ ဖြတ်လိုက်တယ်။ စူဠသောတာပန်က နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ဒိဋ္ဌိကို ခွာလိုက်တယ်။ ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ ဝိစိကိစ္ဆာကို ခွာလိုက်တယ်။ သူက မဖြတ်ချင်သေးဘူး။ ခွာရုံခွာတာ။ စူဠသောတာပန်က ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ(၂)ပါးကို ခွာတယ်။ မဟာသောတာပန်က ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ(၂)ပါးကို အမြစ်ပါပြတ်အောင် ဖြတ်တယ်။

ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ(၂)ပါးကို ခွာနိုင်လို့ရှိလျှင် နောင်မဟာသောတာပန်ဖြစ်ပြီး သူဖြတ်နိုင်တော့မယ်။ ဒါကြောင့် စူဠသောတာပန်ပြောတာ။ သာသနာတော်ကြီးနဲ့ကြုံကြိုက်တဲ့အခါ စူဠသောတာပန်စခန်းတော့ ရောက်အောင်လုပ်မှ။ မလုပ်လျှင် အဲဒီအကောင်ဟာ သနားစရာတော်တော်ကောင်းတယ်။ ခွေးရူးကိုက်ခံရချင်တဲ့လူဟာ ရောင်ကလေး ငုတ်စိငုတ်စိနဲ့ဆိုတာလို အိမ်ခဏခဏ ပြန်တဲ့အကောင်တွေဟာ ဘယ်တော့မှ မဖြစ်ဘူး။ မင်းတို့ခွေးရူးကိုက်ခံရမဲ့ အကောင်တွေ။

စူဠသောတာပန်ဖြစ်တဲ့အခါကျတော့ မလာချင်နေကြပါ။ ခု ကိုယ့်ကိုယ်ကိုလည်း စိတ်မချရသေးဘဲနဲ့ ပေပြီးတော့ အလကားမနေကြပါနဲ့။ အဲဒီတော့ နက်ဖန်ခါကစပြီးတော့ အလျှုအတန်း ပြတ်သွားပြီ။ ကထိန်အမတွေ နက်ဖန်ခါကစပြီး ကျောင်းတက်ဖို့ ငါပြောချင်လို့ သူတို့လည်း ဘာမှ မဖြစ်သေးဘူး။ သူတို့လည်း စူဠလိပ်ဘဲ ဖြစ်နေသေးတယ်။ အနည်းဆုံး စူဠသောတာပန် ဖြစ်အောင်တော့ လုပ်ဖို့ကောင်းနေပြီ။ လုပ်ချင်လုပ်၊ လုပ်ဖို့ကောင်းကြောင်းသာ ငါပြောတာ။

ဤသည်ကား သုတ္တန်ဒေသနာတော် ဖြစ်သည်။ အဘိဓမ္မာဒေသနာ

https://www.thitsarparamisociety.com/



တော်မြွက်သည်ကား ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ– ဟုဟောတော်မူသည်။ ကုသလာ–ကောင်းသော။ ဓမ္မာ–သဘော။ အကုသလာ ဓမ္မာ– မကောင်းတဲ့သဘော။ အဗျာကတာဓမ္မာ–ကောင်းတယ် မကောင်းဘူး ဟု မဆိုရတဲ့သဘော။ တစ်လောကလုံးခြုံပြီးတော့ ကိုယ်တော်မြွက် ဒီသုံး ပါးဘဲ ဟောတယ်။ ကုသလာဓမ္မာ–ကောင်းတဲ့သဘော။ အကုသလာဓမ္မာ– မကောင်းတဲ့သဘော။ အဗျာကတာဓမ္မာ–မကောင်းဘူး ကောင်းတယ်ဟု မ ဆိုရတဲ့သဘော။ ဒီသဘော(၃)မျိုးအပြင် မရှိဘူး။

ဒါ ကုသလတိက် ခေါ်တယ်။ အဲဒီ ကုသလာဓမ္မာ၊ အကုသလာဓမ္မာ အဗျာကတာဓမ္မာဆိုတဲ့ ကုသလတိက်ကို အရင်းခံပြီးတော့ အဘိဓမ္မာ(၇) ကျမ်းကို ဟောလိုက်တော့ အဘိဓမ္မာ(၇)ကျမ်း ကုန်ရော။

ဤသို့ သုတ္တန် အဘိဓမ္မာတရား (၂)ပါးကို ကြားနာရသော ကုသိုလ် ကံ စေတနာတို့ကြောင့် နိဗ္ဗာန်ကို လျင်မြန်စောစွာ ရောက်ရပါလို၏... ဟု ဆုတောင်းကြကုန်။

သာဓု–သာဓု–သာဓုပါဘုရား။

☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆

အရင်သေ နောက်သေမျိုး
ဘယ်သူ့ကိုမှ မကိုးနဲ့
ဘယ်သူ့ကိုမှ မငြိုးနဲ့
ဘယ်တော့မှလည်း မဆိုးနဲ့
ကိုယ်ကျိုးရှိအောင်နေ

(ဝေဠုဝတီ ဆရာတော်ဘုရားကြီး)

https://www.thitsarparamisociety.com/



မြောင်းမြမြို့ ဝေဠုဝတီကမ္မဋ္ဌာန်းတိုက်၌
ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီးသည်
၁၃၂၉-ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင်
တပည့်တို့အား ဟောကြားတော်မူအပ်သော

# မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှ သက်ဿနဂိုရ်ပြည်သို့ သက်ဆင်းတော်မူခန်း တရားတော်

မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှ လူ့ပြည်ကိုသက်ဆင်းတော်မူတဲ့နေ့ ဖြစ်သောကြောင့် သီတင်းကျွတ်လပြည့်နေ့ကို ဒေဝေါရောဟနနေ့လို့ ခေါ်တယ်။

ဘဂေါ ယဿ အတ္ထီဘဂဝါ။ ယဿ၊ အကြင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား။ ဘဂေါ၊ ဣဿရိယစသော ဘုန်းတော်ခြောက်ပါးသည်။ အတ္ထိ၊ ရှိတော်မူ၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည်။ ဘဂဝါ၊ ဘဂဝါ မည်တော်မူ၏။

၁။ ဣဿရိယဘုန်းတော်။
၂။ ဓမ္မဘုန်းတော်။
၃။ ယသဘုန်းတော်။
၄။ သိရီဘုန်းတော်။
၅။ ကာမဘုန်းတော်။
၆။ ပယတ္တဘုန်းတော်။

ဆိုတဲ့ဘုန်းတော်(၆)ပါးဟာ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးမှာ ရှိတော်မူတယ်။

https://www.thitsarparamisociety.com/



၁။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ကိုယ်တော်နှင့်စိတ်တော်ကို အစိုးရတော်မူသောကြောင့် ဣဿရိယဘုန်းတော်။

၂။ လောကီ လောကုတ္တရာတရားအမျိုးမျိုးတို့နှင့် ပြည့်စုံတော်မူသောကြောင့် ဓမ္မဘုန်းတော်။

၃။ အခြံအရံ ပေါများတော်မူသောကြောင့် ယသဘုန်းတော်။

၄။ ၃၂-ပါးသော ယောကျ်ားမြတ်တို့၏လက္ခဏာတော်ကြီး။ ၈၀-သော လက္ခဏာတော်ငယ်။ ခြောက်သွယ်သော ရောင်ခြည်တော် စသည်တို့ဖြင့် ကိုယ်တော်မြတ်၏ တစ်ကိုယ်လုံးမှာ ကြက်သရေတုံး၊ ကြက်သရေခဲကြီး ဖြစ်တော်မူသောကြောင့် သိရီဘုန်းတော်။

၅။ ဘုရားရှင်ကိုယ်တော်မြတ် အလိုရှိတိုင်း ပြည့်စုံတော်မူသောကြောင့် ကာမဘုန်းတော်။

၆။ ပယတ္တဘုန်းတော်ဆိုတာကတော့ အားထုတ်မှုလုံ့လဝီရိယကောင်းတဲ့နေရာမှာ ဘုရားကိုယ်တော်မြတ်ကြီးကို ဘယ်သူမှ မမှီဘူး။ အားလုံးသော သတ္တဝါတွေရဲ့ လုံ့လဝီရိယကို ချိန်ခွင်တစ်ဖက်ကတင်၍ ဘုရားကိုယ်တော်မြတ်ကြီး၏ လုံ့လဝီရိယကို ချိန်ခွင်တစ်ဖက်ကထားပြီးတော့ ချိန်မယ်ဆိုလျှင် ဘုရားကိုယ်တော်မြတ်ဘက်ဘဲ လေးအုံးမယ်တဲ့။ ဒီတော့ ဘုရားကိုယ်တော်မြတ်ဟာ ဒီလောက်လုံ့လဝီရိယ ကောင်းတဲ့ပုဂ္ဂိုလ်ကြီး။ ဘာဖြစ်လို့လဲ။ အလုပ်ကြီးတာကို မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးရဲ့ အလုပ်ရုံဟာ ဘယ်လောက်ကြီးသလဲဆိုလျှင် စကြာဝဠာတစ်သောင်းဟာ မြတ်စွာဘုရားရဲ့ အလုပ်ရုံကြီးဘဲ။ ဒီလောက်အလုပ်ကြီးကို အုပ်စိုးရတဲ့ပုဂ္ဂိုလ်ဟာ သာမညလုံ့လဝီရိယနဲ့ ဖြစ်နိုင်ပါ့မလား။ ဝီရိယကောင်းတဲ့အရာမှာ ဘုရား

https://www.thitsarparamisociety.com/



မှီတဲ့ပုဂ္ဂိုလ် မရှိဘူး။ ဒါကြောင့် မြတ်စွာဘုရားဟာ ပယတ္တဘုန်းတော်နဲ့ပြည့်စုံတော်မူတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးမှာ ဣဿရိယ ဘုန်းရှိတယ်။ ဓမ္မဘုန်းရှိတယ်။ ယသဘုန်းရှိတယ်။ သိရီဘုန်းရှိတယ်။ ကာမဘုန်းရှိတယ်။ ပယတ္တဘုန်းရှိတယ်။

အဲဒီ ဘုန်းတော်ခြောက်ပါး ရှိတော်မူသောကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို လူပညာရှိ၊ နတ်ပညာရှိ၊ သိကြားပညာရှိ၊ ဗြဟ္မာပညာရှိတွေက ဘဂဝါလို့ ခေါ်ကြတယ်။

ဒီ ဘဂဝါဂုဏ်တော်ဟာ ဘုန်းတော်ခြောက်ပါး ရှိသောကြောင့် ဘဂဝါ ခေါ်တာ။

ဘဂဝါ၊ ဣဿရိယ စသည့် ခြောက်ဆိုင်၊ ဘုန်းပန်းခိုင်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

အဲဒီ ဘုန်းတော်ခြောက်ပါးဟာ ဘယ်နေရာမှာ ထင်ရှားသလဲဆိုလျှင် ဒေဝေါရောဟန နေ့ လို့ခေါ်တဲ့ သီတင်းကျွတ်လပြည့်နေ့မှာ အလွန်ထင်ရှားပါတယ်။ ဒေဝက နတ်ပြည်။ ဝေါရောဟနက သက်ဆင်းတယ်။ နတ်ပြည်မှ သက်ဆင်းတော်မူတယ်...လို့ ဆိုလိုတယ်။

ယေစျာန ပသုတာဓီရာ၊ နိက္ခမ္မူပသုမေ ရတာ။
ဒေဝါပိတေသံ ပိဟယန္တိ၊ သမ္ဗုဒ္ဓါနံ သတီမတံ။

မြတ်စွာဘုရား တာဝတိံသာနတ်ပြည်က သက်ဿနဂိုရ်ပြည်သို့ သက်ဆင်းတော်မူလာတဲ့အခါ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက

သက်သာနဂိုရ်ပြည် စောင်းတန်းဦးကနေပြီးတော့ ကြိုဆိုတယ်။ အဲဒီအခါမှာ မြတ်စွာဘုရား ဟောတော်မူတဲ့ ဂါထာတော်။

ဓိရာ– ပညာရှိကုန်သော။ ယေ သမ္ဗုဒ္ဓါ၊ အကြင်ဘုရားရှင် ကိုယ်တော်မြတ်တို့သည်။ ဈာန ပသုတာ၊ အာရမ္မဏူ ပနိဇ္ဈာနဈာန်၊ လက္ခဏူပနိဇ္ဈာနဈာန် ဤနှစ်တန်တို့၌ လေ့လာတော်မူကြကုန်၏။ အာရမ္မဏူ ပနိဇ္ဈာနဈာန် ဆိုတာ ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း အစရှိသော ထိုထိုကသိုဏ်းစသော အာရုံတွေကို အာရုံပြုလို့ရတဲ့ဈာန်ကို အာရမ္မဏူ ပနိဇ္ဈာနဈာန်လို့ ခေါ်တယ်။ အာရမ္မဏ–က အာရုံ။ ဥပ–က ကပ်၍။ နိဇ္ဈာန–က ရှုတတ်သောကြောင့်၊ တနည်း စူးစူးစိုက်စိုက် ရှုတတ်သောကြောင့် အာရမ္မဏူ ပနိဇ္ဈာနဈာန်။ အနိစ္စဝိပဿနာဉာဏ်နဲ့ အနိစ္စလက္ခဏာကို အာရုံပြုတယ်။ ဒုက္ခဝိပဿနာဉာဏ်နဲ့ ဒုက္ခလက္ခဏာကို အာရုံပြုတယ်။ အနတ္တဝိပဿနာဉာဏ်နဲ့ အနတ္တလက္ခဏာကို အာရုံပြုတယ်။ မဂ်ဉာဏ်နဲ့နိဗ္ဗာန်၏ သန္တိလက္ခဏာကို အာရုံပြုတယ်။

ဒါကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဆိုတဲ့ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဟာ လက္ခဏူပနိဇ္ဈာနဈာန်၊ ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်များမှာလဲဘဲ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါပါနေတော့ ထိုဉာဏ်များမှာပါတဲ့ ဝိတက်၊ ဝိစာရ၊ အစရှိသော ဈာန်အင်္ဂါများကို ရည်ရွယ်၍ လက္ခဏူပနိဇ္ဈာနဈာန် ခေါ်သည်။

အဲဒီ အာရမ္မဏူပနိဇ္ဈာနဈာန်၊ လက္ခဏူပနိဇ္ဈာနဈာန်(၂)ပါး၌ လေ့လာနိုင်နင်းတော်မူကြပေတယ်တဲ့။ ဘယ်သူလဲ။ ဘုရား။ နိက္ခမူပသမေ၊ ကာမဂုဏ်မှ လွတ်မြောက်၍ ကိလေသာတို့၏ ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်၌။ ရတာ၊ မွေ့လျော်တော်မူကြကုန်၏။ ဘုရားရှင်ကိုယ်တော်မြတ်တို့၏ စိတ်တော်ဟာ နိဗ္ဗာန်မှာသာ ပျော်ပိုက်တော်မူတယ်။ မွေ့လျော်တော်မူတယ်။

သတိမံ–သတိမန္တာနံ၊ သတိရှိတော်မူကြကုန်သော။ သတိဆိုတာ အ

https://www.thitsarparamisociety.com/



ယုတ်၊ အလတ်၊ အမြတ်မရွေး ဘယ်ပုဂ္ဂိုလ်မဆို သတိအရေးကြီးတယ်။ ဒို့မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးတောင်မှ သတိ အရေးမကြီးဘူးလား။ ဒါကြောင့် သတိမတံ၊ သတိမန္တာနံ။ အချင်းခပ်သိမ်း သတိရှိတော်မူကြကုန်သော။ တေသံ သမ္ဗုဒ္ဓါနံ၊ ထိုဘုရားရှင်တို့အား။ ဒေဝါပိ၊ နတ်ပြဟ္မာတို့ပင်သော်လည်း ပိဟယန္တိ၊ မြတ်နိုးတောင့်တကြကုန်၏။

နတ်ပြဟ္မာတွေတောင် မြတ်စွာဘုရားကို ခဏခဏမြတ်နိုးတောင့်တကြတယ်တဲ့။ ဘယ်လိုမြတ်နိုးတောင့်တကြသလဲ။ အော်…ဤကဲ့သို့ ဘုန်းတန်ခိုးဂုဏ်ဒ္ဓိပါဒ်ကြီးတော်မူသော ကိုယ်တော်မြတ်ကြီးဟာ ဒို့ဆွေဒို့မျိုးများဖြစ်လျှင်တော်လေစွ၊ ဒို့မိ၊ ဒို့ဖ၊ ဒို့ဘိုး၊ ဒို့ဘွားများဖြစ်လျှင် တော်လေစွ၊ ဘုရားကိုယ်တော်မြတ်ကြီးနဲ့ နီးစပ်ချင်တဲ့စိတ် ဖြစ်လာကြတယ်။ တချို့ကလည်း ဒို့ကိုယ်တိုင် ဤကဲ့သို့များဖြစ်ပါက ကောင်းလေစွလို့…… ဘုရားအဖြစ်ကိုတောင့်တကြတယ်။

အဲဒီဂါထာဟာ မြတ်စွာဘုရား တာဝတိံသာနတ်ပြည်ကဆင်းလို့ သက်ဿနဂိုရ်ပြည် စောင်းတန်းဦးမှာ ဟောတော်မူတဲ့ ဂါထာ။

အကြောင်းအတ္ထုပ္ပတ္တိက ဘယ်ကလာသလဲဆိုတော့ သိကြပြီးတဲ့အတိုင်း ရာဇဂြိုလ်ပြည်မှာ ရာဇဂြိုလ်သူဌေးက စန္ဒကူးသပိတ်ကို အတောင်ခြောက်ဆယ်ရှိတဲ့ ဝါးဖျားမှာ ဆွဲထားပြီးတော့ လောကမှာ ဟိုဂိုဏ်းကဘုရား၊ ဒီဂိုဏ်းကဘုရားနဲ့ ဘုရားတွေများတယ်။ ဟိုဂိုဏ်းက ရဟန္တာ၊ ဒီဂိုဏ်းက ရဟန္တာနဲ့ ရဟန္တာတွေများတယ်။ တကယ်ဘုရားစစ် ဘုရားမှန်၊ တကယ် ရဟန္တာစစ် ရဟန္တာမှန်ဆိုတဲ့ဂိုဏ်းဟာ စန္ဒကူးသပိတ်ကို ကောင်းကင်ပျံပြီး ယူစေနိုင်သတည်း လို့ ရာဇဂြိုလ်ပြည်၊ ရာဇဂြိုလ်သူဌေးက စန္ဒကူးသပိတ်ကြီးကို အတောင်ခြောက်ဆယ်ရှိသော ဝါးဖျားမှာ ချည်ထားတော့ကာ အရှင်ပိဏ္ဍောလမထေရ်က တန်ခိုးပြပြီးယူတယ် မဟုတ်လား။

https://www.thitsarparamisociety.com/



အဲဒါကို အကြောင်းပြုပြီးတော့ မြတ်စွာဘုရားက တန်ခိုးမပြရဘူးလို့ တပည့်သားမြေးတွေကို တန်ခိုးပြခြင်းမှ တားမြစ်လိုက်တယ်။ တန်ခိုးပြခြင်းလည်း တားမြစ်လိုက်ကရော ဟိုက ပုရာဏကဿပ၊ မက္ခလိဂေါသာလ၊ အစရှိသော တိတ္ထိဘုရားတွေက ဘယ်လိုဖြစ်လာသလဲ။ ဂေါတမဘုရားဟာ သူ့တပည့်တွေကို တန်ခိုးမပြရဘူးလို့ ပြောထားတော့ သူကိုယ်တိုင်လည်း ဘယ်နည်းနဲ့မှ တန်ခိုးပြတော့မှာ မဟုတ်ဘူး။

ဒို့က ဂေါတမနဲ့တန်ခိုးပြိုင်မယ်လို့ဆိုလျှင် ဒို့ဟာ ဒီနေရာမှာ အသားတက်လာမှာဘဲ။ ဒို့အထင်ကြီးလာမှာဘဲ။ ဒါကြောင့် ဂေါတမနဲ့တန်ခိုးပြိုင်မယ်လို့ တိတ္ထိဘုရားတွေက ဝါဒဖြန့်ကြတယ်။ တိတ္ထိဘုရားတွေက ဝါဒဖြန့်တဲ့အခါကျတော့ ဗိမ္ဗိသာရမင်းကြီးက ကတိုက်ကရိုက်နဲ့ ကိုယ်ကျိုးနဲကုန်ပြီ ဘုရားလို့လျှောက်တော့ ဘာဖြစ်လို့လဲမင်းကြီးရဲ့။ တိတ္ထိဘုရားတွေက ကိုယ်တော်နဲ့တန်ခိုးပြိုင်မယ်လို့ ဆိုနေပါလား။ ပြိုင်လျှင်ဘာဖြစ်သလဲ။ နို့အရှင်ဘုရားက တပည့်သားမြေးတွေကို တန်ခိုးမပြရဘူးလို့ တားမြစ်ထားတယ်ဆို။ အေး...တားမြစ်ထားတာ ဘာဖြစ်သလဲ။ ငါမပြဘူးလို့ ဆိုတာမှတ်လို့ဘဲ။ အော်...တပည့်တွေတော့တားမြစ်ထားပြီးတော့ အရှင်ဘုရားပြတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။

မင်းကြီးကို ငါ ဥပမာတစ်ခု ပြောမယ်။ အသင်မင်းကြီးရဲ့သရက်ဥယျာဉ်မှာ သရက်သီးရှိတယ်မဟုတ်လား။ ဒီသရက်သီးကို မည်သူတစ်ဦးတစ်ယောက်မှ မစားရဘူးလို့ အမိန့်ထုတ်ထားလျှင် စားတဲ့လူအပြစ်မရှိပေဘူးလား။ အသင်မင်းကြီးကိုယ်တိုင် စားလျှင်တော့ ဘာအပြစ်ရှိသလဲ တပည့်တော်ကိုယ်တိုင်စားလျှင်တော့ ဘာအပြစ်မှ မရှိနိုင်ပါဘူးဘုရားတဲ့။ အေး... ထိုနည်းတူစွာ တပည့်တွေကိုသာ မပြရဘူးလို့ အမိန့်ထုတ်တာ ငါကိုယ်တိုင်မပြဘူးလို့ မဆိုလိုဘူး။ အောင်မလေးဘုရား...အခုမှ ရင်ထဲကအလုံးကျသွားပေတော့တယ်။ တိတ္ထိဘုရားတွေက တန်ခိုးပြိုင်မယ်ဆိုတာကို ဗိမ္ဗိသာရမင်းကြီးက မခံနိုင်ဖြစ်တယ်။ ငါ ကိုယ်တိုင်ပြမယ်လို့ မိန့်တော်မူတော့မှ

https://www.thitsarparamisociety.com/



ဘယ်အချိန် ဘယ်ကာလ ဘယ်ဌာနမှာ ပြတော်မူမယ ဗိမ္ဗိသာရမင်းကြီးက လျှောက်ထားတော့ နောင်ကို ၄-လကြာတဲ့အခါ ဝါဆိုလပြည့်နေ့ သာဝတ္ထိပြည်မှာ ငါဘုရားပြတော်မူမယ်။ အဲဒီတော့ တိတ္ထိတွေက ဘယ်လိုလဲ။ ဂေါတမဘုရား တန်ခိုးပြမယ်လို့ ဆိုတယ်။ ဒို့သူ့နောက်က အမြဲမပြတ်လိုက်နေမယ်။ လိုက်နေတော့ လူတွေက ဘယ်လိုပြောမယ်၊ တိတ္ထိဘုရားတွေဟာ ဘာဖြစ်လို့ ဂေါတမဘုရားနောက်က အမြဲမပြတ်လိုက်နေကြရသလဲ။ဒီတော့မှ ဒို့ကပြောမယ်၊ ဂေါတမတန်ခိုးပြမယ်ဆိုပြီး မပြဝံ့လို့ ထွက်ပြေးမှာစိုးလို့ကိုး။ အဲဒါနဲ့ အစဉ်အတိုင်းကြွသွားလို့ သာဝတ္ထိပြည်ရောက်တဲ့အခါ...

အရှင်ဘုရား ဘယ်မှာတန်ခိုးပြမလဲလို့ ကောသလမင်းကြီးလျှောက်ထားတော့ သရက်ပင်ရင်းမှာတန်ခိုးပြမယ်လို့ မိန့်တော်မူတယ်။ သရက်ပင်ရင်းမှာ ပြမယ်လည်းဆိုလိုက်ရော တိတ္ထိရဲ့တပည့်သားတွေက သရက်ပင်ရှိရှိသမျှ အကုန်လှဲ။ အပင်ကလေးကစပြီး မကျန်ရဘူး အကုန်နှုတ်ပစ်၊ သရက်ပင်ရင်းမှာ တန်ခိုးပြမယ်ဆိုတာကိုး။

အဲဒီလို တိတ္ထိတွေနဲ့ မြတ်စွာဘုရားနဲ့ တန်ခိုးပြခန်းကြားဖူးကြမှာပေါ့။ ဝါဆိုလပြည့်နေ့ကျတော့ ကဏ္ဍအမည်ရှိသော ဥယျာဉ်မှူး စိုက်ပျိုးအပ်သော သရက်ပင်ရင်းမှာ သိကြားမင်းက စင်္ကြံကြီးဆောက်တယ်၊ အရှေ့စကြာဝဠာတံတိုင်းနဲ့ အနောက်စကြာဝဠာတံတိုင်း ထိတယ်။ စင်္ကြံဆောက်ပြီးတော့ ညချမ်းအချိန် နေကလေးအရှေ့ဘက် ထိုးတဲ့အခါ မြတ်စွာဘုရားက ဂန္ဓကုဋီတိုက်ထဲက ကြွလာတယ်။ ကြွလာတဲ့အခါ ဂရဏီအမည်ရှိသော အနာဂါမ်တည် ဉပါသိကာမ တစ်ယောက်က မြတ်စွာဘုရား...ဒီကိစ္စကို အရှင်ဘုရားကိုယ်တော်တိုင် အပင်ပန်းခံတော် မမူပါနဲ့။ သမီးတော်တို့ရှိပါသေးတယ်။ သမီးတော်တို့ ပြပါရစေလို့...လျှောက်ထားတော့ သင်ဘယ်လိုပြမလဲလို့ မေးတဲ့အခါ ဂရဏီအမည်ရှိသော အနာဂါမ်တည် ဉပါသိကာမက...

https://www.thitsarparamisociety.com/



"ယောဒီ စကြာဝဠာမြေပြင်ကြီးကို ရေဖြစ်အောင် လုပ်လိုက်ပြီးသကာလ၊ ရေကြက်မယောင် ဖန်ဆင်းပြီးတော့ ရေထဲကို ဖြုတ်ကနဲ့ငုတ်သွားမယ်။ ပြီးတော့မှ အရှေ့စကြာဝဠာတံတိုင်းနှုတ်ခမ်းမှာ တပည့်တော်မ,သွားပေါ်မယ်။ အရှေ့စကြာဝဠာတံတိုင်းကနေပြီးတော့ အနောက်စကြာဝဠာတံတိုင်းကို ပြန်ပေါ်မယ်။ ထိုမှတဆင့် မြောက်စကြာဝဠာတံတိုင်းကို ပြန်ပေါ်မယ်။ ထိုမှတဆင့် တောင်စကြာဝဠာတံတိုင်းကို ပြန်ပေါ်မယ်။ စကြာဝဠာတံတိုင်း ၄–ဖက်ပြည့်တဲ့အခါကျတော့ အောက်မြေကြီးအတွင်း ငုတ်ပြီးရေလယ်ခေါင်ကနေ ဖြုံးကနဲ့ တပည့်တော်မ ပေါ်ထွက်လာမယ်။ ပေါ်ထွက်လာတော့ ၃၆–ယူဇနာရှိသော ပရိသတ်ကြီးက ဒါဘယ်သူလဲဟ...လို့ မေးကြမှာပေါ့။ မေးတဲ့အခါ ဒါ ဂရဏီအမည်ရှိသော မြတ်စွာဘုရား၏တပည့်မ တစ်ယောက်ပါလို့ အချို့ပရိသတ်က ဒီလိုပြောကြမယ်ဘုရားတဲ့။ ဒီလိုပြောတဲ့အခါ ခုတင်က တိတ္ထိတွေဟာ မြတ်စွာဘုရားကို မကြည့်ဝံ့တော့ပါဘူး။ သူ့တပည့်မတောင် ဒီလောက်တန်ခိုးကြီးမှ ဂေါတမတော့ မပြောပါနဲ့တော့ဟေ့...ဆိုပြီး ဖနောင့်နဲ့တင်ပါး တစ်သားထဲကျအောင် ပြေးပြီသာမှတ်ပါတော့...တဲ့ ဂရဏီကလေ။

ဒီတော့ မြတ်စွာဘုရားက ဘာမိန့်တော်မူသလဲ၊ ဂရဏီတဲ့။ သင် ဒီလောက်တန်ခိုးကြီးတယ်ဆိုတာ ငါ,ဘုရား သိပြီးသားဘဲ။ သို့ပင်ဖြစ်သော်လည်း ဤအရာ၌ သင်သည် သင့်အရာမဟုတ်ဘူးတဲ့။ ခွင့်မပြုဘူး။ ဒီတော့ ဂရဏီအမည်ရှိသော ဥပါသိကာမက ငါ့ထက်စွမ်းတဲ့လူတွေ ရှိပါလိမ့်ဦးမယ် ထင်ပါရဲ့ဆိုပြီး သူအသာပြန်ထိုင်နေတယ်...တဲ့။

ဒီတော့ စူဠအနာထပိဏ်အမည်ရှိတဲ့ အနာဂါမ်တည် ဥပါသကာ တစ်ယောက်က တပည့်တော် ပြပါရစေ...လို့ လျှောက်တယ်။ သင်ဘယ်လို ပြမလဲတဲ့။ ၁၂–ယူဇနာရှိသော မြဟ္မာမင်းကြီးယောင်ဖန်ဆင်းပြီးတော့ ၃၆–ယူဇနာရှိသော ပရိသတ်ကြီးကြားလောက်အောင် လက်ပန်းပေါင်း တဖြောင်းဖြောင်းခတ်ပြမယ်ဘုရား။ အဲဒီလို လက်ပန်းပေါင်းခတ်သံကို ကြားတဲ့အခါ

https://www.thitsarparamisociety.com/



ကျတော့ ဘာသံလဲဟေ့။ စူဠအနာထပိဏ်ရဲ့ လက်ပန်းပေါင်းခတ်သံ လို့ တချို့က ပြောကြလိမ့်မယ်။ စူဠအနာထပိဏ်ရဲ့ လက်ပန်းပေါင်းခတ်သံ ကြားကတဲကိုက တိတ္ထိတွေ သွားရောပေါ့ဘုရား…။ နေနိုင်ပါ့မလား။ ကိုယ်တော်မြတ်ကိုယ်တိုင် ပြမနေပါနဲ့။ အပင်ပန်းခံတော်မမူပါနဲ့ တပည့်တော်တို့နဲ့ လွှဲပါ။ ကိုယ်တော်မြတ်ရဲ့အရာ မဟုတ်ပါဘူးကိုး။

ဒီတော့ မြတ်စွာဘုရားက စူဠအနာထပိဏ်။ ဒါလည်းဘဲ မင်းအရာ မဟုတ်သေးဘူးဆိုပြီး ခွင့်မပြုဘူး။ မပြုတော့မှ စီရာအမည်ရှိသော ၇-နှစ်သမီးအရွယ်သာရှိသေးတဲ့ ပဋိသမ္ဘိဒါပတ္တ၊ ဆဠာဘိည၊ သာမဏေမကလေးက တပည့်တော်မ ပြပါရစေဘုရားတဲ့။ ဒီကိုရင်မယ်ကလေးက ပရိသတ်ကြီးထဲကထပြီးတော့ ဘုရားကိုလျှောက်တယ်။ ချစ်သမီး စီရာ သင်ဘယ်လိုများ ပြမလဲဆိုတော့ ဟိမဝန္တာတောင်ရယ်၊ ယုဂန္ဓိုရ်တောင်ရယ်၊ စကြာဝဠာတောင်ရယ်၊ အဲဒီတောင်တွေကို ယခုပရိသတ်ကြီးရှိနေတဲ့နေရာကို ရွှေ့လာပြီးတော့ အဲဒီတောင်တွေကို ဖောက်ဖောက်ပြီးတော့ ဟင်္သာမယောင်ဆောင်ပြီး ပျံပြပါမယ်။ အဲဒီတောင်တွေထဲက ဖောက်ထွင်းပြီးတော့ တပည့်တော်က ဟင်္သာမယောင်ဆောင်ပြီး ပျံပြလိုက်လျှင် ဒီကောင်တွေပြေးရောပေါ့။ ခံနိုင်ပါဦးမလားဘုရားတဲ့။ သင်စွမ်းကြောင်းလည်း ငါဘုရားသိပါတယ်။ သို့ပေမယ်လို့ ဒါလည်း သင့်အရာမဟုတ်သေးဘူး ဆိုပြီးတော့ ခွင့်ပေးတော်မမူဘူး။

နောက်တခါ စုန္ဒအမည်ရှိသော ခုနစ်နှစ်သားရှိတဲ့ ကိုရင်ကလေးက တပည့်တော်ပြပါရစေ ဘုရားလို့ တခါ လျှောက်ပြန်သတဲ့။

ကိုင်း…မင်းဘယ်လိုပြမလဲလို့ မြတ်စွာဘုရားကမေးတော့ ဇမ္ဗူဒိပ်ကျွန်းထိပ်မှာ ဇမ္ဗူသပြေပင်ကြီးရှိတယ် ဘုရား။ ဇမ္ဗူသပြေပင်ကိုင်းကို ကိုင်လှုပ်ပြီး အသီးကိုယူလာခဲ့ပြီး ယခု ၃၆-ယူဇနာရှိတဲ့ ပရိသတ်ကို တပည့်တော် ဇမ္ဗူသပြေသီး ကျွေးပြီးသကာလ တာဝတိံသာနတ်ပြည်က ပင်လယ်

https://www.thitsarparamisociety.com/



ကသစ်ပန်းခူးလာပြီးတော့ အရှင်ဘုရားကို တပည့်တော်ပူဇော် ကန်တော့ပါမယ်။ ဒီလို တပည့်တော်ရဲ့တန်ခိုးကို တွေ့လျှင် ဟိုကောင်တွေ ခံနိုင်ပါ့အုံးမလားတဲ့။

၁။ ဥပါသကီ မိန်းမ။ ၂။ ဥပါသကာ ယောကျ်ား။

၃။ သာမဏေ မိန်းမ။ ၄။ သာမဏေ ယောကျ်ား။ ပြီးတော့မှ...

တန်ခိုးအရာမှာ ဧတဒဂ်ရတဲ့ ဥပ္ပလဝဏ်ထေရီမက ထလျှောက်တယ်။ တပည့်တော်မ ပြပါရစေတဲ့။ သင်ဘယ့်နှယ်ပြမလဲ။ တစ်ပါးသော နေရာမှ ၃၆–ယူဇနာရှိသော ပရိသတ်ကြီးကို ခေါ်လာပြီးတော့ ၃၆–ယူဇနာရှိသော ပရိသတ်အခြံအရံနဲ့တကွ စကြာမင်းကြီးယောင်ဆောင်ပြီး မြတ်စွာဘုရားကိုလာပြီး တပည့်တော်ပူဇော်ကန်တော့ပါမယ်တဲ့။ ဒီလောက် သင်စွမ်းကြောင်းလည်း ငါဘုရားသိတော်မူတယ်။ ဒီဟာလည်း သင့်အရာမဟုတ်သေးဘူး...တဲ့။

ဒီတော့မှ အရှင်မောဂ္ဂလန်က တပည့်တော်ပြပါရစေဘုရား လို့ လျှောက်ထားသတဲ့။ အဲဒီတော့မှ မြတ်စွာဘုရားက ချစ်သား မောဂ္ဂလန်မင်း...ဘယ်လိုများ ပြမလဲ။

၁။ မြင့်မိုရ်တောင်ကို တပည့်တော်၏သွားကြားထဲထည့်ပြီး ဟော့...ပဲစေ့လို ဝါးစားပြပါမယ်ဘုရားတဲ့။ ဒါဘဲလားကွတဲ့။ ဒါတင်ဘယ်ကအုံးမလဲ ဘုရား...တဲ့။

၂။ မဟာပထဝီမြေကြီးကို ဆေးလိပ်လို လိပ်ပြီးတော့ လက်ကြားထဲ ညှပ်ပြပါမယ်တဲ့။ ဒါဘဲလားကွ...တဲ့။ သူကတော့ တန်ခိုးအရာမှာ အကြီးဆုံးဖြစ်တော့ တဆင့်တဆင့် တက်,တက်မေးနေတယ်။

https://www.thitsarparamisociety.com/



၃။ ဟောဒီ မဟာပထဝီမြေကြီးကို အိုးထိန်းစက်ကဲ့သို့ လည်စေပြီးတော့၊ မဟာပထဝီမြေကြီးအောက်ကရှိတဲ့၊ မြေသြဇာကို ယခုပရိသတ်ကြီးကို တပည့်တော် ကျွေးပါမည်ဘုရား။ ဒါဘဲလားတဲ့။ ဒါတင်မကသေးပါဘူး ဘုရား...တဲ့။

၄။ လက်ဝဲဖက်ပေါ်မှာ ဇမ္ဗူဒိပ်ကျွန်းကြီး တစ်ကျွန်းလုံးတင်ပြီး တော့ လက်ျာဖက်လက်ဖြင့် ပရိသတ်ကြီးကို ကျွန်းတစ်ကျွန်းပေါ်သို့ ရွှေ့ပြီးတင်ပြပါမယ်ဘုရား...တဲ့။ ဒါဘဲလား...တဲ့။ ဒါမျှဘယ်ကအံ့းမလဲ ဘုရား...တဲ့။

၅။ မြင့်မိုရ်တောင်ကြီးကို ထီးရိုးလုပ် မဟာပထဝီမြေကြီးကို ထီးရွက်လုပ်ပြီး မြင့်မိုရ်တောင်ကို ထီးရိုးလုပ်ထားတဲ့ထီးကြီးကို လက်တစ်ဘက်နဲ့ကိုင်ပြီး ခရီးသွားတဲ့ရဟန်းဟာ ထီးဆောင်းလာဘိသကဲ့သို့ မဟာပထဝီမြေကြီးကို ထီးရွက်လုပ်ပြီး မြင့်မိုရ်တောင်ကို ထီးရိုးလုပ်တဲ့ ထီးကြီးကို ဆောင်းလျှက် ကောင်းကင်မှာ စင်္ကြံလျှောက်ပြပါမယ်ဘုရားတဲ့။ မင်း တန်ခိုးကြီးကြောင်း ငါ,သိပါတယ်။ သို့ပေမယ်လို့ ဒါမင်းအရာမဟုတ်သေးဘူးဆိုပြီး အရှင်မောဂ္ဂလန်ကိုတောင် ခွင့်မပြုဘူး။ ငါဘုရားသည် ကိုယ့်အပေါ်ကျလာတဲ့တာဝန်ကို သူတစ်ပါးလွှဲရိုး ထုံးစံမရှိဘူး...တဲ့။ ယခုလို ဘုရားဖြစ်တဲ့အခါမဆိုထားနဲ့ နုစဉ်အခါတုန်းကတောင် ကိုယ့်တာဝန်ကျလာလျှင် သူတစ်ပါးကို လွှဲ၍ မခိုင်းခဲ့ဘူး ဆိုပြီးတော့ ကဏှဥသဘဇာတ်၊ နန္ဒိဝိသာလစတဲ့ ဇာတ်တွေကို ဟောတော်မူတယ်။

အဲဒီလို ဟောတော်မူပြီးတော့ အရှေ့စကြာဝဠာတံတိုင်းနဲ့ အနောက်စကြာဝဠာတံတိုင်း ထိုးထားတဲ့ ရတနာစင်္ကြံကြီးပေါ်တက်ပြီးတော့၊ မြတ်စွာဘုရားက ရေ မီးအစုံဟူသော တန်ခိုးပြာဋိဟာကို ပြတော်မူတယ်။ ပြတော်မူပြီးတော့မှ ရှေးရှေးသောဘုရားရှင်တို့၏ တန်ခိုးပြာဋိဟာပြပြီးနောက် ဘယ်မှာဝါဆိုတော် မူလိမ့်မလဲလို့ ကြည့်တော်မူတော့ တာဝတိံသာနတ်မယ်တော်မိနတ်သား သွားပြီးတော့ တရားဟောရိုးထုံးစံရှိတယ်လို့ မြင်တော်မူတယ်။

https://www.thitsarparamisociety.com/



ဒီလိုမြင်တော်မူတဲ့အတွက် ရှေးရှေးသောဘုရားရှင်တို့၏ ထုံးစံအတိုင်း ငါ့,ဘုရားသည် တာဝတိံသာနတ်ပြည်မှာ ဝါဆိုမယ်ဆိုပြီး၊ ယုဂန္ဓိုရ်တောင်ထိပ်မှာ ခြေတစ်လှမ်း၊ မြင့်မိုရ်တောင်ထိပ်မှာ ခြေတစ်လှမ်း လှမ်းပြီး တာဝတိံသာနတ်ပြည်သို့ ကြွတော်မူတယ်။

ယုဂန္ဓိုရ်တောင်ထပ်နဲ့လူ့ပြည်နဲ့က "လေးသောင်းနှစ်ထောင် သချာဆောင် လူ့ဘောင်နတ်ခြောက်ရွာ"ဆိုတဲ့အတိုင်း လူ့ပြည်က စတုမဟာရာဇ်နတ်ပြည်ကို ယူဇနာ ၄၂၀၀၀၊ မဟာစတုရာဇ်က တာဝတိံသာသာကို ၄၂၀၀၀၊ ယူဇနာပေါင်း ၄၂၀၀၀ ရှိတဲ့တောင်ထိပ်ကို လှမ်းလိုက်တယ်ဆိုတော့၊ မြတ်စွာဘုရားရဲ့ ခြေလှမ်းတော်ကြီးဟာ မနဲကြီးမနေပေဘူးလား။ ဒီလို မအောက်မေ့ပါနဲ့။ ယုရန္ဓိုရ်တောင်ထိပ်က မြတ်စွာဘုရား ခြေဖဝါးတော်အောက် အလိုလိုရောက်လာရတယ်။ အဲဒီတော့မှ ယုဂန္ဓိုရ်တောင်ကြီးက သူ့နေရာသူ ပြန်ရောက်သွားရတယ်။ ယခုအခါ ဓာတ်လှေခါးတက်သလို နေမှာပေါ့။ တခါ ယုဂန္ဓိုရ်တောင်ထိပ်ကနေပြီးတော့ ယူဇနာ ၄၂၀၀၀ ဝေးတဲ့ မြင့်မိုရ်တောင်ထိပ်ကိုလည်း ဒီအတိုင်း ကြွတော်မူလို့ မြတ်စွာဘုရား၏ ခြေဖဝါးတော်အောက်ကို မြင့်မိုရ်တောင်ထိပ်က ရောက်လာပြီး၊ မြင့်မိုရ်တောင်ထိပ်ကို မြတ်စွာဘုရားနင်းလိုက်တော့ မြင့်မိုရ်တောင်ကြီးဟာ သူ့နေရာသူ ပြန်သွားတယ်။ အဲဒီလို ၂-လှမ်း၊ ၃-လှမ်းဖဝါးနဲ့ တာဝတိံသာရောက်တော်မူတယ်။

ဍ္ဎိဝိသယော- အစိန္တေယျော-
ကမ္မဝိပါကော- အစိန္တေယျော။

တန်ခိုးအရာဟာ ကြံစည်လို့မရနိုင်ဘူး။ ဗုဒ္ဓဝိသယော၊ အစိန္တေယျောတဲ့။ ဘုရားရဲ့အရာဟာလည်း ကြံစည်လို့ မရဘူး။ ဉာဏ်မမှီဘဲနဲ့ မကြံစည်ကြနဲ့။ ဥမ္မာဒဿဘာဂီ ဟောတိ...တဲ့။ ဥမ္မာဒဿ-ရူးခြင်း၏။ ဘာဂီ-အဖို့ရှိသည်၊ ဟောတိ- ဖြစ်၏။ ကိုယ်ဉာဏ်မမှီတာကြံလျှင် အဲဒီလူဟာ ရူးတယ်။

https://www.thitsarparamisociety.com/



အဲဒီ တာဝတိံသာနတ်ပြည်ကို မြတ်စွာဘုရားရောက်သွားတဲ့အခါကျ တော့ မြတ်စွာဘုရားဟာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာပေါ်မှာ သီတင်းသုံး တော်မူတယ်။ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာပေါ်မှာ သီတင်းသုံးသည်နှင့်တ ပြိုင်နက်ထဲ တုသိတာနတ်ပြည်က မယ်တော်မိနတ်သားက မြတ်စွာဘုရား ဒူးတော်နား လာထိုင်တယ်။ ဣန္ဒကနတ်သားက လက်ျာဘက်မှာ လာထိုင် တယ်။ အင်္ကုရနတ်သားက လက်ဝဲဒူးတော်နား လာထိုင်တယ်။ အဲဒီလို မယ်တော်မိနတ်သား၊ ဣန္ဒကနတ်သား၊ အင်္ကုရနတ်သားတို့ကိုအမှူးပြု၍ စကြာဝဠာတစ်သောင်းတိုက်အပေါင်းက နတ်ဗြဟ္မာတွေ သောင်းသောင်းဖျ ဖျ လာရောက်ကြပြီးတော့ မြတ်စွာဘုရားအနားမှာ ဝိုင်းဝန်းပြီးထိုင်ကြတယ်။ အဲဒါကို အကြောင်းပြုပြီးတော့ ...

တာဝတိံသေ ယဒါ ဗုဒ္ဓေါ၊ သိလာယံ ပဏ္ဍုကမ္ဗလေ။
ပါရိစ္ဆတ္တကမူလမှိ၊ ဝိဟာသိ ပုရိသုတ္တမော။...လို့ဟောတော်မူတာ။

ယဒါ–အကြင်အခါ၌။ တာဝတိံသေ– တာဝတိံသာနတ်တို့ရွာ၌။ ပဏ္ဍုကမ္ဗလေ–ပဏ္ဍုကမ္ဗလာ အမည်ရှိသော။ ဝါ–ဖျော့တော့သော အဆင်း ရှိသော ကမ္ဗလာနှင့်တူသော။ သိလာယံ–ကျောက်ဖျာပေါ်၌။ ပုရိသုတ္တမော– ယောကျ်ားမြတ်ဖြစ်တော်မူသော။ ဗုဒ္ဓေါ–ဘုရားရှင်ကိုယ်တော်မြတ်သည်။ ပါရိစ္ဆတ္တကမူလမှိ–ပင်လယ်ကသစ်ပင်ရင်း၌။ ဝိဟာသိ–သီတင်းသုံးနေတော် မူပြီ။

စကြာဝဠာတစ်သောင်း တိုက်အပေါင်းက နတ်ဗြဟ္မာတွေလာပြီးတော့ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာပေါ်မှာ သီတင်းသုံးစံနေတော်မူတဲ့ မြတ်စွာဘု ရားကို ဆည်းကပ်ခစားကြတယ်။ နတ်ဗြဟ္မာတို့ဟာ အင်မတန်မှလှတယ်လို့ မကြားဖူးဘူးလား။ အဲဒီလောက်လှတဲ့၊ အဲဒီလောက် အရောင်အဝါတောက် ပတဲ့၊ အဲဒီလောက် တန်ခိုးကြီးတဲ့ နတ်ဗြဟ္မာတွေဟာ မြတ်စွာဘုရားကို တစ်ဦးတစ်ယောက်မှ မမှီကြဘူးတဲ့။

https://www.thitsarparamisociety.com/



နကောစိ ဒေဝေါ ဝဏ္ဏေန၊ သမ္ဗုဒ္ဓဿ ဝိရောစတိ။
သဗ္ဗေ ဒေဝေ အတိက္ကမ္မ၊ သမ္ဗုဒ္ဓေါဝ ဝိရောစတိ။
လို့မိန့်တော်မူကြတယ်။

လက်ညှိုးတစ်ချောင်းထောင်လျှင် စကြာဝဠာတစ်သောင်း လင်းနိုင်တဲ့ ပြဟ္မာကြီးအရောင်ပင် ဖြစ်သော်လည်း ဘုရားရောင်ခြည်တော်ကို တိုးလို့မရဘူး။ ဘုရားက ဖန်ဆင်းတာမဟုတ်ဘူး။ ပကတိအလိုအားဖြင့် ရှိတာ။

ဒါကြောင့် ဘယ်နတ်၊ ဘယ်ပြဟ္မာရဲ့အရောင်မှ မြတ်စွာဘုရား၏ အရောင်ထက်ပိုပြီး တင့်တယ်တာမရှိဘူး...တဲ့။ ကောစိဒေဝေါ-တစ်စုံတစ်ယောက်သော နတ်ပြဟ္မာသည်။ ဝဏ္ဏေန-အဆင်းအားဖြင့်။ သမ္ဗုဒ္ဓဿ-မြတ်စွာဘုရားထက်။ နဝိရောစတိ-လွန်၍မတင့်တယ်နိုင်။ သဗ္ဗေဒေဝေ-အလုံးစုံသော နတ်ပြဟ္မာတို့ကို။ အတိက္ကမ္မ-လွန်ကျော်၍။ သမ္ဗုဒ္ဓေါဝ-မြတ်စွာဘုရားကသာလျှင်။ ဝိရောစတိ-တင့်တယ်တော်မူပါပေ၏။

အားလုံး စကြာဝဠာတစ်သောင်း တိုက်အပေါင်းကလာတဲ့ နတ်ပြဟ္မာတွေရဲ့အရောင်ထက် ဘုရားကိုယ်တော်မြတ်ရဲ့အရောင်တော်က သာလွန်သတဲ့။ အဲဒီလို နတ်ပရိသတ်များစွာ၊ ပြဟ္မာပရိသတ်များစွာနဲ့ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာပေါ်မှာ ထိုင်နေတော်မူတဲ့အခါ ယခုတင်ကပြောခဲ့တဲ့အတိုင်း ဣန္ဒကနတ်သားက ညာဘက်လက်ျာဒူးနားက၊ အင်္ကုရနတ်သားက ဘယ်ဘက်လက်ဝဲဒူးနားက။ ညာဘက်လက်ျာဒူးနားမှာနေတဲ့ ဣန္ဒကနတ်သားက နဂိုနေမြဲအတိုင်း ဘယ်ကိုမှမရွေ့ရဘူး။ ဘယ်ဘက်လက်ဝဲဒူးနားမှာနေတဲ့ အင်္ကုရနတ်သားက တန်ခိုးကြီးတဲ့နတ်တွေလာလို့ တဖြည်းဖြည်း ရွှေ့ရွှေ့သွားလိုက်ရတာ ဘုရားနဲ့ ၁၂-ယူဇနာ ဝေးသွားတယ်။

ဒီတော့မှ မြတ်စွာဘုရားက ဒက္ခိဏေယျ အလှူခံပုဂ္ဂိုလ်တို့ကို လှူဒါန်းရတဲ့အကျိုး ကြီးကြောင်း သိစေလိုလို့...အင်္ကုရ...မင်း ငါဘုရားဒူးတော်

https://www.thitsarparamisociety.com/



နားမှာ ထိုင်နေပါလျှက်၊ ယခု ၁၂-ယူဇနာဝေးတဲ့အရပ်ကို ဘာဖြစ်လို့ရွေ့သွားရတာလဲ။ မင်းဟာ အင်မတန်ကြီးကျယ်တဲ့ ဒါနရှင်ကြီး မဟုတ်ပါလား။ အနှစ် နှစ်သောင်းကာလပတ်လုံး ဇမ္ဗူဒိပ်ကျွန်းမှာ ၁၂-ယူဇနာရှိတဲ့ ဖိုခနောက်ချင်း စပ်အောင် ချက်ပြုတ်ပြီးတော့ လှူခဲ့ရတဲ့ဒါနရှင်ကြီးတစ်ဦး ဖြစ်ပါလျက်နဲ့ ယခု ငါဘုရားနားကနေပြီးတော့ ၁၂-ယူဇနာဝေးတဲ့အရပ်ကို ဘာလို့သွားရတာလဲ။ ငါဘုရားရှင်အနားကို လာခဲ့လို့ အင်္ကုရနတ်သားကို မြတ်စွာဘုရားက ခေါ်တော်မူတယ်။

အင်္ကုရနတ်သားဟာ ရှေးအခါတုန်းက အနှစ် နှစ်သောင်းကာလပတ်လုံး ဖိုခနောက်ချင်းစပ်အောင်တည်ပြီးသကာလ အလှူကြီး လှူခဲ့တဲ့ ဒါနရှင်ကြီး...နော်။

ဣန္ဒကနတ်သား-မင်းကတော့ ဘာဖြစ်လို့ ငါ့ဒူးတော်နားက မရွေ့ရသလဲဆိုတော့ တပည့်တော်က တစ်ကြိမ်တစ်ခါ လှူရပေမယ်လို့ ဒက္ခိဏေယျ အလွန်တရာထူးမြတ်တဲ့ အလှူခံပုဂ္ဂိုလ်ကို လှူခဲ့ရတာကြောင့် တပည့်တော်က တန်ခိုးကြီးတယ်ဘုရားတဲ့။ ဣန္ဒကနတ်သားက အရှင်အနုရုဒ္ဓါကို ဆွမ်းတစ်ဇွန်းစာ လှူခဲ့ဘူးတဲ့ သာသနာတွင်းကုသိုလ်လေ။ သာသနာတွင်းမှာမှ ဒက္ခိဏေယျ မြတ်သောအလှူခံ ရှိတာကိုး။

အာဟုဏေယျဂုဏ်၊ ပါဟုဏေယျဂုဏ်၊ ဒက္ခိဏေယျဂုဏ်၊ အဉ္စလိကရဏီယဂုဏ်၊ အနုတ္တရပုညခေတ္တဂုဏ်။ အဲဒီအရိယာသံဃာတော်တို့၏ ဂုဏ်ထဲမှာပါတဲ့ ဒိက္ခဏေယျဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်ကြီးအား ဣန္ဒကနတ်သားက ဆွမ်းတစ်ဇွန်းစာမျှ လောင်းလှူခဲ့ဘူးတဲ့ ကောင်းမှုကြောင့် မြတ်စွာဘုရားဒူးတော်နားက မခွာဘဲနေနိုင်တယ်။ အင်္ကုရနတ်သားက တပည့်တော်များ ကြီးကျယ်တဲ့အလှူကြီးကို လှူခဲ့ရတာမှန်ပေမယ်လို့ အင်မတန်ညံ့ဖျင်းတဲ့မြေမှာ စိုက်ပျိုးရသလိုပါဘဲ။ တပည့်တော်ဆီမှာ အလှူခံလာတဲ့ပုဂ္ဂိုလ်တွေက သရဏဂုံတည်တဲ့ပုဂ္ဂိုလ်တွေလည်း မပါ။

https://www.thitsarparamisociety.com/



ငါးပါးသီလ လုံခြုံတဲ့သူလည်း မပါ။ အလှူခံပုဂ္ဂိုလ်တွေ ဒီလောက်ညံ့ဖျင်းတဲ့အတွက်ကြောင့် စေတနာကောင်းကောင်းနဲ့ တပည့်တော်လှူခဲ့ရပေမဲ့ တပည့်တော်မှာ ကြီးကျယ်ဖွံ့ဖြိုးတဲ့အကျိုး မပေးလို့ ယခုတန်ခိုးကြီးတဲ့နတ်တွေ ရောက်လာတဲ့အခါ တပည့်တော် နေရာဖယ်ပေးရပါတယ်လို့...မြတ်စွာဘုရားကို အဲဒီလိုလျှောက်ထားတယ်တဲ့။ လျှောက်ထားတော့ မြတ်စွာဘုရားက ဘာပြောသလဲ။

တိဏဒေါသာနိ ခေတ္တာနိ၊ ရာဂဒေါသာ အယံ ပဇာ။
တသ္မာဟိ ဝီတရာဂေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

ခေတ္တာနိ–လယ်တို့သည်။ တိဏဒေါသာနိ–မြက်တည်းဟူသော အပြစ်ရှိကုန်၏။ မြက်ထူတဲ့လယ်ဟာ ဘယ်တော့မှ စပါးပင်မရှိဘူးတဲ့။ လယ်မှာ မြက်ထူတဲ့နေရာမှာ စပါးပင်ကောင်းကောင်း မထွက်နိုင်ဘူးတဲ့။ အယံ ပဇာ–ဤသတ္တဝါအပေါင်းသည်။ ရာဂဒေါသာ–ရာဂတည်းဟူသော အပြစ်ရှိ၏။ သတ္တဝါတွေမှာ ရာဂထူပြောသော အပြစ်များလှ၏။ တသ္မာဟိ–တသ္မာ ဝ–ထို့ကြောင့်သာလျှင်။ ဝီတရာဂေသု–ရာဂကင်းသော ရဟန္တာပုဂ္ဂိုလ်တို့၌။ ဒိန္နံ–လှူရသော အလှူသည်။ မဟပ္ဖလံ–အကျိုးများသည်။ ဟောတိ–ဖြစ်၏။

ဒီဒေသနာနဲ့အတူ “ဒေါသ ဒေါသာ အယံပဇာ” အယံပဇာ–ဤသတ္တဝါအပေါင်းသည် ဒေါသ ဒေါသာ–ဒေါသတည်းဟူသော အပြစ်ရှိ၏။ သတ္တဝါတွေမှာ ဒေါသအပြစ်ရှိကြတယ်။ တသ္မာဟိ–တသ္မာဝေ–ထို့ကြောင့်သာလျှင်။ ဝီတဒေါသေသု–ဒေါသကင်းသော ရဟန္တာတို့၌။ ဒိန္နံ–ပေးလှူရသောအလှူသည်။ မဟပ္ဖလံ–အကျိုးများသည်။ ဟောတိ–ဖြစ်၏။

ရဟန္တာပုဂ္ဂိုလ်တွေလှူရတာ ဘာလို့အကျိုးကြီးတယ်။ ဒေါသတည်းဟူသော အပြစ်ကင်းလို့။ ထိုနည်းတူစွာ“မောဟ ဒေါသာ အယံပဇာ”။ အယံပဇာ–ဤသတ္တဝါအပေါင်းသည်။ မောဟ ဒေါသာ–မောဟတည်းဟူသော

https://www.thitsarparamisociety.com/



အပြစ်ရှိ၏။ တသ္မာဟိ-တသ္မာဧဝ-ထို့ကြောင့်သာလျှင်။ ဝီတမောဟေသု-မောဟကင်းသော ရဟန္တာပုဂ္ဂိုလ်တို့၌။ ဒိန္နံ-လှူရသောအလှူသည်။ မဟပ္ဖလံ-အကျိုးများသည်။ ဟောတိ-ဖြစ်၏။

မောဟကင်းတဲ့ရဟန္တာပုဂ္ဂိုလ် လှူရတာ အကျိုးများတယ်။ မြက်ပေါက်တဲ့လယ်လို သတ္တဝါတွေ၏သန္တာန်မှာ ရာဂတည်းဟူသောအပြစ်၊ ဒေါသတည်းဟူသောအပြစ်၊ မောဟတည်းဟူသော အပြစ်ရှိနေတဲ့အလှူခံပုဂ္ဂိုလ်မှာ လှူတဲ့အလှူဟာ ဘယ်မှာဖွံ့ဖြိုးနိုင်မှာလဲ။

တိဏ ဒေါသာနိ ခေတ္တာနိ၊ ဣစ္ဆာဒေါသာ အယံ ပဇာ၊
တသ္မာဟိ ဝိဂတိစ္ဆေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

ခေတ္တာနိ-လယ်တို့သည်။ တိဏ ဒေါသာနိ-မြက်တည်းဟူသော အပြစ်ရှိကုန်၏။ အယံပဇာ-ဤသတ္တဝါအပေါင်းသည်။ ဣစ္ဆာဒေါသာ-အလိုဣစ္ဆာဟူသော အပြစ်ရှိ၏။ တသ္မာ-ဟိတသ္မာဧဝ-ထို့ကြောင့်သာလျှင်။ ဝိဂတိစ္ဆေသု-အလိုကင်းသော ရဟန္တာပုဂ္ဂိုလ်တို့၌။ ဒိန္နံ-ပေးလှူရသောအလှူသည်။ မဟပ္ဖလံ-အကျိုးများသည်။ ဟောတိ-ဖြစ်၏။

အဲဒီ ဒေသနာတော်ကို မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှာ ဣန္ဒကနတ်သားနှင့် အင်္ကုရနတ်သားတို့ကိုအကြောင်းပြုပြီးတော့ ဟောလိုက်တယ်။ တာဝတိံသာနတ်ပြည်ကနေပြီးတော့ ဟောလိုက်တဲ့တရားဟာ လူ့ပြည်က ၃၆-ယူဇနာရှိတဲ့ ပရိသတ်ကြီးကြားရသတဲ့။ ဣန္ဒကနတ်သားနှင့် အင်္ကုရနတ်သားတို့လည်း သောတာပန်တည်သွားတယ်။ လူ့ပြည်မှာရှိတဲ့ ပရိသတ်ကြီးလည်း များစွာကျေးဇူးများတယ်...တဲ့။

ဒါကြောင့် သာသနာတော်တွင်းအလှူနဲ့ သာသနာပအလှူဟာ ကွာခြားတယ်။ သာသနာတွင်းမှာ ဝီတရာဂ၊ ဝီတဒေါသ၊ ဝီတမောဟ၊ ဝိဂတိစ္ဆာ၊

https://www.thitsarparamisociety.com/



ဆိုတဲ့ဂုဏ်နဲ့ ပြည့်စုံတဲ့ရဟန္တာပုဂ္ဂိုလ်တွေ မြတ်စွာဘုရားလက်ထက်က အင် မတန်ပေါ်များတယ်။ အရှင်မောဂ္ဂလန်အစရှိတဲ့ ထိုထို ရဟန္တာပုဂ္ဂိုလ်တွေ ပေါ့။

ဘုရား၊ တရား၊ သံဃာဆိုတာ သဘောပေါက်ကြစမ်းပါ။ ဘုရားဆို တာ ဘာလဲ။ တရားဆိုတာ ဘာလဲ။ သံဃာဆိုတာ ဘာလဲ။ ဗမ္ဗိသာရမင်း ကြီး၏သမီးတော် ၇-နှစ်အရွယ် မင်းသမီးလေးက မြတ်စွာဘုရားကို ချဉ်း ကပ်ပြီး တပည့်တော်မ၏မောင်တော် စုန္ဒမင်းသားက ဘုရားကိုကိုးကွယ်ရ မယ်၊ တရားကို ကိုးကွယ်ရမယ်၊ သံဃာကို ကိုးကွယ်ရမယ်လို့ ပြောလေ့ရှိ ပါတယ်ဘုရား။ ဘုရားဆိုတာ ဘယ်လိုပါလဲ။ တရားဆိုတာ ဘယ်လိုပါလဲ။ သံဃာဆိုတာ ဘယ်လိုပါလဲ လို့ လျှောက်ထားတော့ လောကမှာ အခြေမ ရှိတဲ့ သတ္တဝါ၊ အခြေ ၂-ချောင်းရှိတဲ့သတ္တဝါ၊ အခြေ ၄-ချောင်းရှိတဲ့ သတ္တဝါ၊ အခြေများစွာရှိတဲ့ သတ္တဝါ၊ သတ္တဝါတွေထဲမှာ အမြတ်ဆုံးဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ ဘုရားဘဲ...လို့ အမိန့်ရှိတော်မူတယ်တဲ့။ ဘုရားကို အဲဒီလို သိ ပါတဲ့။

တရားက ဘယ်လိုပါလဲဆိုတော့ တရားက နိဗ္ဗာန်ဟာ တရားဘဲ။ နိဗ္ဗာန်မှတပါးသောတရားတွေဟာ မြဲတာမဟုတ်ဘူး။ နိဗ္ဗာန်သာလျှင်မြဲတယ်။ ချေမ်းသည် နားလည်ကြရဲ့လား။ ဝဋ်ဆင်းရဲဖြစ်နိုင်တဲ့ ရုပ်နာမ်ဒုက္ခ မဖြစ် ခြင်းဟာ နိဗ္ဗာန်။ ကုသိုလ် အကုသိုလ်တွေ သတ္တဝါသန္တာန်မှာရှိတယ်။ ဘဝ သံသရာကစပြီးတော့ မင်းတို့ကုသိုလ် အကုသိုလ်တွေ မလုပ်ခဲ့ဘူးလား လုပ် ခဲ့တော့ ဒီသတ္တဝါသန္တာန်မှာ ရှေ့လျှောက်ပြီးတော့ ဖြစ်ဖို့ရာအကျိုးပေးဖို့ ရာ ကံတွေရှိမနေဘူးလား။ သူ့ဟာသူ အလိုလိုအကျိုးပေးသွားလျှင် ဝဋ်ဆင်း ရဲဘဲ၊ ဖြစ်ပျက်အကျိုးတွေဟာ ဖြစ်ခွင့်မရအောင် နိဗ္ဗာန်ကိုအာရုံပြုပြီး မဂ် ကသတ်လိုက်တဲ့အခါကျတော့ ဖြစ်ထိုက်တဲ့ရုပ်နာမ်ဒုက္ခတွေဟာ မဖြစ်တော့ ဘူး။ အဲဒီလို မဖြစ်နိုင်တာဟာ နိဗ္ဗာန်ဘဲ...တဲ့။

https://www.thitsarparamisociety.com/



လောကမှာ ဖြစ်တယ်ဖြစ်တယ်ဆိုတာ ဇာတိဒုက္ခဖြစ်တဲ့အထဲမှာ အိုမှုပါတယ်၊ ဖြစ်လျှင်ဖြစ်တဲ့အတိုင်း အသစ်စက်စက် မနေနိုင်ဘူး။ ရင့်လာမယ်၊ ရင့်လာလျှင် အိုတာဘဲ။ ဖြစ်ပြီးတဲ့အခါကျတော့လည်း ပျောက်ပျက်မယ်၊ ပျောက်ပျက်လျှင် သေတာပေါ့။ ဒီတော့ ဖြစ်ဆိုတဲ့ဇာတိမှာ အိုမှုလည်းပါတယ်၊ ပျောက်ပျက်လျှင် သေမှုလည်းပါတယ်။ ဒါကြောင့် ဇာတိလည်းဒုက္ခ၊ ဇရာလည်း ဒုက္ခ၊ မရဏလည်း ဒုက္ခဘဲ။

အဲဒီ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခတွေဟာ ဖြစ်ထိုက်တဲ့တရားတွေ။ သူတို့မဖြစ်ဘဲ ချုပ်ငြိမ်းသွားတော့ ရှိပါအုံးမလား။ မရှိတော့ဘူး။ အဲဒီလို ဖြစ်ထိုက်တဲ့တရားတွေ မဖြစ်ဘဲချုပ်ငြိမ်းမှု နိဗ္ဗာန်။ ဖြစ်နေတဲ့တရား ချုပ်ပျောက်တာကို နိဗ္ဗာန်မခေါ်ဘူး။ ဖြစ်နေတဲ့တရား ချုပ်ပျောက်တာက သေတာဘဲ။ ဖြစ်ထိုက်တဲ့တရား မဖြစ်ဘဲချုပ်ပျောက်မှု နိဗ္ဗာန်။ အဲဒီ နိဗ္ဗာန်တရားသာလျှင် တရားအစစ်ဘဲ...တဲ့။

သံဃာကတော့ အသီးသီးအားဖြင့် ရေတွက်သည်ရှိသော မဂ္ဂဋ္ဌာန်-၄-ယောက်၊ ဖလဋ္ဌာန်-၄-ယောက်၊ မင်္ဂ၌တည်သော ပုဂ္ဂိုလ်-၄-ယောက်။ ဖိုလ်၌တည်သောပုဂ္ဂိုလ်-၄-ယောက်။ အစုံအားဖြင့် ရေတွက်သည်ရှိသော် ၄-စုံ။ အဲဒီရှစ်ပါး ၄-စုံဖြစ်တဲ့ အရိယာပုဂ္ဂိုလ်များသည်သာလျှင် အရိယာသံဃာအစစ်၊ အဲဒီရှစ်ပါး ၄-စုံရှိတဲ့ သံဃာတွေဟာ သာသနာမှတပါး ဘယ်မှာမှ သွားရှာလို့မရဘူး။

ဒီတော့ လောကသုံးပါးမှာ **အတုမရှိတဲ့ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည်သာလျှင် ဘုရားအစစ်။ နိဗ္ဗာန်သာလျှင် တရားအစစ်။ အရိယာပုဂ္ဂိုလ် ရှစ်ပါးသည်သာလျှင် သံဃာအစစ်။ အဲဒီလို ဘုရားအစစ်၊ တရားအစစ်၊ သံဃာအစစ်**ကို မှတ်ထား။

ယခုလောကသုံးပါးမှာ အတုမရှိတဲ့ဘုရားကို လျှုရတဲ့အခါကျတော့

https://www.thitsarparamisociety.com/



မြတ်စွာဘုရားကိုယ်စားလှယ် ရုပ်ပွားဆင်းတုတော်တွေကို မျက်မှောက်ကိုယ်စားပြုပြီးတော့ သက်တော်ထင်ရှားမြတ်စွာဘုရားကို အာရုံပြုလှူလိုက်လျှင် ဘုရားကို ပူဇော်ရာကျသလို၊ ဘုရားကို လှူရာကျသလို၊ မြတ်စွာဘုရားရဲ့ ဝိနည်းဒေသနာတော်အတိုင်း ဖြစ်လာတဲ့ သမ္မုတိသံဃာတွေကို မျက်မှောက်ကိုယ်စားပြုပြီးတော့ အရိယာသံဃာတွေကို အာရုံပြုလှူလိုက်လျှင် အရိယာသံဃာကို ပူဇော်ရာကျတယ်။ လှူရာကျတယ်။

မြတ်စွာဘုရား၏ ရုပ်ပွားဆင်းတုတော်တွေဟာ မြတ်စွာဘုရားကိုယ်စား ဖြစ်သကဲ့သို့၊ အလှူခံရာမှာ ယခု သမ္မုတိသံဃာတွေက အရိယာသံဃာတွေရဲ့ကိုယ်စား ဖြစ်တယ်။ ဒီတော့ အရိယာသံဃာကို လှူချင်လို့ရှိလျှင် ကိုယ်စားဖြစ်တဲ့ ယခု သမ္မုတိသံဃာကို ရှေ့ထားပြီးတော့ အရိယာသံဃာကို လှူရတယ်။

သည့်ပြင်ဟာကတော့ အရေးမကြီးဘူး။ ကထိန်မှာ ဒီအလှူမျိုး အထမမြောက်လျှင် ကထိန်အထမမြောက်ဘူး။ ကထိန်ဆိုတာ ပုဂ္ဂိုလ်ကို မစီစစ်ရဘူး။ ငါဘယ်ပုဂ္ဂိုလ်ကို ကထိန်ခင်းမယ်၊ ဘယ်ကျောင်းတိုက်က ဆရာတော်ကြီးကို ကထိန်ခင်းမယ်ဆိုလျှင် သွားပြီ။ ဒီကထိန်အထမမြောက်တော့ဘူး။ နားလည်သလား။ ကထိန်ဆိုတာ မြတ်စွာဘုရားလက်ထက်တော်ကစ၍ သာသနာငါးထောင်မဆုံးမချင်း မြတ်စွာဘုရားသာသနာတော်မှာ ဖြစ်ပေါ်သမျှ သံဃာဟာ ဒီကထိန်နဲ့ဆိုင်ရမယ်။

သို့သော် ဒီကျောင်းတိုက်မှာ ကထိန်ခင်းမယ်လို့ ဆိုခြင်းကြောင့် ဒီကျောင်းတိုက်မှာ သီတင်းသုံးတဲ့ သံဃာရော၊ တခြားကပင့်ထားတဲ့ သံဃာရော၊ အဲဒီ သံဃာတွေက တစ်သာသနာလုံးဆိုင်ရာ သံဃာတော်တွေရဲ့ကိုယ်စား ကထိန်ကံမြောက်အောင် စီမံပေးရတယ်။ ဒီပုဂ္ဂိုလ်တွေနဲ့ကထိန်နဲ့ ဘာမှမဆိုင်ဘူး။ သံဃာရဲ့ကထိန် အထမြောက်အောင် လက်ရှိမျက်မှောက်သံဃာက စီမံပေးရတာ။ ဒီတော့ ကထိန်အလှူက သံဃိကမဖြစ်လျှင်လည်း

https://www.thitsarparamisociety.com/



ဒီ ကထိန်အထမမြောက်ဘူး။ နားလည်ပြီလား။ မင်းဟာ ငါ့လှူမယ်လို့များ မအောက်မေ့နဲ့။ ကထိန် အထမမြောက်ဘဲ နေမယ်။

တစ်သာသနာလုံးရှိသံဃာကို လှူရမယ်။ ဣမံကထိန စီဝရံ–ဤက ထိန် သင်္ကန်းကို။ သံဃဿ– တစ်သာသနာလုံးမှာ ရှိတဲ့ သံဃာတော်မြတ်အား။ ဒေမ–လှူပါကုန်၏။ ဘယ်ကစသလဲ။ မြတ်စွာဘုရားလက်ထက် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလန် အစရှိသော ရဟန္တာမြတ်တို့မှစ၍ သာသနာ ငါးထောင်မဆုံးမချင်း အာဂတာနာဂတ သမ္မုတိ–သံဃိက ခေါ်တယ်။ သာသနာတော်တွင်းသို့ရောက်ပြီး၊ ရောက်ဆဲ၊ ရောက်လတ္တံ့၊ အဲဒီသံဃာတွေဟာ ကထိန်သင်္ကန်း အလှူခံတဲ့သံဃာတွေထဲမှာ ပါတယ်။

ဘုရားရဲ့ ဆင်းတုတော်၊ စေတီတော်တွေဟာ ဘုရားရဲ့ကိုယ်စား ဖြစ်သလို မျက်မှောက် အလှူခံပုဂ္ဂိုလ်များက သံဃာရဲ့ကိုယ်စား အလှူခံရတာ။ ဒါကြောင့် ကထိန်ကို အကျိုးကြီးတယ်ပြောနေကြတာ။ သံဃိက ဖြစ်အောင် လှူတတ်မှ ဒီကထိန်ဟာ အကျိုးကြီးတာ။ သံဃိကဖြစ်အောင် စိတ်မထားတတ်လျှင် ကထိန်အထမြောက်ဖို့ မလွယ်ဘူး။ အဲဒီတော့ ကထိန် သင်္ကန်း သံဃိကအလှူ ဖြစ်သွားခဲ့သော် မြတ်စွာဘုရားလက်ထက်က ဝီတ ရာဂ၊ ဝီတဒေါသ၊ ဝီတမောဟ၊ ဝိဂတိစ္ဆာ၊ ရာဂကင်း၊ ဒေါသကင်း၊ မောဟ ကင်း၊ အလိုဇ္ဇကင်းတဲ့ ရဟန္တာတွေ ဒီကထိန်အလှူခံပုဂ္ဂိုလ်ထဲ ပါမနေ ဘူးလား။ အဲဒါကြောင့် ကထိန်ကို သံဃိကအလှူဆိုတာ…

မြက်ပေါက်သောလယ်သည် အသီးအနှံကောင်းစွာ အကျိုးမပေးသ ကဲ့သို့ ရာဂ၊ ဒေါသ၊ မောဟ၊ အလိုဇ္ဇာအမျိုးမျိုးမကင်းတဲ့ အလှူခံ ပုဂ္ဂိုလ်သည် အကျိုးမဖွံ့ဖြိုးဘူးတဲ့။ အဲဒီတရားကို ကြားနာရသည့်အတွက် ကြောင့် ဣန္ဒကနတ်သားနဲ့ အင်္ကုရနတ်သား သောတာပန်ဖြစ်ကြတာ။ လူ တွေလည်းဘဲ အကျိုးရကြတယ်။

https://www.thitsarparamisociety.com/



ဣန္ဒကနဲ့ အင်္ကုရနတ်သားတို့ကို တရားဟောပြီးတဲ့နောက် မယ်တော်မိနတ်သားနဲ့တကွ နတ်ပြဟ္မာတို့အား ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာအစရှိသော အဘိဓမ္မာပိဋကတ်ကို ဟောတော်မူတယ်။ ကုသလာ–ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ–နိဿတ္တ၊ နိဇ္ဇီဝ–သဘာဝါ–သတ္တဝါကောင်လည်း မဟုတ်။ အသက်လည်းမဟုတ်တဲ့ သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ–ထင်ရှားရှိကုန်၏။

အကုသလာ–အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ–နိဿတ္တ နိဇ္ဇီဝ သဘာဝါ–သတ္တဝါလည်းမဟုတ် အသက်လည်းမဟုတ်တဲ့ သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ–ထင်ရှားရှိကုန်၏။

အဗျာကတာ–ကုသိုလ် အကုသိုလ်ဟု မဆိုအပ်ကုန်သော။ ဓမ္မာ–နိဿတ္တ၊ နိဇ္ဇီဝ–သဘာဝါ၊ သတ္တဝါလည်းမဟုတ်၊ အသက်လည်းမဟုတ်တဲ့ သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ–ထင်ရှားရှိကုန်၏။ ကုသိုလ်တရား၊ အကုသိုလ်တရား၊ အဗျာကတ တရားပေါ့။ အဗျာကတ တရားဆိုတာ ကုသိုလ်လို့လည်း မခေါ်ရဘူး။ အကုသိုလ်လို့လည်း မခေါ်ရဘူး။

မြတ်စွာဘုရား ဉာဏ်တော်ကြီးပုံ စဉ်းစားကြစမ်း။ တစ်လောကလုံး ရှိရှိသမျှ သုံးပုဒ်ထဲနဲ့ ချုံဟောလိုက်တယ်။ တချို့က ကုသိုလ်၊ တချို့က အကုသိုလ်၊ တချို့က အဗျာကတတဲ့။ ဘယ်ဟာကျန်သေးသလဲ။ ကုသလာဓမ္မာ–ကောင်းတဲ့သဘော။ အကုသလာဓမ္မာ–မကောင်းတဲ့သဘော။ အဗျာကတာဓမ္မာ–ကောင်းတယ်မကောင်းဘူးလို့ မဆိုရတဲ့သဘော။ တစ်လောကလုံးမှာ ဒီသဘောမျိုးအပြင် မရှိနိုင်တော့ဘူး။ ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ ဆိုတဲ့ ကုသလတိက် သုံးပုဒ်ကို အရင်းတည်ပြီတော့ ဟောလိုက်တာ အဘိဓမ္မာ ခုနစ်ကျမ်း ကုန်ရော။

ခုတင်က မြတ်စွာဘုရား သာဝတ္ထိပြည်မှာ တန်ခိုးပြာဋိဟာပြပြီး

https://www.thitsarparamisociety.com/



တာဝတိံသာ ရောက်သွားတဲ့အခါကျတော့ တန်ခိုးပြာဋိဟာပွဲကြီး ကြည့်နေတဲ့လူတွေက ဘုရားမြင်ရသေးသလား၊ ဘုရားမမြင်ရတော့ ငိုလိုက်ကြတာ၊ အော်လိုက်ကြတာ…တဲ့။

န နော ဒက္ခေမု သမ္ဗုဒ္ဓံ၊ လောကဇေဋ္ဌံ နရာသဘံ၊ လောကဇေဋ္ဌံ–လောကအားလုံးတွင် အကြီးဆုံးဖြစ်တော်မူသော။ နရာသဘံ–လူနတ်ထွဋ်ဖူး ပုဂ္ဂိုလ်ထူး ဖြစ်တော်မူသော။ သမ္ဗုဒ္ဓံ–မြတ်စွာဘုရားကို။ နော–ငါတို့သည်။ နဒက္ခေမု–မမြင်တွေ့ကြရကုန်တော့ပါတကား။ ဘုရားကိုယ်တော်မြတ်ကြီး ပျောက်သွားပြီ၊ ကွယ်သွားပြီ၊ ဘယ်ရောက်သွားမှန်းလည်း မသိဘူး။

စိတ္တကူဋံဝါ–စိတ္တကူဋ်တောင်ထိပ်သို့ရှင်း၊ ကေလာသံဝါ–ကေလာသတောင်ထိပ်သို့ရှင်း။ ယုဂန္ဓရံဝါ–ယုဂန္ဓိုရ်တောင်ထိပ်သို့ရှင်း။ ဂတောနု–ကြွ၍များ သွားတော်မူလေရော့သလား။ ပဝိဝေကရတော–ဆိပ်ငြိမ်ရာ၌ မွေ့လျော်ပျော်တော်မူသော။ ဓီရော–မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည်။ ဣမံလောကံ–ဤလူ့ပြည်လောကသို့။ ပုန–နောက်တစ်ခါက်၊ နဧဟိတိ–ကြွမှ ကြွလာတော်မူပါ့မလား ဆိုပြီးတော့ ၃၆–ယူဇနာရှိတဲ့ ပရိသတ်အဝိုင်းကြီးက ငိုလိုက်ကြတာ မပြောပါနဲ့တော့၊ သူတို့မျက်စိအောက်က ပျောက်သွားတာကို အင်မတန်မှ ကင်းဆိပ်ခြင်းကို အလိုရှိတဲ့ကိုယ်တော်မြတ်ကြီး ဒီနေရာဌာနကို ငါဘယ်တော့မှမလာတော့ဘူးဆိုပြီး ကြွသွားတာထင်ပါရဲ့လို့ ဘုရားကိုယ်တော်မြတ်ကြီးကို လွမ်းဆွတ်ပြီး ငိုလိုက်ကြတာ…တဲ့။

ကိုင်း…ဒီလိုငိုနေလို့တော့ မပြီးသေးဘူး။ ဘုရားဘယ်ကြွသွားတယ်ဆိုတာ သိရအောင် အရှင်မောဂ္ဂလန်ကို လျှောက်မှဘဲဆိုပြီး…အရှင်မောဂ္ဂလန်ကို သွားလျှောက်တော့မှ အရှင်မောဂ္ဂလန်က အရှင်အနုရုဒ္ဓါကို လျှောက်ကြတဲ့။ သူသိပါတယ်။ သို့သော် အရှင်အနုရုဒ္ဓါကို ထင်ရှားစေလိုလို့ အရှင်အနုရုဒ္ဓါက ဒိဗ္ဗစက္ခုအရာမှာ ဧတဒဂ်ရတဲ့ပုဂ္ဂိုလ်ကိုး။

https://www.thitsarparamisociety.com/



အရှင်အနုရုဒ္ဓါကို လျှောက်ကြတော့ ဘယ်မှကြွသွားတာ မဟုတ်ပါဘူး။ တာဝတိံသာနတ်ပြည်ကို တရားဟောမယ်လို့ ကြွသွားတာပါ။ သီတင်းကျွတ်တဲ့အခါ ပြန်ဆင်းလာပါလိမ့်မယ်လို့ ဒီလို ချွေးသိပ်ထားရတယ်။ အဲဒီတော့ သီတင်းကျွတ်ပြန်ဆင်းလာမှာဆိုလျှင်တော့ တပည့်တော်တို့ သုံးလအတွင်း အိမ်မပြန်ဘူးဘုရား။ ဘုရားကိုယ်တော်မြတ်ကြီး နတ်ပြည်က ပြန်ဆင်းလို့ ဖူးရတဲ့အခါကျမှ ပြန်မယ်တဲ့။ ဇွဲမကောင်းဘူးလား။ ဦးမောင်သာတို့နဲ့ သီသီကလေး မကွာဘူးလား။

အဲဒီ သုံးလလုံးလုံး သာဝတ္ထိပြည်မှာ ၃၆–ယူဇနာအဝန်းရှိတဲ့ ပရိသတ်ကြီး နေလိုက်ကြတာ။ အရှင်မောဂ္ဂလန်က မိုးမရွာအောင်၊ နေမပူအောင်၊ စောင့်ရှောက်ရတယ်။ အပေါ်ကောင်းကင်မှာ အမိုးမရှိပါဘူး။ ဝါတွင်းသုံးလ နေတဲ့ပရိသတ်ကြီးကို ဘယ်သူကကျွေးသလဲ၊ စူဠအနာထပိဏ်ကကျွေးတယ်။ ထမင်းတို့၊ ဟင်းတို့၊ ကွမ်းတို့၊ ဆေးတို့၊ ဘာမှလိုလေသေးမရှိဘူး။ ၃၆–ယူဇနာအဝန်းရှိတဲ့ ပရိတ်ကြီးကို စူဠအနာထပိဏ်တစ်ယောက်ထဲ ခံကျွေးတယ်။ ကိုင်း…ဒါကော တွေးစရာမဟုတ်လား။

သပိတ်တစ်လုံးထဲနဲ့ သံဃာငါးရာကျွေးတော်မူတာ မကြားဘူးလား။ တန်ခိုးဣဒ္ဓိပါဒ် မရှိလျှင် ဘယ်နှယ်လုပ်ကျွေးမလဲ။ စူဠအနာထပိဏ်က တန်ခိုးကြီးတယ်၊ တန်ခိုးကြီးတဲ့လူမို့ ပရိသတ်ကြီးကို ကျွေးနိုင်တာ။ အဲဒီ ၃၆–ယူဇနာရှိတဲ့ ပရိသတ်ကြီး သာဝတ္ထိပြည်မှာ ဝါတွင်းသုံးလပတ်လုံးနေလို့ သီတင်းကျွတ်လဆန်း ၉–ရက်နေ့ကျတော့ ဝါကျွတ်ဖို့ ၇–ရက်လို့တော့တယ်။ နောက်ခုနစ်ရက်ကြာလျှင် သီတင်းကျွတ်လပြည့် ရောက်တော့မယ်။ မြတ်စွာဘုရား ဘယ်နေရာ၊ ဘယ်ဌာန ဆင်းမယ်လို့ မသိရဘူး။ ဒီတော့ မြတ်စွာဘုရား ဆင်းတော်မူရာဌာန၊ မြတ်စွာဘုရားဆင်းတော်မူရာ အချိန်အခါကို သိရအောင် အရှင်မောဂ္ဂလန်ကို ဝိုင်းလျှောက်ကြတယ်။ အရှင်မောဂ္ဂလန်ကို လျှောက်တဲ့အခါကျတော့ ဒီအခါမှာ အရှင်မောဂ္ဂလန်က အေး…ကောင်းတယ်ဆိုပြီးတော့ လူတွေရှေ့မှာပင် မြေကြီးထဲငုတ်သွားတယ်။ ငုတ်သွားပြီး

https://www.thitsarparamisociety.com/



မြင့်မိုရ်တောင်အောက် ခနောက်သုံးလုံးကြား အသူရာနတ်ပြည် အဲဒီကနေ ပြီးတော့ အားလုံးသတ္တဝါတွေ ငါ့ကိုမြင်စေသတည်း လို့ဆိုပြီး တောင်တက်တယ်။ အားလုံးမြင်ကြရတယ်တဲ့။ တဖြည်းဖြည်း တစ်ယူဇနာစီ လှမ်းလှမ်း သွားလိုက်တာ တာဝတိံသာနတ်ပြည် မြတ်စွာဘုရား၏ ခြေဖဝါးအောက် ရောက်တော့မှ၊ မြတ်စွာဘုရား လူပရိသတ်တွေဟာ မြတ်စွာဘုရား ဘယ်တော့ဆင်းမယ်၊ ဘယ်နေရာမှာ ဆင်းမယ်ဆိုတာ သိလိုကြပါတယ်။ မြတ်စွာဘုရား ဘယ်တော့ ဘယ်မှာဆင်းမယ်ဆိုတာ အမိန့်ရှိတော်မူပါဆိုတော့။

သင်၏နောင်တော်ကြီးဖြစ်တဲ့ သာရိပုတ္တရာ ဘယ်မှာဝါဆိုသလဲ။ သင်္ကဿနဂိုရ်ပြည်မှာ ဝါဆိုပါတယ်ဘုရား။ သာရိပုတ္တရာ သင်္ကဿနဂိုရ်ပြည်မှာ ဝါဆိုလျှင် သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့ ခုလိုညနေချမ်း အချိန်အခါ တာဝတိံသာနတ်ပြည်က သင်္ကဿနဂိုရ်ပြည် ဗဟိုစည်တောင် တံခါးမှာ ငါဘုရား ဆင်းသက်တော်မူမယ်လို့ အရှင်မောဂ္ဂလန်ကို မြတ်စွာဘုရား မိန့်တော်မူလိုက်တယ်။

သာဝတ္ထိပြည်က သင်္ကဿနဂိုရ်ပြည်နဲ့ ယူဇနာပေါင်း ၃၀–ဝေးတယ်။ သို့ပေမယ်လို့ အဲဒီ သီတင်းကျွတ်လပြည့်နေ့ကျတော့မှ ၃၆–ယူဇနာရှိတဲ့ ပရိသတ်ကြီးဟာ ရိက္ခာမဆောင်ဘဲနဲ့ ကိုယ့်ရပ်ရွာရှိတဲ့ကျောင်းကို တရားနာ သွားကြသလို လွယ်လွယ်နဲ့ရောက်အောင် ဖန်ဆင်းပေးလိုက်လို့ အမိန့်တော် ရှိတဲ့အတိုင်း အရှင်မောဂ္ဂလန်က ဖန်ဆင်းပေးလို့ သင်္ကဿနဂိုရ်ပြည်ကို နေ့ချင်းပြောင်းသွားနိုင်ကြတယ်။

မြတ်စွာဘုရားက သီတင်းကျွတ်လပြည့်နေ့မှာ သိကြားမင်းကို မိန့်တော်မူတယ်။ ငါကနေ့ ညနေချမ်းအချိန်အခါမှာ သင်္ကဿနဂိုရ်ပြည်သို့ သက်ဆင်းတော်မူမယ်ဆိုတော့ သိကြားမင်းက စောင်းတန်းကြီးသုံးခု လှေခါးကြီးသုံးစင်း၊ ငွေစောင်းတန်း၊ ငွေလှေခါးကြီး၊ ပတ္တမြားစောင်းတန်း၊ ပတ္တမြား

https://www.thitsarparamisociety.com/



လေှခါးကြီး၊ ရွှေစောင်းတန်း၊ ရွှေလှေခါးကြီး၊ မြင့်ရှ်မိုတောင်ထိပ်ကနေပြီး တော့ သက်ဿနဂိုရ်ပြည် တောင်တံခါးထိုးချလိုက်တယ်။

အဲဒီလှေခါးကြီးသုံးစင်း ထိုးချလိုက်ပြီးတဲ့နောက်မှာ မြတ်စွာဘုရား တာဝတိံသာနတ်ပြည်က သက်ဿနဂိုရ်ပြည် ဆင်းလာတဲ့အချိန်မှာ စောင်း တန်းဦးကနေပြီး ကောင်းကင်မော့ကြည့်လိုက်တာ အထက်ဗြဟ္မာပြည်ကို ဟာ လာဟင်း တခါထဲ မြင်ရတယ်။ ပတ်ပတ်လည်ကြည့်တော့လည်း စကြာဝဠာ ယူဇနာတစ်သောင်းအကုန်လုံး ဟာလာဟင်း၊ အောက်ငုံ့ကြည့် လိုက်တော့ အဝီစိဟာလာဟင်း အားလုံးကို ကြည့်လို့ရကြတယ်။

ကောင်းကင် အထက်ဗြဟ္မာပြည်လည်း မြင်ရ၊ ပတ်ပတ်လည် စကြာဝဠာလည်း မြင်ရ၊ အဝီစိလည်း မြင်ရ၊ မြတ်စွာဘုရားရဲ့တန်ခိုးတော် လေ။ အဲဒီလို တန်ခိုးပြာဋိဟာ ပြပြီးတဲ့နောက်မှ တာဝတိံသာနတ်ပြည်က သက်ဿနဂိုရ်ပြည်အဆင်းမှာ ဗြဟ္မာတွေက လက်ဝဲငွေစောင်းတန်းက၊ နတ် တွေက လက်ျာရွှေစောင်းတန်းက၊ မြတ်စွာဘုရားက အလယ်ခေါင် ပတ္တမြား စောင်းတန်းက၊ ဗြဟ္မာမင်းကြီးက ထီးဖြူမိုးလို့၊ သိကြားမင်းက ခရုသင်း ကြီးကို မှုတ်လို့၊ ပဥ္စသိခနတ်သားက ဗေဠုဝအမည်ရှိ စောင်းကောက်ကြီး တီးလို့၊ သုယာမနတ်မင်းက သားမြီးယပ်ကို ကိုင်လို့၊ မာတလိနတ်သားက နတ်ပန်းနံ့သာတွေ ပူဇော်လို့၊ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး တာဝတိံသာနတ်ပြည် ကဆင်းတာကိုး။ ဒီအခါမှ မြတ်စွာဘုရားကို အရှင်သာရိပုတ္တရာက ဘယ်က နေကြိုနေတယ်။ သက်ဿနဂိုရ်ပြည် စောင်းတန်းဦးက ကြိုနေပြီးတော့ မြတ်စွာဘုရားရဲ့ဘုန်းတော်၊ ကံတော်၊ ကြက်သရေတော်တွေကို နှစ်သိမ့် ကြည်ညိုလွန်းလို့...

န မေ ဒိဋ္ဌော ဣတော ပုဗ္ဗေ၊
န သုတော ဥဒ ကဿစိ၊
ဧဝံ ဝဂ္ဂု ဝဒေါ သတ္ထာ၊
တုသိတာ ဂဏိမာ ဂတော။ လို့ လျှောက်ထားသတဲ့။

https://www.thitsarparamisociety.com/



ဘန္တေ–ရှေ့ဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။ ဝဂ္ဂု ဝဒေါ–ချိုမြိန်သာယာသော တရားစကားကို ပြောဟောလေ့ရှိတော်မူသော။ သတ္ထာ–လူနတ်တို့၏ ဆရာဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ တုသိတာ–နှစ်သက်ဖွယ်ရာ နတ်ရွာတို့မှ။ ဂဏိမာ–နတ်ဗြဟ္မာတပည့်အပေါင်းတို့နှင့် ပြည့်ပြည့်စုံစုံ။ ဣဓ–ဤလူ့ပြည်သို့။ ဧဝံအာဂတော–ဤကဲ့သို့ ကြွလာဖူး၏၍။ မေ–မယာ–ဘုရားတပည့်တော်သည်။ ဣတော–ဤနေ့၊ဤရက်မှ။ ပုဗ္ဗေ–ရှေးအခါက။ နဒိဋ္ဌော–ဖူးလည်းမဖူးမြင်ဘူးပါဘုရား။ ဥဒ–တစ်မျိုးထပ်၍ လျှောက်ရလျှင်။ ကဿစိ–တစ်စုံတစ်ယောက်သောသူ၏ထံမှလည်း။ နသုတော–ကြားလည်းမကြားဘူးပါဘုရား။

ပညာအရာမှာ ဧတဒဂ်ရတော်မူတဲ့ ပထမအဂ္ဂသာဝက အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးဟာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဘုန်းတော်ကျက်သရေတော်တွေကို ကြည့်ပြီးတော့ ရင်ထဲနှလုံးထဲမှာ ဖြစ်လာတဲ့ပီတိသောမနဿတွေ မမြိုနိုင် မသိပ်နိုင်တဲ့အတွက် ရင်ဖွင့်ပွဲလုပ်လိုက်တယ်ဆိုပါတော့။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားတဲ့။ ဤယနေ့သည်ကားလို့ ဆိုလျှင် ကျက်သရေတုံး၊ ကျက်သရေခဲကြီးဖြစ်နေတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ခန္ဓာတော်အစဉ်ကို ဖူးမြင်ရသည့်အတွက် တပည့်တော်တစ်ပါးတည်းသာ နှစ်သက်ကြည်လင်သည် မဟုတ်ပါဘုရား။ ဖူးမြင်ရတဲ့လူတွေရော၊ နတ်တွေရော၊ ဗြဟ္မာတွေပါ အားလုံးဘဲ ပီတိလွှမ်းမိုး၍ ရှိခိုးကန်တော့ကြပါသည် ဘုရား။ မြတ်နိုးကြပါသည် ဘုရား။ တောင့်တကြပါသည် ဘုရား...လို့ လျှောက်ထားတဲ့အတွက် ဘုရားရှင်ကိုယ်တော်မြတ်က...

ယေ ဈာနပသုတာ ဓီရာ၊ နိက္ခမ္မူပသမေ ရတာ။
ဒေဝါပိ တေသံ ပဟယန္တိ။ သမ္ဗုဒ္ဓါနံ သတိမတံ။
ဆိုတဲ့ဂါထာကို ဟောတော်မူကာ အဲဒီဂါထာရဲ့အဆုံးမှာ...

လူနတ်ပြဟ္မာ သတ္တဝါပေါင်း ကုဋေ–သုံးဆယ် (သန်းပေါင်းသုံးရာ) တရားရသွားကြတယ်။ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးရဲ့ အတူနေ သဒ္ဓိဝိဟာရိက–ရဟန်းငါးရာလည်း ရဟန္တာ ဖြစ်သွားကြတယ်တဲ့။ အဲဒီ တာဝတိံသာကအဆင်း ဘုရားဟောတော်မူတဲ့ဂါထာမှာလည်း နည်းနည်းလေး သတိထားကြည့်လိုက်စမ်း။

ဒေဝါပိ တေသံ ပဟယန္တိ၊ သမ္ဗုဒ္ဓါနံ သတိမတံ... တဲ့။ "**သတိ**" ရှိတော်မူကြတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတွေတဲ့။ ဘုရားရှင်ရဲ့ ဂုဏ်ကို "**သတိ**" အရေးကြီးလွန်းလို့ **သတိ** နဲ့ချီးကျူးထားတယ်။ "သတိ" ကလည်း...

"ပါတိ–သတိ၊ ဉာ–ခန္တိ၊ ဝိရိ–သံဝါရာ" ဆိုတဲ့ သံဝရတရား ငါးပါး ထဲ အပါအဝင်ကိုး။ ပါတိမောက္ခ သီလကိုထိန်းသိမ်းလို့ စိတ်ကြည်လင်လာလျှင် အသဒ္ဓိယ ခေါ်တဲ့ စိတ်မကြည်လင်မှု ရတနာသုံးပါးကို မယုံကြည်မှုမှ လွတ်မြောက်တယ်။ စောင့်ရှောက်ရာ ပိတ်ဆို့ရာလည်းကျတယ်။ သတိအားထုတ်ပါများလို့ ဥပဋ္ဌိတအနေနဲ့ ခန္ဓာအစဉ်မှာ **သတိ** ထင်လာလျှင် မုဋ္ဌသစ္စ ခေါ်တဲ့ သတိ ကင်းလွတ်ခြင်း အကုသိုလ်တရားမှ လွန်မြောက်တယ်။

သတိဝိရဟိတဿ ပညာနာမ နတ္ထိတဲ့။ "**သတိ**"ကင်းတဲ့ပုဂ္ဂိုလ်မှာ ပညာမဖြစ်ဘူး။ "**သတိ**"ပြည့်စုံတဲ့ပုဂ္ဂိုလ်မှသာ ပညာဖြစ်နိုင်တာ။ အသိဉာဏ်ပွင့်လင်းနိုင်တယ်။ အဲဒီလို အသိဉာဏ် ပွင့်လင်းလို့ ပညာပေါ်လာလျှင် သမ္မောဟ ခေါ်တဲ့ တွေဝေခြင်းအကုသိုလ်မှ လွန်မြောက်နိုင်တယ်။ အသိဉာဏ်ရှိလျှင် အရာရာသည်းခံနိုင်တယ်။ အသိဉာဏ်မရှိလို့ သည်းမခံနိုင်ကြတာ။ သည်းခံနိုင်လျှင် အခန္တိခေါ်တဲ့ သည်းမခံနိုင်ခြင်း အကုသိုလ်မှလည်း လွန်မြောက်နိုင်တယ်။

https://www.thitsarparamisociety.com/



အရာရာသည်းခံနိုင်လျှင် ကုသိုလ်ကောင်းမှုတို့၌ ရဲရဲရင့်ရင့် အားထုတ်နိုင်တဲ့ ဝိရိယတရားလည်း သတ္တဝါသန္တာန်မှာ ဖြစ်ပေါ်လာမယ်။ ဝိရိယတရား ဖြစ်ပေါ်လာလျှင် ပျင်းရိခြင်းလို့ခေါ်တဲ့ ကောသဇ္ဇ–အကုသိုလ်မှ စောင့်ရှောက်ရာ ပိတ်ဆို့ရာလည်းကျတယ်။ ဒါကြောင့် ဒီသံဝရတရားငါးပါးဟာ အကုန်လုံးအရေးကြီးတယ်။ ဖြစ်မြောက်အောင်လည်းအားထုတ်ရမယ်။

သို့ပေမယ်လို့ **အသီးတစ်ရာအညှာတစ်ခု** ဆိုတာလို "**သတိ**" တစ်ခုကိုသာ ထမြောက်အောင် အားထုတ်ကြလျှင်" **ကျွဲကူးရေပါ** "သတိ အထမြောက်လျှင် ကြွင်းသော သံဝရတရားလေးပါးလည်း ပါလာပါလိမ့်မယ်။ သို့ဖြစ်သောကြောင့်" **သတိ** "တရားကို ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု–သာဓု–သာဓုပါဘုရား။

☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆

ကိုယ့်ကာယကံ ကိုယ့်ထံပြန်
ကိုယ့်ဝစီကံ ကိုယ့်ထံပြန်
ကိုယ့်မနောကံ ကိုယ့်ထံပြန်
ပဲ့တင်သံနှင့်အမှန်မလွဲ တစ်ထပ်တည်း
ကိုယ့်ထံသို့ပြန် သုံးပါးကံ ကိုယ်သာဆင်းရဲခံရမြဲ။

(ဝေဠုဝတီ ဆရာတော်ဘုရားကြီး)

https://www.thitsarparamisociety.com/



မြောင်းမြမြို့ ဝေဠုဝတီကမ္မဌာန်းတိုက်
၁၃၃၁–ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့တွင်
မြောင်းမြခရိုင် စက်ရှင်တရားသူကြီး ဦးစိန်ထွန်းနှင့်
အငြိမ်းစား ဗိုလ်မှူးထွန်းလင်းတို့၏ နိဗ္ဗာန်တရား ဟောကြားရန်
တောင်းပန်လျှောက်ထားချက်အရ
ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီးသည်
တပည့်တို့အား ဟောကြားတော်မူအပ်သော

# နိဗ္ဗာန် တရားတော်

တဏှာနဲ့ဒုက္ခ၊ အကြောင်းနဲ့အကျိုး၊ တဏှာကသမုဒယသစ္စာ၊ ဒုက္ခက ဒုက္ခသစ္စာ၊ တဏှာမရှိတဲ့နိဗ္ဗာန်က နိရောဓသစ္စာ၊ နိဗ္ဗာန်ကတဏှာမရှိ၊ နိရောဓက ဆင်းရဲမရှိ၊ အဲဒီလို မှတ်ထားအုံး။

ဒီတော့ တဏှာမရှိဘူးဆိုတဲ့စကားက အကြောင်းကို အရင်းခံပြောတာ။ ဆင်းရဲမရှိဘူးဆိုတဲ့စကားက အကျိုးကိုအရင်းခံပြောတာ။ အမှန်က တဏှာကြောင့် ဒုက္ခဖြစ်တယ်။ ဒီတော့ တဏှာမရှိဘူးလို့ ပြောလိုက်လျှင် ဆင်းရဲမရှိတာ ပြောပြီးသားဖြစ်သွားတယ်။ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းရာ နိဗ္ဗာန်လို့ ဆိုထားတာကိုး။

နောက်တနည်းလာခဲ့အုံး။ ကံနဲ့ဝိပါက်၊ ကံကအကြောင်း၊ ဝိပါက်က အကျိုး၊ အကျိုးဝိပါက်ဆိုတဲ့စကားသည် အကျိုးတရားကိုသုံးတာ။

ဒါဖြင့် အကျိုးတရားကို သုံးလို့ရှိလျှင် အကြောင်းတရားရှိရအုံးမယ်၊ အကြောင်းကလာတဲ့အကျိုးကိုး။ ဒီတော့ ဝိပါက်ဆိုတာ လူရဲ့ကိုယ်မှာ ဘာလဲ။ ရှာစမ်း။ ဘယ်ဟာကို ဝိပါက်လို့ ခေါ်မလဲ။ လူကိုယ်မှာ ဝိပါက် ခေါ်တဲ့ဌာန။

https://www.thitsarparamisociety.com/



မျက်စိကြည်လင်မှု၊ နားကြည်လင်မှု၊ နှာခေါင်းကြည်လင်မှု၊ လျှာကြည်လင်မှု၊ တစ်ကိုယ်လုံးကြည်လင်မှု၊ နှလုံးသွေး၊ အဲဒီခြောက်ဌာနဟာ ကံကြောင့်ဖြစ်တာ။ ဒီခြောက်ဌာနကနေပြီးတော့ လူရယ်လို့ ဖြစ်လာတာ။

မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ စားခြင်း၊ ထိခြင်း၊ သိခြင်းမရှိလျှင် ဘယ်,လူဖြစ်တော့မှာလဲ။ လူဆိုတာ အဲဒီကလာတာ။ မြင်တယ်၊ ကြားတယ်၊ နံတယ်၊ စားတယ်၊ ထိတယ်၊ သိတယ်၊ ဒါလူဘဲ။ ဒါတွေဟာ ဘာတွေလည်းဆိုတော့ နာမ်ရုပ်တွေဘဲ။ မျက်စိမကြည်လင်ဘဲ မျက်စိဟာ မမြင်နိုင်ဘူး။ ဒါဖြင့် တစ်ယောက်မျက်လုံးနဲ့တစ်ယောက် မျက်လုံးချင်းကော ကြည်လင်မှု တူသလား။ မတူဘူး။ အဲဒါ ကံလုပ်တာ။ ကံထက်တဲ့ပုဂ္ဂိုလ် မျက်လုံးက ပိုကြည်လင်တယ်။ ကံနုံ့တဲ့ပုဂ္ဂိုလ်မျက်လုံးက အကြည်လင်နည်းတယ်။

ပစ္ဆိမဘဝိက–ဘုရားလောင်းများကျတော့ ပကတိမျက်လုံးနဲ့ တစ်ယူဇနာအတွင်း အကုန်မြင်နိုင်တယ်။ ဒီတော့ မျက်စိကြည်လင်မှုဟာ ဘယ်ကလာသလဲဆိုတော့ ကံကလာတယ်။ ဒါ ကမ္မဇရုပ်၊ ကံကြောင့်ဖြစ်တဲ့ အကြည်ဓာတ်၊ ဒီမျက်နှာမှာရှိတဲ့မျက်လုံးကတော့ မံသစက္ခု၊ သူက ကမ္မဇ မဟုတ်ဘူး။ ဥတုဇရုပ်။

လူရယ်လို့ဆိုလျှင်၊ လူ့ရဲ့နေအိမ်ရှိတယ်။ အဆင့်အတန်းအားလျော်စွာ အိမ်ကလည်း အကောင်းအဆိုးကွာသွားတယ်။ ဒီတော့ ကံကြောင့်ဖြစ်တဲ့ မျက်စိကြည်လင်မှုကြောင့် ဒီက မျက်လုံးအိမ်ဖြစ်ရတယ်။ ဒီတော့ ကံကြောင့်ဖြစ်တဲ့ မျက်စိကြည်လင်မှု ကြပ်ကြပ်ထက်သန်လေ ဒီကမျက်လုံးအိမ် လှပလေ၊ ဒါက သူ့နေအိမ်ကိုး။

လူမှာနေအိမ်ရှိသလို မျက်စိကြည်လင်မှုဆိုတဲ့ ကမ္မဇရုပ်မှာ သူ့ရဲ့နေစရာအိမ် ဥတုဇရုပ် ရှိတယ်။ ဒီ မံသစက္ခုဆိုတဲ့ မျက်လုံးမှာ မြင်နိုင်တဲ့ စွမ်းရည်သတ္တိ၊ မြင်မှုကို ဖြစ်စေနိုင်တဲ့ စွမ်းရည်သတ္တိ ရှိတယ်။ အဲဒီစွမ်းရည်

https://www.thitsarparamisociety.com/



သတ္တိဟာ ကံကြောင့်ဖြစ်တဲ့ရုပ်၊ အစိုင်အခဲ၊ အကောင်အထည်သဏ္ဌာန် ဒြပ် တော့မရှိဘူး။ သတ္တိဘဲရှိတယ်။ ဘာသတ္တိလဲ။ မြင်နိုင်တဲ့စွမ်းရည်သတ္တိ။

ဒါကြောင့် တစ်ဦးနဲ့တစ်ဦး မြင်မှုချင်းမတူကြဘူး။ ဘာဖြစ်လို့လဲ။ စွမ်းရည်သတ္တိချင်းကွာလို့။ မျက်လုံးကို ဖြစ်စေတတ်တဲ့ ကံချင်းကွာလို့။ ကံ ချင်းကွာတော့ စွမ်းရည်သတ္တိချင်း ကွာတယ်၊ စွမ်းရည်သတ္တိချင်းကွာတော့ မြင်မှုချင်းကွာတယ်။ ယခုပြောနေတာက ဘာပြောလိုတာလဲ ဆိုတော့၊ မြင် မှုကို ဖြစ်စေနိုင်တဲ့ မျက်လုံးအကြည်ဓာတ်သည် ကံကြောင့် ဖြစ်တာလို့၊ ဒီလို သိစေချင်တယ်။ ကံကြောင့်ဖြစ်လျှင် သူ့ကို ကံခေါ်မလား။ ဝိပါက် ခေါ်မလား။ ဒီလိုဆိုတော့ မျက်လုံးအကြည်ဟာ ဝိပါက်ကမ္မဇရုပ်။

စာလိုခေါ်တော့ ကဋတ္တာရုပ် ခေါ်တယ်။ ကံကြောင့်ဖြစ်တဲ့ ကဋတ္တာ ရုပ်၊ ပြီးတော့မှတခါ ဒီအာရုံနဲ့ ဒီမျက်လုံးအကြည်နဲ့ ဆုံမိကြတဲ့အခါကျတော့ အဲဒီမှာ မြင်မှုက ပေါ်တယ်။ မျက်လုံးရှိနေပေမဲ့ မမြင်ဘူး။ အာရုံနဲ့ဆုံမှ မြင်တာ။ ဒီတော့ မျက်လုံးကြည်လင်မှုက ရုပ်၊ မြင်မှုက နာမ်၊ မြင်ဆဲခဏမှာ မျက်လုံးက ရုပ်နာမ်နှစ်ပါးဖြစ်ပုံကို ပြောတာ။

အဲဒီ မြင်မှုနာမ်ကလည်း ဝိပါက်နာမ်ဘဲ၊ သူလည်း ရှေးအတိတ်ကံ ကြောင့် ဖြစ်တဲ့ ဝိပါက်တရားဘဲ ဖြစ်တယ်။ ရုပ်လည်း ကံကြောင့်ဖြစ်တယ်၊ နာမ်လည်း ကံကြောင့်ဖြစ်တယ်၊ စင်စစ်တော့ ရုပ်နာမ်ဆိုတာ ကံကြောင့် ဖြစ်တဲ့တရားတဲ့။ မျက်စိက ရုပ်နာမ် ကံကြောင့်ဖြစ်တယ်။ ဒါဘာခေါ်သလဲ၊ ဝိပါက်။ မျက်လုံးအကြည်ဓာတ်ကို ဖြစ်စေတတ်တဲ့၊ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ရှေးအတိတ်က ပါလာတယ်။ မသိမှု အဝိဇ္ဇာ၊ နှစ်သက်မှု တဏှာ၊ ပြုလုပ် ခဲ့မှု ကံ။ အဲဒီ အဝိဇ္ဇာ၊ တဏှာ၊ ကံဆိုတဲ့အကြောင်းများကြောင့် မြင်မှုကို ဖြစ်စေတတ်တဲ့ အကြည်ဓာတ် ပေါ်လာတာ။ မျက်လုံးကတော့ အကြည် ဓာတ်၏ ဖြစ်ရာဌာန။ ဥတုဇရုပ်၊ ကမ္မဇရုပ် မဟုတ်ဘူး။

https://www.thitsarparamisociety.com/



ဒီတော့ ကံကြောင့်ဖြစ်တဲ့တရား ရှာစမ်းပါဆိုလို့ရှိလျှင် အဲဒီ မြင်မှုကိုဖြစ်စေနိုင်တဲ့ စွမ်းရည်သတ္တိရယ်၊ မြင်ဆဲခဏမှာရှိတဲ့ မြင်မှုရယ်၊ ဒီနှစ်ခုကို ရှာပေးရမယ်။ ဒီ ကိုယ်ကောင်ကြီးကတော့ ဥတုကြောင့်ဖြစ်တာ၊ မြင်မှု ရုပ်နာမ်က ကံကြောင့်ဖြစ်တာ၊ နားလည်ပြီနော်။ ကံကြောင့်ဖြစ်တယ်ဆိုလျှင်ဖြင့် ဒီမြင်ဆဲခဏမှာ ရုပ်နာမ်နှစ်ပါး မပေါ်ဘူးလား။ အဲဒီ ရုပ်နာမ်နှစ်ပါးဟာ အကျိုးတရား။

အဲဒီ မြင်မှုကို သဘောပေါက်ခဲ့သော် ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ အိပ်ပျော်မှု(ဘဝင်ကျနေတယ်)။ အိပ်ပျော်တဲ့အခါမှာ ဘာမှမသိဘူး။ အဲဒီ ဝိပါက်တွေချည်း တမင်ရွေးပြောတာ။ မြင်ဆဲခဏ ရုပ်ရော‌နာမ်ရော ဝိပါက်အကျိုးတရား။ နံဆဲခဏ ရုပ်ရောနာမ်ရော ဝိပါက်အကျိုးတရား။ စားဆဲခဏ ရုပ်ရောနာမ်ရော ဝိပါက်အကျိုးတရား။ တွေ့ထိဆဲခဏ ရုပ်ရောနာမ်ရော ဝိပါက်အကျိုးတရား။ အိပ်ပျော်ဆဲခဏဆိုတော့ ဘဝင်ကျနေတာ၊ အဲဒီ ဘဝင်စိတ်က နှလုံးသွေးမှီပြီး ဖြစ်ရတာ။ အဲဒီ နှလုံးသွေးကို ဟဒယဝတ္ထုရုပ်ခေါ်တယ်။ သူလည်း ကံကြောင့်ဖြစ်တာ။

ဒီတော့ မြင်ဆဲခဏ၊ ကြားဆဲခဏ၊ နံဆဲခဏ၊ စားဆဲခဏ၊ ထိဆဲခဏ၊ အိပ်ပျော်ဆဲခဏ၊ ရုပ်နာမ်နှစ်ပါး ဖြစ်နေတဲ့ ခဏတွေ တွေ့ရဲ့လား။ အဲဒီ ခဏတွေဟာ ဘာတွေလဲဆိုတော့ အကျိုးတရားတွေ၊ အကျိုးတရားတွေဆိုလျှင်ဖြင့် သူ့ကိုဖြစ်စေတတ်တဲ့ အဝိဇ္ဇာ တဏှာ ကံတွေက ရှေးအတိတ်က အကြောင်းပါခဲ့ရမယ်။ ရှေးအတိတ်ကအကြောင်းကြောင့် ယခုအကျိုး ပေါ်နေတာ။

ဒါဖြင့် အဝိဇ္ဇာ တဏှာ ကံ သတ္တဝါသန္တာန်မှာ ဘယ်နေရာမှာဖြစ်သလဲ။ ယခုနိုးနေတဲ့အချိန်အခါ အိပ်ရာကနိုးပြီး မျက်စိနှစ်လုံးဖွင့်လိုက်တာနဲ့ တပြိုင်နက်ထဲ ကောင်းတာဆိုးတာသိ ဆိုတဲ့အသိတွေ ပေါ်လာတယ်။ အဲဒါ မနောဝိညာဏ်၊ အေး...သူ့မှာ ကံဖြစ်တယ်။ ကောင်းတဲ့ကုသိုလ်ကံက

https://www.thitsarparamisociety.com/



လည်း သူကဘဲ။ မကောင်းတဲ့ အကုသိုလ်ကံကလည်း သူကဘဲ။ အဝိဇ္ဇာ မသိမှုကလည်း သူကဘဲ။ တဏှာ နှစ်သက်မှုကလည်း သူကဘဲ။ စိတ်ကလာ တဲ့မနောဝိညာဏ်က နှစ်ပါးရှိတယ်။ သိနေတဲ့မနောဝိညာဏ်၊ အိပ်ပျော်နေတဲ့ မနောဝိညာဏ်။ အိပ်ပျော်နေတဲ့မနောဝိညာဏ်က ဝိပါက်။ နိုးလို့ ဟိုဟာသိ ဒီဟာသိနေတဲ့ မနောဝိညာဏ်က ကံနှင့်စပ်တဲ့ကမ္မဒွါရ၊ ကံဝိညာဏ် ကိလေ သာတို့ဟာ သူ့မှာဖြစ်ရတာ။

အိပ်ရာနိုးသည်နှင့်တပြိုင်နက်ထဲ အကောင်းသိ၊ အဆိုးသိတွေ၊ ကု သိုလ်၊အကုသိုလ်တွေ ဖြစ်ရာမှာ မသိမှု၊ နှစ်သက်မှု၊ အစရှိတဲ့ကိလေသာကံ ဟာ ပကတိစိတ်မှာ ပါလာတယ်။ ကံဖြစ်ရာဌာနကတော့ မနောဝိညာဏ် တစ်ခုတည်းဘဲ။ ဝိပါက်ဖြစ်ရာဌာနကျတော့ မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိ မှု၊ အိပ်ပျော်မှုလို့ ၆-ခုရှိတယ်။ ဒီဝိပါက်ဝိညာဏ်မှာ ကိလေသာနှင့်ကံ မရှိ ဘူး။ ဝိပါက် သက်သက်ဘဲ။

မျက်လုံးမှာ ကိလေသာ ကံမဖြစ်ဘူး။ မျက်လုံးက မြင်ရုံဘဲမြင်ရ တယ်။ မြင်ပြီးတဲ့နောက် ကိလေသာနှင့်ကံ ဖြစ်တယ်ဆိုတာ မနောဝိညာဏ် မှာ လာဖြစ်တာ။ ဒါပေမယ်...မျက်စိမှာ မြင်သည်နှင့်တပြိုင်နက်ထဲ မနော မှာလာပြီး နှစ်သက်မှု၊ မနှစ်သက်မှုဟာ ဖြစ်လာတယ်။ ဒီတော့ မြင်မှုက ဝိပါက်၊ နှစ်သက်မှု မနှစ်သက်မှုက ကိလေသာကံ။ တပြိုင်နက်ထဲကျတယ် ဆိုတာက ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ဆိုတာ ဓမ္မသဘာဝကတော့ တစ်ခုပြီးမှ တစ်ခု ဖြစ်တာ။ ကြားမှုမှာလည်း ထိုနည်းတူ။ နံမှုမှာလည်း ထိုနည်းတူ။ စားမှုမှလည်း ထိုနည်းတူ။ ထိမှုမှာလည်း ထိုနည်းတူ၊ ကာယ,က ထိတယ်။ မနောက သိတယ်။ သိတာမှာ နှစ်သက်မှု မနှစ်သက်မှုပါလာတယ်။ ဒါ ကိ လေသာနှင့်ကံဘဲ။

မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှုနဲ့မစပ်ဘဲ သူ့ချည်းဘဲသက်သက်ကြံစည် တွေးတောတဲ့ အသိကောမဖြစ်ဘူးလား ဖြစ်တယ်။ ဒါလည်း ကိလေသာနှင့် ကံဘဲ။ ဒီတော့ ကိလေသာနှင့်ကံမှန်လျှင် မနောမှာချည်းဖြစ်ရမှာ။ မြင်မှု၊

https://www.thitsarparamisociety.com/



ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ အိပ်ပျော်မှု၊ ဒီအမှုတွေက ဝိပါက်သက်သက်။ ရှေးအတိတ်ကံကြောင့် အကျိုးတရားတွေ။

အကြောင်းကံက ယခုဘဝ သိဆဲခဏမှာဖြစ်တယ်။ ယခုဘဝကြောင်း ကံကြောင့် နောက်ဘဝမှာ မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ အိပ်ပျော်မှု အကျိုးတရားတွေ ဆက်ဖြစ်ရအုံးမယ်။ ယခုဘဝ မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ အိပ်ပျော်မှု အကျိုးတရားတွေဟာ ရှေးအတိတ်ကကံကြောင့် ယခုဘဝ သတ္တဝါသန္တာန်မှာ ဖြစ်နေတာ။ ရှေးအတိတ်ဘဝနဲ့ ခုဘဝဆက်ပုံပြောတာ၊ ရှေးအတိတ်က ကံနှင့်ယခုအကျိုးနဲ့ လာဆက်တာ တွေ့ပြီနော်။

ယခုဖြစ်တဲ့ ပစ္စုပ္ပန်ကံက နောင်အနာဂတ်သွားဖို့ အခန့်သင့် ခြေလှမ်းပြင်ထားတယ်။ ယခု ပစ္စုပ္ပန်အကျိုးက ရှေးအတိတ်က ကံအတွက် ဖြစ်နေတာ နားလည်တယ်မဟုတ်လား။

ဒါဖြင့် လူမှာကံနဲ့အကျိုး သို့မဟုတ် အကျိုးနဲ့ကံ ဒါဘဲရှိတယ်။ တနည်းအားဖြင့် လူမှာအကျိုးဖြစ်ရဌာန၊ ကံဖြစ်ရဌာန...လို့ နှစ်မျိုးရှိတယ်။ အဲဒီ နှစ်မျိုးတို့တွင် အကျိုးဖြစ်ရဌာနက တစ်ကိုယ်လုံး၊ ကံဖြစ်ရဌာနက နှလုံးသွေး၊ ဒါကလေးဘဲ ရှိတယ်။

ဒီတော့ အကျိုးဖြစ်ရဌာနမှာ အကျိုးတရားတွေ ပေါ်နေတာဟာ ရှေးအတိတ်က ကံကြောင့်၊ ယခုဖြစ်နေတဲ့ ပစ္စုပ္ပန်ကံအတွက်က နောင်အနာဂတ်ဘဝ အကျိုးဆက်သွားရမှာ။ ဒီတော့မှ အကြောင်းနဲ့အကျိုး၊ အကြောင်းနဲ့အကျိုး ဘဝသံသရာလုံးဆက်သွားတာ သဘောကျရဲ့လား။

ဒီတော့ ရှေးအတိတ်အကြောင်းနဲ့ ယခုပစ္စုပ္ပန်အကျိုး။ ယခုပစ္စုပ္ပန်အကြောင်းနဲ့ အနာဂတ်သွားရမဲ့အကျိုး။ အကြောင်းအကျိုးဆက်စပ်ပုံ သဘောကျပြီနော်။ ယခုတစ်ဘဝထဲပြောလျှင် အကြောင်းအကျိုးကိုပြောရမယ်။

https://www.thitsarparamisociety.com/



မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ အိပ်ပျော်မှု ဆိုတဲ့အကျိုးကိုမှီ၍ အကြောင်းကပေါ်နေတယ်။ အကျိုးကိုမှီပြီးတော့ အကြောင်းဖြစ်ပေါ်တာကိုး။ ယခုမအိမသာဖြစ်နေတာ ဘာလဲကွာလို့ဆိုလျှင် အကျိုးနဲ့အကြောင်း၊ မင်းဘာတွေဖြစ်နေသလဲကွာလို့မေးလျှင် အကျိုးနဲ့အကြောင်း။

မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ အိပ်ပျော်မှု ဒါတွေကအကျိုး။ သိမှုကအကြောင်း၊ သို့ပေမယ်လို့ ဒီအကြောင်းလည်း အကျိုးဘဲ။ ဒီ အကြောင်းလည်း ရှေးအတိတ်က ကံနဲ့တော့မကင်းဘူး။ ဥပမာ– သစ်ပင်မှာရှိတဲ့ အပွင့်အသီးလိုပေါ့။ အပွင့်အသီးက သစ်ပင်ထဲအပါအဝင်ဘဲ မဟုတ်လား။ သို့ပေမယ်လို့ သူကနောက်ထပ် တစ်ပင်ပေါက်စေနိုင်တဲ့သတ္တိရှိလို့ သူ့ကို မျိုးခေါ်လိုက်တယ်။ **"ကံ"ဆိုတာ မျိုးဘဲ။** အပွင့်အသီးဟာ သစ်ပင်ထဲ အပါအဝင်ဘဲ။ အကိုင်း၊ အခက်၊ အရွက်၊ အညွန့်၊ ဒါတွေဟာ အပင်သာဟုတ်သည်၊ မျိုးမဟုတ်။ အပွင့်အသီးကတော့ မျိုးလည်းဟုတ်သည်၊ အပင်လည်း အပါအဝင်ဖြစ်သည်။

အဲဒီလိုဘဲ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ အိပ်ပျော် ဆိုတာတွေက အကျိုးတရား။ သိမှုကအကြောင်းကံ။ ဒီတော့ သစ်ပင်မှာ အပွင့်အသီးရှိသလို လူမှာလည်းဘဲ အကြောင်းကံ ရှိနေရမည်။ ဒါဖြင့် ဒီအကြောင်းကံဟာ ဒီလူထဲ အပါအဝင်ဘဲ။ နောက်တစ်ဘဝ အကျိုးပေးမှာမို့လို့သာ သူ့ကို အကြောင်းကံ ခေါ်လိုက်တာ။ နားလည်ပြီပေါ့။

ဒါဖြင့် ယခုတစ်ဘဝထဲဆိုလျှင် အကျိုးအကြောင်း။ ရှေးအတိတ်နဲ့စပ်လျှင် အတိတ်အကြောင်း။ ယခုအကျိုး။ ဒီဘဝနဲ့ နောင်ဘဝစပ်မယ်ဆိုလျှင် ယခုအကြောင်း၊ နောင်အကျိုး၊ ယခုတစ်ဘဝထဲဆိုလျှင် ယခုအကျိုး။ ယခုအကြောင်း၊ အကျိုးကရှေးအတိတ်အကြောင်းနဲ့ စပ်လိမ့်မယ်။ အကြောင်းက နောင်အနာဂတ်အကျိုးနဲ့စပ်လိမ့်မယ်။

https://www.thitsarparamisociety.com/



ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကြောင်းအကျိုးကိုပြောတာ။ ဒီတော့ မြင်မှုကို အကြောင်းခံပြီးတော့မှ ဒီမှာ ကိလေသာနှင့်ကံ ဖြစ်ရမှာ၊ ကိလေသာဖြစ်ရာဌာနနဲ့ ရုပ်နာမ်ဖြစ်ရာဌာန ပြောနေတာ။

ဓမ္မစကြာတရားဟောရာဌာနမှာ သာတာဂီရိနတ်ဆိုတာ ဓမ္မစကြာတရားဟောတဲ့အခါ သူလာတယ်။ သာတာဂီရိနတ်က သူ့မိတ်ဆွေကြီး ဟေမာဝတနတ်က ဟိမဝန္တာမှာနေတော့ မြတ်စွာဘုရားတော့ ဓမ္မစကြာဟောပြီ။ ငါ့မိတ်ဆွေ ဟေမာဝတ ဒီတရားနာပရိသတ်ထဲမှာ ပါမှပါလေရဲ့လား။ ငါ့သူငယ်ချင်းတော့ လွဲပြီထင်တယ်။ အဲဒီ သူငယ်ချင်းဆီ စိတ်ပြန်ပြန်ရောက်တာနဲ့ သူတရားမရလိုက်ဘူးတဲ့။ ခုလည်း ဒကာတို့ သာတာဂီရိ ဖြစ်နေပုံရတယ်။

ရှေးကအကြောင်း၊ ယခုအကျိုး၊ ယခုအကျိုး ယခုအကြောင်း၊ ယခုအကြောင်း နောင်အကျိုး၊ ဒါပဋိစ္စသမုပ္ပါဒ် ၃-ချက်လေ။ ပြောရိုးပြောစဉ်က...

ဖြစ်ဆဲရုပ်နာမ်တွေဟာ သစ္စာဖွဲ့လိုက်တော့ မြင်မှုဝိပါက်၊ စိတ်၊ ဒုက္ခသစ္စာ၊ ဝိပါက်ဆိုလျှင် ဒုက္ခသစ္စာထဲ ထည့်ရမှာချည်းဘဲ။ နားအကြည်ဓာတ်နဲ့ နားကြားမှုဝိပါက်ကလည်း ဒုက္ခသစ္စာဘဲ။ နားအကြည်ဓာတ်က ရုပ်၊ နားကြားမှုက နာမ်၊ ဒီလိုကြားဆဲခဏမှာ ရုပ်နာမ်နှစ်ပါး ပေါ်နေတာ။

ဒါဖြင့် နှာခေါင်းနံ့မှု၊ နှာခေါင်းအကြည်ဓာတ်က ရုပ်၊ နံ့မှုကနာမ်၊ ဒီရုပ်နာမ်နှစ်ပါးသည် ဒုက္ခသစ္စာ။ လျှာဖြင့် အရသာစားမှု၌ လျှာကြည်မှုက ရုပ်။ အရသာပေါ်မှုက နာမ်။ တစ်ကိုယ်လုံးတစ်ကောင်လုံး ကြည်မှုကရုပ်။ ထိသိက နာမ်။ ကံကြောင့်ဖြစ်တဲ့ ရုပ်တွေနာမ်တွေ၊ ဘာသစ္စာလဲ။ ဒုက္ခသစ္စာတွေဘဲ။

https://www.thitsarparamisociety.com/



ခု တစ်ကိုယ်လုံးတစ်ကောင်လုံး၌ ဒုက္ခသစ္စာတွေ ဖြစ်မနေဘူးလား။ တစ်ကိုယ်လုံးတစ်ကောင်လုံး ဖြစ်သမျှ ဒုက္ခချည်းဘဲ။ အဲဒီ ဒုက္ခဟာ ဘယ်သူ့ကြောင့်ဖြစ်သလဲ။ ရှေးအတိတ်ကံကြောင့်။ ဒီတော့ ရှေးအတိတ်အကြောင်းက သမုဒယသစ္စာ၊ ယခုဖြစ်ဆဲရုပ်နာမ်က ဒုက္ခသစ္စာ။ ဒီမှာ သမုဒယနဲ့ဒုက္ခ မရှင်းဘူးလား။

ဒါဖြင့် သမုဒယကင်းပြတ်လို့ ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်လို့ဆိုတော့ ထိုသမုဒယ၊ ထိုဒုက္ခ ချုပ်ငြိမ်းပုံကို ဉာဏ်မှီတို့ မလွယ်ဘူး။ ရုပ်နာမ်ဘဲဖြစ်စေ၊ ခန္ဓာဘဲဖြစ်စေ၊ ဒုက္ခသစ္စာအကျိုးတရားကို သိခဲ့သော်၊ ဝိဘဝတော–ဖြစ်ပြီးမှကင်းသောအားဖြင့်။ နာမရူပေ၊ နာမ်ရုပ်တရားတို့ကို သို့မဟုတ် ပဉ္စက္ခန္ဓေ–ခန္ဓာငါးပါးတို့ကို။ ပဿတိ–ဝိပဿနာဉာဏ်စက္ခုဖြင့်ရှု၏...တဲ့။ တောလေးဆယ်မှာလေ။

ရှေးအတိတ်က မူလအကြောင်း။ ယခုပစ္စုပ္ပန် အထောက်အပံ့အကြောင်းက အဆင်းထင်မှု၊ အလင်းရှိမှု၊ နှလုံးသွင်းမှု၊ ရှေးအတိတ်က အကြောင်းရှိနေပေမယ်လို့ အာရုံထင်မလာလျှင်လည်း မဖြစ်နိုင်ဘူး။ အာရုံထင်လာပြန်လျှင်လည်း မှောင်ကြီးထဲမှာထင်နေလျှင် မမြင်နိုင်ဘူး။ အာရုံထင်လာသော်လည်းဘဲ စိတ်ကနှလုံးမသွင်းလျှင် မမြင်နိုင်ဘူး။ စိတ်ကတခြားရောက်နေလို့။

ဒီတော့ **အာရုံထင်မှု၊ အလင်းရှိမှု၊ နှလုံးသွင်းမှု၊ မျက်စိကြည်မှု၊** ဒီလေးပါးရှိမှသာလျှင် ဒီ မြင်မှုပေါ်တာ မဟုတ်လား။ ဒီတော့ မြင်မှုဖြစ်ခြင်းသည် ရှေးအတိတ်ကအကြောင်းလို့ ဆိုပေမယ်လို့ ပစ္စုပ္ပန်အကူအညီအကြောင်းကလည်း ရှိရသေးတယ်။ ဟို ရှေးကအကြောင်းကို ဇနက–အကြောင်းလို့ ခေါ်တယ်။ ယခုပစ္စုပ္ပန်အကြောင်းကို ဥပထမ္ဘက အကြောင်းလို့ ခေါ်တယ်။ ဇနက–က ဖြစ်စေတတ်တယ်။ ဥပထမ္ဘက–က ထောက်ပံ့တတ်တယ်။

https://www.thitsarparamisociety.com/



ဥပမာ– မျိုးစေ့ကို မြေကြီးထဲစိုက်ပြီး ရေလောင်းတယ်ဆိုပါတော့၊ အပင်ကဘယ်ကပေါက်ရမလဲ။ မျိုးစေ့ကပေါက်ရမယ်။ သို့ပေမဲ့ မြေနဲ့ရေကအထောက်အပံ့ပေးရတယ်။ မျိုးစေ့ဟူသောအကြောင်းရင်းရှိသော်လည်းဘဲ မြေ ရေဟူသောအထောက်အပံ့မပါလျှင် သူမဖြစ်နိုင်ဘူး။ အကြောင်းဆိုတာ ရှေးအကြောင်းနဲ့ ယခုအကြောင်း နှစ်ခုပေါင်းပြီးတော့ အကျိုးပေးရတယ်။ အကြောင်းအကြောင်းဆိုပေမဲ့ ဟို...မူလအကြောင်းချည်းသက်သက် ယူထားလို့မရဘူး။ မူလအကြောင်းသက်သက်ချည်းယူထားလျှင် ပုဗ္ဗေဟေတုကဒိဋ္ဌိ ဖြစ်တယ်။ ဒို့ဗမာတွေဟာ ဘာဖြစ်ဖြစ် ရှေးကံကြောင့်လို့ မချဘူးလား။ အဲဒါ လူမတန်ကံချ ဆိုတဲ့စကားနဲ့ညီနေတယ်။ ယခုအထောက်အပံ့အကြောင်းကလည်း လိုသေးတယ်။ အကျိုးတစ်ခုဖြစ်စေရာမှာ ရှေးအကြောင်းနဲ့ ယခုအကြောင်း နှစ်ခုပေါင်းပြီးတော့ ဖြစ်ကြောင်းကိုပြောတာ။

ခုတစ်ကြိမ် မြင်လိုက်တယ် ဆိုပါတော့။ အဲဒီတစ်ကြိမ်မြင်လိုက်တဲ့အခါမှာ ရှေးအကြောင်းနဲ့ယခုအကြောင်း နှစ်ခုပေါင်းပြီးတော့မှ တစ်ကြိမ်မြင်လိုက်တဲ့အကျိုး ပေါ်လာတယ်။ အဲဒီ အကျိုးတရားပေါ်ပြီးတော့ ဒီအကျိုးကို ဖြစ်စေတတ်တဲ့အကြောင်းနှစ်ခုဟာ ဘယ်ရောက်သွားသလဲ။ ပျောက်မသွားဘူးလား။ အကျိုးပေးပြီးလျှင် ပျောက်သွားရော။

ထို့ကြောင့် ဝိဘဝတော့–ဖြစ်ပြီးမှကင်းသောအားဖြင့် ဖြစ်ပြီးလျှင် ပျောက်သွားတာဘဲ။ မဖြစ်ခင်ကသာ သူအကျိုးဖြစ်ဖို့ရာ စောင့်နေတာ။ ဖြစ်လည်းပြီးရော မရှိတော့ဘူး။ ခုတင်က မူလအကြောင်းနဲ့အထောက်အပံ့အကြောင်းတရားတို့သည် အကျိုးဖြစ်ပြီးလျှင် ဒီအကျိုးကို ဖြစ်စေတတ်တဲ့ အကြောင်းမရှိတော့ဘူး။

အကြောင်းကင်းလို့ အကျိုးချုပ်တာ။ ဒါနိဗ္ဗာန်မဟုတ်ဘူး။ ဒါက အကျိုးလည်း ချုပ်ငြိမ်းတယ်။ အကြောင်းလည်း ကင်းပြတ်သွားပြီ။ အကျိုးလည်း ဖြစ်စရာမရှိတော့ဘူး။ ဒါဖြင့် သူဖြစ်စေတတ်တဲ့ အကြောင်းကော

https://www.thitsarparamisociety.com/



ရှိသေးသလား။ အဲဒါကို နိဗ္ဗာန်လို့အထင်မှားလိမ့်မယ်။ (အကြောင်းအကျိုး ကင်းပြတ်ရာ နိဗ္ဗာန်ကို) အကျိုးပေးပြီးလျှင် ကင်းတာဘဲ။ အကျိုးကလည်း ဥပါဒ် ဌီ ဘင် စေ့တော့ ပျောက်မသွားဘူးလား။ ဒါဘယ့်နှယ်နိဗ္ဗာန် ဆိုမလဲ။ ဒုက္ခဖြစ်ပြီးသွားပြီ၊ သေသွားပြီ၊ ဒုက္ခချုပ်ငြိမ်းသွားပြီ၊ ဒါနိဗ္ဗာန် ခေါ်မလားလို့။ အကြောင်းရောအကျိုးရော နှစ်ခုစလုံးဖြစ်ပြီးတော့မှ ပျောက်သွားတာ။ ဒါ နိဗ္ဗာန် ဟုတ်နိုင်ပါ့မလား။

ဒါဖြင့်...ဘယ်လိုဆိုရမလဲ။ ယခု အကျိုးပေးဆဲအကြောင်းကြောင့် ယခု လူရယ်လို့ ဖြစ်နေတာ။ အကြောင်းကအကျိုးပေးနေလို့ အကျိုးပေါ်နေတာ။ ဒါဖြင့်...အကျိုးမပေးရသေးတဲ့ အကြောင်းတွေကော သတ္တဝါတစ်ဦးမှာ အများကြီးမရှိဘူးလား။ ယခု အကျိုးပေးဆဲအကြောင်းလည်းရှိမယ်။ အကျိုးမပေးရသေတဲ့ အကြောင်းတွေလည်း ရှိမယ်။

ဒီတော့ အကျိုးပေးဆဲအကြောင်းသည် အကျိုးပေးပြီးလျှင် ပြတ်ရော။ အကြောင်းကံဆိုတာ သူ့အကျိုးနဲ့သူ ပြတ်သွားတာဘဲ။ ဘယ်မဂ်မှ သူ့ကို သတ်စရာမလိုဘူး။ ဘာနဲ့မှ ပယ်စရာမလိုဘူး။ ငှက်ပျောသီးက ငှက်ပျောပင်ကို သတ်သလို သူ့အကျိုးကဘဲ သူ့အကြောင်းသတ်သွားတယ်။ ဒီတော့...သူ့ပယ်ဘို့ လိုသေးသလား။ မလိုဘူး။

ဒါဖြင့် အကျိုးပေးချိန်တန်လျှင် ပေးရအောင်လို့ စောင့်နေရတဲ့ အကြောင်းတွေ သတ္တဝါတစ်ဦးမှာ အများကြီးရှိတယ်။ အဲဒီ စောင့်နေတဲ့ အကြောင်းတွေရှိတော့ ဒီအကြောင်းတွေကြောင့် ဖြစ်ထိုက်တဲ့ အကျိုးတရားကော ဒီအကြောင်းတွေမှာ မှီမနေဘူးလား။ ဒီအကြောင်းတွေရှိလျှင် ဒီအကြောင်းတွေကြောင့် ဖြစ်ထိုက်တဲ့ အကျိုးတရားဟာလည်း ရှိနေရမယ်။ အကြောင်းသာရှိတယ်၊ အကျိုးမရှိဘူးဆိုလို့ ဖြစ်ပါ့မလား။ သို့ပေမယ့် ... ဒီအကြောင်းတွေ ဒီအကျိုးတွေဟာ ဥပါဒ် ဌီ ဘင် အားဖြင့် ဖြစ်နေတဲ့အကြောင်းတွေ အကျိုးတွေလား။ ဖြစ်ပြီးသောအားဖြင့် ရှိနေတဲ့အကျိုးတွေ

https://www.thitsarparamisociety.com/



အကြောင်းတွေလား။ ဖြစ်ထိုက်တဲ့ အကြောင်းတွေအကျိုးတွေလား။ စဉ်းစားကြည့်။ အကျိုးပေးခွင့်ရလျှင် ပေးဖို့ရာစောင့်နေတာတွေ။ ဖြစ်နေတဲ့ဟာမဟုတ်ဘူး။

ဒီတော့...အကျိုးပေးဖို့ရာ စောင့်နေတဲ့ ဒီအကြောင်းတွေကြောင့် ပေးရမယ့်အကျိုးတွေ ဥပါဒ် ဌီ ဘင် ခဏသို့ မရောက်သောကြောင့် သူတို့ကို ဖြစ်ပြီးလည်း မဆိုနိုင်ဘူး။ ဖြစ်ဆဲလည်း မဆိုနိုင်ဘူး။ ဧကန္တ–ဖြစ်လတ္တံ့လည်း မဆိုနိုင်ဘူး။ အကြောင်းအဖြစ်နဲ့ စောင့်နေတုန်းမှာပြောတာ။

ဥပမာ...ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ၊ ကံတစ်ခုခုလုပ်လိုက်မယ်။ လုပ်လိုက်လို့ ပြီးသွားပေမယ်လို့ ဒီ ကိလေသာနဲ့ကံဟာ ဒီ သတ္တဝါသန္တာန်မှာ ကိန်းပြီးတော့ တည်နေတယ်။ ရှိနေတယ်။ ဖြစ်နေတယ်လို့တော့ မခေါ်ဘူး။ ရှိနေတယ်လို့တော့ ခေါ်ရမယ်။ အဲဒီ ပြီးပြီးသားကိလေသာတွေဟာ မဂ်နဲ့မပါယ်ရသေးလျှင် ဒီသတ္တဝါသန္တာန်မှာ ဒီကိလေသာဖြစ်ဖို့ရာ အကြောင်းအနေနဲ့ ရှိနေတယ်။ ဒါဖြင့် ဖြစ်နေသလားဆိုတော့ ဖြစ်နေတာတော့ မဟုတ်ဘူး။ ဖြစ်နေတာ မဟုတ်ခြင်းကြောင့် နောင်ကိုအကျိုးပေးဖို့ရာ စောင့်နေတဲ့ကံနှင့် ၎င်းကံ၏အကျိုးတွေဟာ ကာလသုံးပါးမှာလွတ်နေတယ်။ ကာလဝိမုတ် ဖြစ်ရမယ်၊ သူ့ကို ဖြစ်ပြီးလည်းမဆိုနိုင်ဘူး။ ဧကန္တ–ဖြစ်လတ္တံ့လည်း မဆိုနိုင်ဘူး။ မဂ်ဖြင့်ပယ်သတ်လိုက်ရလျှင် သူမဖြစ်နိုင်တော့ဘဲကိုး။ ဒါဖြင့်...သူ့ကို ဖြစ်လတ္တံ့လို့ မဆိုနိုင်ဘူးလား။ မသတ်နိုင်သေးလျှင်တော့ သူဖြစ်မှာဘဲ။ ဖြစ်ပေမယ်လို့ ကိန်းနေတဲ့အနေနဲ့ ဖြစ်မှာမဟုတ်ဘူး။ ဖြစ်တော့ ပရိယုဋ္ဌာန၊ ဝီတိက္ကမ–အနေနဲ့ ဖြစ်သွားမှာ။

ဒီတော့ ကိန်းဓာတ်၊ ဝပ်ဓာတ်ဆိုတာ ရှိနေတော့မယ်၊ ဖြစ်တော့မနေဘူး။ ဖြစ်မနေခြင်းကြောင့် ဒီကိန်းဓာတ်ဝပ်ဓာတ်ကို ဒို့ကြိုက်တာက ကာလဝိမုတ် ကြိုက်တယ်။ ပစ္စုပ္ပန်လည်းမဟုတ်ဘူး၊ အတိတ်လည်းမဟုတ်ဘူး။ အနာဂတ်လည်း မဟုတ်ဘူး။ ကိန်းဓာတ်ဟာကိန်းတာဘဲ။ ဒါဖြင့်ယခု

https://www.thitsarparamisociety.com/



အကျိုးပေးဆဲဖြစ်သော အကျိုး၏အကြောင်း ဒီအကြောင်းဟာ ဘာနဲ့ပြတ်သလဲ၊ ဒီအကျိုး၏ ဥပါဒ် ဌီ ဘင် စေ့လို့ပြတ်သွားပြီးလျှင် ဒီအကြောင်းလည်း ပြတ်တာဘဲ။ ဒီအကြောင်းကို ဒီအကျိုးကဘဲ ပြန်သတ်သွားတယ်။

ဒီတော့ အကျိုးပေးမယ်လို့ စောင့်နေတဲ့အကျိုးနဲ့အကြောင်းတွေကလည်း သတ္တဝါသန္တာန်မှာအများကြီးရှိနေတယ်။ အကျိုးပေးမယ်လို့ စောင့်နေတဲ့အကြောင်းတွေကို မဖြတ်နိုင်၊ မပယ်နိုင်လျှင် ဒီသတ္တဝါဟာ သံသရာမပြတ်ဘူး။ ခုဖြစ်ဆဲအကြောင်းနဲ့ ဖြစ်ဆဲအကျိုးက ပြတ်လို့မရဘူး။ ဘုရား၊ ရဟန္တာများပရိနိဗ္ဗာန်စံအောင်းနေရတာ ဖြတ်လို့မရလို့ပေါ့။ ဒါဖြင့် အကျိုးပေးဖို့ရာ စောင့်နေတဲ့အကြောင်းတွေ အကျိုးတွေကိုတော့ ဖြတ်လို့ပယ်လို့ရမယ်။

ဖြတ်လို့ပယ်လို့ရအောင် ဘယ့်နှယ်လုပ်မလဲ။ ယခုလည်း **အကျိုးဒုက္ခသစ္စာ ရုပ်နာမ်ကိုမြင်အောင်ရှုပါ။ ဘယ်လိုရှုရမလဲ။ ဉာဏ်နဲ့ရှု။ ဒီဉာဏ်ဘယ်ကလာရမလဲ။ "သတိ"ကလာရတယ်။ ဒီ သတိ ဘယ်ကလာရမလဲ။ ဝီရိယက လာရမယ်။ အားထုတ်မှု ဝီရိယမရှိဘဲနဲ့ သတိ မဖြစ်နိုင်ဘူး။ သတိ မဖြစ်ဘဲနဲ့ သီလမစင်ကြယ်နိုင်ဘူး။ သီလ မစင်ကြယ်ဘဲနဲ့ သမာဓိမှန် မရောက်နိုင်ဘူး။ သမာဓိမှန် မရောက်ဘဲနဲ့ အသိဉာဏ်မပေါ်နိုင်ဘူး။ အသိဉာဏ်မပေါ်ဘဲနဲ့ ဒီ ဖြစ်ဆဲ ရုပ်နာမ် မသိနိုင်ဘူး။**

ဒီဖြစ်ဆဲ ရုပ်နာမ်တွေရဲ့အကြောင်းကတော့ ဖြစ်ဆဲရုပ်နာမ်သိလျှင် သူလည်း သိပြီးသား ဖြစ်သွားတာဘဲ။ ဖြစ်ဆဲရုပ်နာမ်မရှိလျှင် ဖြစ်ဆဲရုပ်နာမ်ကို အကျိုးပေးတဲ့အကြောင်းကလည်း ကုန်သွားပေါ့ကိုး။ ဖြစ်ဆဲရုပ်နာမ်သိလျှင် သူလည်း သိပြီးသား ဖြစ်သွားတာပေါ့။ ဒီတော့ ဒီ သမုဒယနဲ့ ဒီ ဒုက္ခဟာ သိဖို့ရာနဲ့ပယ်ဖို့ရာလို့ နှစ်မျိုးရှိလာတယ်။ အဲဒီ နှစ်မျိုးတို့တွင် ဖြစ်ဆဲရုပ်နာမ်နှင့် ဖြစ်ဆဲအကြောင်းတရား သို့မဟုတ် အကျိုးပေးဆဲအကြောင်းနဲ့ ဖြစ်ဆဲအကျိုးဟာ ပယ်ဖို့ရာမဟုတ်ဘူး။ သိဖို့ရာသာ ဖြစ်တယ်။

https://www.thitsarparamisociety.com/



ဘယ်လိုသိရမလဲ။ ဝိပဿနာဉာဏ်နဲ့သိရမယ်။ သိအောင်လုပ်ရမယ်။ သိတော့ အဲဒီအကျိုးနဲ့ဒီအကြောင်းကို ယောဂီပုဂ္ဂိုလ်ကတွယ်တာနေအုံးမလား၊ မတွယ်တာဘူး။ မတွယ်တာပေမယ်လို့ ဖြစ်ဆဲအကျိုးနဲ့ဖြစ်ဆဲအကြောင်းကို ပယ်နိုင်သလားဆိုတော့ မပယ်နိုင်ဘူး။ သူ့အကြောင်းရှိသလောက် ဆက်ဖြစ်နေဦးမှာဘဲ။

ဘယ်ဟာ ပယ်ရမလဲ။ သတ္တဝါသန္တာန်မှာ အပါယ်ဘုံမှာ ဖြစ်နိုင်တဲ့ ရုပ်နာမ်အကျိုး၊ ၎င်းအကျိုးကို ဖြစ်စေနိုင်တဲ့ အကုသိုလ်ကံ။ ဒီသတ္တဝါသန္တာန်မှာ ဒီအကုသိုလ်နဲ့ ဒီအကျိုးဟာ ရှိနေတယ်။ ဒီတော့ အဖျင်းဆုံးအားဖြင့် ဖြစ်ဆဲဖြစ်တဲ့ အကြောင်းနဲ့အကျိုးကို ပိုင်းပိုင်းခြားခြား မြင်ပြီးဉာဏ်ရင့်လို့ လောကုတ္တရာအာရုံ မိလိုက်လျှင် အပါယ်အကျိုးပေးမဲ့ အကုသိုလ်ကံ ပြတ်သွားရော။ ပြတ်သွားလျှင် အဲဒီ အကုသိုလ်ကံကြောင့်အပါယ်ဘုံမှာ ဖြစ်ထိုက်တဲ့ရုပ်နာမ်ခန္ဓာအကျိုးဟာ မဖြစ်နိုင်တော့ဘူး။ ချုပ်ပျောက်သွားတယ်။ အေး…အဲဒါ နိရောဓဘဲပေါ့။ အဲဒီ နိရောဓဖြစ်ဆဲ ဒုက္ခချုပ်ငြိမ်းတာ။ ဒါကြောင့် လောကုတ္တရာတရားရတဲ့ သောတာပန်ပုဂ္ဂိုလ်မှာ ငြိမ်းပေပေါ့။ စိတ်ချရပေပေါ့။ ငါ,အပါယ်မဖြစ်နိုင်တော့ဘူးဆိုတဲ့စိတ် ပေါ်လာတာ။ တရားရတဲ့ပုဂ္ဂိုလ် ဒီလိုပေါ်မှ၊ မပေါ်သေးလျှင် အပါယ်ဖြစ်ဖို့ရာသေချာနေပြီ၊ ဘာဖြစ်လို့လဲ။ ဟိုမှာအကျိုးပေးမယ်လို့ စောင့်နေတဲ့ကံတွေက ရှိနေတာကိုး။ စောင့်နေတော့ ဒီကံဟာ အကျိုးမပေးဘဲနေဘူး။

ဒီတော့ သမုဒယကိုပယ်တယ်၊ ဒုက္ခကို ချုပ်ငြိမ်းစေတယ်ဆိုတာ စင်စစ်မှာတော့ ဖြစ်ရမဲ့အကျိုးတရားကို မဖြစ်စေအောင် မဂ်ကုသိုလ်နဲ့ဖြတ်ပစ်လိုက်တာ ဖြစ်နေတဲ့အကျိုးတရား ဖြတ်လို့မရဘူး။ ဖြတ်ရမဲ့ဟာတွေကို ဖြတ်ပစ်တာ။ အသီးတွေ အပွင့်တွေနဲ့သစ်ပင်ကို လှဲလိုက်လို့ ဒီအသီးအပွင့်ဟာ ရှေ့ဆက်ပြီးတော့ အပင်မဖြစ်နိုင်သလို နောင်ကို အကျိုးပေးဖို့ရာစောင့်နေတဲ့အကြောင်းနှင့်တကွ အကျိုးခန္ဓာကို မဂ်ဉာဏ်နဲ့ သူ့အာရုံကို ပိုင်းပိုင်းခြားခြားသိလို့ ပယ်လိုက်တာဟာ အပင်လှဲပစ်လိုက်တာဘဲ။ လှဲပစ်

https://www.thitsarparamisociety.com/



လိုက်တော့မှ အဲဒီအကြောင်းနဲ့ ဒီအကျိုးဟာ ဒီနေရာမှာပြတ်သွားတာ။ ရှင်းပါပြီဘုရား။

ဒီတော့ ဖြစ်မနေပေမယ်လို့ နောင်ကိုအကျိုးပေးဖို့ရာ အကျိုးနဲ့ အကြောင်းဟာ သတ္တဝါသန္တာန်မှာရှိနေတယ်။ ဘယ်လိုရှိနေတာလဲ။ ယမ်းထဲမှာရှိနေတဲ့ မီးဓာတ်ဟာ ဖြစ်နေတာမဟုတ်ဘူး။ ရှိနေတာ။ သစ်စေ့ထဲမှာ အပင်ကိုပေါက်စေတတ်တဲ့ ဓာတ်ဟာလည်း အစေ့ထဲမှာရှိတယ်။ သို့ပေမယ်လို့ ဖြစ်နေတာမဟုတ်ဘူး။ ရှိနေတာ။ ကိန်းဓာတ်သဘောကို ပြောနေတာ။ အေး...အဲဒီ ကိန်းဓာတ်ကိုပျက်အောင် ဖျက်ပစ်ရမှာ။ အဂ္ဂိယတ်သမားတစ်ယောက်ကို အဂ္ဂိယတ်နည်းနဲ့ ယမ်းတွေဇောငြိမ်းအောင် ထိုးခိုင်းလိုက်စမ်း။ ယမ်းတွေဇော ငြိမ်းထိုးလိုက်တော့ ယမ်းထဲမှာ မီးအောင်ငြိမ်း အေးသွားရော။

ထိုနည်းတူစွာ ယမ်းထဲမှာမီးရှိသလို ဒီရုပ်ဒီနာမ်မှာ ကိလေသာရယ်၊ ကံရယ်၊ နောင်လာမယ့် အကျိုးတွေရှိနေတာဘဲ။ အကျိုးပေးချိန်ရောက်မှ ပေါ်လာတာမဟုတ်။ နဂိုထဲက ရှိနေတာ။ **ဒါကြောင့် နိဗ္ဗာန်ဟာ ကိုယ်မှာရှိတယ်ဆိုတာ** ဒါပြောတာ။ ရှိပေမယ်လို့ ဖြစ်နေတာလားဆိုတော့ ဖြစ်နေတာ မဟုတ်ဘူး။

မှတ်ချက်။ ။သုတ္တန္တိက ပရိယာယ်နည်းဟု မှတ်ယူကြစေလိုပါသည်။

ဘယ်လောက်ဆန်းသလဲလို့။ ဖြစ်နေတဲ့ဒုက္ခကို သိ၊ သမုဒယကို ပယ်၊ သမုဒယကိုပယ်လျှင် ဒုက္ခပြတ်မယ်။ **သမုဒယပယ်လို့ ဒုက္ခပြတ်သည်ကိုပင် နိဗ္ဗာန်**။ လက်ရှိရုပ်နာမ်ဒုက္ခကို သိနေရမှာ။ ဒီဒုက္ခကိုလည်း ပယ်လို့ မဖြစ်၊ ဒီဒုက္ခ၏အကြောင်းကိုလည်း အကျိုးကပယ်သွားတယ်။ သည့်ပြင်တရား တစ်ပါးက ပယ်စရာမလိုတော့ဘူး။

https://www.thitsarparamisociety.com/



ဒီလို သေသေချာချာရှာတော့ လက်ရှိဖြစ်ဆဲ ရုပ်နာမ်၏အကြောင်း တရားသည် ပယ်စရာအကြောင်းမဟုတ်ဘူး။ လက်ရှိဖြစ်ဆဲ အကျိုးနာမ်ရုပ် တရားသည် ချုပ်စရာအကျိုးလည်း မဟုတ်ဘူး။ အကြောင်းပြတ်လျှင် အ ကျိုးချုပ်မယ်၊ အဲဒီ ချုပ်တဲ့အကျိုးဟာ ဘယ်အကျိုးလဲလို့ ခုလိုက်ရှာနေ တာနော်။

နောင်ဖြစ်ထိုက်တဲ့အကျိုး၊ ယခုဘဝက တကယ်လို့သေသွားတယ် ဆိုပါတော့ အပါယ်အစရှိသော ထိုထိုဘဝတွေမှာ ဖြစ်ဖို့ရာကံတွေ အများ ကြီး ရှိတယ်။ အေး...အဲဒါတွေ ချုပ်ရမယ်။ အကျိုးမပေးတော့ဘူး။ ငြိမ်း ပြီ၊ အေးပြီ၊ စိတ်ချရပြီ၊ ဘာဒုက္ခမှ ငါ့နောက်မလိုက်နိုင်တော့ဘူး။ တရား ရတဲ့ပုဂ္ဂိုလ်က ဒီလိုသိရမယ်။ နိဗ္ဗာန်မျက်မှောက်ပြုနိုင်တယ်ဆိုတာ၊ ဒီမှာရှိ နေလို့ ပြုနိုင်တာ။ မရှိတာကိုရှာပြီး ပြုနေမလားလို့၊ အမှန်က ရှိနေတယ်။ ဖြစ်နေတာတော့ မဟုတ်ဘူး။

ဥပါဒ် ဌီ ဘင်အားဖြင့် ဖြစ်နေတာကတော့ လက်ရှိရုပ်နာမ်ပေါ့။ အကျိုးပေးဆဲမဟုတ်တဲ့ နောင်အကျိုးပေးဖို့ရာ စောင့်နေတဲ့ သမုဒယက တော့ ပယ်ရမယ့် သမုဒယပေါ့။ ဒုက္ခသိခြင်းဆိုတာကတော့ ယခုလက်ရှိ ဒုက္ခကိုသိရမှာ သမုဒယပယ်ခြင်းဆိုတာက အနာဂတ်အကျိုးပေးဖို့ရာ သတ္တဝါ သန္တာန်မှာ ရှိနေတဲ့ အဲဒီ...သမုဒယကို ပယ်ရမယ်။ ဒီသမုဒယ ပယ်တော့ ဒီသမုဒယကြောင့် ဖြစ်ရမဲ့အကျိုးတရား မရှိနိုင်တော့ဘူးဆိုတာ ယောဂီ ပုဂ္ဂိုလ်က ကိုယ်တွေ့ဖြစ်ရမယ်။ ဒါ နိရောဓ မျက်မှောက်ပြုတာ။

ဒုက္ခ သိခြင်း၊ သမုဒယ ပယ်ခြင်း၊ နိရောဓ မျက်မှောက်ပြုခြင်း၊ ဒါ ဘယ်တော့မှရမလဲ။ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ မဂ္ဂင်တရားနဲ့ပြည့်စုံ အောင်လုပ်ပါ။ မဂ်ပညာ မရောက်နိုင်သေးလျှင် ဝိပဿနာပညာနှင့်ပြည့်စုံ အောင် လုပ်ပါ။ ဝိပဿနာပညာမရောက်နိုင်သေးလျှင် ရုပ်သဘာဝ၊ နာမ် သဘာဝကိုသိတဲ့ပညာနှင့် ပြည့်စုံအောင်လုပ်ရမယ်။

https://www.thitsarparamisociety.com/



အဲဒီ ရုပ်သဘာဝ၊ နာမ်သဘာဝ သိတဲ့ပညာ၊ ဝိပဿနာပညာ၊ မဂ်ပညာ ဆိုတဲ့ဒီပညာအမျိုးမျိုးတွေ၏မှီရာက **သမာဓိ**၊ သမာဓိမရှိဘဲနဲ့မရဘူး။ **သမာဓိက အာရုံကို ဖမ်းပေးရတယ်။ သမာဓိကဖမ်းပေးတဲ့အာရုံကိုမှ ပညာက သိတယ်။**

ပညာအမှန်ရချင်လျှင် ဒီသမာဓိရအောင် လုပ်ရမယ်။ ဒါဖြင့် ဒီသမာဓိ ဘယ်ကလာရသလဲ။ သုခံသမာဓတ္တာယ။ သုခံ–ချမ်းသာခြင်းသည်။ သမာဓတ္တာယ–သမာဓိအကျိုးငှာ။ ဟောတိ–ဖြစ်၏။ **သမာဓိလိုချင်လျှင် ချမ်းသာနှင့်ပြည့်စုံအောင် လုပ်ပါ**။ ဒီလိုဆိုလိုတယ်။ ဒီချမ်းသာနှင့်ပြည့်စုံအောင် ဘာကိုလုပ်ရမှာလဲ။ သီလတောသုခိတာ–**သီလစင်ကြယ်အောင် သုတ်သင်ပေါ့**။ ဒီလိုဆိုလိုတာ။ သီလစင်ကြယ်အောင် သုတ်သင်တော့ မစင်ကြယ်နိုင်ပါဘူး။ တော်တော်ကြာလျှင် ကျိုးရင်း၊ တော်တော်ကြာလျှင်ပေါက်ရင်းနဲ့။ ဒါဖြင့် **သတိ**လုပ်ပါ။ သီလ အသာထားစမ်းပါဦး။ **သတိ**ပြည့်စုံအောင် ထူထောင်ပါ။

ခန္ဓာကိုယ်ထဲမှာ ကောင်းကောင်းဆိုးဆိုး ဘယ်ဟာဖြစ်ဖြစ်၊ ဖြစ်လေသမျှ အမြဲသတိထားပါ။ ကိုယ့်အလိုနဲ့တော့ မလွှတ်ပါစေနဲ့။ သူ့ဟာသူ မတော်လို့ လွှတ်လျှင် လွှတ်ပေစေ။ ငါ့အနေနဲ့တော့ ငါသိအောင် သတိထားမယ်။ မကောင်းတာဖြစ်လည်း သိပစ်ရမယ်။ ကောင်းတာဖြစ်လည်း သိပစ်ရမယ်။ ဆင်းရဲလည်း သိပစ်ရမယ်။ ချမ်းသာလည်း သိပစ်ရမယ်။ ဒီ **ခန္ဓာကိုယ်မှာ ဖြစ်ဖြစ်သမျှတော့ မသိ–သိအောင် ထားရမယ်။**

အေး...အဲဒီလို သတိထားလို့ ရင့်ကျက်လာတော့မှ ဒီ သီလစင်ကြယ်တာ။ သီလပေါက်ကြားတယ်ဆိုတာ သတိမေ့လျော့လို့။ သတိရှိနေလျှင် သီလမပေါက်ကြားဘူး။ ဒါဖြင့် သတိကို ကြိုးစားလုပ်။ ဒါဖြင့် ဒီသတိက ဘာနဲ့လုပ်ရမှာလဲ၊ **ဝိရိယနဲ့လုပ်ပါ**။ ဝိရိယ ဘယ်ကလာရမလဲ။ **ဘုရား–တရား–သံဃာ ရတနာသုံးပါးကို ယုံကြည်မှု သဒ္ဓါ၊ စိတ်ကြည်လင်မှု**

https://www.thitsarparamisociety.com/



သဒ္ဓါ၊ ဒီသဒ္ဓါအရင်းခံမှ ဒီဝီရိယပေါ်မှာ၊ ဒီဝီရိယရှိမှ သည်းခံနိုင်မှာ။

ဒီတော့ သည့်ပြင်ဟာတွေ ထားလိုက်ပါအုံးတော့၊ စိတ်မကြည်လင်ဘဲနဲ့ ကုသိုလ်ကိုမလုပ်နိုင်ဘူး။ ဘုရားတောင် စိတ်မကြည်လင်ဘဲနဲ့ရှိခိုးနိုင်သလား။ ဒီတော့ စိတ်ကြည်လင်မှုဟာ သဒ္ဓါဘဲ။ စိတ်ကြည်လင်မှု သဒ္ဓါရှိလျှင် စိတ်အားထက်သန်မယ်၊ ဝီရိယထက်သန်လာလျှင် သည်းခံနိုင်မယ်။

**ဒါဖြင့် သဒ္ဓါ၊ ဝီရိယ၊ ခန္တီဆိုတဲ့ တရားသုံးပါးကို အရင်းခံထား၍ "သတိ"ကိုလုပ်ပါ။ "သတိ" လုပ်လို့ သတိအားကောင်းလာလျှင် သီလစင်ကြယ်မယ်။** ကာယကံပြစ်၊ ဝစီကံပြစ်၊ မနောကံပြစ်၊ အပြစ်ကင်းလာလျှင် ကိုယ့်ကိုယ်ကို ပြန်အာရုံပြု စူးစမ်းကြည့်စမ်း။ အမယ်လေး...ငါ့မှာ ကာယကံပြစ်၊ ဝစီကံပြစ်၊ မနောကံပြစ်တွေ ကင်းလိုက်တာ၊ ငါ့မှာစင်ကြယ်လိုက်တာ။ ငါသူတော်ကောင်းပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာပါကလား။ ဒီလိုသိလိုက်တဲ့အချိန်အခါမှာ ဘယ်လောက်များချမ်းသာမလဲလို့။

အဲဒီလို ချမ်းသာမှုမျိုး အရင်းခံထားပြီး သမာဓိလုပ်ရမယ်ဆိုပေမယ့် စကားအစဉ်လိုက်လို့ပြောတာ၊ သီလစင်ကြယ်သည်နှင့်တပြိုင်နက် ချမ်းသာအလိုလိုရောက်၊ စိတ်တည်ကြည်သည်နှင့်တပြိုင်နက် ချမ်းသာအလိုလိုရောက်၊ စိတ်တည်ကြည်တာကို သမာဓိခေါ်တာ။ စိတ်တည်ကြည်မှု အလိုလိုရောက်လာလို့ ဒီသဘာဝကို သိနေလျှင် ဒီသဘာဝပေါ်မှာ အသိဉာဏ်က ဒါရုပ်နာမ်ဘဲ။ ဒါမမြဲဘူး။ ဒါမကောင်းဘူး။ ဒါအစိုးမရဘူး။ မမြဲတာ အနိစ္စ၊ မကောင်းတာ ဒုက္ခ၊ အစိုးမရတာ အနတ္တ၊ ဆင်းရဲတာ ဒုက္ခမဟုတ်ဘူး။ မကောင်းတာ ဒုက္ခ။

မင်းတို့ ရုပ်တွေနာမ်တွေနဲ့ နေထိုင်စားသောက် သွားလာနေတယ်၊ ပကတိစိတ်မှာတော့ ဆင်းရဲတယ် မထင်ဘူးပေါ့။ သို့ပေမယ့် ဒါတွေကောင်းသလားလို့မေး၊ မကောင်းဘူး။ မကောင်းလျှင် ဒုက္ခ၊ ဒီတော့ ဆင်းရဲတဲ့

https://www.thitsarparamisociety.com/



ဒုက္ခကို မယူနဲ့၊ မကောင်းတဲ့ဒုက္ခကို ယူ။ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိ၊ တစ်ကိုယ်လုံး တစ်ကောင်လုံး ဆင်းရဲချမ်းသာအမျိုးမျိုး အဖုံဖုံတွေ ဖြစ်မနေဘူးလား။ ဖြစ်တိုင်းဖြစ်တိုင်းကော မြဲနေသလား။ မမြဲဘူး။ ဒါဖြင့် သူ့ကို အနိစ္စ ဆိုနေဘို့လိုသေးသလား။ သူဖြစ်တာသာတွေ့အောင်လုပ်။ **အနိစ္စ** ပေါ်နေတာဘဲ။ ဖြစ်တာတွေ့အောင်လုပ်လျှင် အနိစ္စပေါ်မနေဘူးလား။ ဒါဖြင့် ဖြစ်တိုင်းဖြစ်တိုင်း မရှိတာကြီးဟာ သူ့ကိုကောင်းတယ်လို့ဆိုမလား၊ မဆိုဘူး။ မကောင်းလျှင် **ဒုက္ခ။** ဒါဖြင့် မဖြစ်အောင် ကောင်းအောင်ကော ကိုယ်တတ်နိုင်သလား။ မတတ်နိုင်ပါ။ ဒါ **အနတ္တ။**

**အနိစ္စ၊ ဒုက္ခ၊ အနတ္တ** ဆိုတာ အလိုလိုပါနေတာ မဟုတ်ဘူးလား။ သူ့အသိဉာဏ်ပေါ်လာတဲ့အခါ ပြောပါတယ်။ အသိဉာဏ်ပေါ်လာလျှင် အနိစ္စ ဒုက္ခ၊ အနတ္တ အလိုလိုပါနေတာဘဲ။ ဒီရုပ်တွေ နာမ်တွေ ခန္ဓာတွေလည်း အသိဉာဏ်ပေါ်လာလျှင် အလိုလိုသိနေတာဘဲ။ ဒီချမ်းသာကလည်း သီလစင်ကြယ်လျှင် ပြီးတာဘဲ။ သီလစင်ကြယ်မှုကလည်းသတိမြဲလျှင် ပြီးတာဘဲ။ ဒါကြောင့် "**သတိ**"မြဲအောင် ကြိုးစားအားထုတ်နိုင်ကြပါစေသတည်း။

သာဓု-သာဓု-သာဓုပါဘုရား။

☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆

**လိုလျှင် မပြည့်စုံ၊ မလိုမှ ပြည့်စုံသည်၊**
**မလိုအောင်လုပ်ကြ။**

(ဝေဠုဝတီ ဆရာတော်ဘုရားကြီး)

https://www.thitsarparamisociety.com/



မြောင်းမြမြို့ ကျေးဇူးရှင် ကမ္မဋ္ဌာနာစရိယ ဝေဠုဝတီ ဆရာတော် ဘုရားကြီးသည် ၁၃၀၀-ပြည့်နှစ် တန်ဆောင်မုန်း လပြည့်နေ့တွင် ဘိုကလေးမြို့ သဒ္ဓမ္မဝတီရိပ်သာ၌ ယောဂီတပည့် အပေါင်းတို့အား ဟောကြားဆုံးမတော်မူအပ်သော

# ဝိပဿနာ လုပ်ထုံးတရားတော်

သတောဝ အဿသတိ၊ သတောဝ ပဿသတိ။
သတောဝ၊ သတိထား၍သာလျှင်။ အဿသတိ၊ ဝင်လေကိုရှိုက်၏။
သတောဝ၊ သတိထား၍သာလျှင်။ ပဿသတိ၊ ထွက်လေကိုရှူ၏။
ဝင်လေ ရှိုက်လေသည် အဿာသ၊
ထွက်လေ ရှူလေသည် ပဿာသ၊
ဒါက...သုတ္တန်အဋ္ဌကထာ အလို
အဿသတိ၊ ထွက်လေကိုရှူ၏။ ပဿသတိ၊ ဝင်လေကို ရှိုက်၏။

ထွက်လေ ရှူလေသည် အဿာသ၊
ဝင်လေ ရှိုက်လေသည် ပဿာသ၊
ဒါက...ဝိနည်း အဋ္ဌကထာ အလို၊

အဲဒီလို စာအနေနဲ့ နှစ်မျိုးကွဲပြားနေတယ်။ ဘာပြုလို့ ကွဲပြားနေသလဲဆိုရင်၊

သုတ္တန် အဋ္ဌကထာ အလိုက ပဋိတ္တိအခါ တရားဘာဝနာ အားထုတ်သောကာလ၌ ပထမ ဝင်သက်လေကို ရှိုက်၍၊ ဒုတိယ ထွက်သက်လေကို ရှူထုတ်ရတယ်၊ အဲဒီကာလကိုအကြောင်းပြု၍ ဝင်လေရှိုက်လေသည် အဿာသ၊ ထွက်လေ ရှူလေသည် ပဿာသ...လို့ဆိုတယ်။

ဝိနည်း အဋ္ဌကထာအလိုက ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား အမိဝမ်းတိုက်မှ ထွက်သောအခါ၌ ပထမ ထွက်လေကိုရှူ၍ ဒုတိယ ဝင်လေကိုရှိုက်တယ်၊ အဲဒီ မိခင်ဝမ်းတွင်းမှ ထွက်သောကာလကို အကြောင်းပြု၍

https://www.thitsarparamisociety.com/



ထွက်လေ ရှူလေသည် အဿာသ၊
ဝင်လေ ရှိုက်လေသည် ပဿာသ၊ လို့ ဆိုတယ်။
ဒီတော့ မိခင်ဝမ်းတိုက်မှထွက်လာသောကာလနှင့် ပဝတ္တိ တရားအား ထုတ်သောကာလ၊ ဒီ ကာလနှစ်မျိုးကို အခြေပြုပြီးကွဲပြားနေသော်လည်း နှစ်နည်းလုံး သူ့နည်းနှင့်သူ အမှန်ချည်းပင်ဖြစ်ပါတယ်။

ဒါပေမဲ့ တရားအားထုတ်ရာမှာတော့ သုတ္တန်ဒေသနာတော်အတိုင်း ပထမ ဝင်လေကိုရှိုက်၍ ဒုတိယ ထွက်လေကိုရှူပါ။

စင်စစ်တော့ ရှူလေကို ထွက်လေလို့ဆိုတာက သတ္တဝါများ အပန်း ဖြေတဲ့လေဘဲ၊ အပန်းဖြေတော့ ပထမ ရှိုက်သွင်းလိုက်ပြီးမှ ပြန်ထုတ်လိုက် တယ်၊ ဒါကို အပန်းဖြေတယ်...လို့ခေါ်တယ်။

ဒီတော့က အာနာပါန လုပ်ထုံးမှာ သုတ္တန်နည်းအတိုင်း လုပ်ဖို့လို တယ်၊ တခါ ဒီနေရာမှာ...

၁။ သမထ ယာနိကနည်း
၂။ ဝိပဿနာ ယာနိကနည်း...လို့နှစ်မျိုးလာပြန်တယ်၊
သမထ ယာနိကနည်းအတိုင်း ဆိုရင်
၁။ ပထမ စတုက္က
၂။ ဒုတိယ စတုက္က
၃။ တတိယ စတုက္က
၄။ စတုတ္ထ စတုက္က– အဲဒီလို ၁၆ နည်းနဲ့သွားတယ်။

ဝိပဿနာ ယာနိကနည်းကျတော့ အဲဒီ–၁၆–နည်းစလုံးလုပ်ဖို့ မလို ပါဘူး၊ ပထမ စတုက္ကနည်းဖြစ်တဲ့ "**သတောကာရီစတုက္က**"**သတိ**ဖြစ်အောင် လုပ်ဖို့ဘဲလိုပါတယ်။ ဒါကြောင့် သတိပဋ္ဌာန်ကျတော့ အဲဒီ–၁၆–နည်းစလုံး မဟောတော့ဘဲ၊ ပထမ စတုက္ကဖြစ်တဲ့ "**သတိ**" ဖြစ်အောင် လုပ်ဖို့ရာ "**သတောကာရီစတုက္က** " တစ်ခုထဲဘဲ ဟောခဲ့တယ်။

https://www.thitsarparamisociety.com/



ယခုလုပ်ထုံးနဲ့ကျတော့ "သတော ဝ အဿသတိ၊ သတော ဝ ပဿ သတိ" လယ်တီ ဆရာတော်ဘုရားကြီးလက်နဲ့ဆိုရင် **"သတိမြဲရာ ပထမာ"**

ပထမ စ၍လုပ်တဲ့ယောဂီပုဂ္ဂိုလ်သည် သတော ဝ၊ သတိထား၍သာလျှင်။ အဿသတိ၊ ဝင်လေကိုရှိုက်၏။ သတော ဝ၊ သတိထား၍သာလျှင်။ ပ ဿသတိ၊ ထွက်လေကိုရှူ၏။

ရှိုက်ရင် ရှိုက်မှန်း သိအောင် သတိထား။

ရှူရင် ရှူမှန်း သိအောင် သတိထား။

ရှိုက်တိုင်း...ရှိုက်တိုင်း၊ ရှူတိုင်း...ရှူတိုင်း သတိမလစ်စေနဲ့။ သတိမြဲအောင် ထင်လာအောင် လုပ်ပါ။

အဲဒီရှိုက်လေ ရှိုက်နေရင်း၊ ရှူလေ ရှူနေရင်း စိတ်ကအပြင်သို့ထွက်သွားတတ်ပါတယ်။ အဲဒီလို စိတ်အပြင်သို့ထွက်သွားတဲ့အခါ ယောဂီပုဂ္ဂိုလ်အလိုက ဘယ်လို ဖြစ်လာတတ်သလဲဆိုရင်...

စိတ်အပြင် ထွက်တာဟာ တရားမဟုတ်ဘူး၊ စိတ်ငြိမ်လာမှ တရားဖြစ်မယ်၊ အခုတော့ စိတ်ကအပြင်ထွက်နေတယ်၊ အပြင်ကိုလွင့်နေတယ်၊ ဒါ တရားမဖြစ်ဘူးလို့ အဲဒီလို အယူမျိုးဖြစ်လာတတ်ပါတယ်။

ဒီလို အယူအဆမျိုးဖြစ်လာရင် ယောဂီပုဂ္ဂိုလ်ဟာ မိမိကိုယ်ကို မိမိပြန်၍စစ်ဆေးပါ၊ ဘယ်လို စစ်ဆေးရမလဲဆိုရင် အခုအပြင်သို့ စိတ်ထွက်သွားတာဟာ၊

ဝင်လေ ထွက်လေကို သတိထားလို့ ထွက်တာလား၊

ဝင်လေ ထွက်လေကို သတိမထားလို့ ထွက်တာလား၊

(တနည်း) တရားအားထုတ်ခါမှ ထွက်တာလား၊

တရားအားမထုတ်ဘဲနဲ့ ထွက်တာလား...လို့ အဲဒီလို စစ်ဆေးမေးမြန်းလိုက်တဲ့ အခါကျတော့..."တရားအားထုတ်ခါမှ ထွက်တာပါ"လို့ဆိုတာ အဖြေထွက်လာပါလိမ့်မယ်၊ တရားအားမထုတ်ဘဲနေရင် စိတ်ဟာသူ့ဘာသာသူ ဖြစ်ချင်ရာဖြစ်နေတာဘဲ၊ ဒါဖြင့် စိတ်အပြင်ထွက်တာဟာ တရားအားထုတ်ခါမှ ထွက်တာဘဲလို့ဆိုတာ ထင်ထင်ရှားရှားတွေ့ရပါလိမ့်မယ်။

https://www.thitsarparamisociety.com/



အဲဒီလို တရားအားထုတ်ခါမှ ထွက်တာပါ၊ လွင့်တာပါလို့ တွေ့ရင် ယောဂီပုဂ္ဂိုလ် အလိုက...ဒီလို ထွက်နေတာ လွင့်နေတာ ကိုမကြိုက်ဘူး၊ ငြိမ်နေမှ ကြိုက်မယ်လို့ အဲဒီ ကြိုက်,မကြိုက်ပါနေတယ်။ အဲဒီ ကြိုက်,မကြိုက် မပါရဘူး။ ကိုယ်လုပ်နေကျဘဲ လုပ်ရမယ်။

ဝင်ရင် ဝင်မှန်း သိအောင်သတိထား၊
ထွက်ရင် ထွက်မှန်း သိအောင် သတိထား၊
ဒါကိုဘဲ စိတ်အပြင်မထွက်ဘဲ သတိထားလုပ်နေပါ၊ ဒီလိုလုပ်တော့

ဝင်တာကိုလဲ သိနေတယ်၊
ထွက်တာကိုလဲ သိနေတယ်၊
တိုးတာကိုလဲ သိနေတယ်၊
ထိတာကိုလဲ သိနေတယ်၊
လွင့်တာကိုလဲ သိနေတယ်၊

နှာခေါင်း တစ်နေရာထဲကနေပြီးတော့ သိစရာအများကိုသိနေတယ်၊ အဲဒီလို သိစရာအများကို သိနေတာဟာ သတိထူထောင်မှု၏ အခြေခံပါဘဲ၊ ဒီ အခြေခံဖြစ်တဲ့ သတိကိုထူထောင်နေတဲ့အခါမှာ စိတ်အပြင် မထွက်စေနဲ့ မလွင့်စေနဲ့။

နှာခေါင်းမှာ စိတ်ကပ်ထားဆိုတော့ စိတ်ဟာ သမာဓိဘက်လဲသွားတတ်တယ်၊ သတိပဋ္ဌာန် အလိုက " **သတိမြဲအောင်** " လုပ်၊ သတိဆိုတာ "**အာရုံအများနဲ့ ဆက်ဆံတယ်** "ဘာဖြစ်လာလာ သတိသာမလစ်စေနဲ့လို့ ဆိုတယ်။ ဝေဒနာဖြစ်လာလည်းဝေဒနာကို **သိ၊ သတိ** ကိုထူထောင်ရာမှာ အာရုံများများသိနိုင်လေ သတိအားကောင်းလေလေ ဖြစ်တယ်၊ ဟိုလို ဒီလို ဖြစ်တာကိုမသိစေနဲ့ ဝင်လေ ထွက်လေကိုသာ သိ၊ အဲဒီလို လုပ်နေကြတာဟာ မှားနေကြတယ်။

ဒီတော့ စိတ်အပြင်ထွက်ချင်ထွက် မထွက်ချင်နေ လွင့်ချင်လွင့် မလွင့်ချင်နေ၊ ထွက်လို့ လွင့်လို့ရှိရင်လည်း အဲဒီထွက်တဲ့စိတ်၊ လွင့်တဲ့စိတ်

https://www.thitsarparamisociety.com/



ကို ပြန်ပြီးတော့ သိမ်းမနေနဲ့၊ ကိုယ်လုပ်နေကျကိုသာ လုပ်နေပါ။ "သတိထား" နေပါ၊ အဲဒီလို ကိုယ်လုပ်နေကျအတိုင်း ဝင်လေ ထွက်လေကို သတိထားသိနေပေမဲ့ လွင့်တာကိုလည်း သိနေတာပါဘဲ၊ ဒီတော့ စိတ်အပြင်ထွက်ရင် လွင့်နေရင် အထွက်ခံပြီး အလွင့်ခံပြီးလုပ်ပါ။

လွင့်စရာရှိရဲ့သားနဲ့ မလွင့်ရရင် ဒီယောဂီသန္တာန်မှာ လွင့်စရာဖြစ်တဲ့ဓါတ်ဆိုး ဓါတ်ဝါး ကိလေသာတွေဟာ ကိန်းနေတယ်၊ ဒီလိုကိန်းနေရင်

" **သဒ္ဓါ ၊ ဝိရိယ၊ ခန္တီ၊ သတိ၊ ပညာ** " ဆိုတဲ့ တိုးတက်ရမည့် ဒီတရားတွေဟာ မတိုးတက်တော့ဘူး၊ သို့ပေမဲ့ သတိ အခြေမခံဘဲနဲ့ တိုးတက်စရာရှိရင်လည်း တိုးတက်တတ်ပါသေးတယ် သို့သော်သတိအခြေမခံရင်ဖြင့် ဒီလိုရင်းအကျိုးတရား" **သဒ္ဓါ၊ ဝိရိယ၊ ခန္တီ၊ သတိ၊ ပညာ၊** " တို့ဟာ ခိုင်မြဲနေလိမ့်မယ်လို့ ဒီလိုတော့ မဆိုနိုင်ဘူး။

တရားလုပ်တယ်ဆိုတာ ဒီအကျိုးတရားများကို ရအောင်လို့ လုပ်တာ၊ ဒီတော့ ငါတရားလုပ်တယ်၊ တရားလုပ်တော့...

ငါ့စိတ်ဟာ ကြည်လင်မှု **သဒ္ဓါ** ဖြစ်ရဲ့လား၊
ငါ့စိတ်ဟာ အားထုတ်မှု **ဝိရိယ** ကောင်းရဲ့လား၊
ငါ့စိတ်ဟာ အရာရာမှာ သည်းခံမှု **ခန္တီ** ရှိရဲ့လား၊
ငါ့စိတ်ဟာ အာရုံတိုင်းမှာ **သတိ** ပါရဲ့လား၊
ငါ့စိတ်ဟာ အသိ **ဉာဏ်ပညာ** ပွင့်လင်းလာရဲ့လား လို့... အဲဒီလို မေးကြည့်၊ ဒီငါးပါး ခိုင်ခိုင်မြဲမြဲ ဖြစ်မလာသေးရင်၊ တရားလုပ်နေရတဲ့ အတွက် အကျိုးတရား မပေါ်သေးဘူး၊ အဲဒီတရားငါးပါး ခိုင်ခိုင်မြဲမြဲ ပေါ်လာရင် တရားအားထုတ်မှု၏ အကျိုးတရားရပြီလို့ မှတ်ပါ။

ဒီတော့ တရားလုပ်တဲ့အခါ သည်းခံပြီး အားထုတ်ပါ၊ လွင့်စရာရှိရှိတာ လွင့်ပါစေ၊ ချုပ်တီးမထားပါနှင့်၊ သိမ်းဆည်းမထားပါနှင့်၊ စင်စစ်မှာတော့ အဲဒီ လွင့်တဲ့ စိတ်ဟာလဲဘဲ " **စိတ်ဝေဒနာ**" တမျိုးဘဲ၊ ရင်ထဲမှာ

https://www.thitsarparamisociety.com/



လွင့်စရာရှိနေသေးလို့ လွင့်နေတာ၊ လွင့်ရင် စဉ်းစားကြည့်ပါ။ရှေ့လှမ်းပြီး လွင့်တာလားနောက်ကပြီးခဲ့တာတွေလွင့်တာလားလို့၊

အဲဒီလိုစဉ်းစားကြည့်ရင် နောက်က ပြီးခဲ့ပြီးသားအဟောင်းတွေ လွင့်တာဆိုတာ အဖြေထွက်လာလိမ့်မယ်၊ အဲဒီအဖြေကို ထောက်သဖြင့် ရင်ထဲနှလုံးထဲမှာ ရှိပြီးသားတွေ ထွက်တာဘဲဆိုတာ သိရမယ်။

ဒီလိုမှမထွက်ရင် ရင်ထဲမှာ ရှိတဲ့ကိလေသာ ဓါတ်ဆိုး၊ ဓါတ်ဝါးတွေဟာ စင်ကိုမစင်ကြယ်ဘူး၊ ဒီတော့ တရားလုပ်တယ်ဆိုတာ ရှေးဦးစွာ ရင်ထဲမှာ ရှိနေတဲ့ ဓါတ်ဆိုး၊ ဓါတ်ဝါးကိလေသာတွေကို ထုတ်ပစ်ရသေးတယ်၊ အဲဒီ ဓါတ်ဆိုး ဓါတ်ဝါး စင်ကြယ်လေ ခုနကပြောခဲ့တဲ့ အကျိုးတရားတွေဟာ ခိုင်မြဲ တည်တံ့လေဘဲ။

စင်စစ်မှာတော့ ခန္ဓာကိုယ်က နာကျင် ကိုက်ခဲမှုစတဲ့ ဝေဒနာ ဖြစ်ပေါ်တာလဲ၊ ဒီ ဓါတ်ဆိုး ဓါတ်ဝါး ကိလေသာတွေကြောင့် ဖြစ်တာဘဲ၊ စိတ်အပြင် ထွက်သွားတယ်၊ လွင့်သွားတယ်ဆိုတဲ့ **"စိတ်ဝေဒနာ "** ဖြစ်ပေါ်တာလဲ ဒီ ဓါတ်ဆိုး ဓါတ်ဝါး ကိလေသာတွေကြောင့် ဖြစ်တာဘဲ။

ဒါဖြင့် ဒီက ဝင်လေထွက်လေကို သတိထားပြီး သိနေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဝင်လေ ထွက်လေကိုလဲ သိတာဘဲ။ နာကျင်ကိုက်ခဲမှု စသည်ကိုလဲသိတာဘဲ၊ လွင့်နေတဲ့ စိတ်ကိုလဲသိတာဘဲ၊ အဲဒီလိုသိတာကို သတိအားကောင်းလို့ သိတာလို့ခေါ်တယ်၊ ဒီသတိအားကောင်းလို့ သိတဲ့လမ်းက ဘယ်တော့မှလမ်းမချော်ဘူး။

"စိတ်မလွင့်အောင်" လုပ်တဲ့နည်းက စိတ်တော့ငြိမ်ပါရဲ့၊ သမာဓိတော့ အားကောင်းပါရဲ့၊ သို့ပေမဲ့ သတိကို သမာဓိကဖုံးသွားတော့ သတိအားက သေးသေးလာပြီး ငိုင်တိုင်တိုင် ငေးတေးတေး တစ်ယောက်တည်းနေချင်သလိုလို၊ သံဝေဂ ဖြစ်သယောင်ယောင်၊ အဲဒီလိုဖြစ်လာတတ်တယ်။

https://www.thitsarparamisociety.com/



" ပြင်းပြင်းထန်ထန် " အားထုတ်တဲ့နည်းက အလွန်အမင်းအား ထုတ်ရင် ဝီရိယအားတော့ တက်လာပါရဲ့၊ သို့ပေမဲ့ သတိကို ဝီရိယက ဖုံး သွားပြန်တော့ သတိအားက သေးသေးလာပြီး၊ အဲဒီ ယောဂီပုဂ္ဂိုလ်ဟာ... ဣန္ဒြေမရဘူး၊ စိတ်ကြွ လူကြွ ကြွနေတတ်တယ်။

ဒီတော့ သတိအခြေမခံဘဲ ဖြစ်ပေါ်လာတဲ့ သမာဓိဝီရိယတို့ ဟာ လမ်းမမှန်ဘူး၊ ဘာပြုလို့လဲဆိုရင် သမာဓိနဲ့ဝီရိယ ဆိုတာ ကုသိုလ် အကုသိုလ် နှစ်မျိုးလုံးနဲ့ဆက်ဆံပြီး နေလို့ဖြစ်တယ်။

**သတိ** အခြေခံပြီးဖြစ်ပေါ်လာတဲ့ သမာဓိ၊ ဝီရိယတို့ကျတော့ ဘယ်တော့မှ လမ်းမမှားတော့ဘူး၊ ဘာပြုလို့လဲဆိုရင် **သတိ** ဆိုတာအကု သိုလ်နဲ့မဆက်ဆံဘူး၊ ဘယ် **သတိ** ဖြစ်ဖြစ် ကုသိုလ်ချည်းဘဲ၊ သို့သော် မိမိ ရဲ့ အိမ်ယာ၊ တိုက်တာ၊ သားသမီး၊ ဇနီးစတဲ့ လောကစီးပွားရေး၊ ကြီးပွား ရေးတွေကို အမှတ်ရနေမှုဟာ"**သတိ**"လို့ အမည်ရသော်လည်း စင်စစ်က သမ္မာသတိမဟုတ်ဘူး၊ တရားအားထုတ်တဲ့ သမ္မာသတိ၏ဆန့်ကျင်ဖက်ဖြစ် သော မိစ္ဆာသတိသာဖြစ်တယ်၊ အဲဒီ မိစ္ဆာသတိက အကုသိုလ်၊ ယခုတရား အားထုတ်တဲ့သတိက ကုသိုလ်လို့ အဲဒီလိုကွဲပြားအောင် သိထားဖို့လိုတယ်။

ဒါကြောင့် မြတ်စွာဘုရားက တရားနဲ့ပတ်သက်လာရင်ကုသိုလ် ဖြစ်တဲ့ သတိအခြေခံဖို့ရာ" **သတိပဋ္ဌာန်** "ကိုဘဲအဓိကထားပြီး ဟောထား ပြီး ဟောထားတော်မူခဲ့တယ်။

ဒီတော့ ဖြစ်ပေါ်လာတဲ့ သမာဓိ၊ ဝီရိယတို့ လမ်းချော်မသွားအောင် " **သတိပဋ္ဌာန်** "ဒေသနာတော်အတိုင်း သတိအခြေခံမိဖို့ လွန်စွာပင်အရေး ကြီးပါတယ်။

**" ဝီရိယခြေ၊ သီလမြေထက်၊ သဒ္ဓါလက်ဖြင့်၊**
**ကမ္မဋ္ဌာန်းယိမ်း၊ ဉာဏ်ပုဆိန်ကို၊ ရွယ်ချိန်မိုးလျှက်၊**
**ချိုးဖျက်တော်မူလေပြီ... "**

https://www.thitsarparamisociety.com/



ဆိုတဲ့ အရဟံဂုဏ်တော်မှာ ဝိရိယတည်းဟူသောခြေသည် သီလတည်းဟူသောမြေပေါ်မှာ ထောက်ရမယ်လို့ ဒီလိုဆိုထားတော့ သီလ တည်းဟူသောမြေဟာ ပျော့နေလို့ရှိရင် ဝိရိယတည်းဟူသောခြေဟာ ထောက်လို့မမြဲဘူး။ ဥပမာ–ရွံ့ဗွက်ထဲ လတာထဲမှာတိုင်စိုက်ရသလို ယိုင်လှုပ်နေမှာဘဲ မမြဲဘူး။ အဲဒီလို ဥပမာအတိုင်းဘဲ။

ဒီတော့ ထိုထို ဓါတ်ဆိုး၊ ဓါတ်ဝါး ကိလေသာတွေကို ပယ်သတ်ဖို့ရာ အရင်းခံဖြစ်တဲ့ တရားကို အားထုတ်တဲ့အခါ ဝိရိယ တည်းဟူသောခြေဟာ မြေပေါ်မှာတိုင်စိုက်သလို ခိုင်ခိုင်မြဲမြဲဖြစ်လာအောင် မြေနဲ့တူတဲ့ သီလဟာ မာဖို့အရေးကြီးတယ်၊ စင်စစ် ...သီလတည်းဟူသော မြေဆိုတာ သတိအထမြောက်လာလို့ ဖြစ်ပေါ်လာတဲ့ **သဒ္ဓါ–ဝိရိယ–ဆန္ဒ–သတိ–ပညာ** ဆိုတဲ့ အကျိုးတရားငါးပါးထဲက–

ဝိရိယက ဝိရိယသံဝရသီလ၊

ဆန္ဒက ဆန္ဒသံဝရသီလ၊

သတိက သတိသံဝရသီလ၊

ပညာက ပညာသံဝရသီလ၊

အဲဒီသံဝရသီလတွေ ပြည့်စုံလာမှုကို ဆိုလိုတာပါဘဲ။

အဲဒီ သံဝရသီလတွေ ကြပ်ကြပ်ခိုင်မြဲလာရင်၊ ထောက်စရာတည်းဟူသော သီလမြေက ခိုင်မာလာတော့ ဝိရိယတည်းဟူသောခြေထောက်ဟာ တည့်မတ်ခိုင်မြဲစွာဘဲ ထောက်နိုင်လာပါတယ်။

ဒီအခါမျိုးမှာ သတိအခြေခံကင်းမဲ့သည့် ဝိရိယလွန်မှုကြောင့် ဖြစ်ပေါ်လာတဲ့ လူရော၊ စိတ်ရော၊ ကြွနေမှု ဇွဲခြေမရမှုတို့ဟာလည်း မပေါ်လာတော့ဘူး၊ ပြီးတော့ သမာဓိလွန်မှုကြောင့်ဖြစ်ပေါ်လာတဲ့ ငေးတေးတေး၊ ငိုင်တိုင်တိုင်၊ မှိုင်တိုင်တိုင်၊ သံဝေဂယောင်ယောင်တို့ဟာလည်း မပေါ်လာတော့ဘူး။

ဒီတော့ **"သတိမြဲရာ ပထမာ"** ဆိုတဲ့အတိုင်းအခြေခံဖြစ်တဲ့ **"သတိ"** ယောဂီပုဂ္ဂိုလ်သန္တာန်မှာ ခိုင်မြဲနေရင် အပြင်ဗဟိဒ္ဓတွေနှင့်ဆိုင်ရာဖြစ်တဲ့

https://www.thitsarparamisociety.com/



ထိုထို အရာဝတ္ထုတွေကို ကိုင်ရင်လည်း ကိုင်မှန်းသိလာတယ်၊ လက်လှုပ်မှု၊ ခြေလှုပ်မှု၊ စသည်တို့ကိုလည်း အလိုလိုသိလာတယ်။

အဲဒီ အပြင်နှင့်ဆိုင်ရာတွေကိုလည်း အလိုလိုသိလာသည့်အဆင့် သို့ရောက်လာရင် ဒီယောဂီပုဂ္ဂိုလ်မှာ **သတိ** အထမြောက်လာပြီလို့ ဆိုရပါတယ်။ အပြင်နှင့်ဆိုင်ရာ ပြောမှုဆိုမှု၊ လုပ်မှု၊ ကိုင်မှု၊ သွားမှု၊ လာမှု၊ စားမှုသောက်မှု၊ အိပ်မှုလျောင်းမှု စတဲ့ထိုထိုအမှုတွေမှာ **သတိ** အချင်းခပ်သိမ်း အလိုလိုလိုက်မလာသေး၊ သိမလာသေးရင် ဒီယောဂီပုဂ္ဂိုလ်၏သန္တာန်မှာ သတိထူထောင်မှု အထမြောက်မလာသေးဘူးလို့ဆိုရပါတယ်၊ ဆိုလိုရင်းကား

**"အတွင်းသတိမြဲရိုးမှန်ရင် အပြင်သတိလည်းမြဲပါတယ်၊ အပြင်သတိမပါသေးရင် အတွင်းသတိမြဲတာမမှန်သေး၊ အထမမြောက်သေးလို့ဖြစ်ပါတယ်။"**

အထူးသတိထားဖို့ရာက **"သတိ"**က အာရုံအများနဲ့ဆက်ဆံတယ်။

**သမာဓိ** က အာရုံတစ်ခုနှင့်သာဆက်ဆံတယ် ဆိုတာကိုလည်း အထူးသတိပြုပါ။ ဒီတော့ အဲဒီလောက်သတိမြဲလာပြီး အပြင် **သတိ** တွေပါအလိုလိုလိုက်လာပြီဆိုတဲ့ အဆင့်အတန်းသို့ ရောက်နေတဲ့ယောဂီပုဂ္ဂိုလ်ဟာ။ **" သတိမြဲရာ၊ ပထမာ၊ ဒုမှာတိုရှည်သိ "** လို့လင်္ကာအလိုက ဒီလိုဆိုထားတော့ သတိမြဲလာပြီ။

ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ။
ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။
ရဿံ ဝါ အဿသန္တော ရဿံ အဿာသာမီတိ ပဇာနာတိ။
ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

လို့ဟောတော်မူသည့်အတိုင်း တစ်ခါထပ်ပြီး အရှည်အတိုကို သိအောင်လုပ်ရအုံးမယ်လို့ ဒီလိုသဘောပေါက်နေကြတယ်၊ အမှန်က လုပ်ထုံးအနေကျတော့ ဒီလို မလုပ်ရတော့ပါဘူး။ နှာသီးဝမှာ **သတိ** ကပ်လာရင် တိုမှန်း ရှည်မှန်းကို အထူးသတိ ထားမနေရတော့ဘူး၊ အလိုလို

https://www.thitsarparamisociety.com/



သိလာပြီးသားဖြစ်တယ်၊ **"သတိ"** ဖြစ်ပေါ်လာအောင် ထင်လာအောင် ထူထောင်စဉ်အခါက။

သတောဝ အဿသတိ၊ သတောဝ ပဿသတိ၊

ဝင်မှန်း ထွက်မှန်းသိအောင် သတိထားရုံဘဲထားလို့ အဲဒီလိုဟောထားတယ်။ အရှည်အတိုကိုသိဖို့ရာ ဟောတော်မူတဲ့အခါကျတော့ "ပဇာနာတိ"ဆိုတဲ့ ကြိယာပါလာတယ်။

"ပဇာနာတိ"ဆိုတဲ့ ကြိယာကို ဗမာလိုပြန်တော့"ထင်ရှားသတိဉာဏ်ဖြင့်သိ၏"...လို့ အဲဒီလိုပြန်ရတယ်၊ ဒီတော့ အရှည်အတိုကိုသိတာဟာ သာမညသိ မဟုတ်ဘူး၊ သတိထင်ရှားလာလို့ ဉာဏ်နဲ့သိလာတာ။ ဉာဏ်ပါလာပြီလို့ အဲဒီလိုဆိုလိုပါတယ်။ ဒါဖြင့် ရှေ့တစ်ဆင့်တက်လိုက်တော့...

**"လုံးစုံလင်းရာ၊ တ–ဥ္ဓသာ"** ဆိုတဲ့ တတိယနည်းကျတော့...

"သဗ္ဗကာယပ္ပဋိ သံဝေဒီ အဿသိဿာမိတိ သိက္ခတိ" "သဗ္ဗကာယပ္ပဋိ သံဝေဒီ ပဿသိဿာမိတိ သိက္ခတိ" ဟုဟောတော်မူသည့်အတိုင်း...

ဝင်လေ ထွက်လေ၏အစကား နှာသီးဖျား။
အလယ်ကား ရင်ချိုင့်။
အဆုံးကား ချက်တိုင်။
ထွက်လေ၏အစကား ချက်တိုင်။
အလယ်ကား ရင်ချိုင့်။
အဆုံးကား နှာသီးဖျား။

ပါဠိတော်ကို အဋ္ဌကထာက အဲဒီလိုဘဲဖွင့်တယ်၊ ဒီကျတော့ စာအလိုက **"သိက္ခတိ"** လေ့ကျင့်ပါ။ အစက အဆုံးတိုင်အောင် သိဘို့ရာ လေ့ကျင့်ပေးပါလို့ ဒီလိုဆိုထားသော်လည်း အမှန်က ပုဂ္ဂလဗျာပါရ စိုက်ထုတ်ပြီး လေ့ကျင့်ပေးရမယ်လို့ မဆိုလိုပါဘူး၊ နောက်တခါ...

**"စ–မှာငြိမ်းလေဘိ"** ဆိုတဲ့ စတုတ္ထနည်းကျပြန်တော့လည်း...

"ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ"

https://www.thitsarparamisociety.com/



"ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ"

ကာယသင်္ခါရံ၊ အရှိုက် အရှူပြင်း၍ ရုန့်ရင်းသော ကာယသင်္ခါရကို ပဿမ္ဘယံ၊ ပဿမ္ဘယန္တော၊ သာယာဖြေးညင်း ရှူရှိုက်ခြင်းဖြင့် ငြိမ်းစေလျှက်၊ အဿသိဿာမိ၊ ထွက်သက်ကိုဖြစ်စေ၏။ ပဿသိဿာမိ၊ ဝင်သက်ကိုဖြစ်စေ၏။

ဒီ စတုတ္ထနည်းကျပြန်တော့လည်း စာအလိုက ပြင်းနေတဲ့အရှိုက် အရှူကို ပျော့သွားအောင် ပုဂ္ဂလဗျာပါရ အနေနဲ့အားစိုက်ပြီးလေ့ကျင့်ပေးရမယ်လို့ ဆိုထားသော်လဲ အမှန်က ဒီ တတိယနည်း၊ စတုတ္ထနည်းတို့မှာ ပုဂ္ဂလဗျာပါရ အနေနဲ့ အားစိုက်ပြီး လုပ်မနေရတော့ပါဘူး၊ ငါ ဒီလိုသိတော့မယ်လို့ အဲဒီ နှလုံးလုံးသွင်းကလေးဘဲ လိုပါတော့တယ်။ ဘာပြုလို့ ပထမနည်းအတိုင်း **"သတိ "** ကို ထမြောက်အောင်မြင်အောင် ထူထောင်မိပြီး၍ ဒုတိယနည်းမှာလည်း ထပ်ပြီး ဉာဏ်ပါအလိုလို ပါလာပြီးသည့်အတွက် နောက်ကျန်တဲ့ တတိယ၊ စတုတ္ထနည်းတို့မှာ အလိုလိုနှလုံး သွင်းကာမျှနှင့်ပင် သိပြီးသား ဖြစ်လာပါတယ်၊ အဲဒါ..."သတိပဋ္ဌာန်ပါဠိတော်" မှာလာတဲ့ အာနာပါန အဆုံးအဖြတ်ဘဲ၊ သတိပဋ္ဌာန်မှာ ဒီလေးခုဘဲရှိတယ်၊ ဒီလေးခုထဲကလည်း ပထမနည်းတစ်ခုသာ အဓိကထားပြီး သတိ အထမြောက်အောင်သာ လုပ်ပါ။ ဒီဝင်မှု ထွက်မှုမှာ သတိမြဲလာပြီဆိုရင် ကျန်တဲ့သုံးခုနှင့်တကွ အပြင်နှင့်ဆိုင်တဲ့ သမ္ပဇာနပဗ္ဗပါ အလိုလိုသိပြီးသား ဖြစ်လာပါတယ်၊ ဒီတော့ စာအလိုကသာ တစ်ခုပြီးမှတစ်ခု လုပ်ရတော့မလိုရှုည်နေတာပါ၊ လုပ်ထုံးအနေနဲ့ပြောရရင်...

**သတော၀ အဿသတိ၊ သတော၀ ပဿသတိ** လို့ဆိုတဲ့ ဒီ ပထမနည်း တစ်ခုကို သတိ အထမြောက်လာအောင်လုပ်ရင်း ကျန်တဲ့ အတွင်း အပြင် သိရမည့်အမှု ကိစ္စတွေဟာ အလိုလို" **ကျွဲကူးရေပါ** " ဆိုသလို သိပြီးသားဖြစ်လာပါတယ်။ အာနာပါနကနေပြီး သတိ ကိုထူထောင်တော့ ယခုပြောခဲ့သည့်အတိုင်း ထူထောင်ရပါတယ်။

ဒီ အာနာပါနသတိ အထမြောက်လာလို့ သတိအားကောင်းလာတဲ့

https://www.thitsarparamisociety.com/



ယောဂီပုဂ္ဂိုလ်မှာ လမ်းမမှားနိုင်တော့ဘဲ သမာဓိ၊ ဝီရိယတို့ဟာလဲ တစ်ပါတည်းလိုက်လာပါတယ်၊ ဘာပြုလို့ ဒီ သမာဓိနှင့် ဝီရိယတို့ဟာ လမ်းမမှားနိုင်တော့သလဲဆိုရင် “သီလပထဝီယံ ဌတွာ” ဆိုတဲ့ အတိုင်း သတိကုသိုလ်အရင်းခံပြီး ဖြစ်ပေါ်လာတဲ့ သီလတည်းဟူသော မြေပေါ်မှာ တည်ရလို့ပင်ဖြစ်ပါတယ်။ ထို သီလအခြေခံဖြစ်တဲ့ သတိကုသိုလ်ဟာ အထမြောက်အောင်မြင်လာပြီဆိုရင် ယောဂီပုဂ္ဂိုလ်တို့ ဆိုင်ရာ သိက္ခာပုဒ်တို့ဟာလဲ ပုဂ္ဂိုလ်သတ္တဝါအလိုနှင့် မစောင့်ရှောက်ရတော့ဘဲ သူ့အလိုလိုပင် လုံခြုံပြီးသား၊ စောင့်ရှောက်ပြီးသား ဖြစ်လာပါတယ်။

အဲဒီလို သီလဟာ အလိုလိုလုံခြုံပြီးလာတော့မှ ထိုသီလတည်းဟူသော မြေပေါ်မှာ **သမာဓိ** နှင့် **ဝီရိယ** တို့ဟာ အကုသိုလ်ဘက်သို့ လုံးဝမယိုင်းမယိုင်တော့ဘဲ မှန်မှန်ကန်ကန်တည်နေပါတော့တယ်။

တခါ အာနာပါနကို သတိထားနေရင်း ခန္ဓာကိုယ်တစ်နေရာကဖြစ်တဲ့ ခေါင်း၊ ကိုယ်၊ ခြေလက်၊ ဒူး၊ ပေါင်စတဲ့ နေရာတွေက နာကျင်ကိုက်ခဲမှုဝေဒနာ ပေါ်လာတဲ့အခါမှာ အာနာပါနရှုဖြစ်သေးရင် အသာနေပါ။ အာနာပါနထက် ဝေဒနာကထင်ရှားလာပြီဆိုရင် စိတ်ဟာ အာနာပါနအပေါ်မှာ မကပ်တော့ဘဲ သူ့အလိုလို ဝေဒနာပေါ်သို့ ကပ်လာပါတော့တယ်။

အဲဒီလို ကပ်လာတဲ့အခါ ဝေဒနာအပေါ်မှာ စိတ်ထားပြီးတော့ သိ၊ **သိ၊ သိ၊ သိ၊ သိ၊ သိ** နဲ့ သိ,ကို အဆက်မပြတ်ဒလစပ် အသံထွက်လာအောင် လျှာလည်လာသည့်အထိ လိုက်ပေးပါ၊ အဲဒီလို **သိ** ကို အသံထွက်အောင် လိုက်သည့်အခါ ဝေဒနာဟာ...

သက်သာလာပြီး ခံနိုင်တာလည်း ရှိတယ်။
ပြင်းထန်လာပြီး မခံနိုင်တာလည်း ရှိတယ်။

အကယ်၍ ပြင်းထန်လာလို့ ဝေဒနာကို မခံနိုင်တော့ဘူးဆိုရင် ဒီအခါမှာ နည်းနှစ်မျိုး ရှိတယ်။

https://www.thitsarparamisociety.com/



၁။ အာနာပါနနဲ့ ဝေဒနာကို ခံနည်း။
၂။ **သိ၊ သိ၊ သိ** လို့ အသံထွက်အောင်လိုက်ပြီး ဝေဒနာကို ခံနည်း လို့... အဲဒီလို နှစ်မျိုး ရှိသည့်အနက်က ...

၁။ အာနာပါနနဲ့ ဝေဒနာကိုခံနည်းဆိုတာ ပေါ်လာဆဲဖြစ်တဲ့ ဝေဒနာပေါ်မှာစိတ်ထားပြီး အာနာပါနကိုရှူပေးပါ၊ အဲဒီလို ရှူပေးရင် ဝေဒနာဟာ ခံနိုင်လာတတ်ပါတယ်၊ သက်သာလာတတ်ပါတယ်။ သို့ပေမဲ့ ဒီနည်းက ဝေဒနာကို ခံနိုင်အောင်လို့သာလုပ်ရတာပါ၊ အကျိုးမများပါဘူး။ နောက်...

နံပါတ် (၂) နည်းဖြစ်တဲ့ **သိ၊ သိ၊ သိ**ကို အသံထွက်အောင် လျှာသူ့အလိုလို လည်လာသည့်အဆင့်သို့ ရောက်သည့်အထိ ဝေဒနာခံတဲ့နည်းကမှ အကျိုးများပါတယ်။ အဲဒီ နောက်နည်းနဲ့ ဝေဒနာကို သိ၊ သိ၊ သိလို့ အသံထွက်အောင် လိုက်တဲ့နည်းနဲ့ခံပုံမှာ...

"**မခံနိုင်တဲ့စိတ်**"ကို ဝေဒနာတစ်ခုထဲပေါ်မှာမထားဘဲ **သိ၊ သိ၊ သိ** လို့ အသံထွက်အောင် လိုက်နေဆဲအခါမှာ ဖြစ်ပေါ်နေတဲ့ လျှာထိပ်ထိမှုနှင့် ဝေဒနာပေါ်ကို တစ်ဝက်စီစိတ်ထားပြီး **"သိ"** ထုတ်လိုက်ရင် ခံနိုင်တတ်ပါတယ်၊ အမှန်က ဒီ"မခံနိုင်တဲ့စိတ်"ကို တစ်ဝက်စီထားမှုမှာလည်းဘဲ ပုဂ္ဂိုလ်အလိုနဲ့ထားရတာ မဟုတ်ပါဘူး၊သူ့အလိုလိုပင် "သိ"လိုက်လို့ရှိရင် ထားပြီးသားပင်ဖြစ်ပါတယ်။

ဘယ်လိုလဲဆိုရင် ပြင်းထန်နေတဲ့ဝေဒနာကို**"သိ"** အသံထွက်အောင် လိုက်နေတဲ့ ယောဂီပုဂ္ဂိုလ်သည် ဝေဒနာပေါ်သို့ စိတ်ရောက်လိုက် "သိ" လို့ဆိုနေသည့် လျှာပေါ်သို့ စိတ်ရောက်လိုက်၊ အဲဒီလို သူ့အလိုလို ရောက်နေပြီးဖြစ်ပါလိမ့်မယ်။

သို့သော် ဒီအခါမျိုးမှာ ယောဂီပုဂ္ဂိုလ်အား **"သိ"** အသံထွက်လာအောင် အားထုတ်၍လိုက်နေမှု၊ ဝိရိယ၏ ဆန့်ကျင်ဘက်ဖြစ်သော ကောသဇ္ဇကိလေသာ၏ ဖြားယောင်းမှုကို မသိမသာသော်ငြား၊ ထင်ထင်ရှားရှားသော်

https://www.thitsarparamisociety.com/



သော်ငှင်း၊ ခံရတတ်ပါတယ်၊ ဖြားယောင်းပုံမှာ ယခုလို **"သိ"** ထုတ်ပြီးလိုက် နေသည့်အခါ ဝေဒနာ၏သဘော သက်သက်ကလေးကိုမမိဘဲ ဟိုရောက်ဒီ ရောက်(လျှာနှင့်ဝေဒနာပေါ်သို့)စိတ်ရောက်နေတယ်၊ ဒီတော့ သဘောသက် သက်ကလေးမိအောင် "သိ" ထုတ်မလိုက်ဘဲ စိတ်နှင့်ကပ်ထားမှုဖြစ်မယ် လို့ အဲဒီလို **"သိ"** ထုတ်၍လိုက်ရမှာ ပျင်းမှုခေါ်တဲ့ ကောသဇ္ဇကိလေသာဟာ ဖြားယောင်းတတ်ပါတယ်။

အဲဒီလို ဝင်လာပြီးဖြားယောင်းတဲ့အခါ ထိုကောသဇ္ဇ ကိလေသာကို အားထုတ်မှု ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် **"သိ"** အသံထွက်အောင်လိုက်ပြီး တွန်း လှန်ပစ်ပါ၊ အမှန်က ဝေဒနာလိုက်တဲ့အခါ လိုရင်းဖြစ်တဲ့ "သိ"ကို အသံ ထွက်အောင်လိုက်ဖို့ ဦးစွာပထမ အများကြီးလိုပါတယ်။ ဒီလို "သိ"လိုက်လို့ **"သိ၊ သိ"**ဟာ ဝေဒနာပေါ်ရောက်ချင်ရောက်၊ မရောက်ချင်နေပါစေဦး၊ ပထမ လျှာလည်ဖို့ဘဲအရေးကြီးပါတယ်၊ ပုဂ္ဂလဗျာပါရ ပုဂ္ဂိုလ်အနေနဲ့ အားစိုက်ပြီး **"သိ"** လိုက်နေတဲ့အခါမျိုးမှာ အဲဒီလို လျှာနှင့်ဝေဒနာပေါ်သို့ တစ်ဝက်စီ စိတ်ရောက်နေမှုလည်း ဝေဒနာဒဏ်ကို ခံနိုင်ပါတယ်။

ပုဂ္ဂိုလ်အနေနဲ့ "**သိ** "ဟာ မလိုက်ရတော့ဘူး၊ လျှာဟာ သူ့အလို လိုလည်လာပြီး "**သိ** "လိုက်လာတဲ့ အဆင့်သို့ရောက်တဲ့အခါ ထို **သိ၊ သိ၊ သိ** က ပို့လိုက်သောစိတ်ဟာ ဝေဒနာပေါ်သို့လာကပ်နေပါတော့တယ်။

အဲဒီလို ပုဂ္ဂိုလ်အနေနဲ့ မလုပ်ရတော့ဘဲ **"သိ၊ သိ၊"**ကပို့လိုက်သော စိတ်ဟာ ဝေဒနာပေါ်သို့ကပ်နေတဲ့အခါမှာ မခံနိုင်မှုဟာ လုံးဝမရှိတော့ပါဘူး။ ဘာပြုလို့လဲဆိုရင် လျှာသူ့အလိုလိုလည်လာပြီး **"သိ၊ သိ"** ကို အားထုတ် လာသည့် ဝီရိယနောက်မှာ သည်းခံမှုခန္တီ ပါလာလို့ဖြစ်ပါတယ်။ ဒီတော့"**သိ၊ သိ**"ကလည်း ပုဂ္ဂလဗျာပါရကင်းတဲ့ ဝီရိယကြောင့် သူ့အလိုလို ဖြစ်ကာခန္တီ သည်းခံမှုကလည်း တစ်ပါတည်းပါလာပြန်တော့ ဝေဒနာပြင်းထန်ပေမယ့် ထိုဝေဒနာဒဏ်ကို ခံနိုင်ပါတော့တယ်။ ဒီလို ဝေဒနာဒဏ်ခံနိုင်တော့ ဒီဝေဒ နာဒဏ်ခံနိုင်မှုမှာ ပုဂ္ဂိုလ်အနေနဲ့ခံမှုမဟုတ်တော့ဘဲ သတိ၊ ဝီရိယ၊ ခန္တီတို့ အနေနဲ့ ခံမှုဖြစ်ပါတော့တယ်။

https://www.thitsarparamisociety.com/



အမှန်က ဝီရိယဖြစ်လာရင် သည်းခံမှုခန္တီဆိုတာ အလိုလိုပါမြဲပင် ဖြစ်ပါတယ်။ ဥပမာ လောကီစီးပွားရေးကို ရှာကြံနေတဲ့ပုဂ္ဂိုလ်ဟာ ထိုစီးပွားရေးကို မရ,ရအောင် ရှာမယ်ဟဲ့...လို့ စိတ်အားထက်သန်မှု ဝီရိယကောင်းနေခိုက်မှာ စီးပွားရေးနဲ့ပတ်သက်လို့ ဘယ်လိုအခက်အခဲမျိုးနှင့် ရင်ဆိုင်ရ ရင်ဆိုင်ရ ထိုအခက်အခဲကို ကျော်လွှားနိုင်သည်အထိ အပင်ပန်းခံနိုင်မှုခန္တီဟာလည်း အလိုလိုပါလာမြဲပင်ဖြစ်ပါတယ်။

**မှတ်ချက်။ ။ စိတ်အားထက်သန်မှုကို ဝီရိယ ခေါ်သည်။**
**အပင်ပန်းခံနိုင်မှုကို ခန္တီ ခေါ်သည်။**

အဲဒီနည်းအတိုင်းဘဲ ဝီရိယနောက် ခန္တီ ပါလာတော့ ပေါ်လာဆဲဝေဒနာပေါ်ကို " **သိ၊ သိ၊** "သူ့အလိုလို လိုက်နေတဲ့ အဆင့်ရောက်တဲ့အခါ၊ အသိ လျှာက လည်လိုက်တာကို အကြောင်းပြုပြီးတော့ စိတ်အားထက်သန်မှုဟာ ပေါ်လာတယ်။ ဘယ်လိုပေါ်လာသလဲဆိုရင် ကိုယ်နှင့်အသက်လုံးဝင့်ကွက်ခြင်းမရှိတော့ဘဲ ငါ,သေသွားတော့ ဘာဖြစ်သေးသလဲဆိုတဲ့ ပဟိတတ္တစိတ်ဟာ ပေါ်လာတယ်။ ပဟိတတ္တစိတ် ဆိုတာ တရားကိုယ်က ဝီရိယဘဲ။ အဲဒီစိတ်မျိုးပေါ်လာပြန်တော့ အပင်ပန်းခံနိုင်မှုခန္တီဟာ အလျှော့မပေးတော့ဘူး။ အဲဒီ **သတိ၊ ဝီရိယ၊ ခန္တီ၊** သုံးမျိုးနဲ့ ဝေဒနာကိုအသိလိုက် သုံးမျိုးနဲ့ ဝေဒနာကိုအသိလိုက်လိုက်တော့၊ ဝေဒနာနဲ့သတိ ကပ်မိနေတဲ့အချိန်မှာ သမာဓိဟာပါလာပြန်တယ်၊ ပါလာပြန်တော့ သမာဓိသဘောက ဧကဂ္ဂတာဆိုတဲ့အတိုင်း အာရုံကို အများကြီးမယူတော့ဘူး။

ဧကဂ္ဂတာ ဆိုတာ "ဧကော အဂ္ဂေါ ယဿာတိ ဧကဂ္ဂေါ"

ယဿ၊ အကြင်စိတ်အား။ ဧကော၊ တစ်ခုတည်းသော။ အဂ္ဂေါ၊ အာရုံသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ဧကဂ္ဂေါ၊ တစ်ခုတည်းသော အာရုံရှိသောစိတ်။ ပြီးတော့မှတခါ။

" ဧကဂ္ဂဿ ဘာဝေါ ဧကဂ္ဂတာ "

https://www.thitsarparamisociety.com/



ကေဂ္ဂဿ၊ တစ်ခုတည်းသော အာရုံရှိသောစိတ်၏။ ဘာဝေါ၊ အဖြစ်တည်း။ ကေဂ္ဂတာ၊ တစ်ခုတည်းသောအာရုံရှိသော စိတ်၏အဖြစ်။

တစ်ခုတည်းသော အာရုံရှိသောစိတ်၏ အဖြစ်ဆိုတော့၊ ကေဂ္ဂတာ စေတသိက်ကိုခေါ်တယ်။ အဲဒီ ကေဂ္ဂတာ စေတသိက်ဆိုတဲ့ သမာဓိ ကျတော့ အာရုံကို ကျယ်ကျယ်ပြန့်ပြန့်ကြီးမယူတော့ဘဲ တဖြည်းဖြည်း ဝေဒနာဟာ ကွမ်းသီးလုံးလောက်ကနေပြီး ဇီးစေ့လောက်၊ ဇီးစေ့လောက်ကနေရပြီး မန်ကျည်းစေ့လောက်၊ မန်ကျည်းစေ့လောက်ကနေပြီး နှမ်းစေ့လောက်၊ အဲဒီလို တဖြည်းဖြည်း သေး,သေးလာတယ်။ တချို့များ အပ်ဖျားတစ်ထောက်စာလောက်ဘဲရှိတော့တယ်။ ဒီတော့ သမာဓိအားကောင်းလာလေ၊ အာရုံဖြစ်တဲ့ ဝေဒနာဟာလည်း ကျဉ်းလာလေဘဲ၊ သေးသေးလာလေဘဲ၊ ဝေဒနာကျယ်ကျယ်ပြန့်ပြန့်ကြီး အချောင်းလိုက် အရှည်လိုက်ကြီးဆိုတာ အမှန်က သမာဓိအား မကောင်းသေးလို့ အဲဒီလိုဖြစ်နေတာ၊ အဲဒီလိုဝေဒနာဟာ သေးသေးကျဉ်းကျဉ်းလာတဲ့အခါကျတော့၊ ဒီဝေဒနာကို ပုဂ္ဂိုလ်အလိုနဲ့ အားစိုက်ပြီး၊ သိမနေရတော့ဘဲ၊ လျှာသွေးအလိုလို လည်လာလိုက်သည့် **"သိ၊ သိ "** ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာကြတဲ့ စိတ်အားထက်သန်မှု ဝိရိယ အလျှော့မပေးနိုင်သည့်အထိ၊ အပင်ပန်းခံနိုင်သည့် ခန္တီတို့ဟာ ဝေဒနာနှင့်အသိနဲ့ ကပ်နေသည့်တိုင်အောင် သူ့အလိုလို သည်းခံပြီးတော့ သိ,လိုက်နေကြတော့တာပါဘဲ။

အဲဒီလိုလိုက်နေကြတဲ့အခါမှာ သမာဓိအားကအင်မတန်ကောင်းနေတော့ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ ဒူး၊ ပေါင်၊ ခါးစသည်တို့ကို မတွေ့ရတော့ဘဲ ဝေဒနာသဘာဝသက်သက်ကိုဘဲ တွေ့ရပါတော့တယ်။ ဝေဒနာနဲ့အသိနဲ့ဘဲ ကပ်နေတယ်လို့ ဆိုလိုပါတယ်။

သို့သော် ဒီနေရာမှာ တခါ သမာဓိအားက သေးလာပြီး အသိကပ်နေတဲ့ ဝေဒနာမှတစ်ပါး လက်ရှိခန္ဓာကိုယ်ထဲက အာရုံ တစ်ခုခုကိုဖြစ်စေ၊

https://www.thitsarparamisociety.com/



အပြင်ဗဟိဒ္ဓ အာရုံ တစ်ခုခုကိုဖြစ်စေ၊ စိတ်ရောက်သွားရင် ဝေဒနာဟာ ငုတ်သွားတတ်တယ်။ ငုတ်သွားတယ်ဆိုတာ အမှန်က ဝေဒနာအာရုံမှာထား နေတဲ့စိတ်ဟာ အခြားအာရုံ တစ်ခုကို ချော်သွားတာကိုဆိုလိုပါတယ်။ အတိ အကျဆိုလိုရင်းကား...

ဝေဒနာအာရုံမှ တစ်ပါးအာရုံကို ချော်သွားရင် ငုတ်သွားတတ်တယ်။ ဝေဒနာအာရုံမှန် တစ်ခုတည်းကိုသာ သိရိုးမှန်ရင်ပျောက်သွားတတ်တယ်၊ အဲဒီလိုနှစ်မျိုးရှိသည့်အနက် ဝီရိယ၊ ခန္တိ၊ သတိ၊ သမာဓိ၊ တို့ဟာ သူ့အလို လို ဝေဒနာကို အသိကပ်နေရာက သမာဓိအား သေးလာပြန်တဲ့အတွက် အာရုံ ချော်သွားလို့ငုတ်သွားတဲ့ ဝေဒနာတစ်မျိုး၊ ပုဂ္ဂိုလ်အလိုနှင့် လိုက်နေ ရသည့် ဝေဒနာကတစ်မျိုးလို့၊ အဲဒီလိုနှစ်မျိုးရှိသေးတယ်။ အဲဒီ နှစ်မျိုးလုံး ငုတ်သွားသွား၊ ပျောက်သွားသွား၊ အကျိုးမများဘူး၊ အကျိုးမရှိဘူးလို့မထင် ပါနှင့်၊ ငုတ်သွား ပျောက်သွားတဲ့အချိန်အခါမျိုးမှာလဲ ယောဂီပုဂ္ဂိုလ်မှာ ပေါ့တယ်၊ ကြည်လင်တယ်၊ တခါ သီလကိုလည်း ကျေးဇူးပြုသေးသည့်အ ပြင် စိတ်အားထက်သန်မှု ဝီရိယ၊ သည်းခံမှု ခန္တိ၊ သတိမြဲခြင်း အဲဒီအကျိုး တွေလည်း ရပါသေးတယ်။ ဒီတော့...

အသိလိုက်လို့ ချော်သွားရာက ငုတ်သွားတဲ့ဝေဒနာဖြစ်ဖြစ်၊ ပုဂ္ဂိုလ်အလိုနဲ့"သိ"လိုက်ရပြီး ပညတ်မလွတ်တဲ့ဝေဒနာဖြစ်ဖြစ် ဘယ်လိုဘဲ ဖြစ်နေပါစေ၊ ဝေဒနာကိုသာ ကြပ်ကြပ် "သိ"လိုက်နေတဲ့ယောဂီပုဂ္ဂိုလ်တိုင်း ဟာ စောင့်ထိန်းမှု **"သီလ"** ကို ကျေးဇူးပြုတာချည်းပင်ဖြစ်ပါတယ်။

အာရုံမှန် တစ်ခုတည်းကိုသာ သိပြီး၊ တခြားအာရုံကို မချော်တော့ဘဲ ဝေဒနာနဲ့လမ်းဆုံးသွားတာကိုတော့ ပျောက်သွားတယ်လို့ ခေါ်ပါတယ်။ ဒီ ပျောက်သွားမှုကျတော့ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ မလိုက်ရတော့ဘဲ **ဝီရိယ၊ ခန္တိ၊ သတိ၊ သမာဓိ** တို့ သူ့အလိုလို ဝေဒနာနဲ့အသိနဲ့ကပ်ပြီး လမ်းဆုံးလို့ ပျောက်သွားမှုကိုသာယူပါ။

https://www.thitsarparamisociety.com/



ဒါဖြင့် ဝေဒနာငုတ်သွားမှုနှင့် ဝေဒနာပျောက်သွားမှု ဘယ်လိုခြားနားသလဲဆိုရင်၊ ငုတ်သွားတဲ့ဝေဒနာက နောက်တစ်ခါ တရားပြန်လုပ်ရင် အဲဒီ ဝေဒနာဘဲ ပြန်ပေါ်လာပါတယ်။ ဥပမာ ပထမအကြိမ်တရားထိုင်စဉ် အခါက ဒူးခေါင်းကဖြစ်တဲ့ ဝေဒနာငုတ်သွားခဲ့သော်လည်း ဒုတိယအကြိမ် တရားပြန်ထိုင်တဲ့အခါ ထိုဒူးခေါင်းကဝေဒနာဘဲ ပြန်ပေါ်လာတတ်ပါတယ်။

ပျောက်သွားတဲ့ ဝေဒနာက ဘယ်နေရာကဘဲပျောက်ပျောက် ပျောက်သွားရိုးမှန်ရင် နောက်တကြိမ် တရားပြန်ထိုင်တဲ့အခါ အဲဒီ ဝေဒနာဟာ ပြန်ပေါ် မလာတော့ပါဘူး။

ဘာဖြစ်လို့ ထိုဝေဒနာ ပြန်မပေါ်သလဲဆိုရင် ဓါတ်ဆိုးဓါတ်ဝါး၊ ကိလေသာတို့ကြောင့်ဖြစ်ပေါ်လာတဲ့ ဝေဒနာကို အသိနဲ့ကပ်ပြီး တစ်ပါတည်း လမ်းဆုံးသွားသည့်အထိ သိလိုက်ရတော့အကျိုးဖြစ်တဲ့ ဝေဒနာလည်းပျောက် အကြောင်း ဓါတ်ဆိုး၊ ဓါတ်ဝါး၊ ကိလေသာပါ ပျောက်သွားလို့ပင်ဖြစ်ပါတယ်။

ဒါဖြင့် အကြောင်းကိလေသာပါ ပျောက်သွားသည့်အတွက် ဝေဒနာ ပြန်မပေါ်တော့ဘူးဆိုရင်၊ နောက်ထပ် ဝေဒနာလုံးဝ ဘယ်နေရာကမှ မပေါ်တော့ဘူးလားလို့ အဲဒီလို မေးစရာရှိပါတယ်၊ သို့သော် မေးခွန်းကို မေးတဲ့အခါ...

"ဘယ်နေရာကမှ" ဆိုတဲ့စကားကိုတော့ ထည့်သွင်းမေးခွင့်မရှိပါ။ ဒီတော့ အဲဒီမေးခွန်းရဲ့ တိကျမှန်ကန်သော အဖြေမှာယခုပျောက်သွားသော အကျိုးတရားဖြစ်တဲ့ ဤဝေဒနာကို ဖြစ်စေတတ်တဲ့ ဓါတ်ဆိုး၊ ဓါတ်ဝါး၊ ကိလေသာကြောင့်၊ ဥပမာ ဒူးခေါင်းက ဝေဒနာပျောက်သွားရိုးမှန်ရင် နောက် တကြိမ် တရားထိုင်တဲ့အခါ ထို ဒူးခေါင်းကတော့ ဘယ်နည်းနဲ့မှ ဝေဒနာ နောက်ထပ် မပေါ်တော့ပါဘူး။ ဒူးခေါင်းမှအခြား တစ်ပါးကျန်သောနေရာ ဖြစ်တဲ့ ပေါင်စသည်တို့ကတော့ ကျန်ရှိနေကြသေးသည့် ဓါတ်ဆိုး၊ ဓါတ်ဝါး၊ ကိလေသာတို့ကြောင့် ဝေဒနာပေါ်လာနိုင်သေးသည်၊ အတိုချုပ်ဆိုလိုရင်းမှာ...

https://www.thitsarparamisociety.com/



ပထမပျောက်သွားသော ဝေဒနာသည် အသိနှင့်တကွပျောက်ခဲ့သော ဝေဒနာကို ဖြစ်စေတတ်တဲ့ ဓါတ်ဆိုး ဓါတ်ဝါး ကိလေသာပါ ပျောက်ပါတယ်၊ နောက် တခြားနေရာက ဖြစ်ပေါ်သည့်ဝေဒနာသည် ကျန်ရှိနေကြသေးသည့် ဓါတ်ဆိုး ဓါတ်ဝါး ကိလေသာတို့ကြောင့် ပေါ်သည်လို့မှတ်ပါ။ အကယ်၍ ပထမအကြိမ် ဒူးခေါင်းကပျောက်သွားသည်ဟု ပုဂ္ဂိုလ်အလိုနှင့်ထင်လိုက်ရသောဝေဒနာသည် ဒုတိယအကြိမ်တရားအားထုတ်သောအခါမှာ ထိုဒူးခေါင်းကပင် ပြန်ပေါ်လာသည်ဟုဆိုပါက အမှန်ပျောက်မဟုတ်ဘဲ အထင်နှင့်ပျောက်သွားသော ဝေဒနာဖြစ်နေသောကြောင့်ဟု ဆိုရပါမည်။

အထင်နှင့်ပျောက်သွားသောဝေဒနာဆိုတာ ယောဂီပုဂ္ဂိုလ်အနေနှင့် ဖြစ်ဆဲဝေဒနာကို အသိမလိုက်ရတော့ဘဲ ဝိရိယ၊ ခန္တီ၊ သတိ၊ သမာဓိတို့ဟာ သူ့အလိုလို လျှာဟာ" အသိ "လိုက်လာမှုကိုအခြေခံပြီး၊ ဝေဒနာနှင့် အသိကပ်နေခိုက်မှာ အခြားအာရုံတစ်ခုခုသို့ ချော်သွားလို့ ငုတ်သွားတာဟု မထင်ဘဲ၊ အမှန်တကယ် ပျောက်သွားတာဘဲလို့၊ အဲဒီလို ထင်လိုက်ရတတ်ပါတယ်။ အဲဒီအပျောက်မျိုးကို အထင်နှင့်ပျောက်သွားသော ဝေဒနာဟု ဆိုလိုပါတယ်။ ထိုဝေဒနာမျိုးဟာ နောက်ထပ်ထိုင်တဲ့အခါ ထိုနေရာမျိုးကပင် ပြန်ပေါ်တတ်ပါတယ်။ အသိမှန်နှင့်ပျောက်သွားသော ဝေဒနာမျိုးကား တစ်ကြိမ်ပျောက်ပြီးသောနေရာက နောက်ထပ်ဆက်လက်ပြီး မပေါ်တော့ပါ။

ဒီတော့ နောက်ထပ်တစ်နေရာက ပြောင်းရွှေ့ပြီးပေါ်လာတဲ့ ဝေဒနာဟာ ကျန်ကိလေသာကြောင့်ပေါ်တာလို့ တထစ်ချမှတ်ထားပါ။ အမှန်က ဝေဒနာပေါ်တာဟာ ကိလေသာကြောင့် ပေါ်တာဖြစ်ပါတယ်။ ရာဂကြောင့်လည်းပေါ်တယ်၊ ဒေါသကြောင့်လည်း ပေါ်တယ်လို့မှတ်ပါ။ ဒီတော့ ဖြစ်စေတတ်တဲ့ အကြောင်းကိလေသာကွာသွားရင် အကျိုးဖြစ်တဲ့ဝေဒနာကို တကယ်အမှန်သိနိုင်တဲ့ အသိဉာဏ်ပညာ တိုးတက်လာလို့ဖြစ်ပါတယ်။

https://www.thitsarparamisociety.com/



အဲဒီ အသိဉာဏ်ပညာကို ဘာပညာလို့ခေါ်သလဲဆိုရင်သတိနိပက၊ သတိရင့်ကျက်လာလို့ ဖြစ်ပေါ်လာတဲ့ "သတိနေပက္ကပညာ"လို့ခေါ်တယ်။ အဲဒီ "သတိနေပက္ကပညာ"ကိုဘဲ အဋ္ဌကထာဆရာက " ပါရိဟာရိယပညာ" လို့တခါထပ်ဆင့်ပြီး ခေါ်ပြန်ပါသေးတယ်။ ဒီ "ပါရိဟာရိယပညာ"ကို ဗမာ လိုပြန်တော့ "လုပ်ထုံးကျင်လည်မှု" လို့ အဲဒီလို နားလည်သဘောပေါက် လာအောင် ပြန်ဆိုရပါတယ်။ ဒီတော့ "လုပ်ထုံးကျင်လည်လာတဲ့ပုဂ္ဂိုလ်ဟာ" ဒီ တရားလုပ်ထုံးနဲ့ ပတ်သက်လာရင် ကျင်လည်ပြီး နားလည်ပြီးဖြစ်တဲ့အ အတွက် ဘယ်တော့မှလမ်းမချော်နိုင်တော့ပါဘူး၊ မမှားနိုင်တော့ပါဘူး။

အဲဒီလို လုပ်ထုံးအရာမှာ ကျင်လည်လာတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဖြစ်တိုင်းဖြစ်တိုင်းသောဝေဒနာကို သိတိုင်းသိတိုင်း ဝေဒနာဟာ တဖြည်းဖြည်း ပါးလာသည်နှင့်အမျှ၊ သေးသေးလာသည်နှင့်အမျှ၊ ကိလေသာလည်း ပါးပါး လိုက်လာပြီး ခေါင်း၊ ကိုယ်၊ ခြေ၊ လက်စသည်မဟုတ်မှန်း အတ္တဒိဋ္ဌိကွာ သည်အထိ ပိုင်ပိုင်နိုင်နိုင် သဘောပေါက်လာပါလိမ့်မယ်။

ဒီနေရာမှာ ဒိဋ္ဌပစ္စက္ခဉာဏ်နဲ့ အနွယဉာဏ်ကို သတိထားဖို့လိုပါတယ်။ ဒိဋ္ဌပစ္စက္ခ ဉာဏ်ဆိုတာဟာ ဝေဒနာနဲ့အသိနဲ့ ကပ်နေတာကစပြီး ပျောက် သွားသည်အထိ သဘာဝသက်သက်ကို သိနေတာကိုခေါ်ပါတယ်။ အနွယဉာဏ် ဆိုတာက အဲဒီလိုဒိဋ္ဌပစ္စက္ခဉာဏ်နဲ့ ပျောက်သွားသည်အထိ သိပြီးသည့်အခါ ကျတော့ ဘယ်မှာလဲ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ အစိုင်အခဲ၊ အကောင်အထည်၊ သဏ္ဌာန်ဒြပ်ဆိုတာ ဘာမှမရှိပါလားလို့ အဲဒီလို သဘောပေါက်လာ သိလာ တာကိုခေါ်ပါတယ်။

အမှန်က ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ အကောင်အထည်၊ သဏ္ဌာန်၊ ဒြပ် စသည်တို့ကို ပညတ် လို့ဆိုတာက သဘာဝသက်သက်ကို အမှန်သိနိုင်တဲ့ အသိဉာဏ်ပညာမပေါ်သေးလို့ ခေါ်ဆိုနေတာ၊ ပညတ်တဲ့အတိုင်း အသိမှား နေတာပါ။ အသိဉာဏ်ပညာ အမှန်ပေါ်သည်နှင့်တပြိုင်နက်၊ အဲဒီပညတ် ဖြစ်တဲ့တရားတွေဟာ အလိုလိုကွာသွားပြီးသား ဖြစ်နေပါတယ်။

https://www.thitsarparamisociety.com/



ဒီပညတ်တရားကို ပုဂ္ဂိုလ်သတ္တဝါ အလိုနဲ့ ကွာစေတာက စိတ်ကူးစဉ်းစားပြီး ကွာစေတာမျိုးသာ ဖြစ်ပါတယ်။ ကွာအောင် စဉ်းစားနေတဲ့အခိုက်မှာ ပညတ်အပေါ် စိတ်မရောက်အားသေးလို့ ကွာတဲ့အကွာမျိုးဖြစ်ပြီး၊ မစဉ်းစားတဲ့အခိုက်မှာ ပညတ်ပေါ် အလိုလိုစိတ်ရောက်ပြီး၊ ခေါင်း၊ ကိုယ်၊ လက်၊ ခြေ၊ ပုဂ္ဂိုလ်၊ သတ္တဝါတို့ဟာ အလိုလိုပေါ်လာပြီးဖြစ်ပါတယ်၊ အမှန်က ပညတ်ပြန်ပေါ်လာလို့ သူကောင်,ငါကောင် ပြန်ထင်လာခြင်း ဖြစ်ပါတယ်။

ဒီတော့ကာ သဘာဝသက်သက်ဖြစ်တဲ့ ရုပ်သဘာဝ၊ နာမ်သဘာဝ၊ ရုပ်နာမ်သဘာဝကို အမှန်သိတဲ့ဉာဏ်ဖြစ်ရိုးမှန်ရင် အကျိုးတရားဖြစ်တဲ့ အတ္တဒိဋ္ဌိ သူကောင်,ငါကောင်အထင်ဟာ အလိုလိုကွာပြီးသားဖြစ်ပါတယ်။ နာမ်ရုပ်အမှန်သိတဲ့အကျိုးက အတ္တဒိဋ္ဌိကွာမှုသာဖြစ်တယ်လို့ ဆိုလိုတယ်။ နာမ်ရုပ်ကိုတော့ အမှန်သိပါတယ်၊ အတ္တဒိဋ္ဌိကွာမှုအကျိုး ပေါ်မလာသေးဘူးဆိုရင် နာမ်ရုပ်ကို အမှန်မသိသေးလို့သာဖြစ်ပါတယ်။ အဲဒီ ရုပ်သဘာဝ၊ နာမ်သဘာဝ၊ ရုပ်နာမ်သဘာဝကို အမှန်သိသည်နှင့်တပြိုင်နက် အတ္တဒိဋ္ဌိကွာလာတဲ့အခါကျတော့၊ ပစ္စယပရိဂ္ဂဟဉာဏ် ဆိုတာ စာရှိတဲ့အတိုင်းပြောလို့သာ ပြောရပါတယ်။ ဗုဒ္ဓဘာသာအယူကို အမှန်တကယ်ယူပြီးသားဖြစ်တဲ့ ပုဂ္ဂိုလ်အဖို့မှာ ပင်ကိုပကတိ တရားတစ်ခုကိုအားမထုတ်ခင်ကတဲ့ကိုက အကြောင်းကင်းပြီးဖြစ်တယ်လို့ ဘယ်ဟာတစ်ခုကိုမှ မယူခဲ့တော့ ဖြစ်ဖြစ်သမျှအကျိုးတရားတွေဟာ သူ့ဆိုင်ရာဆိုင်ရာ အကြောင်းတရားတွေကြောင့်သာ ဖြစ်တာဘဲလို့ သဘာဝရုပ်နာမ်ကိုသိသည်နှင့်တပြိုင်နက် ပစ္စယပရိဂ္ဂဟ ဉာဏ်ဟာလည်း အလိုလို အကြောင်းသိမ်းဆည်းပြီး ဖြစ်လာပါတယ်။ ဒီနေရာမှာ စာအလိုနဲ့ပြောရရင် အကျိုးတရားတို့၏အကြောင်းတရားကိုသိတဲ့ ဓမ္မဋ္ဌိတိဉာဏ် အကြောင်းတရားကိုသိတဲ့ ပဋိစ္စသမုပ္ပါဒ်ဉာဏ် (အကျိုးတရား သက်သက်ကို သိတာပဋိစ္စသမုပ္ပါဒ်ဉာဏ်ခေါ်တယ်။) ဒီဉာဏ်တွေဟာ ဖြစ်ဆဲရုပ်နာမ်သဘာဝ၏အကြောင်းကို သိမ်းဆည်းသည့် ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ အလားတူဉာဏ်တွေဘဲဖြစ်တယ်။ ယထာဘူတဉာဏ် ကျတော့ ဒီအကြောင်းကြောင့် ဒီအကျိုး ဖြစ်တယ်လို့ သိတာကို ဆိုလိုပါတယ်။

https://www.thitsarparamisociety.com/



ဒီတော့က ခန္ဓာကိုယ်ထဲက ဖြစ်ဖြစ်သမျှ ရုပ်သဘာဝ၊ နာမ်သဘာဝ၊ ရုပ်နာမ်သဘာဝတွေကို အတ္တဒိဋ္ဌိကွာသည်အထိ ဉာဏ်မှန်နှင့်သိရိုးမှန်ရင် လက်ရှိ ခန္ဓာကိုယ်ကြီးနှင့်တကွ တစ်လောကလုံး ဖြစ်ဖြစ်သမျှတွေကိုလည်းဘဲ သဘာ ဝတွေချည်းဘဲလို့ အတ္တဒိဋ္ဌိကွာသည်အထိ သိလာပြီးဖြစ်ပါတယ်။ အတိုချုပ် ကား…

ဝေဒနာသဘာဝအမှန်ချုပ်ဘူးရင်၊ ကျန်တာကိုလည်း သဘာဝချည်းဟု သိပါတယ်။ဘာပြုလို့သိသလဲ…ဝေဒနာချုပ်စဉ်က သဘာဝသက်သက်ပင် ချုပ်သွားလို့ ဖြစ်ပါတယ်၊ အဲဒီလို ရုပ်နာမ်သဘာဝကို အကြောင်းနှင့်တကွ သိခဲ့သော ထိုယောဂီပုဂ္ဂိုလ်ကို "**စူဠသောတာပန်**" လို့ခေါ်ပါတယ်။ "**စူဠ သောတာပန်**" အဆင့်သို့ရောက်တဲ့ပုဂ္ဂိုလ်သည် သာသနာနှင့် တွေ့ကြုံနေ ရတဲ့အတွက် လဒ္ဓဿာသ၊ ကိလေသာ မိမိကိုမနှိပ်စက်နိုင်တော့ဘဲ သက် သာရာရလာပြီ။ လဒ္ဓပတိဋ္ဌ၊ အပါယ်သံသရာမှာ မကျနိုင်၊ မမျောနိုင်တော့ဘဲ ထောက်တည်ရာရပြီ၊ နိယတဂတိက၊ ကောင်းသောဂတိမြဲသည်လို့မှတ်ပါ။ အဲဒီ"စူဠသောတာပန်" အဆင့်သို့ရောက်အောင်ဆိုရင်" တိဟိတ် ဒွိဟိတ်" မရွေးရပါဘူး၊ " ဒွိဟိတ် "ပုဂ္ဂိုလ်လည်းရနိုင်ပါတယ်။ အားထုတ်ဖို့ တစ်ခု ပဲလိုပါတယ်။ ဥဒယဗ္ဗယဉာဏ်စခန်းရောက်မှသာ ဒွိဟိတ်ပုဂ္ဂိုလ် မရတာပါ။

အဲဒီ "**စူဠသောတာပန်**" အဆင့်သို့ရောက်အောင် အားထုတ်ထား တဲ့ ယောဂီပုဂ္ဂိုလ်သည်…။

(၁) ယခုဘဝ တရားအားထုတ်ရင်လည်း မဂ်ဖိုလ်ကို ရနိုင်ပါတယ်။
(၂) အားထုတ်ရင်းမရခဲ့သော် သေခါနီးမှာ ရနိုင်ပါတယ်။
(၃) သေခါနီး မရခဲ့သော် နတ်ပြည်ကျ ရနိုင်ပါတယ်။
(၄) နတ်ပြည်မှာ မရခဲ့သော် နောက်ဘုရား သာသနာမှာ သုခပဋိပဒါ ခိပ္ပါဘိညာ ရဟန္တာဖြစ်နိုင်ပါတယ်။
(၅) နောက်ဘုရား သာသနာတော်မှာ ရဟန္တာ မဖြစ်ခဲ့သော် ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်ပါတယ်။

https://www.thitsarparamisociety.com/



အဲဒီလို "ဒေသနာတော်" မှာ အစဉ်အတိုင်း ပြထားတာရှိပါတယ်။ ဘယ်တော့မှ ဒီအကျိုးတရားကနေပြီး နောက်ကိုမဆုတ်တော့ပါဘူး။ ဒါဖြင့် ဒီအကျိုးတရားရအောင် ဘာကိုအခြေခံရမလဲဆိုရင် " **သတိ** "တစ်ခုကိုသာ အခြေခံထားပြီး လုပ်ပါ၊ ဒီတော့ အခြေခံဖြစ်တဲ့ "**သတိ** "ကိုသာ လိုချင်စိတ်နဲ့ လုပ်ပါ။ သတိဟာ ကုသိုလ်လား၊ အကုသိုလ်လားလို့ မိမိကိုယ်ကို ပြန်မေးကြည့်ပါ၊ အဲဒီအခါမှာ ...

အော် ရှိုက်ရင် ရှိုက်မှန်းသိအောင် သတိထားတာ၊ ရှူရင်ရှူမှန်းသိအောင်သတိထားတာ ဒါတွေဟာ အမှန်စင်စစ် ကုသိုလ်တရားဖြစ်ပါလားလို့ အဲဒီလို အဖြေထွက်လာပါလိမ့်မယ်။ အဲဒီလိုဖြေထွက်လာတဲ့"**သတိကုသိုလ်**" ကိုသာ အလိုရှိပြီး လုပ်လို့"**သတိနိပက**"၊ ဒီသတိရင့်ကျက်လာပြီး အထမြောက်လာပြီ၊ အပြင်ကိစ္စတွေပါ " **သတိ** "လိုက်ပြီဆိုတဲ့အခါကျတော့ သတိရင့်ကျက်မှုကြောင့် ဖြစ်ပေါ်လာတဲ့( နေပက္ကပညာ ) တို့က ရုပ်သဘာဝ နာမ်သဘာဝ၊ ရုပ်နာမ်သဘာဝတို့ကို အမှန်သိပြီး ရှေ့တက်ရမည့် တစ်မဂ် တစ်ဖိုလ်ဆိုတာ ပါရမီ အားလျော်စွာ ဖြစ်လာကြပါလိမ့်မယ်။

အမှန်က အခြေခံဖြစ်တဲ့ " သတိကုသိုလ် "မှ အထမမြောက်သေးဘဲနဲ့ **သီလ၊ သမာဓိ၊ ပညာ** စသည်တို့ ဖြစ်နေကြရင် အဲဒီ ဖြစ်ဖြစ်သမျှတွေဟာ လမ်းချော်မှာချည်းဘဲ။ ဒီတော့ကာ သတိကုသိုလ်ကို အထမြောက်အောင်လုပ်လို့ ဒီသတိကုသိုလ်ဟာ သီလ၊ သမာဓိ၊ ပညာ ထဲက ဘာအထဲမှာပါဝင်သလဲဆိုရင် သီလထဲမှာပါဝင်တယ်။ အဲဒီသတိကုသိုလ် အခြေခံ ရထားတဲ့ သီလမျိုးပြည့်စုံလာတဲ့အခါကျတော့ ဝီရိယ အမှန်လည်း ထောက်ရာတည်ရာရ၊ သမာဓိကိုလည်း သတိကထိန်းပြီး၊ ပညာရယ်လို့ ဖြစ်လာပြန်တော့လည်း **သတိ** ရှေ့ဆောင်နဲ့ဖြစ်လာတော့ ဒီ**သီလ၊ သမာဓိ၊ ပညာ** တို့ဟာ ဘယ်တော့မှ လမ်းမချော်တော့ပါဘူး။ ရှေ့တက်လည်း လမ်းမချော်တော့ဘူး၊ အမှန်က သီလ၊ သမာဓိ၊ ပညာစသည်တို့ဟာ ပုဂ္ဂိုလ်အလိုနဲ့ဖြစ်စေရမှာ မဟုတ်ဘူး၊ သူ့အလိုလိုဖြစ်လာရမည့် တရားတွေပါ။ အခြေခံဖြစ်တဲ့ သတိကုသိုလ်မှလည်း မဖြစ်သေးခင်၊ အထမမြောက်သေးခင်သာ မိမိအလိုနှင့်လုပ်နေရ

https://www.thitsarparamisociety.com/



သူ့အလိုလို ဖြစ်လာတဲ့အခါမျိုးကျမှ ဒီ သတိကုသိုလ်ဟာ အပြင်သတိပါလိုက်လာပြီး အမှန်ဖြစ်လာတယ်။ အမှန်ဖြစ်လာတယ်ဆိုတာ ပုဂ္ဂိုလ်သတ္တဝါလွတ်လာတယ်လို့ ဆိုလိုပါတယ်၊ သို့သော် အထမမြောက်သေးမီစပ်ကြား မိမိအလိုနဲ့ " **သတိကုသိုလ်ကို** " အဓိက လိုချင်စိတ်နဲ့လုပ်ပါ။

အဲဒီလို "**သတိကုသိုလ်** "ကို အလိုရှိတဲ့ စိတ်နဲ့ အမြဲတန်းအတွင်း အပြင် အရာရာမှာ သတိမကင်းအောင် နေတဲ့ပုဂ္ဂိုလ်မျိုးကို...

"**သတိ အဝိပ္ပဝါသော အပ္ပမာဒေါနာမ**"လို့ ဟောတော်မူတဲ့အတိုင်း အပ္ပမာဒပုဂ္ဂိုလ်၊ အပ္ပမာဒ ဝိဟာရီ ပုဂ္ဂိုလ်လို့ခေါ်ဆိုရပါတယ်။

ဟတ္တိပဒေါပမသုတ်မှာ ဘယ်သတ္တဝါ ခြေရာဘဲဖြစ်ဖြစ်၊ ဆင်ခြေရာနဲ့တိုင်းရင် ဆင်ခြေရာထဲသို့သာ အကုန်ဝင်ရသကဲ့သို့ ပိဋကတ်သုံးပုံတွင် ဟောကြားတော်မူသမျှ တရားတော်တွေဟာလည်း ဒီ အပ္ပမာဒတရားထဲမှာ အကုန်လုံးပါဝင်တယ်။ ဒါကြောင့် သတိကုသိုလ်လို့ဆိုတဲ့ အပ္ပမာဒတရားဟာ အားလုံးကုန် ရှိရှိသမျှတရားတော်တို့၏ အခြေခံဆိုတာ မှတ်ပါ။

အဲဒီအခြေခံဖြစ်တဲ့ "**သတိကုသိုလ်**" ကို အထမြောက်လာအောင် အစဦးစွာပထမ လိုချင်တဲ့စိတ်နဲ့ လုပ်ရမှာကိုး ယခုတော့တရားက ယခုမှစပြီး အားထုတ်တယ်။ သတိကုသိုလ်ဆိုတာ အထမြောက်လာဖို့မဆိုထားနဲ့ ဘယ်ဆီ နေမှန်းတောင်မသိသေးဘူး။ ရှေ့လှမ်းပြီး ပညတ်ကွာချင်တာကအရင်၊ ရုပ်နာမ်သဘာဝ သိချင်တာကတစ်မျိုး၊ သီလ၊ သမာဓိ၊ ပညာ၊ ဖြစ်ချင်တာကတသွယ်၊ အဲဒီလို အမယ်မယ်တွေ အလိုချင်နဲ့ နှလုံးသွင်းတွေက မှားနေကြတယ်။ အရေးကြီးတာက နှလုံးသွင်း မမှားဖို့၊ အလိုချင်မမှားဖို့ အရေးကြီးတယ်။ အဲဒီအရေးကြီးတဲ့ နှလုံးသွင်းတို့၊ အလိုချင်တို့မှားနေကြရင် ရသင့်ရထိုက်ဟာပေမယ်လို့ မရတော့ဘူး။

https://www.thitsarparamisociety.com/



နန်းစဉ် ပတ္တမြားငမောက်ဆိုတာ အားလုံးကြားဘူးကြပါလိမ့်မယ်၊ ဗဂျိမြို့နယ် ဆားလင်းကြီးရွာကိုအမှီပြုတဲ့ တောင်ကြားတောရ၏ အရှေ့ဘက် မနီးမဝေးမှာ ငမောက်ဆိုတဲ့ကျွဲကျောင်းသားက နေ့တိုင်း ကျွဲကျောင်းသတဲ့။ အဲ...တစ်နေ့ကျတော့ ကျောက်ကြီးတစ်လုံးက နေဝင်မိုးချုပ်ကျရင် အလင်းရောင် တွေထွက်နေတာမြင်တော့ အင်း...ငါ ဒီကျောက်တုံးကြီးကို အိမ်ယူသွားရရင် ဒို့အိမ်မီးမထွန်းရတော့ဘူးဆိုပြီး ယူသွားတာကိုး၊ ဒီအကြောင်းကို ရှင်ဘုရင်ရွှေနားတော်ကြားလို့ လာဆက်သရမယ်ဆိုတော့ သွားပြီးဆက်သရတာပေါ့။

ဒီတော့ ရှင်ဘုရင်က မောင်မင်းဘာအလိုရှိတုန်း၊ အလိုရှိရာတောင်းလို့ အဲဒီလိုငမောက်ကိုမေးတော့ ကျွန်တော်မျိုးအလိုရှိရာ တောင်းရမယ်ဆိုရင်ဖြင့် ကျွဲစားကျက် ကျယ်ကျယ်လိုချင်ပါတယ်ဘုရားလို့ တောင်းသတဲ့။ အဲဒါနဲ့ ရှင်ဘုရင်က သူ့ကိုကျွဲစားကျက် ကျယ်ကျယ်ပေးလိုက်တာ ယခုထက်ထိ တောင်ကြားတောရ၏ အရှေ့ဘက်မနီးမဝေးမှာ "ငမောက် ကျွဲစားကျက် " ဆိုတာ ရှိသေးတယ်။ "နန်းစဉ် ပတ္တမြားငမောက်" ဆိုတာ အဲဒီနေရာက ထွက်တာ။ ငမောက်ဆိုတာ လူနာမည်၊ အဲဒါ အလိုချင်မှားနေလို့ ကျွဲစားကျက်ရတာ။ ရသင့်ရထိုက်တာကိုလိုချင်ရမှာ သတ္တဝါက ကိုယ်စိတ်ကျရာလိုချင်နေတာ၊ ဒီတော့ အလိုချင်မှားနေတာပေါ့။

ပြီးတော့ အညာကထန်းသမား တစ်ယောက်က ငါရှင်ဘုရင်ဖြစ်ချင်လိုက်တာကွာ...လို့ ပြောတော့ တစ်ဦးသောထန်းသမားက မင်းရှင်ဘုရင်ဖြစ်တော့ ဘာလုပ်မှာလဲကွလို့ မေးတဲ့အခါ... ဟ... ငါရှင်ဘုရင်ဖြစ်ရင် ထန်းကောင်းကောင်း ရွေးတက်မှာပေါ့ကွလို့ ပြန်ပြောသတဲ့။ ဒီတော့ စိတ်ဆိုတာ မခက်ပေဘူးလား။ တခါ "မနဋ္ဌယသူဌေး" ဝတ္ထုမှာလည်း ပစ္စေကဗုဒ္ဓါကို ဆွမ်းလှူပြီးတဲ့အခါကျတော့ ဆုအသီးသီး ဘယ်လိုတောင်းကြသလဲဆိုရင် သူဌေးကြီးက ဆံပင်ကိုဖြန့်ချလို့ ကောင်းကင်မော့ကြည့်လိုက်ရင် "စိ"ထဲမှာ အလိုလို စပါးမိုးရွာပြီးတော့ စပါးတွေပြည့်ပါစေသား။

https://www.thitsarparamisociety.com/



သူဌေးကတော်ကလည်း ထမင်းအိုး တစ်လုံး ချက်ထားရင် ဘယ်လောက် ကျွေးကျွေး ခူးလို့ ယောက်မရာမထင်ပါစေသား။ သားကလည်း ငွေတစ် ထောင်အိတ်ကိုင်ပြီးတော့ လာသမျှလူကိုပေးလျှင် ဒီငွေတစ်ထောင် အိတ် မလျော့ပါစေသား၊ ချွေးမကလည်း စပါးတစ်တင်း ရှေ့မှာလာချပြီး လာသ မျှလူကိုပေးလျှင် ဒီစပါးတစ်တင်း မလျော့ပါစေသားလို့ ဆုတောင်းကြတော့ အဲဒါတွေ အသီးသီးပြည့်ကြတယ်။

ကျွန် မောင်ပုဏ္ဏကျတော့ ဘာဆုတောင်းသလဲဆိုရင် ထွန်တစ် ကြောင်းထွန်လိုက်ရင် ထွန်နှစ်ကြောင်းရာ ထင်ပါစေသားလို့ အဲဒီလို ဆု တောင်းလိုက်တယ်။ ဒီဝတ္ထုမှာ ရနိုင်တဲ့အကျိုးတွေကို ဆုတောင်းအားလျော်စွာ စိတ်ထားအားလျော်စွာ ရကြပေမဲ့ စိတ်ထားအောက်ကျနေတော့ အကျိုး လည်း အောက်ကျနေတာပေါ့၊ ဒီတော့ ဘယ်တော့မှ စိတ်ထားကိုတော့ အောက်တန်းချမထားနဲ့၊ နှလုံးသွင်းမမှားစေနဲ့။ ဒါဖြင့် ဘာကိုလိုချင်ရမလဲ၊ သာသနာတော်နဲ့ ကြုံကြိုက်တဲ့အခါ **သာသနာသီလ၊ သာသနာသမာဓိ၊ သာသနာပညာ** ရဘို့ရာ အခြေခံဖြစ်တဲ့ **"သတိကုသိုလ်"** ကိုရအောင် လို ချင်စိတ်နဲ့ အဓိကထားပြီးလုပ်ရမယ်၊

မိမိကိုယ်ကို ပြန်ပြီးမေးကြည့်ပါ။ ငါဟာ ယခုသာသနာတော်နဲ့တွေ့ နေပြီ၊ သာသနာသီလ ငါ့မှာ ဖြစ်ပလား၊ သာသနာသမာဓိ ငါ့မှာဖြစ်ပလား၊ သမာဓိ ငါ့မှာဖြစ်ပလား၊ သာသနာပညာ ငါ့မှာဖြစ်ပလား၊ လမ်းစစ်လမ်းမှန် သွားလိုတဲ့ ယောဂီပုဂ္ဂိုလ်တိုင်း အဲဒီလိုပြန်၍ မိမိကိုယ်ကိုမေးကြည့်ပါ။

အဲဒီ လမ်းမှန်အတိုင်း သွားနိုင်အောင် ဘာကိုအရင်းတည်ပြီးလုပ်ရ မလဲဆိုရင် ပင်ရင်းဖြစ်တဲ့ ဝေဒနာကို အရင်းတည်ပြီးလုပ်ရမယ်။ ဘာပြု လို့အရင်တည်ပြီး လုပ်ရသလဲ။ အဲဒီ သဘာဝသက်သက်ဖြစ်တဲ့ ဝေဒနာ ကို အာရုံပြုရတာကိုက **"သတိ "**ပညာကို ဖြစ်စေတတ်လို့ အရင်းတည် ပြီးလုပ်ရတယ်။ သာသနာသီလ၊ သာသနာသမာဓိ၊ သာသနာပညာ ဆိုတဲ့

https://www.thitsarparamisociety.com/



ဝေဒနာကို အာရုံပြုနိုင်ဖို့ရာ ဘာကိုအခြေခံရမလဲဆိုရင် အာနာပါနကို အခြေခံရမယ်။ ဘာပြုလို့ အာနာပါနကို အခြေခံရသလဲ၊ ပကတိ ရိုင်းနေတဲ့ စိတ်နဲ့ ဝေဒနာသဘာဝသက်သက်ကိုသိအောင် ဘယ်နည်းနဲ့မှ အာရုံမပြုနိုင်ပါဘူး။

အဲဒီ အာနာပါနကို စိတ်အားကောင်းလာအောင်၊ သတိအားကောင်းလာအောင်၊ စိတ်အား သတိအား ကောင်းလာသည်အထိ အာနာပါနကို အာရုံပြုရပါသေးတယ်။ ဒါကြောင့်…"**အာနာပါန**" ကိုအခြေခံရတာ။ ဒါဖြင့် အဲဒီ **သတိ** ဟာ ဘာရှိမှရမလဲ **ဝီရိယ၊ ခန္တီ** ရှိမှရမယ်။ ဝီရိယ၊ ခန္တီရှိမှ ရနိုင်တာဖြစ်ခြင်းကြောင့် ဝီရိယကိုဖြစ်စေတတ်တဲ့ စင်္ကြံကိုများများလျှောက်ပေးပါ၊ စိတ်အားတက်လာသည်အထိ လျှောက်ပေးပါ။ ဣရိယာပုထ် လေးပါးထဲက စင်္ကြံလျှောက်တဲ့ဣရိယာပုထ်သည် ဝီရိယကို များစွာပင်ဖြစ်စေပါတယ်။ စင်္ကြံဘယ်လို လျှောက်ရမလဲ၊ ကြမ်းနဲ့ခြေဖဝါး တိုက်ဆိုင်တဲ့အခါတိုင်းမှာ ဖြစ်ပေါ်လာတဲ့ **ထိ–ဆဲခဏ**တိုင်းကို **သိ–သိ**လို့ သတိမလစ်အောင် သိပေးပါ။ အမှန်ကအောက်ကြမ်းကလည်းပညတ်၊ အပေါ်ခြေဖဝါးကလည်းပညတ်၊ ဒီပညတ်ဖြစ်တဲ့ ကြမ်း၊ ခြေဖဝါးတို့ကို အာရုံမပြုဘဲ တိုက်ဆိုင်ဆဲခဏမှာ ဖြစ်ပေါ်လာတဲ့ ထိမှုသဘာဝ ပရမတ်ကိုသာ သိပေးဖို့လိုပါတယ်။

သို့သော် ပထမစလုပ်ခါစ ယောဂီပုဂ္ဂိုလ်ဟာ သတိအားမကောင်းသေးမီ ကြမ်းနှင့်ခြေဖဝါးတို့ကို ထိမှုနှင့်ရောပြီး အာရုံပြုမိကောင်း,ပြုမိနေပါလိမ့်ဦးမည်။ ဘယ်လိုဘဲဖြစ်စေ၊ (ရောချင်ရောပါစေ) ထိမှုကိုသာ အမိက ထားပြီး" **သိ** "ပေးလို့ "**သတိ** "အားကောင်းလာတဲ့အခါကျတော့ ပညတ်ဟာ သူ့အလိုလို ကွာသွားပြီးဖြစ်ပါမယ်။

လျှောက်တဲ့အခါ **သိ** မလွတ်စေဘဲ စိတ်အားကောင်းလာအောင် နာရီဝက်၊ တစ်နာရီ စသည်ဖြင့် မြန်မြန်လျှောက်ပေးပါ၊ အဲဒီ စင်္ကြံကို အာနာပါနမလုပ်မီ ဖြစ်စေ၊ ဝေဒနာကိုသိပြီးသောအခါမှာ ဖြစ်စေ၊ တရား

https://www.thitsarparamisociety.com/



မထိုင်သောအခါမှာဖြစ်စေ၊ လျှောက်ဖို့ များစွာလိုပါတယ်။ အဲဒီစင်္ကြံလျှောက်ပြီးတဲ့အခါမှာ အခြားဘာကိုမှမလုပ်ဘဲ ထိုင်တဲ့ဣရိယာပုတ်ကို မိမိတို့(တရားအားထုတ်သူတိုင်း)ထိုင်တတ်သော ကြာရှည်စွာထိုင်နိုင်မည့် ဣရိယာပုတ်မျိုးဖြင့် ဘယ်ဘက် လက်ဖဝါးပေါ် ညာဘက်လက်ဖဝါးပေါ် တင်ပြီးထိုင်ပါ။ ဒီအခါမှာ နောက်ကပြောခဲ့ပြီးသည့်အတိုင်း အာနာပါနနှင့် ဝေဒနာကိုလုပ်ပါ။ ဝေဒနာကိုလုပ်တဲ့အခါ အထူးသတိထားဖို့ရာက လျှာလည်လာအောင်**"သိ"** အသံကိုထုတ်ပြီး လိုက်ပေးပါ။ ဝေဒနာပေါ်သို့ စိတ်ရောက်ချင်လည်းရောက် မရောက်ချင်လည်းနေပါစေဦး၊ ပထမ သိ–သိ–ကို လျှာလည်လာသည့် အဆင့်သို့ရောက်အောင်၊ စိတ်အားတက်လာသည့်အဆင့်သို့ ရောက်အောင်၊ စိတ်အားတက်လာသည့် အဆင့်သို့ရောက်အောင် အားစိုက်ပြီး လုံးပမ်းပေးပါ။ "**သိ–သိ**"လိုက်သည့်လျှာသည် ပုဂ္ဂလဗျာပါရလွတ်ကင်းပြီး သူ့အလိုလို လည်လိုက်လာသည့်အခါကျတော့ "**သိ သိ သိ သိ** " နှင့်တကွ အားကောင်းလာသည့်စိတ်တို့ဟာ ဝေဒနာပေါ်သို့ တင်းပြည့်ကြပ်ပြည့် ရောက်နေပါလိမ့်မယ်၊ ဒါဖြင့်....

**၁။ ပထမ စင်္ကြံလျှောက် (သတိအခြေခံတဲ့ ဝီရိယရဖို့)**
**၂။ ဒုတိယ အာနာပါနအားထုတ် (သတိဦးစီးတဲ့ သမာဓိရဖို့)**
**၃။ တတိယ ဝေဒနာလုပ် (သတိရှေ့ဆောင်တဲ့ ပညာရဖို့)**

ဒို့လုပ်ငန်းစဉ်ဖြစ်တဲ့ တရားမှာ များများစားစားမရှိပါဘူး၊ဒီသုံးခုဘဲ ရှိပါတယ်။ အဲဒီ သုံးခုလုပ်လို့ အထမြောက်လာတဲ့အခါကျတော့ သာသနာတော်နှင့်ဆိုင်တဲ့ **သီလ၊ သမာဓိ၊ ပညာ** တို့ဟာ အလိုလို ရင်ထဲ နှလုံးထဲ ရောက်ရှိလာကြပြီး၊ သာသနာနဲ့ကြုံတွေ့ရတဲ့အတွက် လူဖြစ်ရကျိုးနပ်ပါပြီ၊ အပါယ်တံခါးပိတ်ပြီလို့မှတ်ပါ။ ဘာဖြစ်လို့ အခြေခံဖြစ်တဲ့ သတိ၊ ပညာထမြောက် အောင်မြင်လာလို့ပင်ဖြစ်ပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဓမ္မပဒပါဠိတော်မှာ–

https://www.thitsarparamisociety.com/



ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိ ဖလံ ဝရံ။

သောတာပတ္တိဖလံ၊ သောတာပန်ဖြစ်ရခြင်း၏ အကျိုးသည်၊ ဝရံ၊ မြတ်၏။ ဘယ်လောက်မြတ်သလဲဆိုရင် သဗ္ဗလောကာဓိပစ္စေန၊ ပုထုဇဉ်ဖြစ်တဲ့ တစ်လောကလုံးကို အစိုးရနေတဲ့ ဗြဟ္မာမင်းကြီးထက်မြတ်တယ်။ ဘာပြုလို့ လဲဆိုရင် ဒီကအိုးတစ်လုံး ဖျာတစ်ချပ် သာရှိတဲ့ သောတပန်ပုဂ္ဂိုလ်ဟာ အပါယ်တံခါး ပိတ်သွားလို့ဖြစ်တယ်။ သက္ကာယဒိဋ္ဌိတန်းလန်းကြီး ရှိနေသေးတဲ့ ပုထုဇဉ်ဗြဟ္မာကြီးက တစ်လောကလုံးကို အစိုးရနေပေမယ့်လို့ သံသရာနဲ့ စာရင် တချိန်မှာ" **ဗြဟ္မာပြည်မှာ တဝင်းဝင်း ဝက်စားကျင်းမှာ တရှုတ်ရှုတ်"** ဆိုတဲ့အတိုင်း အပါယ်သံသရာကို ပြန်ရဦးမှာ။ တခါ သဂ္ဂဿဂမနေနဝါ၊ ပုထုဇဉ်အဖြစ်နဲ့ နတ်ပြည်ရောက်ရတာထက်လည်းမြတ်သည်။ ပြီးတော့ပထဗျာ ဧကရဇ္ဇေန၊ ပုထုဇဉ်အဖြစ်နဲ့ ဧကရာဇ်မင်း ဖြစ်ရတာထက်လည်း မြတ်သည်လို့ အဲဒီလို သောတာပန်ဖြစ်ရခြင်းရဲ့ အကျိုးကို ဟောတော်မူထားတာ ရှိပါတယ်။ ဒီတော့ ဆိုလိုရင်းက အိုးတစ်လုံး ဖျာတစ်ချပ်သာရှိတဲ့ သောတာပန် လူ ဆင်းရဲပုဂ္ဂိုလ်က မိမိတို့ဆိုင်ရာ ယခု တစ်ဘဝကလေးမှာ အထက်တန်းကျ ကျ၊ လူ့စည်းစိမ်၊ ဗြဟ္မာစည်းစိမ်၊ နတ်စည်းစိမ်တွေကို ခံစား,စံစားနေကြ တဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တွေထက် မြတ်တယ်လို့ ဆိုလိုပါတယ်။ ဘာပြုလို့၊ အ ပါယ်မကျလို့။

ဒီတော့ သာသနာကြီးနဲ့ကြုံကြိုက်ပါလျှက် အပါယ်သံသရာမှာ ပြန် ကျရအုံးမယ်ဆိုရင် သာသနာတော်နဲ့တွေ့ရကျိုး၊ လူဖြစ်ရကျိုး မနပ်တော့ပါ ဘူးလို့ မှတ်ပါ။ ဒါကြောင့် မဟာသောတာပန်အဖြစ်သို့ မရောက်သေးစေ ကာမူ **"တိဟိတ်၊ ဒွိဟိတ်"** ရယ်လို့ ရွေးမနေရဘဲ၊ အားထုတ်သူမှန်သမျှ ဘယ်လိုပုဂ္ဂိုလ်မျိုးမဆို ရနိုင်ပြီး၊ ပြောခဲ့ပြီးတဲ့ အကျိုးတရားငါးပါးမှတဖန် အောက်သို့ပြန်၍ မဆုတ်ကောင်းတော့တဲ့ စူဠသောတာပန်အဖြစ်ကိုတော့

https://www.thitsarparamisociety.com/



သာသနာတော်နဲ့ တွေ့ကြုံကြရဆဲ–လူဖြစ်လာဆဲအချိန်အခါ တွေ့ကြုံရကျိုး ဖြစ်လာရကျိုး နပ်ကြရလေအောင် မသေမီကာလအတောအတွင်း "**သတိကုသိုလ်**"ကို ထမြောက်အောင်မြင်သည်အထိ ရဖို့ရာ နေ့ရောညပါ အထူးကြိုးစားအားထုတ်နိုင်ကြပါစေကုန်သ…တည်း။

သာဓု–သာဓု–သာဓုပါဘုရား။

☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆

**သတိမဝင်** ဉာဏ်မမြင် စိတ်ထင်မပျောက်နိုင်။
စိတ်ထင်မပျောက် ဉာဏ်မရောက်၊
ထွက်ပေါက်မတွေ့နိုင်။
ထွက်ပေါက်မတွေ့ မငြိုးငွေ့ ပျော်၍မဆုံးနိုင်။
ပျော်၍မဆုံး တအုန်းအုန်း ရှင်ပြုံးဝေဆာမြိုင်။
ရှင်ပြုံးသမျှ စိတ်ဒုက္ခ မုချမလွတ်နိုင်၊
စိတ်ဒုက္ခမှ မလွတ်ရ နေကတမှိုင်မှိုင်။
မှိုင်၍နေရ လူ့အန္ဓ သုခမတွေ့နိုင်။
ထို့ကြောင့်ရကား သုခများကို တိုးပွားလိုသူ၊
ယောဂီဖြူတို့ သတိကိုသာ စွဲမြဲစွာဖြင့်၊
မကွာနေ့ည အားထုတ်ကြလေ ပေါ့မနေနှင့်၊
သတိထင်မှ ဉာဏ်မြင်ရ၍ သုခတိုးပွား၊
အကျိုးများမည် မှတ်သားဝမ်းထဲ၊
စိတ်မှာစွဲ၍ အားခဲမသွေ မြဲနိုင်စေ။

(ဝေဠုဝတီ ဆရာတော်ဘုရားကြီး)

https://www.thitsarparamisociety.com/



# မြောင်းမြမြို့ ဝေဠုဝတီကမ္မဋ္ဌာန်းကျောင်းတိုက် ကျေးဇူးတော်ရှင် ဝေဠုဝတီဆရာတော်ဘုရားကြီး၏ မေတ္တာပို့ဘာဝနာ

**မေတ္တာ ၄ ပါး။**

**သဗ္ဗေသတ္တာ၊ သတ္တဝါအားလုံး………**

၁။ အဝေရာဟောန္တု၊ ဘေးရန်ကင်းကြပါစေ။

၂။ အဗျာပဇ္ဇာဟောန္တု၊ စိုးရိမ်ကြောင့်ကြ ကင်းကြပါစေ။

၃။ အနီဃာဟောန္တု၊ ကိုယ်စိတ်ဆင်းရဲ ကင်းကြပါစေ။

၄။ သုခီအတ္တာနံ ပရိဟရန္တု၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိ၍ မိမိကိုယ်ကို ဆောင်နိုင်ကြပါစေ။

**ကရုဏာ။**

၁။ ဒုက္ခာမုစ္စန္တု၊ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

**မုဒိတာ။**

၁။ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ရမြဲတိုင်းသော စည်းစိမ် ဆုတ်ယုတ်ပျက်စီးခြင်း ကင်းကြပါစေ။

**ဥပေက္ခာ။**

၁။ ကမ္မဿကာ၊ ကံသာလျှင် မိမိဥစ္စာ ရှိကြပေကုန်လိမ့်မည်။